http://www.dhammadownload.com

၁၀၀၀

# ပထမကြီးတန်း

# ကင်္ခါဝိတိ

အရှင်ကောဝိဒ
ဝိနယဓရ ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

ပထမကြီးတန်း

ကင်္ခါဝိတိ

အရှင်ကောဝိဒ
ဝိနယဓရ ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

http://www.dhammadownload.com

၁၀၀၀

ပထမကြီးတန်း

# ဇာစကားနီတိ

အရှင်ကောဝိဒ

ဝိနယဓရ ၊ ဝိနယကောဝိဒ

ကန်ဦးဇေတဝန်စာသင်တိုက်

ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ

မရမ်းကုန်း

http://www.dhammadownload.com

၁၀၀၀

ပထမကြီးတန်း

# ကင်္ခါဝိတ

အရှင်ကောဝိဒ
ဝိနယရေ ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

http://www.dhammadownload.com

# ပထမကြီးတန်း

# သဒ္ဒါနီတိ

အရှင်ကောဝိဒ
ဝိနယရေ ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း

http://www.dhammadownload.com

# ပထမကြီးတန်း

## ဓါတ်ကထာဒီပနီ ကဓါနိဒ္ဒိတ်ကျမ်း

http://www.dhammadownload.com

စာမူခွင့်ပြုချက် ၂၈/၉၅ (၁၁)
အဖုံးခွင့်ပြုချက် ၂၀/၉၅ (၁၁)
ထုတ်ဝေသူ ဦးမြသန်း (၀၁၀၅၀) အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ ဓွဲစုံရပ်ကွက်၊
ကမ္ဘာအေး၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းစာသား
ပုံနှိပ်သူ – ဦးဝင်းအောင် (၀၅၁၃၁)၊ သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် (၈၄)၊ လမ်း (၅၀)၊ ပုဇွန်တောင်၊ ရန်ကုန်။

http://www.dhammadownload.com



ကာဠိန့် ဆေဒကံ ဗုဒ္ဓံ ၊ ဓမ္မံ သံဃဉ္စ ဝန္ဒိယ။
ကာဠိနီတိံ ကရိဿာမိ ၊ သောတုကာဠိယ ဆေဒကံ။

ကာဠိန့်–သို့လောသို့လော တွေးတောကြံဆ ယုံမှားမှုအဝဝတို့ကို၊ ဆေဒကံ–အရဟတ္တမဂ် ဓားလက်နက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလတ် အမြစ်ပြတ်အောင် ဖြတ်တောက်တတ်ပေထသော၊ ဗုဒ္ဓဉ္စ–ယုံမှားကင်းလတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုငှင်း၊ ဓမ္မဉ္စ–ယုံမှားကင်းကြောင်းတရားတော်မြတ် အပေါင်းကိုငှင်း၊ သံဃဉ္စ–ယုံမှားကင်းရန် ကျင့်ကြံကြကြောင်း သံဃာတော်အရှင်မြတ် အပေါင်းကိုငှင်း၊ (အဟံ–ကောဝိဒဟုနာမသမုတ် အကျွန်ုပ်သည်) ဝန္ဒိယ–ဝန္ဒာမိ– ယုံမှားကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ခုလောက်အကျိုး ရည်မျှော်ကိုးကာ ရှိခိုးပါ၏။

ဝန္ဒိယ–ဝန္ဒိတွာ–ရှိခိုးပြီး၍၊ သောတုကာဠိယ– သောတုစိတ်ထဲ ဝေခွဲမရ ယုံမှားမှုအဝဝကို၊ ဆေဒကံ–တွေ့ကြုံလာတိုင်း ချိန်မဆိုင်းဘဲ ခုတ်ပိုင်း ဖြတ်တောက်တတ်သော၊ ကာဠိနီတိံ–ကာဠိနီတိ မည်ရှိခေါ်မှန်း ရွှေစာကျမ်းကို၊ ကရိဿာမိ–နောင်လာ နောက်သား သောတုများတို့ အကျိုးများရန် စိတ်ရည်သန်၍ ရေးသားခြင်းအမှုပြုလုပ်ပေတော့အံ့။

ယနေ့ခေတ်သည် စာမေးပွဲခေတ်ဖြစ်ရာ စာမေးပွဲတစ်တန်းအောင်ပြီးတိုင်း ရှေ့သို့တစ်တန်း တက်လှမ်းနိုင်ရန် ကျိုးစားကြရပြန်ပါသည်၊ ပထမလတ်တန်း အောင်ပန်းဆင်နိုင်ခဲ့သော အရှင်သူမြတ်တို့သည် ရှေ့သို့တစ်ဆင့် ပထမကြီးတန်းအတွက် ကျိုးစားကြရာမှာ ဝိနည်းကျင့်ဝတ်ဘာသာအတွက် ကာဠိသုဒ္ဓပါစိတ်မှစ၍ တစ်ကျမ်းလုံး အဆုံးထိ မသင်ဘဲနေ၍မရမုချသင်ကြားရဦးမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကာဠိဘာသာအတွက် ရှေးခေတ်သင်နည်းစနစ်အရ ကာဠိအဋ္ဌကထာကျမ်းကို အနက်မြန်မာပြန်ဆိုနိုင်ရန် ကြိုးစားရခြင်း , အဓိပ္ပါယ်များကွဲပြားစွာသိရှိနိုင်ရန် လေ့လာရခြင်း, လေ့လာမှတ်သား၍ရသော အဓိပ္ပါယ်

http://www.dhammadownload.com



များကို မှတ်စုမှတ်တမ်းပြုစုရခြင်း, အစီအစဉ်အဆင့်ဆင့်ဖြင့် သင်ကြားနေရလျှင် ဤဘာသာရပ်တစ်ခုတည်းဖြင့်ပင် အချိန်ကုန် လုပ်ပန်းပြီး နွမ်းနယ်သွားကြမည်ဖြစ်ရာ အခြားဘာသာရပ်များအတွက် အချိန်မရနိုင်တော့ဘဲ အခက်အခဲများစွာနှင့် တွေ့ကြုံနိုင်ပါသည်။

ဤသို့တွေ့ကြုံနေကြရသော အရှင်မြတ်တို့ကိုလည်း နေရာဌာနအများအပြားမှာ တွေ့နေကြရပါသည်၊ ထိုသို့အခက်အခဲ-များစွာနှင့် တွေ့နေကြရသော ညီတော်နောင်တော်များ အချိန်ကုန် လူပင်ပန်းခြင်းမှ သက်သာပြီး ကခါဘာသာအတွက် အောင်မှတ်ရပါမလား ဟူသော ယုံမှားသံသယများ ကင်းပျောက်ကာ အောင်ပွဲသဘင် ဆင်ယင်နိုင်ကြစေရန် ရည်သန်၍ ပထမကြီးတန်းဆိုင်ရာ ဤကင်္ခါနိဒ်ကျမ်းကို ရေးသားပြုစုရပါသည်။

*အရှင်ကောဝိဒ*
*(ဝိနယဓရ ဝိနယကောဝိဒ)*
*ကန်ဦးဇေတဝန်စာသင်တိုက်*
*ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ*
*မရမ်းကုန်း*
☎ ၆ ၃ ၀ ၉ ၈

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သုဒ္ဓပါစိတ် * အဖွင့်

## မုသာဝါဒ + သိက္ခာပုဒ်

**မေး။** မုသားပြောရာဝယ် အဘယ်အခါ၌ သိလျက်ပြောမှ အာပတ်သင့်ပါသနည်း။

**ဖြေ။** မုသားပြောရာ၌ (၁)မပြောမီ ရှေး၌လည်းသိ၊ (၂)ပြောဆဲခဏ၌လည်း သိလျက် မုသားပြောခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

**မေး။** အဘယ်ကို မုသားပြောသည်ဟု ခေါ်ပါသနည်း။

**ဖြေ။** မဟုတ်သည်ကို ဟုတ်သည့်အနေအားဖြင့်၎င်း၊ ဟုတ်သည်ကို မဟုတ်သည့်အနေအားဖြင့်၎င်း၊ ပြုလုပ်၍ ကိုယ်ဖြင့်ဖြစ်စေ ,နှုတ်ဖြင့်ဖြစ်စေ သိစေခြင်းကို မုသားပြောသည်ဟု ခေါ်ပါသည်။

**မေး။** မုသာဝါဒကြောင့် အာပတ်အမျိုးမျိုးသင့်နိုင်ပုံကို ရေးပါ။

**ဖြေ။** (၁)ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း၌ မုသားပြောလျှင် ပါရာဇိကသင့်၏၊

(၂)အမူလကပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း၌ မုသားပြောလျှင် သံဃာဒိသေသ်အာပတ်သင့်၏။

(၃)အမူလကသံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲခြင်း၌ မုသားပြောလျှင် ပါစိတ်အာပတ်သင့်၏၊

(၄)အာစာရဝိပ္ပတ္တိဖြင့် စွပ်စွဲခြင်း၌ မုသားပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏၊

(၅)သိရှိနားလည်သူအား ပရိယာယ်ဖြင့် ဥတ္တရိမနုဿဓမ္မကို မုသားပြောလျှင် ထုလ္လစ္စည်းအာပတ်သင့်၏၊ မသိသူအား ပြောလျှင် ဒုက္ကဋ်သင့်၏၊

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ထုတ်ပြပါ။

http://www.dhammadownload.com



**ဖြေ။** (၁)မစူးစမ်းဘဲ မှသားပြောမိသူ၊
(၂)အခြားစကားကို ပြောမည်ဟု ဆင်ခြင်ပြီး အခြားတစ်ပါးကို ပြောမိသူ၊
(၃)ဥမ္မတ္တကရဟန်းစသည်တို့ ဖြစ်ပါသည်။

## ဩမသဝါဒ သိက္ခာပုဒ်

**မေး။** ဆဲရေးခြင်း (၁၀)မျိုးကို ရေတွက်ပြပါ။

**ဖြေ။** (၁) ဇာတိ=ဇာတ်နှင့်စပ်၍ ဆဲရေးခြင်း၊ (၂) နာမ=အမည်နှင့်စပ်၍
(၃) ဂေါတ္တ=အနွယ်နှင့်စပ်၍ (၄) ကမ္မ=အလုပ်အကိုင်နှင့်
(၅) သိပ္ပ=အတတ်ပညာနှင့်စပ်၍ (၆) အာဗာဓ=အနာရောဂါနှင့်
(၇)လိင်္ဂ=အသွင်အပြင်နှင့်စပ်၍ (၈) ကိလေသ=လောဘစသည်
(၉) အာပတ္တိ=အာပတ်နှင့်စပ်၍ (၁၀) အက္ကောသ= မေထုန်အင်္ဂါ
ဇာတ်နှင့်စပ်၍ဆဲရေးခြင်း အားဖြင့် ဆယ်မျိုးရှိပါသည်။

***(ဆောင်+ဂါထာ)***

ဇာတိ နာမ ဂေါတ္တ ကမ္မံ၊ သိပ္ပ အာဗာဓ လိင်္ဂကံ။
ကိလေသာပတ္တိ အက္ကောသာ၊ ဒသိမောမသ ဝါဒကာ။

**မေး။** ဤသိက္ခာပုဒ်၌ ပါစိတ်အာပတ် သင့်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ဆဲရေးခြင်း ဆယ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့်=(က)မည်သည့်ရဟန်းကို မဆို (ခ)မည်သည့် ဘာသာစကားဖြင့် ဖြစ်စေ (ဂ)ကိုယ်လက်အမူ အရာဖြင့်ဖြစ်စေ (ဃ)အခြားတစ်ပါးကို မရည်ညွှန်းဘဲ(တိုက်ရိုက်) ဆဲလျှင် ပါစိတ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်စသည် သင့်နိုင်ပုံကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** (၁)အင်္ဂုတ္တရသဝဏ္ဏ(ဆဲရေးခြင်း)ဆယ်မျိုးဖြင့်ပင် "ဤအရပ်၌ စဏ္ဍာလတွေ ရှိသည်" စသည်ဖြင့် အခြားတစ်ပါးကို ရည်ညွှန်း၍(သွယ်ဝိုက်၍) ဆဲရေးခဲ့လျှင်၄င်း၊

(၂)"သင်သည် သူခိုးဖြစ်၏" စသော ပါဠိတော်မှ လွတ်သော ပုဒ်တို့ဖြင့်ဆဲလျှင်၄င်း၊

(၃)လူ, သာမဏေကို ဆဲရေးခြင်း ဆယ်မျိုးဖြင့်ဖြစ်စေ, အခြားနည်းဖြင့် (သွယ်ဝိုက်၍)ဖြစ်စေ ဆဲရေးလျှင်၄င်း၊ ဒုက္ကဋ်အာပတ်သင့်၏။

(၄)မဆဲလိုဘဲ ပျော်မြူးလိုမှု သက်သက်ဖြင့် ပြောဆိုသူအား ဒုဗ္ဘာသိအာပတ်သင့်ပါသည်

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ ဘိက္ခုနီမကိုလည်း အနုပသမ္ပန္နအရာ၌ သွင်းယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ထုတ်ပြပါ။

**ဖြေ။** (၁) အကျိုးအကြောင်းဖြင့် ဆုံးမလို၍ ပြောဆိုသောရဟန်း၊

(၂) ဥမ္မတ္တကရဟန်းစသည်ဖြစ်ပါသည်။

## ပေသုညသိက္ခာပုဒ်

**မေး။** ဂုံတိုက်သူ၏ ရည်ရွယ်ချက်များကို ရေးပါ။

**ဖြေ။** (၁) မိမိအား ချစ်ခြင်းကို အလိုရှိခြင်း၊

(၂) သူတစ်ပါးကို ကွဲပြားစေလိုခြင်း ဟူ၍နှစ်မျိုးရှိပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်ကို မည်သို့ကဲ့သို့ ဆုံးဖြတ်ရပါသနည်း။

**ဖြေ။** ဤ ပေသုညသိက္ခာပုဒ်၌ အာပတ်အဆုံးအဖြတ်ကို အထက်ပါ

http://www.dhammadownload.com

ဩမသဝါဒသိက္ခာပုဒ်လာသည့်အတိုင်း မှတ်ရမည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ထုတ်ပြပါ။

**ဖြေ။** (၁)မိမိကိုချစ်စေလိုခြင်း,သူတစ်ပါးကို ကွဲပြားစေလိုခြင်းဆန္ဒမရှိဘဲ ယုတ်မာသူကို ကဲ့ရဲ့လိုမှု သက်သက်ဖြင့် ပြောသောရဟန်း၊

(၂)ဥမ္မတ္တကရဟန်းစသည်တို့ ဖြစ်ပါသည်။

***(မှတ်ချက်)*** ရဟန်းအချင်းချင်းထံ၌ ဂုံးတိုက်မှသာ အာပတ်သင့်၏။

## ပဒသောဓမ္မသိက္ခာပုဒ်

**မေး။** ပဒသောဓမ္မ ၌ ဓမ္မအရကို ထုတ်ပြပါ။

**ဖြေ။** ဓမ္မအရ= သံဂါယနာသုံးတန်သို့ မတင်အပ်သော ရာဇောဝါဒ, တိက္ခိန္ဒြိယ ,စတုပရိဝတ္တန,နန္ဒောပနန္ဒ,ကုလုမ္ဗသုတ်, မဂ္ဂကထာစသော ဓမ္မကိုင်း. သံဂါယနာသုံးတန်သို့ တင်အပ်သော တိပိဋကဓမ္မကိုင်း၊ ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ထုတ်ပြပါ။

**ဖြေ။** (၁) လူ ,သာမဏေနှင့်အတူ တစ်ပေါင်းတည်း ပါဠိသင်သောရဟန်း၊

(၂)အတူ သရဇ္ဈာယ်ခြင်း(စာပြန်ခြင်း)ပြုသော ရဟန်း၊

(၃)လူ ,သာမဏေအထံ၌ ပါဠိသင်သောရဟန်း၊

(၄)များသောအားဖြင့် ကျေညက်စွာ ရထားသော ကျမ်းစာကို အတူရွတ်ဆိုသော ရဟန်း၊

(၅)လွဲမှားသောအရာ၌ "ဤသို့ ဆိုပါ"ဟု လူ,သာမဏေကို ပြောဆို (ထောက်ပေး) ရာ၌ ၄င်းလူ, သာမဏေနှင့်အတူ ရွတ်ဆိုမိသောရဟန်း၊

(၆)ဥမ္မတ္တကရဟန်းစသည် တို့ဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ပြပါ။

http://www.dhammadownload.com



**ဖြေ။** (၁) လူ ,သာမဏေဖြစ်ခြင်း၊ (၂) ပဒသော ဓမ္မံ၌ ဓမ္မအရ ပါဠိ အဋ္ဌကထာတရားကို အစုအစုအားဖြင့် ဆိုစေခြင်း,ပို့ချခြင်း၊ (၃) တစ်ပြိုင်နက်(သံပြိုင်) ပြီးဆုံးစေခြင်း အားဖြင့် အင်္ဂါသုံးပါးဖြစ်ပါသည်။

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ ဝိတိက္ကမသညာမရှိသော်လည်း အာပတ်မှလွတ်မြောက်ခြင်းမရှိပါ။

## ပဉ္စမသဟသေယျ သိက္ခာပုဒ်

**မေး။** အနုပသမ္ပန္နအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ရဟန်းမှတစ်ပါး အခြားသော အောက်ထစ်ဆုံးအားဖြင့် ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်အထီးကိုပင်သော်လည်း ယူရပါသည်။

**မေး။** အဘယ်ကို သဟသေယျ(အတူအိပ်သည်)ဟု ခေါ်ပါသနည်း။

**ဖြေ။** အလုံးစုံ မိုး,ကာအပ်သော ကျောင်း၌၄င်း၊ များသောအားဖြင့် မိုး,ကာအပ်သော ကျောင်း၌၄င်း၊ ရှေ့,နောက်ဖြစ်စေ၊ တစ်ပြိုင်နက်ဖြစ်စေ အတူတကွအိပ်ခြင်းကို သဟသေယျ(အတူအိပ်သည်)ဟု ခေါ်ပါသည်။

**မေး။** သဟသေယျအာပတ်သင့်နိုင်လောက်သော အကာရှိသောကျောင်းဟူသည် အဘယ်ပါနည်း။

**ဖြေ။** အမိုးကို မထိဘဲ တစ်တောင်ထွာမြင့်သော တံတိုင်းစသည်ဖြင့် ကာရံအပ်သောကျောင်းကိုလည်း အလုံးစုံအကာရှိသော (သဗ္ဗပရိစ္ဆန္န)ကျောင်းဟု ခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** လူ သာမဏေနှင့် သုံးညဉ့်တိုင်တိုင် အိပ်ပြီး၍ လေးရက်မြောက်နေ့ နေဝင်ချိန်၌ အခန်းတံခါး ပိတ်သည်ဖြစ်စေ, မပိတ်သည်ဖြစ်စေ လျောင်း အိပ်လျှင် အာပတ်သင့်၏။

**မေး။** အာပတ်သင့်ရာ၌ အာပတ်ရေတွက်ပုံကို ရေးခဲ့ပါ။

**ဖြေ။** အာပတ်သင့်ရာ၌ လျောင်းအိပ်ခြင်း လုလ္လပယောဂ အရေအတွက်ဖြင့်၄င်း၊ လူ သာမဏေအရေအတွက်ဖြင့်၄င်း ပါစိတ်အာပတ်သင့်ပါသည်။

***(အနှုပညတ်)*** ဥဋ္ဌာရိ ဒိရဋ္ဌာတိရဋ္ဌာံ

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** အတူအိပ်သော ရဟန်းကို လူ သာမဏေဟု မှတ်ထင်၍၄င်း၊ လူ သာမဏေဖြစ်လေသလားဟု သံသယဖြစ်၍၄င်း၊ အတူအိပ်လျှင် ဒုက္ကဋ် အာပတ်သင့်၏၊ ထက်ဝက်မိုး , ကာအပ်သော ကျောင်း၌လည်း ဒုက္ကဋ် အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သောရဟန်းတို့ကို ရေးပါ။

**ဖြေ။** (၁)နှစ်ည, သုံးညအောက် လျော့၍အိပ်သော ရဟန်း၊

(၂)သုံးညမြောက်၌ အာရုံမတက်မီ ထွက်၍ လေးရက်မြောက်၌ တစ်ဖန်ပြန် အိပ်သောရဟန်း၊

(၃)အလုံးစုံမိုး၍ အလုံးစုံမကာအပ်သေးသော ကျောင်းစသည်၌ အိပ်သော ရဟန်း၊

(၄)ရဟန်းနှင့် လူ သာမဏေတို့တွင် တစ်ဦးဦးကအိပ်၍ တစ်ဦးဦးက ထိုင်နေ ခြင်းဖြင့် အိပ်သောရဟန်း၊

(၅) ဥမ္မတ္တကရဟန်းစသည် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**အင်္ဂါသုံးပါး။** (၁) ပါစိတ်အာပတ်သင့်နိုင်လောက်သော ကျောင်းဖြစ်ခြင်း၊
(၂) လူ သာမဏေနှင့် အတူအိပ်ခြင်း၊
(၃) လေးရက်မြောက် နေ့ဝင်ခြင်း၊

## ဒုတိယသဟသေယျ သိက္ခာပုဒ်

**မေး။** မာတုဂါမအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ပင် မွေးဖွါးသောလူမိန်းမကိုပင် ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်စေနိုင်သော(ဒုက္ကဋဝတ္ထုက)ပုဂ္ဂိုလ်များကို ရေးခဲ့ပါ။

**ဖြေ။** မျက်စိဖြင့်မြင်နိုင်သော ဘီလူးမ ,ပြိတ္တာမ ,ပဏ္ဍုတ် ,မေထုန်မှီဝဲလောက်သော တိရစ္ဆာန်မတို့သည် ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်စေနိုင်သော (ဒုက္ကဋဝတ္ထုက)ပုဂ္ဂိုလ်များဖြစ်ပါသည်။

**မေး။** ပဌမ ,ဒုတိယသဟသေယျသိက္ခာပုဒ်နှစ်ခုအထူးကို ရေးပါ။

**ဖြေ။** ပဌမသဟသေယျသိက္ခာပုဒ်၌ လေးရက်မြောက်နေ့၌ အာပတ်သင့်ပါသည်။ ဒုတိယသဟသေယျသိက္ခာပုဒ်၌ ပဌမအိပ်သောနေ့၌ပင် အာပတ်သင့်၏။

## ဓမ္မဒေသနာ သိက္ခာပုဒ်

**မေး။** အဘယ်ကို စကားတစ်ခွန်းဟု ယူရပါသနည်း။

**ဖြေ။** ဂါထာအရာ၌ တစ်ပါဒကို စကားတစ်ခွန်းဟု ယူရပါသည်။
(စုဏ္ဏိယပါဠိတော်,အဋ္ဌကထာပါဠိတို့၌ ဝိဘတ်ရှိတစ်ပုဒ်ကို တစ်ခွန်းဟုယူ၏

http://www.dhammadownload.com



**မေး။** ဓမ္မ ဒေသေယျ ၌ ဓမ္မအရ ရေးခဲ့ပါ။

**ဖြေ။** သံဂါယနာသုံးတန်မတင်အပ်သော ရာဇောဝါဒစသည်နှင့် သံဂါယနာသုံးတန်တင်အပ်သော တိပိဋကဓမ္မပါဠိတော်ကိုငှင်း၊ အဋ္ဌကထာဓမ္မများကိုငှင်း၊ ယူရပါသည်။

***(မှတ်ချက်)*** အထက်ပါအချက်ကို ထောက်၍ ပါဠိတော်, အဋ္ဌကထာမဟုတ်သော မြန်မာဘာသာစသည်ဖြင့် ဟောလျှင် အာပတ်မသင့်ဟု မှတ်ရမည်။

**မေး။** ဝိညူ ပုရိသ၌ မပါဝင်သော ပုဂ္ဂိုလ်များကို ထုတ်ပြပါ။

**ဖြေ။** လူယောင်ဆောင်ထားသော ဘီလူး, ပြိတ္တာ, နဂါး, ဂဠုန်စသော တိရစ္ဆာန်အထီးများကို ဝိညူ ပုရိသအရ မယူရပါ၊ ငှင်းပုဂ္ဂိုလ်များ ဝိညူ ပုရိသ ၌ မပါဝင်ပါ။

ထို့ကြောင့် လူယောင်ဆောင်ထားသော ထိုပုဂ္ဂိုလ်များနှင့် အတူအဖော်လုပ်၍ တည်နေသောမိမ္မအားလည်း တရားမဟောကောင်းပါ။ ဟောခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်ရေတွက်ပုံကို ရေးပါ။

**ဖြေ။** ဓမ္မကို ငါးခွန်း,ခြောက်ခွန်းထက် ပိုလွန်အောင်ဟောလျှင် ပဒစသည်အရေအတွက်ဖြင့်ငှင်း၊ မာတုဂါမအများကို ဟောလျှင် မာတုဂါမအရေအတွက်ဖြင့်ငှင်း၊ အာပတ်သင့်ပါသည်။

***(အနုပညတ်)*** အညတြ ဝိညူနာ

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ရေးပါ။

**ဖြေ။** (၁) ခြောက်ခွန်း နှင့် ခြောက်ခွန်းအောက် လျော့၍ ဟောသောရဟန်း၊

http://www.dhammadownload.com



(၂)ဝိညူ ပုရိသနှင့် အတူ ဟောသောရဟန်း၊
(၃)မိမိဖြစ်စေ ,မာတုဂါမဖြစ်စေ ခြောက်ခွန်း ပြည့်ပြီးနောက် ထ၍တစ်ဖန် ထိုင်ကာ ဟောသောရဟန်း၊
(၄)အခြားမာတုဂါမအားဟောသောရဟန်း၊
(၅)"အရှင်ဘုရား ဒီဃနိကာယ်သည် အဘယ်မျှရှိပါသနည်း" ဟုမေး၍ ဒီဃနိကာယ်တစ်ခုလုံး ဟောသောရဟန်း၊
(၆)အခြားသူအတွက် ဟောသည်ကို မာတုဂါမက နာကြားသည်ဖြစ်၍ ဝှဟောသော ရဟန်း၊
(၇)ဥမ္မတ္တကရဟန်း စသည်ဖြစ်ပါသည်။

**အင်္ဂါငါးပါး။** (၁) ပါဠိ အဋ္ဌကထာတရားကို ခြောက်ခွန်းထက်ပို၍ ဟောခြင်း၊
(၂) သိက္ခမ်းနားလည်သော မာတုဂါမဖြစ်ခြင်း၊
(၃) ဣရိယာပုထ် အပြောင်းအလွှဲမရှိခြင်း၊
(၄) တတ်သိနားလည်သော ယောက်ျားမရှိခြင်း၊
(၅) ဓမ္မမေးခွန်းပြဿနာဖြေသောအရာ မဟုတ်ခြင်း၊

## ဘူတာရောစန သိက္ခာပုဒ်

**မေး။** ဥတ္တရိမနုဿဓမ္မ၌ ဥတ္တရိမနုဿအရကို ရေးပါ။
**ဖြေ။** ဥတ္တရိမနုဿအရ ဈာန်ရပုဂ္ဂိုလ်များ ,အရိယာပုဂ္ဂိုလ်များကို ရ၏။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရှင်းပြပါ။
**ဖြေ။** မိမိ၌ထင်ရှားရှိသော ဈာန်စသောတရားကို ပရိယာယ်မပါဘဲ(တိုက်ရိုက်) ပြောကြားလျှင် နားထောင်သူက ပြောပြီးလျှင်ပြီးခြင်း " ဤသူသည် ဈာန်ရသူတည်း၊ အရိယာတည်း" ဟု အဓိပ္ပါယ်ကို သိသော် ပါစိတ်သင့်၏။ အဓိပ္ပါယ်ကို မသိသော် ဒုက္ကဋ်အာပတ်သင့်၏။

http://www.dhammadownload.com



ပရိယာယ်အားဖြင့်(သွယ်ဝိုက်၍) ပြောကြားရာ၌ နားထောင်သူက အဓိပ္ပါယ်ကို သိသည်ဖြစ်စေ , မသိသည်ဖြစ်စေ ဒုက္ကဋ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ရေးခဲ့ပါ။

**ဖြေ။** အကြောင်းရှိလျှင် ရဟန်း(ဥပသမ္ပန္န)အား ပြောကြားသောရဟန်း၊ အာဒိကမ္မိကရဟန်းများ အာပတ်မသင့်ပါ။

**မေး။** ဘူတာရောစနသိက္ခာပုဒ်၌ အဘယ်ကြောင့် ဥမ္မတ္တကစသည်ကို မယူရပါသနည်း။

**ဖြေ။** အရိယာပုဂ္ဂိုလ်တို့အား ရှုးသွပ်ခြင်းစသောအဖြစ် မရှိသောကြောင့်၄င်း၊ ဈာန်ရပုဂ္ဂိုလ်တို့သည် ရှုးသွပ်ခြင်းစသည်ဖြစ်လျှင် ဈာန်မှလျှောကျသောကြောင့်၄င်း၊ ဤသိက္ခာပုဒ်၌ ဥမ္မတ္တကစသော ပုဂ္ဂိုလ်တို့ကို မယူရပါ။

**မေး။** ဤသိက္ခာပုဒ်၌ အဘယ်စိတ် , အဘယ်ဝေဒနာကြောင့် အာပတ်သင့် ပါသနည်း။

**ဖြေ။** ဤသိက္ခာပုဒ်၌ ကုသိုလ်စိတ်, အဗျာကတစိတ်တို့ကြောင့်၄င်း၊ သုခဝေဒနာ ဥပေက္ခာဝေဒနာတို့ကြောင့်၄င်း၊ အာပတ်သင့်ပါသည်။

***အင်္ဂါလေးပါး။*** (၁) ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားရှိခြင်း၊
(၂) လူ သာမဏေအား ပြောခြင်း၊
(၃) ထိုပြောသောခဏ၌ သိခြင်း၊
(၄) သူတစ်ပါးအား မညွှန်ပြခြင်း။

http://www.dhammadownload.com



## ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်

**မေး။** ဘိက္ခုသင်္ခ ဘိက္ခုအရကို ရေးပါ။
**ဖြေ။** ပါရာဇိကမကျသော ရဟန်းကို ယူရပါသည်။

**မေး။** ဒုဋ္ဌုလ္လံ၌ ဒုဋ္ဌုလ္လအပြား နှင့် ယူရမည် ဒုဋ္ဌုလ္လကို ရေးပါ။
**ဖြေ။** ဒုဋ္ဌုလ္လအာပတ်သည် ပါရာဇိကအာပတ်, သံဃာဒိသေသ်အာပတ်ဟု နှစ်မျိုးရှိပါသည်။ ဤသိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ်ကိုသာ ယူရ၏။

**မေး။** ဘိက္ခုသမ္မုတိယာ၌ အဘယ်ရဟန်းမျိုးအား အဘယ်အကျိုးငှါ အဘယ်ကဲ့သို့ ပေးအပ်သော သမ္မုတိကိုယူရပါသနည်း။
**ဖြေ။** အမြဲအာပတ်သင့်သောရဟန်းအား နောင်အခါစောင့်စည်းစေခြင်း အကျိုးငှါ အာပတ်အပိုင်းအခြားကိုပြု၍ဖြစ်စေ ,မပြုဘဲဖြစ်စေ၊ အာပတ်အမျိုးအစား အပိုင်းအခြားပြု၍ဖြစ်စေ ,မပြုဘဲဖြစ်စေ၊ သုံးကြိမ်ပန်ကြား၍ သံဃာ အပေါင်းသည် ဉတ်ိကာဝတ်ပြုကာ ပေးအပ်သော သမ္မုတိကို ယူရ၏။

**မေး။** ဤသိက္ခာပုဒ်၌ အဘယ်သို့ ပြောမှ အာပတ်သင့်ပါသနည်း။
**ဖြေ။** "ဤရဟန်းသည် သုက်ကိုလွှတ်စေ၍ သံဃာဒိသေသ်အာပတ်သင့်၏" ဟု စသောနည်းဖြင့် ဝတ္ထုနှင့်တကွ အာပတ်ကိုစပ်၍ ပြောကြားမှသာ ပါစိတ် အာပတ်သင့်ပါသည်။

**မေး။** ဤ၌ ဒုက္ကဋ်အာပတ်သင့်သူများကို ခွဲခြားပြပါ။
**ဖြေ။** (၁)အဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လအာပတ်ဟု သညာရှိလျက်ငင်း၊ သံသယရှိ လျက်ငင်း၊ ပြောကြားလျှင်ဖြစ်စေ၊

http://www.dhammadownload.com



(၂)သံဃာဒိသေသ်မှတပါး ကြွင်းသောအာပတ်(၆)ခုတို့ကို ပြောကြားလျှင်
(၃)လူ့,သာမဏေ၏ငါးပါးသီလဟူသော ဒုဋ္ဌုလ္လအပြစ်ကိုငှင်း၊ အခြားသော အဒုဋ္ဌုလ္လအပြစ်ကိုငှင်း၊ ပြောကြားလျှင်ဖြစ်စေ ဒုက္ကဋ်အာပတ်သင့်၏။

**မေး။** ဤ၌ အာပတ်မသင့်သူများကို ရေးခဲ့ပါ။

**ဖြေ။** (၁)ဝတ္ထုမျှကိုသာ ပြောကြားသူ၊ (၂)အာပတ်သက်သက်မျှကိုသာ ပြောကြားသူ၊ (၃)ဘိက္ခုသမ္မုတိအပိုင်းအခြားကို မကျော်လွန်ဘဲ ပြောသူ (၄) ဥမ္မတ္တကစသည်တို့ ဖြစ်ပါသည်။

__*အင်္ဂါသုံးပါး။*__ (၁) ပါရာဇိကမကျသေးသောရဟန်း၏ သံဃာဒိသေသ်အာပတ်ဖြစ်ခြင်း၊ (၂)လူ သာမဏေအားပြောခြင်း၊ (၃)ဘိက္ခုသမ္မုတိ မရခြင်း၊

## __*ပထဝီခဏနသိက္ခာပုဒ်*__

**မေး။** ပထဝီအပြားကို ရေးပါ

**ဖြေ။** ပထဝီသည် (၁)ဇာတပထဝီ (၂)အဇာတပထဝီ ဟု နှစ်မျိုးရှိပါသည်။

**မေး။** ဇာတပထဝီအပြားကို ရေတွက်ပြပါ။

**ဖြေ။** (၁) သုဒ္ဓပထဝီ (၂)မိဿပထဝီ (၃)ပုဉ္ဇပထဝီ ဟု သုံးမျိုးရှိပါသည်။

**မေး။** ဇာတပထဝီသုံးမျိုးတို့၏ အစိပ္ပါယ် အသီးသီးကို ရေးပါ။

**ဖြေ။** (၁) ပကတိမြေမှုန့် သက်သက်သည်ငှင်း၊ မြေညက်သက်သက်သည်ငှင်း၊ သုဒ္ဓပထဝီမည်၏။
(၂)ကျောက်ခဲ, ကျောက်စရစ်ခဲ, အိုးခြမ်းကွဲ, ကျောက်ပြုပ် , သဲတို့တွင်

http://www.dhammadownload.com



တစ်မျိုးမျိုး သုံးပုံတစ်ပုံ ရောနေသော မြေမှုန့်မြေညက်သည် မိဿ ပထဝီမည်၏။

(၃)လေးလထက်အလွန် မိုးစိုပြီးသော မြေမှုန့်အပုံ, မြေညက်အပုံသည် ပုဉ္ဇပထဝီမည်၏။

***(မှတ်ချက်)***ကျောက်ဖျာပေါ်ကျသော သိမ်မွေ့နူးညံ့သောမြူမှုန်သည်လည်း မိုးတစ်ကြိမ်စိုပြီး လေးလလွန်သောအခါ ပုဉ္ဇပထဝီဟုပင် ခေါ်ရပါသည်။

**မေး။** ဇာတပထဝီ, အဇာတပထဝီတို့၏ သဘောအဓိပ္ပါယ်ကို ရှင်းပြပါ။

**ဖြေ။** သုဒ္ဓ, မိဿ, ပုဉ္ဇအားဖြင့် သုံးမျိုးလုံးသည် ဖိုခနောက်လုပ်ခြင်း၊ သပိတ်ဖုတ်ခြင်း၊စသည်တို့၏အစွမ်းအားဖြင့်၄င်း၊ အခြားသော အခြင်းအရာ တစ်မျိုးမျိုးဖြင့်သော်၄င်း မီးမလောင်သေးလျှင် ဇာတပထဝီဟု ခေါ်ရ၏။

မီးလောင်ပြီးသော်ကား သုံးပုံတစ်ပုံထက် များသော ကျောက်စသည် ရောသောမြေသည် အဇာတပထဝီ မည်၏။

**မေး။** ဇာတ, အဇာတပထဝီနှစ်မျိုးတို့ကို ကပ္ပိယ, အကပ္ပိယအားဖြင့် ခွဲခြား ပြပါ။

**ဖြေ။** ဇာတပထဝီသည်သာ မတူးကောင်းသော အကပ္ပိယပထဝီမည်၏၊ (အဇာတပထဝီသည်ကား တူးကောင်းသော ကပ္ပိယပထဝီမည်ပါသည်။)

**မေး။** ခဏတိအရ အဘယ်သို့ ပြုလုပ်သည်ကို တူးသည်ဟုခေါ်ပါသနည်း။

**ဖြေ။** တူးခြင်း ,ခွဲဖျက်ခြင်း ,ရေးခြစ်ခြင်း ,မီးရှို့ခြင်းစသည်တို့ဖြင့် မြေကို ပျက်စီးအောင်ပြုလုပ်ခြင်းကို ခဏတိအရ တူးသည်ဟု ခေါ်ပါသည်။

ထိုသို့ပြုလုပ်လျှင် လုလ္လပယောဂအရေအတွက်ဖြင့် ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com



**မေး။** ဤ၌ အာပတ်သင့်ပုံ အခြင်းအရာကို ရေးပါ။

**ဖြေ။** "ဤနေရာဟုငှင်း ၊ ဤမြေကြီးဟုငှင်း" သတ်မှတ်၍ တူးခိုင်းလျှင် ခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ တူးလျှင်ကား ခိုင်းသူမှာ ပါစိတ် အာပတ်သင့်၏၊ အကြိမ်ကြိမ်ခိုင်းလျှင် စကားခွန်းတိုင်း,ခွန်းတိုင်း အာပတ် သင့်၏။

ဇာတပထဝီ၌ အဇာတပထဝီဟုထင်၍ငှင်း၊ အဇာတပထဝီ၌ ဇာတ ပထဝီအမှတ်ဖြင့်ငှင်း၊ယုံမှားသံသယဖြင့်ငှင်း၊ ကိုယ်တိုင်တူးသော်/သူတစ်ပါး ကို တူးခိုင်းသော် ဒုက္ကဋ်အာပတ်သင့်၏။

**မေး။** ဤ၌ အာပတ်မသင့်နိုင်သူတို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁)အရပ်ဒေသကို မသတ်မှတ်ဘဲ "ကန်တူးပါ ,တွင်းတူးပါ" စသည်ခိုင်းသူ၊

(၂)နေပူကြောင့် ခြောက်သွေ့၍ ကွဲအက်သော ညွန်ကိုငှင်း , နွားခြေရာ ကိုငှင်း၊ အောက်၌ ဇာတပထဝီနှင့် မဆက်စပ်ဘဲ ပြတ်၍ကျသော ကမ်းပါးပြတ်ကိုငှင်း၊ ကြီးမားသော ထွန်ကြီးခဲစသည်တို့ကိုငှင်း၊ အဇာတ ပထဝီအားလုံးကိုငှင်း၊ တူးဖျက်ခိုင်းသူ။

(၃) "ဤတိုင်အတွက် တွင်းကိုသိပါ၊ မြေညက်ပေးပါ၊ ကပ္ပိပါ" စသည်ခိုင်းသူ

(၄)စေတနာမပါဘဲ သစ်ပင်, ကျောက်တုံးစသည်ကို လှိမ့်ခြင်းဖြင့် မြေကို ဖျက်ဆီးသူ၊

(၅)သတိမေ့ပြီး ခြေမစသည်ဖြင့် မြေကြီးကို ရေးခြစ်သူ၊

(၆)ဇာတပထဝီဟုငှင်း , ငါတူးနေ၏ဟုငှင်း မသိသူ၊

(၇)ဥမ္မတ္တကရဟန်းစသည် ဖြစ်ပါသည်။

__အင်္ဂါ သုံးပါး။__ (၁) ဇာတပထဝီဖြစ်ခြင်း (၂) ဇာတပထဝီမှန်း သိခြင်း၊ (၃)ကိုယ်တိုင်တူးခြင်း ,သူတစ်ပါးကိုတူးစေခြင်းတစ်မျိုးမျိုးကို ပြုလုပ်ခြင်း။

http://www.dhammadownload.com



## ဘူတဂါမဝဂ်

## ဘူတဂါမ သိက္ခာပုဒ်

**မေး။** အဘယ်ကို ဘူတဂါမ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကြီးပွါးဆဲ, ကြီးပွါးပြီးဖြစ်သော မြေ၌တည်သော စိမ်းလမ်းသော မြက်သစ်ပင်စသည်ကို ဘူတဂါမ(ဘူတဂါမ်)ဟုခေါ်ပါသည်။

**မေး။** ဘူတဂါမပါတဗျတာယ ၌ ပါတဗျ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ဖြတ်ခြင်း, ခွဲခြင်းစသည်တို့ဖြင့် အလိုရှိသလို သုံးစွဲထိုက်အောင် ပြုလုပ်ခြင်းကို ပါတဗျ ဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** မြေကြီး, ရေ, တံတိုင်းစသည်တို့တွင် မည်သည့်နေရာမှာဖြစ်စေ ပေါက်သော မခြောက်သွေ့သေးသော အောက်ထစ်ဆုံး အလွန်သေးငယ်သောမြက်, မှန်ညှင်း, မှော်တို့ကို ထုတ်ဆယ်ခြင်း, ဖြတ်ခြင်း, ထိုးဆွခြင်းစသည်ဖြင့် ဖျက်ဆီးလျှင် ပါစိတ်အာပတ်သင့်၏။

**မေး။** မီဇငါးမျိုးကို ရေတွက်ပြပါ။

**ဖြေ။** (၁)မူလဗီဇ (၂)ခန္ဓဗီဇ (၃)ဖလုဗီဇ (၄)အဂ္ဂဗီဇ (၅)ဗီဇ ဗီဇဟူ၍ ငါးမျိုးဖြစ်ပါသည်။

***(ဆောင်)*** မူ, ခန်, ဖ, အဂ်, ဗီဇစွက်၊ ငါးချက် မျိုးစေ့လာ။

**မေး။** ဒုက္ကဋ်အာပတ်သင့်နိုင်ပုံကို ရေးပါ။

**ဖြေ။** ဗီဇငါးမျိုးတို့တွင် တစ်မျိုးမျိုးကို အိုး၌တည်သည်ဖြစ်စေ, စုပုံအပ် သည်ဖြစ်စေ, မြေကြီး၌ စိုက်ပျိုးအပ်သော်လည်း အမြစ်မှုသာငင်း၊ အညွန့်

http://www.dhammadownload.com



မျှသာငှင်း၊ တစ်ထွာမျှထွက်သည်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်သင့်၏။ အမြစ်မထွက်သေးသော်ငှင်း , အမြစ်ထွက်သော်လည်း အညှောက် စိမ်းစိမ်း စိုစို မဖြစ်သေးသည်ကိုငှင်း, ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** (၁)ဤသစ်ပင်ဟုမသတ်မှတ်ဘဲ " သစ်ပင်ဖြတ်ပါ၊ နွယ် ဖြတ်ပါ " စသည် ဖြင့်ခိုင်းသူ၊

(၂)သတ်မှတ်သော်လည်း " ဤပန်းကို သိပါ ၊ ဤသစ်သီးကို သိပါ၊ ပေးပါ ယူခဲ့ပါ၊ ကပ္ပိပါ ဟုခိုင်းသူ၊တို့ဖြစ်ပါသည်။

<u>*အထူးမှတ်ချက်။*</u> "သိပါ , ကပ္ပိပါ "စသော အပ်သောကပ္ပိယဝိညတ်စကား ဖြင့် ဘူတဂါမ်အဖြစ်မှ ကင်းအောင်ပြုလုပ်ပြီးသော မျိုးစေ့ကို "ကပ္ပိယံ ကရောဟိ " ဟု ပြုပြီးမှသာ သုံးဆောင်အပ်၏။

**မေး။** ဘူတဂါမ်အဖြစ်မှ လွတ်ပြီးသောမျိုးစေ့ကို ကပ္ပိယံ ကရောဟိ ဟုအဘယ် အကျိုးငှါ နောက်ထပ် ပြုရပါသနည်း။

**ဖြေ။** မီဇဂါမ်အဖြစ်မှ လွတ်စေခြင်းကို ပြုခြင်းအကျိုးငှါ " ကပ္ပိယံ ကရောဟိ " ဟုနောက်ထပ် ပြုရပါသည်။

**မေး။** သစ်သီးစသည်ကို အပ်စပ်အောင်ပြု(ကပ္ပိ)ရာ၌ အဘယ်အရာဝတ္ထု တို့ဖြင့် ပြုရပါသနည်း။

**ဖြေ။** (၁) မီးဖြင့်ငှင်း (၂) ခြေသည်း, လက်သည်းဖြင့်ငှင်း (၃) ဓားဖြင့်ငှင်း၊ ကပ္ပိခြင်းကို ပြုရပါသည်။

**မေး။** မီးစသည်တို့ဖြင့် ကပ္ပိပုံ အသီးသီးကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** <u>မီးဖြင့် ကပ္ပိခြင်း။</u> မီးဖြင့်ကပ္ပိသောသူသည် မည်သည့်မီးဖြင့်မဆို တစ်စိတ်တစ်ဒေသ၌ထိလျက် " ကပ္ပိယံ "ဟု ဆို၍သာ ကပ္ပိရမည်။

<u>ဓားဖြင့် ကပ္ပိခြင်း။</u> ဓားဖြင့် ကပ္ပိသူသည် တစ်စုံတစ်ခုသော ထက်မြက်သော ဓား၏အသွားဖြင့် အောက်ထစ်ဆုံး အပ်၏အသွား, လက်သည်းလှီး ဓားစသည်တို့၏အသွား စသည်ဖြင့် ထိုးခြင်း, ဖြတ်ခြင်းကို ပြုလုပ်၍ ကပ္ပိရပါသည်။

<u>လက်သည်းဖြင့် ကပ္ပိခြင်း။</u> ခြေသည်း,လက်သည်းဖြင့် ကပ္ပိသောသူသည် ကျွဲ နွားစသည်တို့၏ ခွါမှတစ်ပါး လူ ,တိရစ္ဆာန်တို့၏ မပုပ်မဆွေးသော တစ်စုံတစ်ခုသော ခြေသည်းလက်သည်းဖြင့် ကပ္ပိရပါသည်

**မေး။** ကပ္ပိစရာပစ္စည်းတွေ များပြားနေလျှင် အဘယ်သို့ ကပ္ပိရပါသနည်း။

**ဖြေ။** တစ်ခုစီ တစ်ခုစီ ကပ္ပိနေစရာမလိုပါ အားလုံးကို တစ်စပ်တည်း ထိစပ်အောင်ပြုလုပ်၍ တစ်ခုခု၌ ကပ္ပိလိုက်လျှင် အားလုံးကပ္ပိပြီးသား ဖြစ်ပါတော့၏။

ပြေပ်သီးမှည့်စသည်တို့နှင့် ရောရ၍ယူလာသောဆွမ်းကို "ကပ္ပိယံ ကရောဟိ" ဟုဆိုပြီး ထမင်းလုံး၌ ထိုးလိုက်လျှင် အပ်တော့သည်သာဖြစ်၏။

တစ်စပ်တည်း မတည်သောယာဂု၌ ထည့်အပ်သော ပြေပ်သီးစသည်ကို တစ်ခုစီ ထိုးဖြတ်၍သာ ကပ္ပိရမည်။

အစေ့နှင့် အခွံ တွဲစပ်မနေဘဲ အတွင်း၌လှုပ်ရှားနေသော သီးသီးစသည်ကို ခွဲပြီးမှသာ ကပ္ပိရမည်။ အစေ့နှင့်အခွံ တစ်စပ်တည်း ဖြစ် နေလျှင်ကား ခွဲစရာမလိုပါ။

**မေး။** ကပ္ပိ စရာမလိုသော သစ်သီးတို့ကို ရေးပါ။

**ဖြေ။** နုသောအသီး , အစေ့ထုတ်ထားသောအသီးတို့၌ ကပ္ပိစရာမလိုပါ။

http://www.dhammadownload.com



**အင်္ဂါ သုံးပါး**။(၁) ဘုတကါမ်ိဖြစ်ခြင်း၊ (၂) ဘုတကါမ်ိဟုသိခြင်း၊
(၃) ကိုယ်တိုင်ဖြစ်စေ, စေခိုင်း၍ဖြစ်စေ ဖျက်ဆီးခြင်း။

## အညဝါဒက သိက္ခာပုဒ်

**မေး။** အဘယ်ပုဂ္ဂိုလ်များကို အညဝါဒက , ဝိဟေသကပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း။

**ဖြေ။** သံဃာ့အလယ်၌ ဝိနည်းဓိုရ်မေးသော အနက်အဓိပ္ပါယ်မှ အခြားသော အနက်အဓိပ္ပါယ်ကို ပြောဆိုသူကို အညဝါဒကပုဂ္ဂိုလ် ဟုခေါ်ပါသည်။

မေးသည်ကို မဖြေဘဲ ဆိတ်ဆိတ်နေခြင်းဖြင့် ညှင်းဆဲသောသူကို ဝိဟေသကပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

**မေး။** အညဝါဒက ,ဝိဟေသကပုဂ္ဂိုလ်တို့၏ ပါစိတ်အာပတ်သင့်ရာအခါကို ရေးပါ။

**ဖြေ။** အခြားတစ်ပါးကို ဖြေရုံ , ဆိတ်ဆိတ်နေရုံမျှဖြင့် အာပတ်မသင့်သေးပါ၊ အညဝါဒကကံ, ဝိဟေသကကံအပြုခံရပြီးနောက် အခြားကို ဖြေမှ၊ ဆိတ်ဆိတ် နေမှသာ ပါစိတ်အာပတ်သင့်၏။

အညဝါဒက ,ဝိဟေသကကံ မပြုရသေးမီ အခြားကိုဖြေလျှင်၊ ဆိတ်ဆိတ်နေလျှင်ကား ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** (၁)အာပတ်သင့်မှန်း မသိ၍ "အရှင်ဘုရားတို့ ဘာကိုဆိုသနည်း"ဟု မေးမြန်းသောရဟန်း၊

(၂)မကျန်းမာခြင်းကြောင့်ငှင်း၊ သံဃာအား ငြင်းခုံမှု ဖြစ်လိမ့်မည်, အဓမ္မကံ

http://www.dhammadownload.com



ဝဂ္ဂကံ ,ကံမပြုထိုက်သူအား ကံပြုကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့်၄င်း၊ မပြောဆိုဘဲ ဆိတ်ဆိတ်နေသောရဟန်း၊

(၃) ဥမ္မတ္တကရဟန်းစသည်ဖြစ်ပါသည်။

**အင်္ဂါသုံးပါး**။(၁)အညဝါဒကကံ,ဝိဟေသကကံသို့ ဓမ္မကံဖြင့် တင်အပ်ပြီးဖြစ်ခြင်း၊
(၂)အာပတ်ဖြင့်ဖြစ်စေ,ဝတ္ထုဖြင့်ဖြစ်စေ အမေးအမြန်းခံရခြင်း၊
(၃)မိမိအပြစ်ကို ဖုံးလွှမ်းလိုသည့်အတွက် တစ်ပါးသောအနက်ဖြင့် တစ်ပါးသောအနက်ကို ဖုံးလွှမ်းခြင်း ,သို့မဟုတ် ဆိတ်ဆိတ်နေခြင်း။

## ဥဇ္ဈာပနက သိက္ခာပုဒ်

**မေး။** ဥဇ္ဈာပနက , ခိယျနကတို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အောက်တန်းစားဟု အသိအမှတ်ပြုလျက် ကြည့်ရှုစေကြောင်း , (တနည်း) ယုတ်မာသူ၏အဖြစ်ဖြင့် (ဝါ) အယုတ်တမာကြီး) ဟူ၍ ကြံစီစေကြောင်း စကားသည် ဥဇ္ဈာပနကမည်၏။

အလုံးစုံသောအရပ်တို့၌ ရဟန်းအပြစ်ကို ထင်ရှားပြကြောင်းစကားသည် ခိယျနကမည်၏။

**မေး။** အဘယ်ရဟန်းမျိုးကို ဥဇ္ဈာပနက , ခိယျနကရဟန်းဟု ခေါ်ပါသနည်း။

**ဖြေ။** သေနာသနပညာပကစသည်ပြားသော သမ္မုတိရ ရဟန်းတို့ကို အခြံအရံကျော်စောမဲ့စေလို၍ ကဲ့ရဲ ရှုံ့ချ အပြစ်ပြောသောရဟန်းကို ဥဇ္ဈာပနက ခိယျနကရဟန်းဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** (၁)လူ သာမဏေ၏အထံ၌ ကဲ့ရဲ့ရှုံ့ချသောရဟန်း၊
(၂)သမ္မုတိမရသူ၏ ကျေးဇူးမဲ့ကို မည်သူ့ထံ၌မဆို ကဲ့ရဲ့သောရဟန်း၊
(၃)သမ္မုတိရသူဖြစ်စေ, မရသူဖြစ်စေ လူ သာမဏေ၏ကျေးဇူးမဲ့ကို မည်သူ့ထံ၌မဆို ကဲ့ရဲ့ရှုံ့ချသောရဟန်းတို့ ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သောပုဂ္ဂိုလ်တို့ကို ရေးပါ။
**ဖြေ။** (၁)ပကတိအားဖြင့် ဆန္ဒာဂတိစသည်သို့ လိုက်သောသူကို ရှုံ့ချသောရဟန်း၊
(၂) ဥမ္မတ္တကရဟန်းစသည်တို့ ဖြစ်ပါသည်။

***အင်္ဂါခြောက်ပါး။*** (၁) ဓမ္မကံဖြင့် သမုတ်အပ်သူဖြစ်ခြင်း၊ (၂)အပြစ်ပြောခံရသူသည် ရဟန်းဖြစ်ခြင်း၊ (၃)အဂတိမလိုက်စားခြင်း၊(၄) အပြစ်ပြောခံရသော ရဟန်း၏ ကျေးဇူးမဲ့ကို လိုလားခြင်း၊ (၅)ပြောရာပုဂ္ဂိုလ်ကလည်း ရဟန်းဖြစ်ခြင်း၊ (၆) ကဲ့ရဲ့မှု ,ရှုံ့ချမှုတစ်ခုခုကို ပြုခြင်း။

## ပဉ္စမသေနာသန သိက္ခာပုဒ်

**မေး။** မဋ္ဌစသည်တို့၏ အဓိပ္ပါယ်ကို ရေးပါ။
**ဖြေ။** မဋ္ဌ=ညောင်စောင်း(ခရင်)အသွင်ဖြင့် ပြုအပ်သော အိပ်ရာအားလုံးသည် မဋ္ဌမည်၏။ (ပီဌ၌လည်း တူ၏)
**ဘိသီ**=အမှတ်မထား တစ်ပါးပါးသော ပုဆိုးဖြင့်ဖြစ်စေ , အပ်သောသားရေဖြင့်ဖြစ်စေ , အရေခွံပြုလုပ်၍ လူ၏အမွေးနှင့် ပန်းညှိရွက်မှတစ်ပါး အမှတ်မထား တစ်ပါးပါးသော အမွေး ,သစ်ရွက်, မြက်, လျှော်ပုဆိုးတို့ဖြင့် ပြည့်စေ၍ ပြုအပ်သော နေရာကို ဘုံလျှိုဟုခေါ်ပါသည်။
***(မှတ်ချက်)*** ထိုဘုံလျှိုပေါ်၌ ထိုင်ခြင်ငါ့ငင်း , အိပ်ခြင်းငါ့ငင်း အပ်ပါသည်။ ပြုလုပ်ရမည့် အတိုင်းအရှည်ပမာဏလည်း မရှိ။

http://www.dhammadownload.com



**ကောစ္ဆ ။** ။လျှော်၊ ပန်းရင်းမြက်၊ ဗြိဇ္ဇာမြက်၊ စသည်တို့တွင် တစ်မျိုးမျိုးဖြင့် ပြီးသော အထက်နှင့်အောက်ကျယ်၍ အတွင်း၌ တွန့်ပြီး ထက်စည်သဏ္ဌာန်ရှိသော အလည်၌ ခြသေ့ံရေစသည်တို့ဖြင့် ကာရံအပ်သောနေရာကို ကောစ္ဆ– ကတ်အခင်း ဟုခေါ်ပါသည်။

*အထူးမှတ်ချက်။* ။ဤကောစ္ဆ=ကတ်အခင်း၌ မပြုလုပ်ကောင်းသော သားရေမည်သည် မရှိပါ။ **အကြောင်းကား။** ကျောင်းအိပ်ရာနေရာ(သေနာသန)သည် ရွှေဖြင့်ပြီးသော်လည်း (ရွှေကျောင်းဖြစ်သော်လည်း) ရဟန်းတော်များ သုံးဆောင်ကောင်းသောကြောင့်တည်း။

**မေး။** သေနာသနအသုံးအဆောင်ကို မထားကောင်းသော လွင်တီးခေါင် (အဇ္ဈောကာသ)နှင့် ပတ်သက်၍ ရာသီဥတုအားဖြင့် ခွဲခြားဆုံးဖြတ်ခဲ့ပါ။

**ဖြေ။** မိုးလေးလအတွင်း၌ မိုးမရွာသော်လည်း ပကတိလွင်တီးခေါင်၌၄င်း၊ မိုးယိုသော မဏ္ဍပ်၌၄င်း၊ သေနာသနအသုံးအဆောင်များ မခင်းရပါ။ ဆောင်းတွင်းမိုးရွာလျှင် ဆောင်းလေးလပတ်လုံးလည်း မခင်းကောင်းပါ။ နွေအခါ၌ကား ဇနပုဒ်အားလုံး မိုးတိမ်ကင်းစင်ပြီး ကောင်းကင်စင်ကြယ်သောကြောင့် လွင်တီးခေါင်၌ ခင်းပြီးနောက် မရုပ်သိမ်းဘဲ သွားကောင်း၏။ *ရာသီဥတုသုံးပါးလုံး၌*။ ကျီးကန်းစသောငှက်များ အမြဲနေရာသစ်ပင်၏ အနီးအောက်၌ ဥတုသုံးပါးလုံး ဘယ်အခါမဆို မရုပ်သိမ်းဘဲ မသွား ကောင်းပါ။

**အကျဉ်းချုပ် မှတ်သားချက်။** ။မခင်းကောင်းသော ပကတိလွင်တီးခေါင်၊ မိုးယိုသော မဏ္ဍပ်၊ ကျီးစသောငှက်များ အမြဲနေရာသစ်ပင်အောက် စသောအရပ်အားလုံး၊ မိုးတွင်းအခါ၊ အမြဲမိုးရွာသော ဇနပုဒ်၌ ဆောင်းအခါ၊ ကျီးစသည်တို့၏နေရာ၌ ဥတုသုံးပါးလုံး ဤအားလုံးကို အဇ္ဈောကာသအရယူရ၏

**မေး။** သေနာသနအသုံးအဆောင်ခင်းပြီးလျှင် မည်သူ၌ တာဝန်ရှိပါသနည်း။

http://www.dhammadownload.com



**ဖြေ။** မိမိအတွက်ဖြစ်စေ,သူတစ်ပါးအတွက်ဖြစ်စေ ခင်းလျှင် အခြားသူတစ်ဦးတစ်ယောက် မထိုင်သေးသမျှကာလပတ်လုံးငှင်း၊ "သွားထိုင်ပါ"ဟုမပြောရသေးသမျှကာလပတ်လုံးငှင်း၊ အိပ်ရာနေရာ သေနာသနအသုံးအဆောင်သိမ်းဆည်းရမည့်တာဝန်သည် ခင်းသူ၏တာဝန်သာဖြစ်ပါသည်၊ ထိုင်လျှင်ကား ထိုင်သူ၏ တာဝန်သာဖြစ်ပါသည်။

**မေး။** အိပ်ရာနေရာခင်းပြီး၍ သွားလျှင် မည်သူ့ကို ပန်ပြောရပါသနည်း။

**ဖြေ။** လဇ္ဇီဖြစ်သောရဟန်း,သာမဏေ,အရာမ်စောင့်ကိုငှင်း၊ မိမိ၏ပလိဗောဓ(တာဝန်)ကဲ့သို့ မှတ်ထင်သူကိုငှင်း ပန်ကြားရပါသည်။

**မေး။** မပန်ကြားဘဲ သွားရာ၌ အဘယ်အခါအာပတ်သင့်ပါသနည်း။

**ဖြေ။** မပန်ကြားဘဲ သွားရာ၌ ထာမမရှိမပုရိသ၏ ခဲတစ်ကျကို ပထမခြေလှမ်းလွန်သောအခါ ဒုက္ကဋ်အာပတ်သင့်၏၊ ဒုတိယခြေလှမ်း လွန်သောအခါ ပါစိတ်အာပတ်သင့်ပါသည်။

**မေး။** မိုးမစိုသည့်နေရာမရှိ၍ သိမ်းဆည်းရန် အခက်အခဲကြုံတွေ့လျှင် အဘယ် ကဲ့သို့ ပြုလုပ်ရပါသနည်း။

**ဖြေ။** တောကျောင်း၌ မိုးမစိုနိုင်သောနေရာမရှိ၍ အခက်အခဲကြုံလျှင် ကျောင်းအိပ်ရာနေရာ(သေနာသန)အားလုံးကို သစ်ပင်၌ ချိပ်ဆွဲ၍ငှင်း၊ ခြမစားနိုင်အောင်ပြုလုပ်၍ငှင်း၊ သွားကောင်းပါသည်။

**မေး။** အဖျော့ကာသိကစုတင်ဆောင်ပုဂ္ဂိုလ်သည် သေနာသနအသုံး အဆောင်ကို အပြစ်လွတ်အောင် မည်ကဲ့သို့ ပြုလုပ်ရပါသနည်း။

**ဖြေ။** သင်္ကန်းကျောင်းငယ်(စီဝရကုဋိ)ကို ပြုလုပ်၍ စောင့်ရှောက်ရမည်။

http://www.dhammadownload.com



**မေး။** ဤ၌ အာပတ်မသင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** (၁) မိမိ၏ပစ္စည်းဥစ္စာ၌၎င်း၊
(၂) အကျွမ်းဝင်သူ၏ပုဂ္ဂလိကပစ္စည်း၌၎င်း၊
(၃) သိမ်းဆည်း၍ သွားရာ၌၎င်း၊
(၄) နေလှမ်းသူအား၎င်း၊
(၅) ပြန်လာ၍ သိမ်းမည်ဟု နှလုံးသွင်း၍ သွားသူအား၎င်း၊
(၆) ကြီးသူတို့က ထဲစေရာ၌၎င်း၊
(၇) သားရဲတိရစ္ဆာန်တို့သည် ထိုနေရာ၌ ရှိနေလျှင်၎င်း၊
(၈) အစိုးရသောသူတစ်စုံတစ်ယောက်က ယူသော်၎င်း၊
(၉) ဘီလူးစသည်တို့ ထိုနေရာ၌ ထိုင်နေသော်၎င်း၊
(၁၀) အသက်အန္တရာယ် ,ဗြဟ္မစရိယအန္တရာယ်ရှိသော်၎င်း၊
(၁၁)ဥမ္မတ္တကရဟန်းစသည်တို့အား၎င်း၊ ဤရဟန်းအားလုံး အာပတ်မသင့်ပါ

**အင်္ဂါ (၆)ပါး။** (၁) ညောင်စောင်းစသည်တို့သည် သံဃိကဖြစ်ခြင်း၊
(၂)လွင်တီးခေါင်စသောအရပ်၌ ကိုယ်တိုင်ခင်းခြင်း- ခင်းစေခြင်း၊
(၃) အစိုးရသူစသည်တို့၏ အနှောက်အယှက်မရှိခြင်း၊
(၄) ဘေးရန်မရှိခြင်း၊
(၅)မငဲ့မကွက်သွားခြင်း၊
(၆) ခဲတစ်ကျကို လွန်ခြင်း။

## ဒုတိယသေနာသန သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ ဝိဟာရအရ, သေယျအရတို့ကို ကောက်ပြပါ။

**ဖြေ။** *ဝိဟာရအရ။* ။တိုက်ခန်းကို၎င်း၊ အမှတ်မထားတစ်ပါးပါးသော အလုံးစုံ မိုးအပ်သောကျောင်းကို၎င်း၊ ယူရပါသည်။

http://www.dhammadownload.com



သေယျအရ။ ဘိသိ ,စိမိလိကာ ,ဥတ္တရတ္ထရဏ ,ဘူမတ္ထရဏ , တင္ဋိကာ စမ္မခဏ္ဍ ,နိသီဒန ,ပစ္စတ္ထရဏ ,တိဏသန္ထာရ ,ပဏ္ဏသန္ထာရဟု (၁၀)ပါး ရှိပါသည်။

ဆောင်+ဂါထာ။ဘိသိ စိမိလိကာစေဝ၊ ဥတ္တရတ္ထရဏံပိစ။
ဘူမတ္ထရဏံ တင္ဋိကာ၊ စမ္မခဏ္ဍော နိသီဒနံ။
ပစ္စတ္ထရဏံစ တိဏ၊သန္ထာရော ပဏ္ဏသန္ထာရော။
ဒသယိမာ သေယျာ ဝုတ္တာ၊ မုနိနာဒိစ္စဗန္ဓုနာ။

စိမိလိကာဟူသည်။ ။အပြေအပြစ်ပြုအပ်သောမြေ၌ အခင်းကိုစောင့်ရှောက်ခြင်းငှါ ပြုအပ်သော အခင်းကို ခေါ်ပါသည်။
ဥတ္တရတ္ထရဏဟူသည်။ ။ညောင်စောင်းစသည်တို့အပေါ်၌ ခင်းအပ်သော အခင်းကို ခေါ်ပါသည်။
ဘူမတ္ထရဏဟူသည်။ ။စိမိလိကာအခင်းရှိလျှင် ထိုအခင်းပေါ်၌၄င်း ,မရှိလျှင် မြေသက်သက်ပေါ်၌၄င်း၊ ခင်းအပ်သော ဖျာကြမ်းစသောအခင်းကို ခေါ်ပါသည်။
တင္ဋိကာဟူသည်။ ။ထန်းရွက်စသည်တို့ဖြင့် ပြုအပ်သောအခင်းကို ခေါ်၏။
စမ္မခဏ္ဍဟူသည်။ အမှတ်မထားတစ်ပါးပါးသော သားရေကို ခေါ်ပါသည်။
မှတ်ချက်။ ကျောင်းအသုံးအဆောင်၌ မအပ်သော သားရေမည်သည် မရှိပါ။
ပစ္စတ္ထရဏဟူသည်။ ။ တဘက်(စုလျား)နှင့် ကော်ဇောကို ခေါ်ပါသည်။

**မေး။** ခြစသောသံသယမရှိသောအရပ်၌ ပန်ကြားစရာ လို / မလိုရေးပါ။
**ဖြေ။** မပန်ပြောဘဲ သွားလျှင် သွားကောင်း၏၊ သို့သော် ပန်ကြား၍သွားခြင်းသည် ဝတ္တရားတစ်ခုဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** အာပတ်သင့်ရာ၌ တိုင်းတာ သတ်မှတ်ဆုံးဖြတ်ပုံကို ရေးပါ။

**ဖြေ။** အကာအရံရှိလျှင် အကာအရံကိုင်၍၊ အကာအရံမရှိလျှင် ဥပစာကိုင်၍ ပထမခြေလှမ်း လွန်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ဒုတိယခြေလှမ်းလွန်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

**မေး။** အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁)မိမိ၏ပစ္စည်းဥစ္စာနှင့်၊ (၂)အကျွမ်းဝင်သူ၏ ပုဂ္ဂလိကပစ္စည်းနှင့် (၃)သိမ်းဆည်း၍သွားရာနှင့်၊ (၄) နောက်ယုက်အပ်သောပစ္စည်းကို ခွန်၍ သွားရာနှင့်၊ (၅) ယနေ့ပင် ပြန်လာမည်ဟု စိတ်ကူး၍သွားပြီးနောက် တစ်စုံတစ်ယောက်ကို စေလွှတ်၍ ပန်ကြားသူ၊ (၆) ဘေးအန္တရာယ် တစ်ခုခု ရှိ၍ မပြန်လာနိုင်သူ၊(၇)ဥမ္မတ္တကရဟန်းစသည်တို့. အာပတ် မသင့်နိုင်ပါ။

**အင်္ဂါ ခုနစ်ပါး။** (၁) သေယျာဆယ်မျိုးဖြစ်ခြင်း၊ (၂)သံဃိကဖြစ်ခြင်း၊ (၃)မိုးမလုံသော သံဃိကကျောင်း၌ ခင်းခြင်း, ခင်းစေခြင်း၊ (၄) အနောက်အယှက်မရှိခြင်း၊ (၅)ဘေးရန်မရှိခြင်း၊ (၆) မငဲ့မကွက် ထွက်သွားခြင်း၊ (၇)ဥပစာအပိုင်းအခြားကို လွန်ခြင်း၊

## အနုပခဇ္ဇ သိက္ခာပုဒ်

**မေး။** ဇာနအရ အဘယ်သို့ သိခြင်းကို ယူရပါသနည်း။

**ဖြေ။** "ဤသူသည် မထစေထိုက်သူတည်း "ဟု သိခြင်းကို ယူရပါသည်။

**မေး။** မထစေထိုက်သော(အနုဋ္ဌာပနီယ)ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွရေးပါ၊

http://www.dhammadownload.com



**ဖြေ။** (၁)သိတင်းကြီး (၂)ဂိလာန (၃) သံဃာကပေးအပ်သူ ဤသုံးဦးတို့သည် မထစေထိုက်သော(အနုဋ္ဌာပနီယ)ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

*အနုဋ္ဌာပနီယမည်ခြင်းအကြောင်း။* ။ (၁) သိတင်းကြီးကို မိမိထက်ကြီးသောကြောင့် မထစေထိုက်သူ(အနုဋ္ဌာပနီယ)ဟုခေါ်ပါသည်။

(၂)ဂိလာနကို မကျန်းမာသူဖြစ်သောကြောင့် မထစေထိုက်သူ(အနုဋ္ဌာပနီယ ဟုခေါ်ပါသည်။

(၃) သံဃာကပေးအပ်သူကို ဘဏ္ဍာစိုး, ဓမ္မကထိက, ဝိနည်းဓိုရ်, ဂဏဝါစက အာစရိယတို့အား ကျေးဇူးများခြင်း,ဂုဏ်ထူးရှိခြင်းကိုမှတ်သား၍ အမြဲနေခြင်းငှါ ကျောင်းကိုမှတ်သားကာ သမုတ်ပြီး ပေးအပ်သောကြောင့် မထစေထိုက်သူ(အနုဋ္ဌာပနီယ)ဟု ခေါ်ပါသည်။

**မေး။** အဘယ်ကဲ့သို့ နေသူကို အနုပခဇ္ဇ(တိုးဝှေ့၍နေသူ)ဟု ခေါ်ပါသနည်း။

**ဖြေ။** ညောင်စောင်း ,အင်းပျဉ်ကိုငှင်း၊ ဝင်ထွက်သောရဟန်း၏ ဥပစာကို သော်ငှင်း၊ ဝင်၍နေခြင်းကို အနုပခဇ္ဇ(တိုးဝှေ့၍နေသူ)ဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဥပစာသတ်မှတ်ပြပါ။

**ဖြေ။** (၁)ကြီးသောကျောင်း၌ ပတ်ဝန်းကျင် တစ်တောင်ထွာသည် ဥပစာမည်၏။

(၂)ငယ်သောကျောင်း၌ တစ်တောင်ထွာရှိနိုင်လောက်သောဘက်၌ တစ်တောင်ထွာသည် ဥပစာမည်၏။

(၃)ကျောင်းတွင်းသို့ဝင်သော ရဟန်း၏ ခြေဆေးရာကျောက်ဖျာမှ ညောင်စောင်း ,အင်းပျဉ်တိုင်အောင်သည် ဥပစာမည်၏။

(၄)အပြင်ထွက်သောရဟန်း၏ ညောင်စောင်း,အင်းပျဉ်မှ ကျင်ငယ်စွန့်ရာအရပ် တိုင်အောင်သည် ဥပစာမည်၏။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** သံဃိကကျောင်း၌ ကျဉ်းမြောင်းစေလိုခြင်းဖြင့် အထက်ပါ ဥပစာ အတွင်းဝယ် အိပ်ရာ နေရာဆယ်မျိုးတို့တွင် တစ်ခုတစ်ခုကို ကိုယ်တိုင်ခင် လျှင် , ခင်းစေလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုအိပ်ရာနေရာ၌ ထိုင်လျှင်၄င် အိပ်လျှင်၄င်း၊ ပါစိတ်အာပတ်သင့်၏။ ထိုင်ခြင်း ,အိပ်ခြင်းနှစ်မျိုးလုံးကို ပြုလုပ်လျှင် ပါစိတ်အာပတ် ၂ချက်သင့်၏။

**မေး။** ဤ၌ အာပတ်မသင့်သူတို့ကို ထုတ်ပြပါ။

**ဖြေ။** (၁)မိမိ၏ပုဂ္ဂလိကကျောင်း၌၄င်း , မိမိနှင့်အကျွမ်းဝင်သူ၏ပုဂ္ဂလိကကျောင်း ၌၄င်း၊ခင်းသောရဟန်း၊
(၂)ဂိလာနဖြစ်၍ ဝင်နေသောရဟန်း၊ (၃)အပူအအေးနှိပ်စက်၍ ဝင်နေ သော ရဟန်း၊ (၄)ဘေးရန်တို့ကြောင့် ဝင်နေသောရဟန်း၊
(၅)ဥမ္မတ္တကရဟန်းစသည်တို့ အာပတ်မသင့်ပါ။

<u>**အင်္ဂါလေးပါး။**</u>(၁) သံဃိကကျောင်းဖြစ်ခြင်း၊ (၂)အနုဋ္ဌာပနီယပုဂ္ဂိုလ်မှန်းသိခြင်း (၃)ကျဉ်းမြောင်းစေလိုခြင်း၊ (၄)ဥပစာ၌ ထိုင်ခြင်း (ဝါ)အိပ်ခြင်း။
***(မှတ်ချက်)*** သူတစ်ပါး၏ ပုဂ္ဂလိက၌ ဒုက္ကဋ်၊ မိမိ၏ပုဂ္ဂလိက၌ အနာပတ္တိ။

## <u>နိက္ကဍ္ဎန သိက္ခာပုဒ်</u>

**မေး။** ဤသိက္ခာပုဒ်၌ ပါစိတ်အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ဘုံအဆင့်များစွာရှိသောကျောင်း၌၄င်း၊ တံခါးမုခ်များစွာရှိသော လေး ထောင့်ဇရပ်စသည်တို့၌၄င်း၊အကြား၌ မရပ်တန့်စေဘဲ လုလ္လပယောဂတစ်ခု တည်းဖြင့် နှင်ထုတ်ပါက ပါစိတ်အာပတ် တစ်ခုသာ သင့်၏။
ရပ်တန့်၍ရပ်တန့်၍ လုလ္လအမျိုးမျိုးဖြင့်နှင်ထုတ်လျှင် တံခါးအရေအတွက်ဖြင့်

http://www.dhammadownload.com



အာပတ်သင့်၏။

လက်ဖြင့်မကိုင်ဘဲ " ထွက်ပါ "ဟု နှုတ်ဖြင့် နှင်ထုတ်ရာ၌လည်း အထက်ပါနည်းအတိုင်း ဆုံးဖြတ်ရမည်။

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ရဟန်း၏အသုံးအဆောင် ပရိက္ခရာများကို ဆွဲထုတ်ရာ၌၄င်း၊ ဆွမ်းစားဇရပ်စသော ကျောင်းဥပစာမှ ရဟန်းကို၄င်း, ရဟန်း၏ပရိက္ခရာများကို နှင်ထုတ်ရာ၌၄င်း၊ လူ့ သာမဏေကို နှင်ထုတ်ရာ၌၄င်း၊ ဒုက္ကဋ်သာ သင့်၏။

***(မှတ်ချက်)***ပရိက္ခရာကို ဆွဲထုတ်ရာ၌ တစ်ထုတ်တည်း,တစ်စပ်တည်း မဟုတ်သော ပရိက္ခရာတို့ကို ဆွဲထုတ်လျှင် ပရိက္ခရာအရေအတွက်ဖြင့် အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** (၁)မိမိ၏ကျောင်းမှ၄င်း, အကျွမ်းဝင်သူ၏ကျောင်းမှ၄င်း နှင်ထုတ်သူ၊

(၂)ခိုက်ရန်ငြင်းခုံခြင်းကို ပြုတတ်သူအား တစ်တိုက်လုံးမှလည်း နှင်သူ၊

(၃)မိမိ၏နေရာမှ အလဇ္ဇီနှင့် ဥမ္မတ္တကရဟန်းကို နှင်ထုတ်သူ၊

(၄)ဝတ္တရားပျက်သောတပည့်အား နှင်ထုတ်သူ၊

(၅)နှင်ထုတ်သူ မိမိကိုယ်တိုင် ဥမ္မတ္တကဖြစ်နေသူ/ စသည်တို့အား အာပတ်မသင့်နိုင်ပါ။

<u>**အင်္ဂါ သုံးပါး။**</u> (၁) သံဃိကကျောင်းဖြစ်ခြင်း။

(၂)ခိုက်ရန်ဒေါသမပြုတတ်သော ရဟန်းဖြစ်ခြင်း၊

(၃) စိတ်ဆိုး၍ နှင်ထုတ်ခြင်း, သို့မဟုတ် နှင်ထုတ်စေခြင်း

%%%%%%%%%%%%%%%%%%%%

http://www.dhammadownload.com



## ဝေဟာသကုဋ္ဋိ သိက္ခာပုဒ်

**မေး။** ဝေဟာသကုဋိဟူသည် အဘယ်ကုဋိမျိုးကို ခေါ်ပါသနည်း။

**ဖြေ။** အထက်ထပ်၌ ပျဉ်မခင်းရသေးသော ဘုံနှစ်ဆင့်, သုံးဆင့်ရှိသော ကုဋိကို ဝေဟာသကုဋိဟုခေါ်ပါသည်။

**မေး။** အဘယ်ကို အာဟစ္စပါဒကမဉ္စပီဌဟု ခေါ်ပါသနည်း။

**ဖြေ။** ဘောင်တို့ကိုထွင်း၍ ခြေထောက်တို့ကို သွင်းပြီး ပြုလုပ်အပ်သော ညောင်စောင်း,အင်းပျဉ်ကို အာဟစ္စပါဒကမဉ္စပီဌဟုခေါ်ပါသည်။

**မေး။** ဝေဟာသကုဋိအရ အဘယ်မျှလောက်မြင့်သော ကုဋိကိုယူရသနည်း။

**ဖြေ။** အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် အလုံးစုံတို့၏အောက်၌ဖြစ်သော လျှောက်တို့နှင့် ပမဏမဖြိမပုရိသ၏ ဦးခေါင်း မထိနိုင်လောက်အောင်မြင့်သောကုဋိကိုယူရပါသည်။

**မေး။** အာပတ်မသင့်နိုင်သောကုဋိတို့ကို ရေးပါ။

**ဖြေ။** (၁) မိမိ၏ကျောင်း၊

(၂) အကျွမ်းဝင်သူ၏ဥစ္စာဖြစ်သောကျောင်း၊

(၃)ဝေဟာသကုဋိမဟုတ်သောကျောင်း၊

(၄) ဦးခေါင်းထိနိုင်လောက်သောကျောင်း၊

(၅)အောက်ထပ်၌ ဒြပ်အဆောက်အဦတို့ကို ထားအပ်သည်ဖြစ်၍ မသုံးဆောင်အပ်သောကျောင်း၊

(၆) အပေါ်ထပ်၌ ပျဉ်ခင်းအပ်သောကျောင်း၊

(၇) အပေါ်ထပ်၌ အင်္ဂတေစသည်ဖြင့် အပြေအပြစ်ပြုအပ်သောကျောင်း။

http://www.dhammadownload.com



**မေး။** အာပတ်မသင့်သောပုဂ္ဂိုလ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁)အထက်ပါ အာပတ်မသင့်နိုင်သောကျောင်းများ၌ နေသောရဟန်း၊

(၂)ဝေဟာသကုဋိဝယ် အာဟစ္စပါဒကညောင်စောင်း,အင်းပျဉ်၌ ရပ်လျက် တစ်စုံတစ်ခုကို ယူသူ , ချိပ်ဆွဲသူ၊

(၃)မယ်နှ(သံ,စို့)ရိုက်နှက်သွင်းပြီးသော ညောင်စောင်း, အင်းပျဉ်၌ ထိုင်သူ အိပ်သူ၊

(၄)ဥမ္မတ္တကရဟန်းစသည်တို့သည် အာပတ်မသင့်ပါ။

**အင်္ဂါ လေးပါး။** (၁) သံဃိကကျောင်းဖြစ်ခြင်း၊

(၂)ဦးခေါင်းကို မတိုက်မိလောက်အောင်မြင့်သော ဝေဟာသကုဋိ ဖြစ်ခြင်း၊

(၃)အောက်ထပ်၌ သွားလာသုံးစွဲလေ့ရှိခြင်း၊

(၄)စို့,သံမရိုက်အပ်သောအာဟစ္စပါဒကညောင်စောင်း, အင်းပျဉ်၌ထိုင်ခြင်း သို့မဟုတ် အိပ်ခြင်း။

## *မဟလ္လကဝိဟာရ သိက္ခာပုဒ်*

**မေး။** အဘယ်ကျောင်းကို မဟလ္လကကျောင်းဟုခေါ်ပါသနည်း။

**ဖြေ။** ပိုင်ရှင်ရှိသောကျောင်းကို ခေါ်ပါသည်။

**မေး။** အဘယ်အရပ်ကို ဒွါရကောသအရပ်ဟုခေါ်ပါသနည်း။

**ဖြေ။** ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် တံခါးဘောင်၏ ပတ်ဝန်းကျင်မှ နှစ်တောင်ထွာ အရပ်ကို ဒွါရကောသအရပ်ဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** တံခါးရွက်နှင့်တကွ တံခါးဘောင်,ကျည်းခွေကို မြဲမြဲစွာ မထားခြင်းကြောင့် ရရှိနိုင်သော အပြစ်တို့ကို ရေးပါ။

**ဖြေ။** (၁)လျှင်မြန်စွာ လည်သော တံခါးရွက်သည် ဖွင့်သောအခါ နံရံကိုငှင်း၊ ပိတ်သောအခါ တံခါးအိမ်ကျည်းခွေကိုငှင်း၊ ထိခိုက်ခြင်းကြောင့် နံရံတုန်လှုပ်နိုင်ခြင်း၊

(၂)နံရံတုန်လှုပ်ခြင်းကြောင့် အင်္ဂတေမြေညက် လှုပ်ခြင်း၊

(၃)လှုပ်သည်ဖြစ်၍ လျော့ရဲမှုဖြစ်ခြင်း ,ကွာကျခြင်းများ ဖြစ်နိုင်ပါသည်။

**မေး။** လေသောက်ပြူတင်းကို ခိုင်မြဲအောင်ပြုရခြင်း အကြောင်းကိုရေးပါ။

**ဖြေ။** ဖွင့်သောအခါ လေသောက်ပြူတင်းတံခါးရွက်ငယ်တို့သည် တစ်ထွာနှင့် တစ်ထွာထက်ပိုသော နံရံအရပ်ကို ရိုက်ခတ်နိုင်ကုန်၏၊ ထို့ကြောင့် လေသောက်ပြူတင်းကို ခိုင်မြဲအောင်ပြုရပါသည်။

**မေး။** လေသောက်ပြူတင်း၏ ဥပစာကိုကို ရေးပါ။

**ဖြေ။** နံရံနှစ်ဘက် အထက်+အောက်ဟူသော အလုံးစုံသောအရပ်၌ ဥပစာကို ရနိုင်သောကြောင့် တံခါးရွက်၏အပြန့်အကျယ် ပမာဏရှိသောအရပ်သည် လေသောက်ပြူတင်း၏ ဥပစာဖြစ်ပါသည်။

**မေး။** ဟရိတအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** စပါးမျိုး(၇)ပါးပြားသော ကောက်ခင်းကိုငှင်း၊ ပဲကြီး, ပဲနောက်, နှမ်း ကုလားပဲ, ဗူး, ဖရုံစသည်ပြားသော ပဲခင်းကိုငှင်း၊ ဟရိတအရ ယူရပါသည်။

***(မှတ်ချက်)*** စိုက်ပျိုးအပ်သော ကောက်ပဲသီးနှံ မပြည့်စုံသေးသော်လည်း မိုးရွာလျှင် ပြည့်စုံနိုင်ပါက ထိုလယ်ယာကို ဟရိတ၌ပင် သွင်းယူရပါသည်။ ထိုလယ်ယာမျိုး၌ ရပ်၍စီမံလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



**မေး။** ရုပ်၍စိမ်နိုင်သောအရပ်ကို ပိုင်းခြားပြပါ။

**ဖြေ။** ခေါင်အုပ်၏ငှင်း ,အိမ်အထွင့်၏ငှင်း နံပါး၌ထိုင်နေသောယောကျ်ားသည် အမိုး၏အနားစွန်းဖြင့်ကြည့်လျှင် မြေ၌ရပ်နေသောရဟန်းကို မြင်နိုင်လောက်သောအရပ်၌ငှင်း၊မြေ၌တည်သောရဟန်းကလည်း အပေါ်၌ထိုင်နေသောယောကျ်ားကို မော့ကြည့်လျှင် မြင်နိုင်လောက်သောအရပ်၌ငှင်း၊ ရုပ်၍စိမ့်နိုင်ပါသည်။ ငှင်းပမာဏ၏အတွင်း၌ကား စိမ်းလန်းသော ကောက်ပဲမရှိသော်လည်း မရုပ်ကောင်းပါ။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** သုံးစဉ် သုံးထပ်ထက်ကျော်လွန်အောင် မိုးရာ၌ အုဌ်,ကျောက်,အင်္ဂတေတို့ဖြင့်မိုးလျှင် အုဌ်, ကျောက်, အင်္ဂတေမြေစိုင် အရေအတွက်ဖြင့် အာပတ်သင့်ပါသည်။ မြက်ဖြင့်မိုးလျှင် မြက်ဆုပ်အရေအတွက်ဖြင့်, သစ်ရွက်ဖြင့်မိုးလျှင် သစ်ရွက်အရေအတွက်ဖြင့် အာပတ်သင့်ပါသည်။

**မေး။** ဤ၌ အာပတ်မသင့်နိုင်သူများကို ရေးပါ။

**ဖြေ။** (၁) ဖြူသောအဆင်းစသည်ကို ပြုသောရဟန်း၊

(၂) နှစ်ထပ်,သုံးထပ်နှင့်၊ ငှင်းအောက် လျော့၍ အမိုးမိုးသောရဟန်း၊

(၃) လိုဏ်,ဂူ,မြက်မိုးကျောင်းစသည် ပြုသောရဟန်း၊

(၄) သူတစ်ပါးအတွက်ပြုသောရဟန်း၊

(၅) မိမိဥစ္စာဖြင့် ပြုစေသောရဟန်း၊

(၆)နေစရာကျောင်းမှတစ်ပါး ကြွင်းသောအဆောက်အဦတို့ကို စိမ်သောရဟန်း၊

(၇)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



__အင်္ဂါ__ __သုံးပါး__။ (၁) မဟာလ္လကဝိဟာရဖြစ်ခြင်း၊
(၂) မိမိနေဘို့ရန်ကျောင်းဖြစ်ခြင်း၊
(၃) ပိုလွန်၍စီမံခြင်း

## __သပ္ပါဏက သိက္ခာပုဒ်__

**မေး။** ဖာန် သပ္ပါဏကံ၌ သိပုံအခြင်းအရာတို့ကို ရေးပါ။

**ဖြေ။** ပိုးရှိသောရေဟု မြင်၍သိခြင်း , ကြား၍သိခြင်း အားဖြင့် နှစ်မျိုးတို့ကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ရေအလျှင်ကို ပြတ်စေဘဲ တစ်အိုးလုံးကုန်အောင်သွန်းလောင်း လျှင်၄င်း၊ မြောင်းသွယ်၍ တစ်နေ့လုံး စီးစေသော်၄င်း၊ အာပတ်တစ်ချက်သာသင့်ပါသည်။

ရေအလျှင်ကိုဖြတ်၍ သွန်းလောင်းရာ၌၄င်း၊ ရေမြောင်းကို ထိုထိုအရပ်၌ ပိတ်၍ အခြားအရပ်သို့ ဆောင်ယူရာ၌၄င်း၊ လုလ္လပယောဂအရေ အတွက်ဖြင့် အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဥဒကံအရ အဘယ်ရေကို ယူရပါသနည်း။

**ဖြေ။** မြက်စသည်ကို ထည့်လိုက်လျှင် ကုန်ခန်းသွားနိုင်သောရေနှင့်၊ ပိုးကောင်ငယ်များ သေနိုင်လောက်အောင် နောက်ကျုနိုင်သောရေ၄ို ယူရ၏။ ပိုးကောင်မသေနိုင်လောက်အောင် များသောရေကို မယူရပါ။

__အာပတ်မသင့်နိုင်သူများ။__ (၁)စေတနာမပဲ သွန်းလောင်းသောရဟန်း၊

http://www.dhammadownload.com



(၂)သတိမရှိဘဲ သွန်းလောင်းမိသောရဟန်း၊
(၃) ပိုးရှိမှန်း မသိသောရဟန်း၊
(၄) ဥပမ္ပတ္တကစသည်တို့ ဖြစ်ပါသည်။

***အင်္ဂါလေးပါး။*** (၁) ပိုးရှိသောရေဖြစ်ခြင်း၊
(၂)သွန်းလောင်းခြင်းကြောင့် ပိုးသေမည်ဟုသိခြင်း၊
(၃)ပိုးသေလောက်သောရေဖြစ်ခြင်း၊
(၄)သေစေလိုသောစေတနာမပါဘဲ အကြောင်းတစ်ခုခုကြောင့် မြက်စသည် ကို ထည့်ခြင်း။

## *သြဝါဒဝဂ်*

## *သြဝါဒ သိက္ခာပုဒ်*

***မေး။*** အသမ္မတောဒ္ဒ သမ္မုတိအရ အဘယ်သမ္မုတိကို ယူရပါသနည်း။

***ဖြေ။*** အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောရဟန်းအား ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပေးအပ်သော ဘိက္ခုနောဝါဒကသမ္မုတိကို ယူရပါသည်။

***မေး။*** သြဝါဒေယျန္တိ သြဝါဒအရ အဘယ်ကို ယူရပါသနည်း။

***ဖြေ။*** ဂရုဓမ်ရှစ်ပါးဖြင့် ဆုံးမခြင်းကို ယူရပါသည်။

***မေး။*** ဤသိက္ခာပုဒ်၌ အာပတ်အဆုံးအဖြတ်ကို ရေးပါ။

***ဖြေ။*** (၁)ဂရုဓမ်တရားမှတစ်ပါး အခြားသော တရားဖြင့် ဆုံးမလျှင်၄င်း၊
(၂)ဘိက္ခုနီသံဃာ၌သာ ရဟန်းဖြစ်သော ဘိက္ခုနီအား ဆုံးမလျှင်၄င်း၊
(၃)ဝဂ်ဖြစ်သောဘိက္ခုနီသံဃာအား ဂရုဓမ်ရှစ်ပါးဖြင့် ဆုံးမလျှင်၄င်း၊
(၄)သြဝါဒကိုအဆုံးမသတ်ဘဲ အခြားသောတရားကိုရွတ်ဆို ဟောပြလျှင်၄င်း ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

http://www.dhammadownload.com



## သိက္ခမာန် + သာမဏေမအား ဆုံးမလျှင် အာပတ်မသင့်

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်မသင့်သူများကို ရေးပါ။

**ဖြေ။** (၁)ဓမ္မကံ၌ ဓမ္မကံဟုအမှတ်ရှိလျက် သမဂ္ဂသံဃာကို သမဂ္ဂသံဃာဟု အမှတ်ရှိပြီး ဆုံးမသူ၊

(၂)ဂရုဓမ်ပါဠိဟူသော အကျဉ်းဥဒ္ဒေသကို ပေးသူ၊

(၃)အဖန်ဖန်မေးအပ်သော ဂရုဓမ်အနက်အဓိပ္ပါယ်ကို ပေးသူ၊

(၄)ရွတ်ဆိုပါ ဟု ဘိက္ခုနီက ပြောအပ်သည်ဖြစ်၍ ရွတ်ဆိုသူ၊

(၅)ပြဿနာကိုမေး၍ ဖြေဆိုသူ၊

(၆)ဘိက္ခုနီမတို့ နာယူစဉ် အခြားသူအတွက် ဂရုဓမ်တရားကို ဟောသူ၊

(၇)သိက္ခမာန်, သာမဏေမအား ဂရုဓမ်တရားကို ဟောသူ၊

(၈)ဥမ္မတ္တကစသည်တို့ အာပတ်မသင့်ပါ။

**အင်္ဂါ သုံးပါး။** (၁) သမ္မုတိမရခြင်း၊ (၂)ဘိက္ခုနီ၏ ပြည့်စုံသောရဟန်းမိမ္မ ဖြစ်ခြင်း၊ (၃) ဂရုဓမ်တရားဖြင့် ဆုံးမခြင်း

## *အတ္ထင်္ဂတ သိက္ခာပုဒ်*

**မေး။** ဩဝါဒအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ဂရုဓမ်ရှစ်ပါးတရားဖြင့်၄င်း၊ အခြားသော သုတ္တန်,အဘိဓမ္မာတရားဖြင့် ၄င်း၊ ဆုံးမခြင်းကိုယူရပါသည်။

***(မှတ်ချက်)***ဤသိက္ခာပုဒ်၌ သမ္မုတိရသူပင်ဖြစ်စေကာမူ ပါစိတ်သင့်ပါသည်။

**အင်္ဂါ သုံးပါး။** (၁) နေဝင်ခြင်း၊ (၂) ပြည့်စုံစွာ ဘိက္ခုနီမ ဖြစ်ခြင်း၊ (၃)ဆုံးမခြင်း။

http://www.dhammadownload.com



## ဘိက္ခုနုပဿယ သိက္ခာပုဒ်

**မေး။** အဘယ်ကို ဘိက္ခုနုပဿယ(ဘိက္ခုနီမကျောင်း)ဟု ခေါ်ပါသနည်း။

**ဖြေ။** ဘိက္ခုနီမ တစ်ညဉ့်မျှ နေရာအရပ်သည်လည်း ဘိက္ခုနုပဿယ (ဘိက္ခုနီမ ကျောင်း)မည်၏။

**မေး။** ဩဝဒေယျ၌ ဩဝါဒအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ဂရုဓမ်ရှစ်ပါးဖြင့် ဆုံးမခြင်းကိုသာ ယူရပါသည်။

**မေး။** ဂိလာနအရ အဘယ်ဘိက္ခုနီမမျိုးကို ယူရပါသနည်း။

**ဖြေ။** ဩဝါဒခံယူခြင်းငါ့ငှင်း၊ ဥပုသ်နေ့မေးခြင်း ,ပဝါရဏာပြုခြင်း ဟူသော သံဝါအကျိုးငါ့ငှင်း၊ မသွားနိုင်သောဘိက္ခုနီမကို ဂိလာနအရယူရ၏။

**အင်္ဂါ** **လေးပါး။** (၁) ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်ခြင်း၊

(၂) ပြည့်စုံစွာ ရဟန်းဖြစ်ခြင်း၊

(၃) အခါမဟုတ်ခြင်း၊

(၄) ဂရုဓမ်ဖြင့် ဆုံးမခြင်း

## အာမိသသိက္ခာပုဒ်

**မေး။** အာမိသဟေတု၌ အာမိသအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** သင်္ကန်းစသည်တို့တွင် တစ်မျိုးမျိုး ို ယူရပါသည်။

**မေး။** ထေရာ ဘိက္ခု၌ ဘိက္ခုအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** သမ္မုတိရသောရဟန်းတို့ကို ယူရပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ် သင့်သောပုဂ္ဂိုလ်တို့ကိုရေးပါ။

**ဖြေ။** (၁)သမ္မုတိမရသော ရဟန်းကိုငှင်း၊

(၂)သမ္မုတိရ + မရသော သာမဏေကိုငှင်း၊ ပြောဆိုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

**မေး။** ဘိက္ခုနောဝါဒကသမ္မုတိရသော သာမဏေရှိနိုင်ပါသလော။

**ဖြေ။** ရဟန်းဖြစ်စဉ်ကာလက သမ္မုတိကိုရခဲ့ပြီးနောက် သာမဏေဘဝ၌တည်သောကိုရင်ကို "ဘိက္ခုနောဝါဒကသမ္မုတိ "ရသောကိုရင်ဟုခေါ်ပါသည်။

**မေး။** အာပတ်မသင့်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁)ပင်ကိုယ်ကပင် သက်န်းစသောအာမိသကြောင့် ဩဝါဒပေးသူကို ကဲ့ရဲ့ ပြောဆိုသောရဟန်း၊

(၂)ဥမ္မတ္တကရဟန်းစသည်တို့သည် ဤသိက္ခာပုဒ်အရ အာပတ်မသင့်ပါ။

**<u>အင်္ဂါ</u>** ***လေးပါး။ (၁)*** ရဟန်းဖြစ်ခြင်း၊ (၂)တရားသဖြင့် သမ္မုတိရသူဖြစ်ခြင်း၊ (၃)အာမိသ၌ ငဲ့မှု မရှိခြင်း (၄)ကျေးဇူးမဲ့ကို လိုလားသဖြင့် ပြောဆိုခြင်း။

## <u>စီဝရသိဗ္ဗန သိက္ခာပုဒ်</u>

**မေး။** စီဝရအရ အဘယ်သင်္ကန်းမျိုးကို ယူရပါသနည်း။

**ဖြေ။** ဝတ်ရုံလောက်သော သင်္ကန်းကို ယူရပါသည်။

**မေး။** အာပတ်သင့်ရာ၌ ရေတွက်ပုံကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** အပ်ကိုသွင်းပြီး ထုတ်သောအကြိမ် အရေအတွက်ဖြင့် အာပတ်သင့်ပါသည်။ အကြိမ်တစ်ရာသွင်းပြီး တစ်ကြိမ်သာထုတ်လျှင် အာပတ်တစ်ချက်သာ သင့်၏။

**မေး။** ဤ၌ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁) သင်္ကန်းမှတစ်ပါး အခြားပရိက္ခရာကို ချုပ်စေသူ၊

(၂)သိက္ခမာန် ,သာမဏေမတို့အား သင်္ကန်းကိုပင် ချုပ်စေသူ၊

(၃)ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

**အင်္ဂါ သုံးပါး။** (၁) ဆွေမျိုးမတော်သော ဘိက္ခုနီမ၏ သင်္ကန်းဖြစ်ခြင်း၊

(၂)ဝတ်ရုံလောက်သောသင်္ကန်းဖြစ်ခြင်း၊

(၃)ချုပ်ခြင်း သို့မဟုတ် ချုပ်စေခြင်း။

## သံဝိဓာန သိက္ခာပုဒ်

**မေး။** ဘိက္ခုနီမနှင့်အတူ ခရီးသွားရန် တိုင်ပင်ကောင်းသော(ကပ္ပိယဘူမိ) အရပ်တို့ကို ရေးပါ။

**ဖြေ။** (၁)ဘိက္ခုနီမကျောင်း၊ (၂) ရွာတွင်းကျောင်း (၃)ရွာတွင်းဆွမ်းစားဇရပ် (၄)တိတ္ထိတို့၏ကျောင်း ဤလေးပါးသောအရပ်သည် တိုင်ပင်ကောင်းသော (ကပ္ပိယဘူမိ)အရပ်မည်၏။ အခြားတစ်ပါးသော ကြွင်းသောအရပ်သည် မတိုင်ပင်ကောင်းသော(အကပ္ပိယဘူမိ)အရပ်မည်၏။ ၎င်းမတိုင်ပင်ကောင်းသောအရပ်၌ တိုင်ပင်လျှင် တိုင်ပင်ခြင်းကြောင့် ဒုက္ကဋ်သင့်၏။

**မေး။** ချိန်းချက်(တိုင်ပင်)မှု အပြားနှင့် အာပတ်သင့်စေနိုင်သော ချိန်းချက်

http://www.dhammadownload.com



တိုင်ပင်မှုကိုလည်း ရေးပါ။

**ဖြေ။** (၁)အချိန်ကာလကို သတ်မှတ်၍ ချိန်းချက်မှု ကာလသင်္ကေတ၊
(၂)တံခါးကို သတ်မှတ်၍ ချိန်းချက်မှု ဒွါရသင်္ကေတ၊
(၃)လမ်းကို သတ်မှတ်၍ ချိန်းချက်မှု မဂ္ဂသင်္ကေတ၊ဟု ချိန်းချက်မှု သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးတွင် အချိန်ကာလသတ်မှတ်မှု(ကာလသင်္ကေတ)ချို့ယွင်းမှုသာ အာပတ်မသင့်နိုင်ပါ။ ဒွါရသင်္ကေတ+ မဂ္ဂသင်္ကေတချို့ယွင်းသော်ကား အာပတ်သင့်သည်သာ ဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်ဝယ် အာပတ်သင့်ရာ၌ သင့်ပုံအခြင်းအရာကို ရေးပါ။

**ဖြေ။** လမ်းခရီး၌ ရွာရှိလျှင် ရွာ၏ဥပစာသို့ သက်ရောက်ခြင်းအရေအတွက်ဖြင့် အာပတ်သင့်ပါသည်။ ရွာမရှိလျှင်ကား ယူဇနာဝက်ကို ကျော်လွန်ခြင်းအရေအတွက်ဖြင့် အာပတ်သင့်ပါသည်။

မိမိကသာ တိုင်ပင်ချိန်းချက်ပြီး ဘိက္ခုနီမက မတိုင်ပင် မချိန်းချက်လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။ မိမိက မတိုင်ပင် မချိန်းချက်ဘဲ သွားလျှင်ကား အာပတ်မသင့်ပါ။

***(မှတ်ချက်)*** ကေတောဥပသမ္ပန္နစသည်နှင့် တိုင်ပင်၍ သွားလျှင် မာတုဂါမသိက္ခာပုဒ်ဖြင့် အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်များကို ရေးပါ။

**ဖြေ။** (၁)သွားသင့်ရာအခါ၌ တိုင်ပင်၍သွားသောရဟန်း၊
(၂)မိမိက မတိုင်ပင်ဘဲသွားသောရဟန်း၊
(၃)အချိန်းအချက်ပျက်သောအားဖြင့် သွားသောရဟန်း၊
(၄)ဘေးရန်တို့ကြောင့် (တိုင်ပင်၍)သွားသောရဟန်း၊
(၅)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



**အင်္ဂါ ငါးပါး။** (၁) နှစ်ဦးလုံး စိစဉ်တိုင်ပင်၍ သွားခြင်း၊
(၂)ချိန်းချက်မှု မချို့ယွင်းခြင်း၊
(၃)ချိန်းချက်၍သွားသင့်ရာအခါမဟုတ်ခြင်း၊
(၄)ဘေးရန်မရှိခြင်း၊
(၅)အခြားတစ်ရွာသို့ သက်ရောက်ခြင်း ,သို့မဟုတ် ယုဇနာဝက်ကိုလွန်ခြင်း။

## *နာဝါဘိရူဟန သိက္ခာပုဒ်*

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်ပုံကို ရေးပါ။

**ဖြေ။** အလိုရှိအပ်သောဆိပ်ကမ်းသို့ ရောက်စေခြင်းအကျိုးငှါ အထက်သို့ဖြစ်စေ, အောက်သို့ဖြစ်စေ လှေစီးသွားရာ၌ အာပတ်မသင့်ပါ။
သမုဒ္ဒရာ၌လည်း အလိုရှိသလို လှေစီးခြင်းငှါ အပ်၏။

**မေး။** အာပတ်သင့်ပုံ အရေအတွက်ကို ရေးပါ။

**ဖြေ။** ရွာရှိသော ကမ်းဘေးဖြင့် သွားလျှင် အခြားရွာ၏အရေအတွက်ဖြင့် အာပတ်သင့်၏၊ ရွာမရှိသော ကမ်းဘေးဖြင့် သွားလျှင် ယုဇနာဝက်အရေအတွက်ဖြင့် အာပတ်သင့်၏။

## *ပရိပါစိတ သိက္ခာပုဒ်*

**မေး။** အဘယ်ဆွမ်းမျိုးကို " ဘိက္ခုနီပရိပါစိတ "ဆွမ်းဟုခေါ်ပါသနည်း။

**ဖြေ။** ရဟန်း၏ငှင်း ,ဘိက္ခုနီမ၏ငှင်း ဉာတက,ပဝါရိတမဟုတ်သောလူတို့၏ အထံ၌ ရဟန်းဂုဏ်ကျေးဇူးကို ထင်ရှားပြ၍" အရှင်အား လှူပါ၊ အရှင်အတွက် ပြုလုပ်ပါ " ဟု ဘိက္ခုနီမသည် ရအောင်ပြုလုပ်အပ်သောဆွမ်းကို

http://www.dhammadownload.com



"ဘိက္ခုနီပရိပါစိတ" ဆွမ်းဟုခေါ်ပါသည်။

**မေး။** အဘယ်ဆွမ်းမျိုးကို "ဂိဟိသမာရမ္ဘဆွမ်း" ဟုခေါ်ပါသနည်း။

**ဖြေ။** ဘိက္ခုနီမ စီမံသည်မှ ရှေးဦးစွာကပင်လျှင် ရဟန်းတို့အတွက် လူများစီမံအပ်သော ဆွမ်းကို "ဂိဟိသမာရမ္ဘဆွမ်း" ဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** စားမျိုသော အရေအတွက်ဖြင့် အာပတ်သင့်ပါသည်၊ ဆွမ်းကိုခံယူရာ၌ကား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁)အပရိပါစိတဆွမ်းဟု အမှတ်ရှိလျက်စားသောရဟန်း၊
(၂)ဂိဟိသမာရမ္ဘဆွမ်းကို စားသောရဟန်း၊
(၃)သိက္ခမာန်မ ,သာမဏေမ စသည်တို့ စီမံအပ်သောဆွမ်းကို စားသူ၊
(၄)ဘောဇဉ်ငါးပါးမှတစ်ပါး အခြားသော ယာဂု,ခဲဘွယ်,သစ်သီးကြီးငယ်ကို စားသောရဟန်း၊
(၅)ဥမ္မတ္တကရဟန်းစသည်တို့ ဖြစ်ပါသည်။

**အင်္ဂါ ငါးပါး** (၁)ဘိက္ခုနီစီမံသော ဆွမ်းဖြစ်ခြင်း၊ (၂) ဘိက္ခုနီစီမံအပ်သောဆွမ်းဟု သိခြင်း၊ (၃)ဘိက္ခုနီ မစီမံမီ ရှေးဦးစွာ လူတို့၏စီမံမှုမရှိခြင်း၊ (၄)ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊ (၅)ထိုဘောဇဉ်ကို စားခြင်း။

## ရဟောနိသဇ္ဇ သိက္ခာပုဒ်

**မေး။** တစ်ထပ်တည်း တူညီသော သိက္ခာပုဒ်တိုက်ကို ရေးပါ။

http://www.dhammadownload.com



ဖြေ။ (၁)ရဟောနိသဇ္ဇသိက္ခာပုဒ် (၂)ဒုတိယအနိယတသိက္ခာပုဒ်(၃)အစေလက ဝဂ်လာ ဥပနန္ဒစတုတ္ထသိက္ခာပုဒ် ဤသုံးခုသည် တစ်ထပ်တည်းတူကြပါ သည်။

မေး။ တစ်ထပ်တည်း တူကြသောသိက္ခာပုဒ်တို့ကို သီးခြားဟောရပုံကို ရေးခဲ့ပါ။

ဖြေ။ အကြောင်းဝတ္ထုဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့် သီးခြားစီ ပညတ်ရပါ သည်။

## ဘောဇနဝဂ်
## အာဝသထ သိက္ခာပုဒ်

မေး။ အဂိလာနေနှ၌ ဂိလာနရဟန်း , အဂိလာနရဟန်းတို့ကို ခွဲခြားပြပါ။

ဖြေ။ ယူဇနာဝက်ခရီးကို မသွားနိုင်သောရဟန်းကို " ဂိလာနရဟန်း " ဟု ခေါ် ပါသည်။ သွားနိုင်သောရဟန်းကို " အဂိလာနရဟန်း=ကျန်းမာသူ"ဟု ခေါ်ပါ သည်။

မေး။ ဘော အာဝသထပိဏ္ဍော၌ ဘောအရ တစ်နေ့လော/တစ်ကြိမ်လော ခွဲခြားပြပါ။

ဖြေ။ တစ်နေ့စားထိုက်သောဆွမ်းကို ယူရပါသည်၊ တစ်ကြိမ်စားထိုက်သော ဆွမ်းမဟုတ်ပါ။

မေး။ အဘယ်ဆွမ်းမျိုးကို " အာဝသထဆွမ်း " ဟုခေါ်ပါသနည်း။

ဖြေ။ " ဤသူတို့အတွက်ဖြစ်စေ ,ဤမျှလောက်သောသူတို့အတွက်ဖြစ်စေ"

http://www.dhammadownload.com



ဟု ပါသဏ္ဍာအယူရှိသူကိုငှင်း၊ "ဤမှုသော ထမင်းကိုသာ "ဟု ထမင်းကိုငှင်း၊ မရည်စူး,မပိုင်းခြား,မကန့်သတ်ဘဲ ရေပ်စသည်တို့တွင် တစ်ခုခုသော အရပ်၌ ကောင်းမှုလိုလားသူတို့ ဝတ်တည်အပ်သော ဘောဇဉ်ကို " အာဝသထ ဆွမ်း "ဟု ခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကိုရေးပါ။

**ဖြေ။** တစ်နေ့ထက် ပိုလွန်၍စားလျှင် ဒုတိယနေ့မှစ၍ ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ စားမျိုတိုင်း, စားမျိုတိုင်း ပါစိတ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သောသူများကို ရေးပါ။

**ဖြေ။** (၁)ခရီးသွားစဉ် လမ်းခရီးအကြား၌ တစ်နေ့စားသောရဟန်း၊

(၂)ရောက်ရာအရပ်၌ တစ်နေ့စားသောရဟန်း၊

(၃)ပြန်လာသောအခါ လမ်းခရီးအကြား၌ တစ်နေ့စားသောရဟန်း၊

(၄)ပြန်ရောက်ရာအရပ်၌ တစ်နေ့စားသောရဟန်း၊

(၅)သွားမည်ဟုစားပြီး ထွက်သော် ဘေးရန်တစ်ခုခုကြောင့် ပြန်လှည့်၍ ဘေးရန်မရှိသောအခါ တစ်ဖန်သွားရာ၌ တစ်နေ့စားသောရဟန်း၊

(၆)အလှူရှင်တို့ကဖိတ်၍ ပေးလှူအပ်သောရဟန်း၊

(၇)ရဟန်းတို့အတွက်သာ ရည်စူး၍ ပညတ်အပ်သောဆွမ်းကို စားသောရဟန်း

(၈)ဘောဇဉ်ငါးပါးမှတစ်ပါး အခြားကိုစားသောရဟန်း၊

(၉)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**အင်္ဂါ** **သုံးပါး။** (၁) အာဝသထပိဏ္ဍဖြစ်ခြင်း၊ (၂)ဂိလာနမဟုတ်ခြင်း၊ (၃)နေ့စဉ်နေ၍စားခြင်း။

http://www.dhammadownload.com



## ဂဏဘောဇနေ သိက္ခာပုဒ်

**မေး။** ဂဏဘောဇနေနေနှင့် ဂဏအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ဂဏအရ လေးပါးနှင့် လေးပါးထက် ပိုလွန်သော ရဟန်းတို့ကို ယူရပါသည်။

**မေး။** အဘယ်ကို ဂဏဘောဇဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** လေးပါး , လေးပါးထက်ပိုလွန်သော ရဟန်းတို့အတွက် ပင့်ဖိတ်ခြင်းအားဖြင့်၄င်း၊ တောင်းခြင်းအားဖြင့်၄င်း၊ ရအပ်သော ထမင်းစသော ဘောဇဉ်ငါးမျိုးတို့တွင် တစ်ပါးပါးကို " ဂဏဘောဇဉ်" ဟု ခေါ်ပါသည်။

**မေး။** အဘယ်သို့သော ဘာသာစကားဖြင့် ပြောဆိုမှ ဂဏဘောဇဉ်ဖြစ်ပါသနည်း။

**ဖြေ။** ဂဏဘောဇဉ်၌ မည်သည့်ဘာသန္တရစကားနှင့်မဆို ဘောဇဉ်ငါးပါးတို့၏ အမည်ကိုယူ၍ "ထမင်းအလှူခံပါ "စသောနည်းဖြင့် ဖိတ်သည့်အတွက် တစ်ပေါင်းတည်း အလှူခံလျှင် ဂဏဘောဇဉ် ဖြစ်တော့သည်သာဖြစ်၏။

**မေး။** ဂဏဘောဇဉ်ဖြစ်မှု၌ လိုရင်းအဓိကကို ရေးပါ။

**ဖြေ။** ဤသိက္ခာပုဒ်၌ အတူတကွ တစ်ပေါင်းတည်း ခံယူခြင်းသည်သာ ပမာဏဖြစ်၏၊ စားသောက်ခြင်း , သွားခြင်းသည် လိုရင်းပမာဏမဟုတ်။

**မေး။** ဤသိက္ခာပုဒ်လာ သမယ(၇)ပါးတို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** <u>ဂိလာနသမယ။</u> ခြေထောက်များကွဲသောကြောင့် ဆွမ်းမခံနိုင်လောက်အောင် မကျန်းမာသောအခါသည် ဂိလာနသမယမည်၏။

http://www.dhammadownload.com



စီဝရဒါနသမယ။ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် ငါးလသည်၄င်း၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လသည်၄င်း၊ စီဝရဒါနသမယမည်။

စီဝရကာရသမယ။ သင်္ကန်းပြုလုပ်ရာ၌ တစ်စုံတစ်ခုသော သင်္ကန်း၌ပြုဘွယ်ကိစ္စကိုပြုရာအခါသည် "စီဝရကာရသမယ" မည်၏။

အဒ္ဓါနဂမနသမယ။ အနည်းဆုံး ယူဇနာဝက်ခရီးကို သွားလိုသောအခါ၊ သွားဆဲအခါ, သွားပြီးအခါသည် အဒ္ဓါနဂမနသမယ မည်၏။

(နာဝါဘိရူဟနသမယလည်း အတူတူဟုမှတ်ပါ)

မဟာသမယ။ ဆွမ်းခံရွာ၌ဆွမ်းခံ၍ ရဟန်းလေးပါးတို့ မမျှတရာအခါသည် မဟာသမယမည်၏။

သမဏဘတ္တသမယ။ တစ်စုံတစ်ယောက်သော ရသေ့,ရဟန်းသည် ဆွမ်းဖြင့်ပင့်ဖိတ်ရာအခါသည် သမဏဘတ္တသမယမည်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁)နှစ်ပါး ,သုံးပါးတစ်ပေါင်းတည်း ခံယူ၍စားသောရဟန်း၊

(၂)ဆွမ်းခံပြီး တစ်ပေါင်းတည်း စားသောရဟန်းများ၊

(၃)နိစ္စဘတ်စသည်တို့၌ တစ်ပေါင်းတည်း ခံယူသောရဟန်း

(၄)ဘောဇဉ်ငါးပါးမှတပါး အခြားသော ယာဂု,ခဲဘွယ်,သစ်သီးကြီးငယ်ကို စားသောရဟန်းများ၊

(၅)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**အင်္ဂါ သုံးပါး။** (၁) ဂဏဘောဇဉ်ဖြစ်ခြင်း၊ (၂)အခါမဟုတ်ခြင်း၊ (၃)စားခြင်းဟူ၍ သုံးပါးဖြစ်ပါသည်။

http://www.dhammadownload.com



## ပရမ္ပရဘောဇနေ သိက္ခာပုဒ်

**မေး။** အဘယ်ကို "ပရမ္ပရဘောဇဉ်"ဟုခေါ်ပါသနည်း။

**ဖြေ။** ဘောဇဉ်ငါးမျိုးတို့ဖြင့် ရှေးဦးစွာ ပင့်ဖိတ်အပ်သော ဒါယကာ၏ ဘောဇဉ်မှတစ်ပါး နောက်ထပ်ပင့်ဖိတ်အပ်သောဒါယကာ၏ဘောဇဉ်ကို အစဉ်မဟုတ်သောအားဖြင့်၄င်း၊ ဝိကပ္ပနာမပြုဘဲ၄င်း၊ စားခြင်းသည် "ပရမ္ပရဘောဇဉ်" မည်၏။

**မေး။** ပရမ္ပရဘောဇဉ်ကို ဝိကပ္ပနာပြုပုံကို ရေးပါ။

**ဖြေ။** " မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ "ဟု၄င်း၊ "မယှံ ဘတ္တပစ္စာသံ တုယှံ ဝိကပ္ပေမိ." ဟု၄င်း (သမ္မုခါဝိကပ္ပနာ)

"မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဒမ္မိ." ဟု၄င်း၊ မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဝိကပ္ပေမိ " ဟု၄င်း၊(ပရမ္မုခါဝိကပ္ပနာ) ဝိကပ္ပနာပြုရပါသည်။

**မေး။** အာပတ်သင့်စေနိုင်သောဆွမ်း၏ ပမာဏကို ရေးပါ။

**ဖြေ။** ထမင်းလုံး တစ်လုံးမျှကိုသော်မှ စားလျှင် အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အနုပညတ် သုံးမျိုးလော/ လေးမျိုးလော ရှင်းပြပါ။

**ဖြေ။** (၁)ဂိလာနသမယ (၂)စီဝရဒါနသမယ (၃) စီဝရကာရသမယ ဟု သုံးမျိုးရှိပါသည်။ ပရိဝါပါဠိတော်၌ကား ဝိကပ္ပနာပြုခြင်းကို ထည့်၍ အနုပညတ်လေးမျိုးဟု ဟောတော်မူပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်များကို ရေးပါ။

**ဖြေ။** (၁) စားသင့်ရာအခါ၌ စားသောရဟန်း၊

http://www.dhammadownload.com



(၂)ဝိကပ္ပနာပြု၍ စားသောရဟန်း၊
(၃)အလှူရှင်များကိုယ်တိုင် တစ်ခုတည်း တစ်ပေါင်းတည်း ရောစပ်၍ လှူအပ်သောဘတ်ကို စားသောရဟန်း၊
(၄)နိမန္တနဘတ်နှစ်ခု,သုံးခုတို့ကို မိမိကိုယ်တိုင်ရောစပ်၍ စားသောရဟန်း၊
(၅)ပင့်ဖိတ်အပ်သောအစဉ်အတိုင်း စားသောရဟန်း၊
(၆)တစ်ရွာလုံး, အသင်းတစ်ခုလုံးက ပင့်၍ တစ်နေရာရာ၌ စားသောရဟန်း၊
(၇)ပင့်ဖိတ်စဉ်က " ဆွမ်းကို အလှူခံအံ့ " ဟု ပြော၍ စားသောရဟန်း၊
(၈)ဘောဇဉ်ငါးမျိုးမှတပါး အခြားသော ယာဂု,ခဲဘွယ်,သစ်သီးကြီးငယ်ကို စားသောရဟန်း၊
(၉)အမြဲဝတ်တည်အပ်သော နိစ္စဘတ်ဆွမ်းစသည်ကို စားသောရဟန်း၊
(၁၀)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

***အင်္ဂါ သုံးပါး။*** (၁)ပရမ္ပရဘောဇဉ်ဖြစ်ခြင်း၊ (၂) အခါမဟုတ်ခြင်း၊ (၃)စားမျိုခြင်း။

## *ကာဏမာတာ သိက္ခာပုဒ်*

**မေး။** အဘယ်ကို ပူဝ , မန္ထ ဟု ခေါ်ပါသနည်း။

**ဖြေ။** လက်ဆောင်အကျိုးငှါ စီရင်အပ်သော အတိရသကမုန့် , လဍ္ဍုမုန့်, မုန့်ကြွက်ကျစ် မုန့်ခဲဘွယ်တစ်မျိုးမျိုးကို ပူဝဟု ခေါ်ပါသည်။

လမ်းစရိက္ခာအကျိုးငှါ စီရင်အပ်ကုန်သော မုန့်မှုံ့, နှမ်း, ဆန်စသည်တို့ကို မန္ထဟု ခေါ်ပါသည်။

**မေး။** ဒွတ္တိပတ္တပူရာ၌ အဘယ်ကို သပိတ်အပြည့်ဟု ခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** သပိတ်နခမ်းရစ်၏ အောက်အနားရေးကို မကျော်လွန်စေဘဲ ခံယူအပ်သော မုန့်တို့ကို သပိတ်အပြည့်ဟု ခေါ်ပါသည်။

***(မှတ်ချက်)*** ဒွတ္တိပတ္တပူရာအရ နှစ်သပိတ်, သုံးသပိတ်ကို အဘယ်သို့ ခံယူရပါမည်နည်း။ ဟုမေးလျှင်လည်း အဖြေအတူတူပင်။

**မေး။** ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** စုံစုံတက်အောင် အလှူခံအပ်သော သုံးခုမြောက်သပိတ်၏ နခမ်းရစ်၏ အောက်အနားရေးမှ ကျော်လွန်သော မုန့်အရေအတွက်ဖြင့် အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ မုန့်အလှူခံသူ၏ ကျင့်ဝတ်ကို ရေးပါ။

**ဖြေ။** ရှေးဦးစွာ နှစ်သပိတ်အလှူခံပြီးသောရဟန်းသည် အခြားရဟန်းတစ်ပါးကိုတွေ့လျှင် "တပည့်တော် နှစ်သပိတ် အလှူခံပြီးပါပြီ၊ သင်သည် တစ်သပိတ် သာ အလှူခံပါတော့" ဟု ပြောရမည်။

ဒုတိယရဟန်းသည်လည်း တတိယမြောက် နောက်ထပ်ရဟန်းတစ်ပါးကိုတွေ့လျှင် "အရှင်ဘုရား အလှူမခံပါနှင့်တော့"ဟုပြောရမည်၊ ဤကဲ့သို့ အဆင့်ဆင့်ပြောရမည်၊ မပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ပြောပါလျက် သုံးသပိတ်ထက် လွန်အောင် အလှူခံလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** မုန့်အလှူခံပြီးသော ရဟန်း၏ ပြုရမည့် ကျင့်ဝတ်ကို ရေးပါ။

**ဖြေ။** မုန့်ရရာအရပ်မှ အနီးဆုံးဖြစ်သော ဆွမ်းစားဇရပ်သို့၄င်း၊ ကျောင်းတိုက်သို့၄င်း၊ မိမိအမြဲဆွမ်းစားရာ ဇရပ်သို့၄င်း၊သွား၍ မိမိအတွက် သပိတ်တစ်လုံးအပြည့်မုန့်ကို ချန်ထားပြီး အကြွင်းကို သံဃာအား လှူရပါသည်။

***(မှတ်ချက်)*** သပိတ်တစ်လုံးသာ အလှူခံသောရဟန်းသည် ထိုမုန့်ကို မပေးလှူလိုလျှင် နေနိုင်၏၊ မိမိစိတ်တိုင်းကျ ပြုလုပ်နိုင်၏။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁)နှစ်သပိတ်, သုံးသပိတ် မပြည့်သေးဟုအမှတ်ရှိလျက် ခံယူသောရဟန်း၊

(၂)လက်ဆောင်အတွက်,ရိက္ခာအတွက်မဟုတ်သောမုန့်ကိုခံယူသောရဟန်း၊

(၃)လက်ဆောင်အတွက်, ရိက္ခာအတွက်စီမံအပ်သည်မှ ကြွင်းကျန်သောမုန့်ကို ခံယူသောရဟန်း၊

(၄)ခရီးသွားခြင်းကိစ္စ အေးငြိမ်းသွား၍ ပေးလှူသည်ကို ခံယူသောရဟန်း၊

(၅)ဉာတက,ပဝါရိတတို့က ပေးလှူသည်ကို ခံယူသောရဟန်း၊

(၆)မိမိ၏ဥစ္စာဖြင့် ခံယူသောရဟန်း၊

(၇)ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်နိုင်ပါ။

***အင်္ဂါငါးပါး။*** (၁)လက်ဆောင်အတွက်,ရိက္ခာအတွက်စီမံအပ်သော ပူဝ,မန္ထဖြစ်ခြင်း၊

(၂) အကြွင်းအကျန် မဟုတ်ခြင်း၊ (၃)သွားခြင်းကိစ္စ မပြီးငြိမ်းသေးခြင်း၊

(၄)ဉာတက,ပဝါရိတမဟုတ်ခြင်း၊(၅)သုံးသပိတ်ထက်ပိုလွန်အောင်ခံခြင်း

## *ပထမပဝါရဏာ သိက္ခာပုဒ်*

**မေး။** အဘယ်ပုဂ္ဂိုလ်ကို ဘုတ္တာဝီ(စားပြီးသူ)ဟု ခေါ်ပါသနည်း။

**ဖြေ။** ဘောဇဉ်ငါးမျိုးတို့၏ မုန်ညင်းစေ့ပမာဏရှိသော ဘောဇဉ်ကို စားပြီးသော ရဟန်းကို ဘုတ္တာဝီ(စားပြီးသူ) ဟု ခေါ်ပါသည်။

**မေး။** အဘယ်ပုဂ္ဂိုလ်ကို ပဝါရိတ်သင့်သူ ဟုခေါ်ပါသနည်း။

**ဖြေ။** (၁)စားဆဲဖြစ်ခြင်း၊ (၂)ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊ (၃)ဟတ္ထပါသ်၌တည်ခြင်း (၄) ရှေးရှုဆောင်ခြင်း (၅)ပယ်မြစ်ခြင်း ဟူသော အင်္ဂါငါးပါး၏အစွမ်းဖြင့် တားမြစ်ပြီးသူကို " ပဝါရိတ်သင့်သူ " ဟုခေါ်၏။

http://www.dhammadownload.com



**(ဆောင်ပုဒ်)** စားဆဲ ,ဘောဇဉ် ၊ ဟတ်တွင်းဝင် ,၊ဆောင်စဉ်, ကိုယ်နှုတ်မြစ်။
အင်္ဂါငါးလီ စုံပြည့်ညီ၊ သင့်ပြီ ပဝါရိတ်။

**မေး။** အနက်အစိပ္ပါယ်အထူးမရှိဘဲ ဘုတ္တာဝီသဒ္ဒါ ထပ်ဆိုရပုံကို ရေးပါ။

**ဖြေ။** ဒိရတ္တတိရတ္တံစသည်တို့၌ ဒိရတ္တသဒ္ဒါကဲ့သို့ ပဝါရိတပုဒ်၏ အခြံအရံ အဖြစ်ဖြင့်၄င်း၊ သဒ္ဒါညက်ညောသည်၏အဖြစ်ဖြင့်၄င်း၊ ဘုတ္တာဝီသဒ္ဒါကို ထပ်၍ဟောရပါသည်။

**မေး။** အဘယ်ကို ဟတ္ထပါသ် ဟုခေါ်ပါသနည်း။

**ဖြေ။** နှစ်တောင်ထွာပမာဏရှိသောအရပ်ကို ဟတ္ထပါသ်ဟုခေါ်ပါသည်။

**မေး။** ဘောဇဉ်ငါးပါးကို ရေတွက်ပြပါ။

**ဖြေ။** (၁)ဩဒန=ထမင်း၊ (၂)ကုမ္မာသ=မုယောဆန်ဖြင့်ပြုအပ်သော တစ်ဝက်ကျက် စားဘွယ်၊ (၃)သတ္တု=မုန့်မှုံ့ (၄)မစ္ဆ=ငါး (၅) မံသ=အသား။

**မေး။** ဩဒနအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** (၁)သလေး (၂)ကောက် (၃)မုယော (၄)နတ်ကောက်(ဝါ)ဂျုံ (၅)ဆတ် (၆)ပြောင်း (၇)လူး ဤစပါးမျိုး(၇)ပါးတို့၏ ဆန်ကို ချက်အပ်သော ထမင်းကို ဩဒနအရ ယူရပါသည်။

**မေး။** ဩဒနကြောင့် ပဝါရိတ်သင့်ပုံ/ မသင့်ပုံကို ရှင်းပြပါ။

**ဖြေ။** အထက်ပါ စပါး(၇)မျိုး၏ဆန်ကို ထမင်း(သို့မဟုတ်) ယာဂုချက်ပြီးသော် ပွသည်ဖြစ်စေ ,အေးသည်ဖြစ်စေ စားသောအခါ ယူရာအရပ်၌ အပိုင်းအခြား

http://www.dhammadownload.com



နေရာထင်ရှားလျှင် ပဝါရိတ်ဖြစ်စေနိုင်၏၊ ပဝါရိတ်မသင့်စေနိုင်။

စပါး(၇)မျိုးမှတပါး ဝါးသီးဆန် ,သစ်မြစ် ,သစ်ဉ ,သစ်သီးတို့တွင် တစ်မျိုးမျိုးဖြင့် ချက်အပ်သော ထမင်းသည် ပဝါရိတ်မသင့်စေနိုင်ပါ။

**မေး။** ကုမ္မာသအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** မုယော(ဂျုံ)တို့ဖြင့် ပြုအပ်သောဘောဇဉ်ကို ကုမ္မာသအရယူရပါသည်။ ပဲနောက်စသည်တို့ဖြင့် ပြုအပ်သော ကုမ္မာသသည် ပဝါရိတ်မသင့်စေနိုင်။

**မေး။** သတ္တုဟူသည် အဘယ်ကို ခေါ်ပါသနည်း။

**ဖြေ။** စပါးမျိုး(၇)ပါးကို လှော်၍ပြုအပ်သော ဘောဇဉ်သည် သတ္တုမည်၏၊ အောက်ထစ်ဆုံးအားဖြင့် ကောင်းကောင်းကျက်အောင် လှော်အပ်သော ကောက်တို့၏ ဆန်တို့ကို ထောင်း၍ပြုအပ်သောအမှုန့်သည်၄င်း၊ ဆန်ကွဲသည်၄င်း၊ သတ္တုပင် မည်ပါသည်။

**မေး။** ပဝါရိတ်မဖြစ်စေနိုင်သော သတ္တု(မုန့်မှုံ့)ကို ရေးပါ။

**ဖြေ။** တော်ရုံ သင့်ရုံလှော်အပ်သော ကောက်တို့၏ ဆန်ကွဲ, ဆန်, ပေါက်ပေါက်, ပေါက်ပေါက်တို့ဖြင့်ပြုအပ်သော ထမင်း ,မုန့်မှုံ့စသည်တို့သည်၄င်း၊နေလှမ်းအပ်သောဆန်ကွဲ ,ဆန်, ပေါက်ပေါက်, ပေါက်ပေါက်တို့ဖြင့် ပြုအပ်သော ထမင်း ,မုန့်မှုံ့စသည်တို့သည်၄င်း၊ ပဝါရိတ်ကို မဖြစ်စေနိုင်။

*(<u>အထူးမှတ်သားချက်</u>)* မအပ်သော အကပ္ပိယအသားကို၄င်း၊ ကုလဒူသန အမှု ,ဆေးကုမှု, ဥတ္တရိမနုဿဓမ္မကိုပြောမှု, ကိုင်တွယ် သာယာအပ်သောရွှေငွေ စသည်တို့ဖြင့် ဝယ်အပ်သော ဘောဇဉ်ကို၄င်း၊ စားနေစဉ် ပယ်မြစ်သော်လည်း ပဝါရိတ်မသင့်ပါ။

http://www.dhammadownload.com



**မေး။** ဟတ္ထပါသ်တိုင်းတာပုံကို ရေးခဲ့ပါ။

**ဖြေ။** ထိုင်နေသောရဟန်း၏ တင်ပါး နောက်အစွန်းမှ၄င်း၊ ရပ်နေသော ရဟန်း၏ ဖနောင့်စွန်းမှ၄င်း၊ လျောင်းနေသောရဟန်း၏ ထိုဘက်နံပါးအစွန်းမှ၄င်း၊ ကပ်သော်ဒါယကာသည် ထိုင်နေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ ,လျောင်းနေသည်ဖြစ်စေ၊ ဆန့်တန်းသောလက်မှတပါး အနီးဆုံးကိုယ်အင်္ဂါ၏ ဤဘက်အစွန်းဖြင့် တိုင်းတာပိုင်းခြားအပ်သော နှစ်တောင်ထွာကို ဟတ္ထပါသ်ဟုခေါ်ပါသည်။

**မေး။** ငှေးရှုမဆောင်(မကပ်)သည်ကို ပယ်လျှင် ပဝါရိတ်သင့်ပါသလော။

**ဖြေ။** ဟတ္ထပါသ်အတွင်း မိမိဘေး၌ ကပ်၍ထိုင်နေသော ရဟန်းကပင် လက်၌ဖြစ်စေ ,သပိတ်ခြေ၌ဖြစ်စေ ရှိသောသပိတ်ကို ရှေးရှုမဆောင်ဘဲ(မကပ်ဘဲ) "ထမင်း ယူပါ "ဟုပြောလာသူကို ပယ်မြစ်လျှင် ပဝါရိတ်မသင့်ပါ။

**မေး။** သူတစ်ပါးအား ကပ်သည်ကို ပယ်မြစ်လျှင် ပဝါရိတ်သင့်ပါသလော၊ အကြောင်းနှင့်တကွဖြေပါ။

**ဖြေ။** ဦးတိဿအား ကပ်လာသည်ကို ဦးဒတ္တက ပယ်မြစ်လျှင် အခြားသူအတွက် ဆောင်လာသည်ကို ပယ်မြစ်သောကြောင့် ပဝါရိတ်မသင့်ပါ။

**မေး။** စကားသက်သက်ဖြင့် ဆောင်သည်ကို ပယ်လျှင် ပဝါရိတ်သင့်ပါသလော။

**ဖြေ။** စကားဖြင့် ဆောင်သည်ကို ပယ်မြစ်လျှင် ပဝါရိတ်မသင့်ပါ။ ကိုယ်ဖြင့် ဆောင်လာသည်ကို ကိုယ်အမူအရာဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ ပယ်မြစ်မှသာ ပဝါရိတ်သင့်ပါသည်။

http://www.dhammadownload.com



**မေး။** ပြောဆိုမှုနှင့်ပတ်သက်၍ ပဝါရိတ်သင့်ပုံကို ခွဲခြားပြပါ။

**ဖြေ။** (၁)အသားနှင့်တကွ ချက်ထားသေသာ ဟင်းရည်ကို ယူလာသူက "ရသံ ဂဏှ အရည်ကို ခံယူပါ" ဟု ပြောလာသည်ကို ပယ်လျှင် ပဝါရိတ်မသင့်ပါ။

(၂)"မံသရသံ=အသားရည်ဟုငှင်း"၊ "ဣမံ ဂဏှထ=ဤဟာကို ခံယူပါ"ဟု အမည်မတပ်ဘဲ ပြောလာသူကိုငှင်း၊ ပယ်လျှင် ပဝါရိတ်သင့်၏။

(၃)အညောက် ,ပိန္နဲသီးစသည်နှင့်ရောချက်ထားသော ငါးဟင်း,အသားဟင်းကို"ကဋီရသူပံ ဂဏှထ , ပနသဗျဉ္ဇနံ ဂဏှထ= အညောက်ဟင်း ခံယူပါ ပိန္နဲသီးဟင်း ခံယူပါ ဟုဆိုလျှင် ပဝါရိတ်မသင့်ပါ။

*(အကြောင်းကား)* ပဝါရိတ်မသင့်နိုင်သောဟင်း၏ နာမည်ဖြင့် လျှောက်အပ်သောကြောင့်တည်း။

(၄)မစ္ဆ မံသ ဗျဉ္ဇနံ=ငါးဟင်း, အသားဟင်းဟုဖြစ်စေ၊ 'ဣမံ ဂဏှထ= ဤဟာ ခံယူပါဟုဖြစ်စေ ပြောဆိုလာလျှင် ပဝါရိတ်သင့်၏။

***(မှတ်ချက်)*** သွားခြင်းစသည်တို့တွင် ဣရိယာပုထ်တစ်မျိုးမျိုး၌ ပဝါရိတ်သင့်ပါက ထိုဣရိယာပုထ်ကို မဖျက်ဘဲသာ စားရ၏။

**မေး။** အဘယ်ကို "အနတိရိတ္တဘောဇဉ်" ဟု ခေါ်ပါသနည်း။

**ဖြေ။** ကပ္ပိယကတစသော ဝိနည်းကံ(၇)မျိုးတို့ဖြင့် မပြုအပ်သော ခဲဘွယ်ဘောဇဉ်သည်ငှင်း(ဝါ) အတိရိတ်ဝိနည်းကံ မပြုအပ်သောဘောဇဉ်သည်ငှင်း ဂိလာန၏အပိုအလျှံမဟုတ်သော ခဲဘွယ်ဘောဇဉ်သည်ငှင်း၊ "အနတိရိတ္တဘောဇဉ်" မည်၏။

**မေး။** အဘယ်ကို "အကပ္ပိယဘောဇဉ်" ဟုခေါ်ပါသနည်း။

**ဖြေ။** (၁)ရဟန်းတို့၏ကပ္ပိခြင်းဖြင့် မကပ္ပိအပ်သော အသီး,သစ်ဥ,သစ်မြစ်သည်ငှင်း၊

http://www.dhammadownload.com



(၂)မအပ်သောအသားကြီး(၁၀)မျိုးသည်၄င်း၊
(၃)ကုလဒူသနစသည်ကြောင့်ဖြစ်သော မအပ်သော ဘောဇဉ်သည်၄င်း၊
ဤသုံးမျိုးသည် အကပ္ပိယဘောဇဉ်မည်၏။

**မေး။** ဆွမ်းကို အတိရိတ်ဝိနည်းကံ ပြုပုံကို ရေးပါ။
**ဖြေ။** " အလမေတံ သဗ္ဗံ " ဟု ရွတ်ဆို၍ အတိရိတ်ပြုရပါသည်။

**မေး။** ထမင်းမည်မျှစားပြီးမှ ဘုတ္တာဝီ ဟု ခေါ်ပါသနည်း။
**ဖြေ။** အောက်ထစ်ဆုံးအားဖြင့် အခြားမဲ့၌ ထိုင်နေသောရဟန်း၏ သပိတ်မှ ထမင်းလုံး တစ်လုံးကိုသော်၄င်း၊ အသားမျှင် တစ်ခုကိုသော်၄င်း၊ စားပြီး၍ ပြုလျှင်လည်း " ဘုတ္တာဝီ–စားပြီးသူ " ဟု ခေါ်ပါသည်။

***(မှတ်ချက်)*** နံနက်စောစောကပင် စားပြီး၍ ပဝါရိတ်သင့်ပြီးသော ဝိနည်းဓိုရ်သည် နေရာမှမထသေးလျှင် အတိရိတ်ဝိနည်းကံ ပြုကောင်းပါသည်။

**မေး။** အဘယ်ကို " ဂိလာန၏အကြွင်းအကျန် " ဟုခေါ်ပါသနည်း။
**ဖြေ။** ဂိလာနစားပြီးသည်မှ ကြွင်းကျန်သော ခဲဘွယ်,ဘောဇဉ်ကိုသာ "ဂိလာနာတိရိတ္တ=ဂိလာန၏အကြွင်းအကျန် "ဟု ခေါ်သည်မဟုတ်သေး ဂိလာန အတွက် ရည်စူး၍ ယနေ့/နက်ဖန် အလိုရှိသောအခါ စားလိမ့်မည်ဟူသော ကြံစီမှုဖြင့် ဆောင်ယူလာသော ခဲဘွယ်,ဘောဇဉ်အားလုံးကို "ဂိလာနာတိရိတ္တ– လူနာ၏အကြွင်းအကျန် " ဟု ခေါ်ပါသည်။

**မေး။** ခါဒနိယ, ဘောဇနိယအရ အဘယ်ကို ယူရပါသနည်း။
**ဖြေ။** ယာဝကာလိကခဲဘွယ်ဘောဇဉ်အားလုံးကို ယူရပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁)အတိရိတ္တဘောဇဉ်၌ အတိရိတ္တဘောဇဉ်ဟု အမှတ်ရှိလျက် ခံယူသူ၊

(၂)အတိရိတ်ပြုပြီးမှ စားမည်ဟု ကြံစီ၍ ခံယူသူ၊

(၃)အခြားသူအတွက် ခံယူသူ၊

(၄)ယာမကာလိကစသည်တို့ကို ခွင့်ပြုအပ်သော သုံးဆောင်ခြင်း၏အစွမ်းဖြင့် အာမိသမပါဘဲ သုံးဆောင်သူ၊

(၅)ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

**<u>အင်္ဂါ သုံးပါး</u>** ။(၁) ပဝါရိတ်သင့်ခြင်း (၂) အာမိသ၏ အတိရိတ်မဟုတ်ခြင်း၊ (၃) နံနက်အချိန်၌ စားခြင်း။

***(အနုပညတ်)*** အနတိရိတ္တံ

## <u>ဒုတိယပဝါရဏာ သိက္ခာပုဒ်</u>

**မေး။** ဇာန–သိခြင်းအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ကြား၍ဖြစ်စေ, မြင်၍ဖြစ်စေ ပဝါရိတ်သင့်ပြီးသူဟု သိခြင်းကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ရှေးရှုဆောင်လာခြင်းကြောင့် ဒုက္ကဋ်သင့်၏၊

အကပ်ခံလျှင် ဆောင်လာသူမှာ နောက်ထပ် ဒုက္ကဋ်တစ်ချက်သင့်၏။ အကပ်ခံသူက စားလျှင် ဆောင်လာသောရဟန်းမှာ ထိုရဟန်းစားမျိုတိုင်း စားမျိုတိုင်း ဒုက္ကဋ်သင့်ပြန်၏။ ထိုရဟန်းစားပြီးချိန်၌ ဆောင်လာသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁)ပဝါရိတ်မသင့်သောရဟန်းဟု အမှတ်ရှိ၍ ရှေးရှုဆောင်သောရဟန်း၊

(၂)အတိရိတ်ပြုစေပြီးမှ ပေးသောရဟန်း၊

(၃)အတိရိတ်ပြုစေပြီးမှ စားပါဟု ပြော၍ ပေးသောရဟန်း၊

(၄)ပဝါရိတ်မသင့်သောရဟန်းအတွက် ယူသွားပါ ဟုမှာကြား၍ တဆင့်ပေး လိုက်သော ရဟန်း၊

(၅)ယာမကာလိကစသည်တို့ကို အကြောင်းရှိလျှင် စားပါဟု ပြော၍ ပေး သော ရဟန်း၊

(၆)ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

*အင်္ဂါ ငါးပါး။* *(၁)*ပဝါရိတ်သင့်သူဖြစ်ခြင်း၊ (၂)ပဝါရိတ်သင့်သူမှန်းသိခြင်း၊ (၃)စောဒနာဘို့ရန် ရှေးရှုခြင်း (၄) အတိရိတ်မဟုတ်သော ခဲဘွယ် ဘောဇဉ် ဖြင့် ဖိတ်ခြင်း (၅) စားခြင်းကိစ္စ ပြီးဆုံးခြင်း။

## *ဝိကာလဘောဇနသိက္ခာပုဒ်*

**မေး။** ဤ၌ ဝိကာလအရ ပိုင်းခြားပြပါ။

**ဖြေ။** မွန်းတည့်သည်မှ အရုဏ်တက်သည်တိုင်အောင် ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်နိုင်ပုံကို ရေးပါ။

**ဖြေ။** ယာမကာလိကစသည်တို့ကို အာဟာရအကျိုးငှါ အကပ်ခံလျှင် / စားလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ကာလအတွင်း၌ ဝိကာလဟူသော အမှတ်ဖြင့် ၄င်း၊ သံသယဖြင့်၄င်း၊ အကပ်ခံလျှင် / စားလျှင် ဒုက္ကဋ်သင့်၏။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁) ကာလ၌ ကာလဟုအမှတ်ရှိလျက် စားသောရဟန်း၊
(၂) ယာမကာလိကစသည်တို့ကို အကြောင်းရှိ၍ စားသောရဟန်း၊
(၃) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အထူးခွင့်ပြုချက်ရှိလျှင် ထုတ်ပြပါ။

**ဖြေ။** စားမြဲပြုန်တတ်သောရဟန်းသည် ခံတွင်းအပြင်ဘက်သို့ မထုတ်ဘဲ ဝိကာလအခါ၌ စားလျှင် "အနုဇာနာမိ ဘိက္ခဝေ ရောမန္ထကဿ ရောမန္ထံ၊ န စ ဘိက္ခဝေ ဗဟိမုခဒွါရာ နီဟရိတ္ဗာ အဇ္ဈောဟရိတဗ္ဗံ "ဟူသောခွင့်ပြုချက်ကြောင့် အာပတ်မသင့်ပါ။

<u>**အင်္ဂါ သုံးပါး။**</u> (၁)ဝိကာလဖြစ်ခြင်း၊ (၂)ယာဝကာလိကခဲဖွယ် ဘောဇဉ်ဖြစ်ခြင်း (၃) စားမျိုခြင်း။

## <u>*သန္နိဓိကာရက သိက္ခာပုဒ်*</u>

**မေး။** အဘယ်ကို သန္နိဓိကာရကဘောဇဉ် ဟု ခေါ်ပါသနည်း။

**ဖြေ။** အကပ်ခံပြီး၍ တစ်ညဉ့်လွန်စေအပ်ပြီးသော ဘောဇဉ်ကို သန္နိဓိကာရက ဘောဇဉ်ဟု ခေါ်ပါသည်။

**မေး။** သပိတ်ပြောင်အောင်မဆေးလျှင် အဘယ်အပြစ်ဖြစ်နိုင်ပါသနည်း။

**ဖြေ။** လက်ရာထင်လောက်အောင် ဆီများရှိနေသေးလျှင်၄င်း၊ ချုပ်ရိုးကြား၌ ဆီများဝင်နေလျှင်၄င်း၊ ထိုသပိတ်မျိုးနှင့် နောက်တစ်နေ့ ဆွမ်းထည့်စားလျှင် ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com



**မေး။** အကပ်ခံပြီးသောဘောဇဉ်ကို သန္နိဓိကြောင့် အာပတ်မသင့်အောင် အဘယ်သို့ ပြုရပါမည်နည်း။

**ဖြေ။** ငဲ့ကွက်မှုမရှိသည်ဖြစ်၍ သာမဏေတို့အား စွန့်ပြီး ထိုသာမဏေတို့ သိမ်းဆည်းထားသည်ကိုကား စားကောင်းပါသည်။ အာပတ်မသင့်ပါ။

**မေး။** သန္နိဓိဖြစ်သော အသားကြီး(၁၀)မျိုးကို စားလျှင် အဘယ်အာပတ် သင့်နိုင်ပါသနည်း။

**ဖြေ။** လူသားကို သိမှီး၍စားလျှင် ထုလ္လစ္စည်းနှင့် ပါစိတ်သင့်၏။
ကြွင်းသော အသားကြီး(၉)မျိုးကို သိမှီး၍စားလျှင် ဒုက္ကဋ်နှင့်ပါစိတ်သင့်၏။
သန္နိဓိဘောဇဉ်ကို ပဝါရိတ်သင့်နေပါလျက် စားလျှင် သန္နိဓိပါစိတ်နှင့် ပဝါရိတ ပါစိတ်သင့်ပါသည်။

***(မှတ်ချက်)*** နေလွဲချိန်(ဝိကာလအခါ)၌ ပဝါရိတ်သင့်ပါလျက် စားလျှင် အနတိရိတ္တကြောင့် အာပတ်မသင့်ပါ။
ဘိက္ခု၏ သန္နိဓိသည် ဘိက္ခုနီအတွက် စားကောင်း၏၊ ဘိက္ခုနီ၏သန္နိဓိသည်လည်း ဘိက္ခုအတွက် စားကောင်းပါသည်။

**မေး။** ကာလိကအတို/အရှည် ရောနှောလျှင် အဘယ်ဘက်သို့ လိုက်ပါသနည်း ရှင်းပြပါ။

**ဖြေ။** ယာဝကာလိကဘောဇဉ်သည် မိမိနှင့်ရောစပ်ထားသော ယာမကာလိက သတ္တာဟကာလိက ,ယာဝဇီဝိကဟူသော ကာလိကသုံးပါးတို့ကို မိမိသဘောသို့ဆောင်နိုင်၏။
ယာမကာလိကသည် သတ္တာဟနှင့် ယာဝဇီဝိကနှစ်ပါးကို မိမိသဘောသို့ ဆောင်နိုင်၏။

http://www.dhammadownload.com



သင်္ဃာဟကာလိကသည်ကား ယာဝဇီဝိကကိုသာ မိမိသဘောသို့ ဆောင်၏။

**မေး။** ကာလိကလေးပါးကို သန္နိဓိဖြစ်မှု / မဖြစ်မှုအားဖြင့် ခွဲပြပါ။

**ဖြေ။** ယာဝကာလိကနှင့် ယာမကာလိကနှစ်ပါးသည်သာ သန္နိဓိဖြစ်နိုင်၏၊ သတ္တာဟ နှင့် ယာဝဇီဝိကနှစ်ပါးသည် သန္နိဓိမဖြစ်နိုင်။

**မေး။** မုခသန္နိဓိဟူသည် အဘယ်ပါနည်း။

**ဖြေ။** အကပ္ပိယကုဋိ၌ သိုမှီးအပ်သော ယာဝကာလိကနှင့် ယာမကာလိကတို့သည် ၄င်းနှင့်အတူ ထိုနေ့အကပ်ခံသော သတ္တာဟနှင့်ယာဝဇီဝိကကိုလည်း စားခြင်းငှါ မအပ်သောကြောင့် မုခသန္နိဓိဟု ခေါ်ပါသည်။

**မေး။** အကပ္ပိယကုဋိဟူသည် အဘယ်ပါနည်း။

**ဖြေ။** သံဃာ၏ဥစ္စာ, ရဟန်း၏ဥစ္စာဖြစ်သော နေဘို့အတွက်ပြုအပ်သော ကျောင်းသည် " အကပ္ပိယကုဋိ " မည်ပါသည်။

**မေး။** အန္တောဝုဋ္ဌဟူသည် အဘယ်ပါနည်း။

**ဖြေ။** အကပ္ပိယကုဋိဝယ် သဟသေယျအာပတ်သင့်နိုင်လောက်သောအရပ်၌ သိုမှီးအပ်သော သံဃိက ,ပုဂ္ဂလိကဖြစ်သော ယာဝကာလိက,ယာမကာလိက ဥစ္စာသည် " အန္တောဝုဋ္ဌ " မည်ပါသည်။

**မေး။** အန္တောပက္ကဟူသည် အဘယ်ပါနည်း။

**ဖြေ။** အကပ္ပိယကုဋိ၌ ချက်အပ်သော ယာဝကာလိကသည် အန္တောပက္ကမည်ပါသည်။

http://www.dhammadownload.com



**မေး။** သာမံပက္ကဟူသည် အဘယ်ပါနည်း။

**ဖြေ။** အမှတ်မထား တစ်ပါးပါးသောအရပ်၌ ရဟန်းကိုယ်တိုင်ချက်အပ်သော ယာဝကာလိကသည် သာမံပက္ကမည်၏။

***(မှတ်ချက်)*** အထက်ပါ အန္တောဝုဋ္ဌ, အန္တောပက္က, သာမံပက္ကဖြစ်သော ယာဝကာလိက ,ယာမကာလိကဘောဇဉ်သည်၄င်း၊ ထိုသုံးမျိုးနှင့်ရောထားသော ဘောဇဉ်သည်၄င်း၊ မစားကောင်းပါ၊ စားလျှင် ဒုက္ကဋ်သင့်၏။

**မေး။** ကပ္ပိယကုဋိခွင့်ပြုရကျိုးကို ရေးပါ။

**ဖြေ။** အန္တောဝုဋ္ဌ, အန္တောပက္ကမှ လွတ်စေခြင်းအကျိုးငှါ ကပ္ပိယကုဋိကို ဘုရားခွင့်ပြုတော်မူပါသည်။

**မေး။** ကပ္ပိယကုဋိမရှိလျှင် အဘယ်သို့ပြုလုပ်ရပါသနည်း။

**ဖြေ။** လူ , သာမဏေ၏ဥစ္စာ ပြုလုပ်၍ သုံးဆောင်ရပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူများကို ရေးပါ။

**ဖြေ။** (၁)သန္နိဓိမဟုတ်သော အာမိသ၌ သန္နိဓိမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်သောရဟန်း၊

(၂)ယာဝ ,ယာမ ,သတ္တာဟကာလိကသုံးပါးတို့ကို မိမိ၏ကာလကို မလွန်စေဘဲ သုံးဆောင်သောရဟန်း၊

(၃)ယာဝဇီဝိကကို အမြဲတမ်း အကြောင်းရှိလျှင် သုံးဆောင်သောရဟန်း၊

(၄)ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

***အင်္ဂါ သုံးပါး။*** (၁) အာမိသဖြစ်ခြင်း (၂)တစ်ညဥ့်လွန်အောင်သိုမှီးခြင်း၊ (၃)စားမျိုခြင်း။

http://www.dhammadownload.com



## ပဏီတဘောဇနသိက္ခာပုဒ်

**မေး။** အဘယ်ကို ပဏီတဘောဇဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** အာဇာနည်မြင်းနှင့် ကပ်ယှဉ်အပ်သော ရထားကို "အာဇညရထ"ဟုခေါ်သကဲ့သို့ မွန်မြတ်သောအာဟာရတို့နှင့်ရောစပ်အပ်ကုန်သော စပါးမျိုး(၇)ပါးမှဖြစ်သော ဘောဇဉ်တို့ကို "ပဏီတဘောဇဉ်" ဟုခေါ်ပါသည်။

**မေး။** ပဏီတဘောဇနာနိဒ္ဒ ပဏီတအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** သပ္ပိ ,နဝနီတ, တေလ ,မဓု ,ဖာဏိတ ,မစ္ဆ ,မံသ ,ခီရ ,ဒဓိ ဟူသော ကိုးမျိုးကိုရပါသည်။

**မေး။** မံသ ,ခီရ ,ဒဓိတို့၏အရကို ရေးပါ။

**ဖြေ။** အပ်စပ်သော ,စားကောင်းသောအသားရှိသော သတ္တဝါတို့၏ အသား နို့ရည်, နို့ဓမ်းတို့ကို ဤသိက္ခာပုဒ်၌ ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဂိလာန / အဂိလာနအရတို့ကို ခွဲပြပါ။

**ဖြေ။** ပဏီတဘောဇဉ်နှင့်ကင်းသော်လည်း ကျန်းမာသောရဟန်းသည် "အဂိလာန "မည်၏၊ ပဏီတဘောဇဉ်နှင့် ကင်းလျှင် မကျန်းမာသောရဟန်းသည် " ဂိလာန " ရဟန်းမည်၏။

**မေး။** ပဏီတဘောဇဉ်တို့ကို တောင်းသဖြင့် ဆုံးဖြတ်ရပုံ အသီးသီးကို ရေးခဲ့ပါ။

**ဖြေ။** (၁)ကျန်းမာလျက် ထောပတ်သက်သက်စသည်တို့ကို ဆေးအတွက်တောင်းလျှင် မဟာနာမသိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရမည်။

http://www.dhammadownload.com



(၂)မစ္ဆ ,မံသ ,ခီရ ,ဒဓိ ဤလေးမျိုးတို့ကို တောင်းလျှင် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရမည်။

(၃) ထောပတ်စသည်တို့နှင့် ရောနှောအပ်သော ဘောဇဉ်တို့ကို တောင်းလျှင် ပဏီတဘောဇနသိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရမည်။

**မေး။** တောင်းပုံ တောင်းနည်းအမျိုးမျိုးနှင့် အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** (၁) " ထောပတ်နှင့်ဆွမ်းကို ပေးပါ " " ထောပတ်ကို လောင်းထည့်၍ ပေးပါ "ထောပတ်နှင့်တကွ ပေးပါ " " ထောပတ်ကိုငှင်း ,ဆွမ်းကိုငှင်း ပေးပါ "၊ ဤသို့တောင်းလျှင် တောင်းခြင်းကြောင့် ဒုက္ကဋ်သင့်၏၊ အကပ်ခံခြင်းကြောင့်လည်း ဒုက္ကဋ်သင့်၏၊ စားမျိုတိုင်း၌ ပါစိတ်အာပတ်သင့်၏။

(၂)"ထောပတ်ဆွမ်းကို ပေးပါ" ဟုတောင်းလျှင်ကား ထောပတ်ဟူသော ဆွမ်းမည်သည် မရှိသောကြောင့် သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သာသင့်၏။

(၃) ထောပတ်နှင့် ဆွမ်းကို ပေးပါ ဟုတောင်းရာ၌ ဆွမ်းကို လှူပြီးနောက် " ထောပတ်ပြုလုပ်၍ စားပါ " ဟု နို့,ရည် , ဆီဦးစသည်ကိုလှူလျှင်ငှင်း၊ ထောပတ်နှင့်လဲလှယ်၍စားနိုင်ရန် ကပ္ပိယဘဏ္ဍာတစ်မျိုးမျိုးကို လှူလျှင်ငှင်း၊ ပါစိတ်အာပတ်သင့်ပါသည်။

(၄) နွားထောပတ်နှင့် ဆွမ်းကိုပေးပါ ဟု တောင်းရာ၌ ဆိတ်ထောပတ်စသည်ကို ပေးလျှင် အာပတ်မသင့်။ ***(အကြောင်းကား)***တောင်းတာက တစ်ခြား၊ လှူတာက တစ်ခြားဖြစ်သောကြောင့်တည်း။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** (၁) ဂိလာနဖြစ်လျက် ဂိလာနဟုအမှတ်ရှိပြီး တောင်းရ၍စားသောရဟန်း၊

(၂) မကျန်းမာစဉ်တောင်း၍ ရောဂါပျောက်မှ ကျန်းမာမှ စားသောရဟန်း၊

http://www.dhammadownload.com



(၃) ဂိလာနဓာ၏ အကြွင်းအကျန်ကို စားသောရဟန်း၊
(၄) ဉာတက ၊ ပဝါရိတတို့ထံမှ တောင်း၍ စားသောရဟန်း၊
(၅) အခြားသောဂိလာနအတွက်တောင်း၍ ရသည်ကို စားသောရဟန်း၊
(၆) မိမိ၏ဥစ္စာဖြင့် လဲလှယ်၍ရသော ဘောဇဉ်ကို စားသောရဟန်း၊
(၇) ဥမ္မတ္တကရဟန်းစသည်တို့ အာပတ်မသင့်ပါ။ ”

**အင်္ဂါ လေးပါး။** (၁) ပဏီတဘောဇဉ်ဖြစ်ခြင်း၊
(၂) ဂိလာနမဟုတ်ခြင်း၊
(၃) တောင်း၍ရခြင်း၊ (၄) စားမျိုခြင်း။

## ဒန္တပေါန သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ အဒိန္နအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ကာယ, ကာယပဋိဗဒ္ဓတစ်မျိုးမျိုးဖြင့် အကပ်ခံသောရဟန်း၏ ဟတ္ထပါသ်၌တည်၍ ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မပေးအပ်,မကပ်အပ်, အကပ်မခံအပ်သော အာဟာရကို “ အဒိန္န ”အရ ယူရပါသည်။

**မေး။** အကပ်ခံ၍ စားရာ၌ ကိုယ်ပိုင်ဖြစ်မှု/မဖြစ်မှုသည် လိုအပ်ပါသလော။

**ဖြေ။** အကပ်မခံရသေးလျှင် ကိုယ်ပိုင်ပင် ဖြစ်စေကာမူ မစားကောင်းပါ၊ အကပ်ခံပြီးလျှင်ကား ကိုယ်ပိုင်မဟုတ်သည့် သူတစ်ပါးပိုင်ဥစ္စာပင်ဖြစ်စေ စားကောင်း၏။

**မေး။** ဤသိက္ခာပုဒ်အရ အကပ်ခံရာ၌ ကပ်နိုင်ခွင့်ရှိသူတို့ကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** ရဟန်းမဟုတ်သူဖြစ်လျှင် အောက်ထစ်ဆုံးအားဖြင့် တိရစ္ဆာန်ကသော်လည်း ကပ်နိုင်ပါသည်။

***(မှတ်ချက်)*** ဘိက္ခုနီမက ဘိက္ခုအား ကပ်နိုင်ခွင့်ရှိပါသည်၊ ဘိက္ခုကလည်း ဘိက္ခုနီမအား ကပ်ခွင့်ရှိပါသည်။

**မေး။** အကပ်မြောက်နိုင်သော ပစ္စည်း များကို ရေးပါ။

**ဖြေ။** (၁) ရွှေ့ပြောင်း၍ရကောင်းသော ပစ္စည်း၊

(၂) ထာမမန္ဒိမပုရိသမြောက်နိုင်သော ပစ္စည်း၊

(၃) အောက်ထစ်ဆုံးအားဖြင့် သစ်ပင်မှ ခူးပြီးသော သစ်ရွက်ဖြင့်သော်လည်း ကပ်နိုင်၏။

**မေး။** အိပ်ငိုက်နေသူအား ကပ်လျှင် အကပ်မြောက်နိုင်ပါသလော။

**ဖြေ။** အကပ်ခံရာ၌ အကပ်ခံမည်ဟု နှလုံးသွင်းမှုသည်သာ လိုရင်း ပဓာနဖြစ်၏၊ အကပ်ခံမည်ဟုနှလုံးသွင်းမှုရှိနေလျှင် နောင်အခါ အိပ်ငိုက်နေသည်ပင် ဖြစ်စေကာမူ ကပ်လာသောဝတ္ထုသည် အကပ်မြောက်၏။

**မေး။** ကပ်သူနှင့် အကပ်ခံသူနှစ်ဦး အနိမ့်/အမြင့်ဖြစ်နေလျှင် ဟတ္ထပါသ်ကို အဘယ်ကဲ့သို့ တိုင်းတာရပါမည်နည်း။

**ဖြေ။** အကပ်ခံသူ ,ကပ်သူနှစ်ဦးတို့တွင် တစ်ဦးက ကောင်းကင်အမြင့်ကရှိ၍ တစ်ဦးက မြေပေါ်၌နေကြသော် မြေ၌တည်သူ၏ ဦးခေါင်းဖြင့်၄င်း၊ ကောင်းကင်၌တည်သူ၏ ကပ်ခြင်း ,အကပ်ခံခြင်း၌ ဆန့်တန်းသော လက်မှတစ်ပါး အနီးဆုံးကိုယ်အင်္ဂါ၏ ဤဘက်အစွန်းဖြင့် ဟတ္ထပါသ်ကို တိုင်းတာရပါသည်၊

http://www.dhammadownload.com



**မေး။** မြောက်နိုင်သောဝတ္ထုဖြစ်ပါလျက် မမြောက်နိုင်လျှင် အဘယ်သို့ ကပ်ရပါမည်နည်း။

**ဖြေ။** ထာမမဏ္ဍိမပုရိသမြောက်နိုင်သောဝတ္ထုဖြစ်လျှင် မြေပေါ်၌ထားသော ရဟန်း၏လက်ပေါ်သို့ လိမ့်၍တင်ပေးလိုက်ခြင်းအားဖြင့်၎င်း၊ တစ်စိတ်တစ်ဒေသလောက်ကိုသာ လက်ပေါ်၌ ထားလိုက်ခြင်းအားဖြင့်၎င်း၊ ကပ်ရပါသည်၊ ထိုသို့ကပ်လျှင် အကပ်မြောက်၏။

**မေး။** လူတွေအများကြီး မ,၍ ကပ်ရာ၌ အကပ်မြောက်ပါသလော။

**ဖြေ။** ထာမမဏ္ဍိမပုရိသ မြောက်နိုင်သောဝတ္ထုကို လူအများ မ,၍ ကပ်လျှင်လည်း အကပ်မြောက်၏၊ ထာမမဏ္ဍိမပုရိသ မမြောက်နိုင်လျှင် အကပ်မမြောက်ပါ။

**မေး။** ဆွမ်းခံရင်း သပိတ်၌ မြူမှုန်ကျသော် အဘယ်သို့ ပြုလုပ်ရမလဲ။

**ဖြေ။** အကပ်ခံပြီးမှသာ ဆွမ်းကို နောက်ထပ် ခံရပါသည်၊ အကပ်မခံဘဲ နောက်ထပ်ဆွမ်းကို ခံလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုဆွမ်းကို တစ်ဖန် အကပ်ခံ၍ စားလျှင်ကား စားကောင်းပါသည်။

*(မှတ်ချက်)* ဆွမ်းခံနေစဉ် လေကြီးစွာတိုက်၍ သပိတ်၌ မြူမှုန်မကျအောင် မတတ်နိုင်ခဲ့သော် "လူ သာမဏေအား ပေးမည်"ဟုသုဒ္ဓစိတ်ဖြင့် နှလုံးသွင်းကာ ဆွမ်းခံရမည်။

**မေး။** မျက်ရည် ,တံတွေး ,နှပ်စသည် သပိတ်၌ကျလျှင် အဘယ်သို့ ပြုလုပ်ရပါသနည်း။

**ဖြေ။** မူလတည်နေရာမှ ရွေ့လျော၍ လက်၌သော်၎င်း၊ သပိတ်၌သော်၎င်း

http://www.dhammadownload.com



ကျလျှင် တစ်ဖန် အကပ်ခံရမည်၊ ကိုယ်အင်္ဂါ၌ကပ်ငြိနေသော မျက်ရည်စသည်ကိုကား အကပ်ခံစရာမလိုပါ။

**မေး။** အကပ်မခံဘဲ အမေ့အတွက်ယူသွားသည်ကို စားကောင်းပါသလော။
**ဖြေ။** အမေ့အတွက် ယူသွားသော ဘောခြေကိုင်၍၊ အရိပ်ရဘို့ရန် အသီးရှိသော သစ်ကိုင်းကို ကိုင်သွားလျှင်၎င်း၊ ရောက်ရာအရပ်၌ တစ်ဖန်အကပ်ခံပြီး စားကောင်းပါသည်။

**မေး။** သစ်ပင်ကို လှုပ်ချ၍ ကျလာသောအသီးကို စားကောင်းပါသလော။
**ဖြေ။** ကျလာသောအသီးကို သစ်ပင်လှုပ်ချသောရဟန်းအတွက် မစားကောင်းပါ၊ ဒုရုပစိတ္တဒုက္ကဋ်အာပတ်လည်းသင့်၏၊ အခြားသောရဟန်းများသည်ကား စားကောင်း၏။
*(မှတ်ချက်)* အသီးရှိသောသစ်ပင်ကို မှီကောင်းပါသည်၊ကိုင်ကောင်းပါသည်၊ အကပ်ခံပြီးသောဝတ္ထုမှ အညွန့်၊အညှောက်ထွက်လာလျှင် နောက်ထပ် အကပ်ခံစရာမလိုပါ။

**မေး။** အကပ်ခံပြီးသောပစ္စည်း လက်မှလွှတ်သွားလျှင် အကပ်ပျက်နိုင်ပါသလော။
**ဖြေ။** (၁) အကပ်ခံပြီးသောဝတ္ထုသည် လက်မှလွှတ်ပြီးသော်လည်း စားဦးမည်ဟု ငဲ့ကွက်မှုရှိသေးသမျှ၎င်း၊
(၂) စားဦးမည်ဟု ငဲ့ကွက်မှု မရှိသော်လည်း လက်မှ မလွှတ်သေးသမျှ၎င် အကပ်မပျက်သေးပါ။

**မေး။** မုခဒွါရဟူသည် အဘယ်ကိုခေါ်ပါသနည်း။
**ဖြေ။** လည်ချောင်းကို (ဝါ) လည်မျိုကို ခေါ်ပါသည်၊ ထို့ကြောင့် ခံတွင်းဖြင့်

http://www.dhammadownload.com



သွင်းသည်ဖြစ်စေ, နာခေါင်းဖြင့်သွင်းသည်ဖြစ်စေ "လည်ချောင်း(ဝါ)လည်မျိုဖြင့် စားမျိုအပ်သည့်အတွက် " ဝတ္ထုအားလုံးကို ခံတွင်းဖြင့် သွင်းသည်သာမည်တော့၏။

**မေး။** အာဟာရံ အာဟာရေယျ ၌ အာဟာရအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ယာဝကာလိက,ယာမကာလိက,သတ္တာဟကာလိက,ယာဝဇီဝိကလေးမျိုးလုံးကို ယူရပါသည်။ ***(အကြောင်းကား)*** ကာလိကလေးပါးလုံးကို ခံတွင်းဝသို့ ရေးရှုဆောင်အပ်သည်ဖြစ်၍ အာဟာရဟု ခေါ်ဆိုနိုင်သောကြောင့်တည်း။

**မေး။** ယာဝကာလိက၏အရနှင့် အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ယာဝကာလိကအရ။ ။(၁) စပါးမျိုးခုနစ်ပါးသည်၄င်း၊(၂)ထိုစပါးမျိုးခုနစ်ပါးအားလျော်သော အနုလောမစပါးသည်၄င်း၊ (၃) ထန်းသီး , အုန်းသီး အိမ်ပိန္နဲသီး ,တောင်ပိန္နဲသီး ,ဗူးသီး ,ဖရုံသီး , သခွါးပြေပ်သီး ,သခွါးဆစ်သီး ,သခွါးကြောင်သီး ,ဟူသော အသီးကြီးကိုးမျိုးသည်၄င်း၊ (၄) ပဲသည်၄င်း၊ (၅)အာဟာရကိစ္စပြီးစေနိုင်သော တောသစ်မြစ် ,သစ်ရွက်၁သောဝတ္ထုအားလုံးသည်၄င်း၊ရပါသည်။

အဓိပ္ပါယ်။ ။ထိုဝတ္ထုအားလုံးသည် မွန်းတည့်ကာလတိုင် စားသောက်သုံးဆောင်ကောင်းသောကြောင့် ယာဝကာလိကဘောဇဉ်မည်၏။

အသီးကြီးကိုးမျိုးဆောင်ပုဒ်။ ထန်း,အုန်း နှစ်ကွဲ၊ ပိန္နဲနှစ်စုံ၊ ဗူး ,ဖရုံ၊ မုတ်တုံ သုံးသခွါး။

**မေး။** ယာမကာလိက၏အရနှင့် အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** " သပြေ ,သရက် ,မုဒရက် ,၊ ဖက်သက် ,သစ်မည်စည်၊ ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်"ဟူသောဖျော်ရည်ရှစ်မျိုးတို့သည်၄င်း၊

http://www.dhammadownload.com



ကြိမ်သီး ,မန်ကျည်းသီး ,ရှောက်သီး ,သီးသီး ,ကြို့သီး ,ခံသီး ,စသော အနု လောမဖျော်ရည်တို့သည်၄င်း၊ လူ သာမဏေတို့က ရေအေးဖြင့် ဖျော်အောင် နယ်၍ ဖျော်အပ်သော်၄င်း , နေဖြင့်ချက်အပ်သော်၄င်း၊ " ညဉ့်၏ပစ္ဆိမယာမ် တိုင်အောင် သိုမှီး၍ သုံးဆောင်ကောင်းသောကြောင့် ယာမကာလိကဟုခေါ် ပါသည်။

**မေး။** ဖျော်ရည်ရှစ်မျိုးကို ရေတွက်ပါ။

**ဖြေ။** (၁) သပြေသီးဖျော်ရည်၊ (၂) သရက်သီးဖျော်ရည်၊ (၃)ကောငှက်ပျော သီးဖျော်ရည်၊ (၄)အိမ်ငှက်ပျောသီးဖျော်ရည်၊ (၅)သစ်မည်စည်သီး ဖျော်ရည်၊ (၆)မုဒရက်သီး(ဝါ)သပြက်သီးဖျော်ရည်၊ (၇)ကြာစွယ်ဖျော်ရည်၊ (၈)ဖက်သက်သီးဖျော်ရည်ဟု ဖျော်ရည်ရှစ်မျိုးဖြစ်ပါသည်။

**(ဆောင်)** သပြေ,သရက်,မုဒ္ဒရက်၊ဖက်သက်,သစ်မည်စည်၊ ငှက်ပျောနှစ်မျိုး,ကြာ စွယ်တို့, ရှစ်မျိုးအဖျော်ရည်။

**မေး။** သတ္တာဟကာလိက၏အရနှင့် အဓိပ္ပါယ်ကို ရှေးပါ။

**ဖြေ။** ထောပတ်,ဆီဦး ,ဆီ ,ပျား ,တင်လဲ ဟူသော ဆေးငါးမျိုးသည် ခုနစ်ရက် ပတ်လုံး သိုမှီး၍ သုံးဆောင်ကောင်းသောကြောင့် " သတ္တာဟကာလိက " ဟု ခေါ်ပါသည်။

**မေး။** ယာဝဇီဝိက၏အရနှင့် အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ယာဝကာလိက ,ယာမကာလိက,သတ္တာဟကာလိကသုံးပါးနှင့် ရေမှတစ် ပါး အခြားသော ခါဒနီယ,ဘောဇနီယကိစ္စကို မပြီးစေနိုင်သော အမြစ်အသီး အရွက်စသောဝတ္ထုသည် အသက်ထက်ဆုံးသိုမှီး၍ မကျမ္မာခြင်း အကြောင်း ရှိလျှင် သုံးဆောင်ကောင်းသောကြောင့်," ယာဝဇီဝိက "မည်၏။

**မေး။** အညတြ ဥဒကဒန္တပေါနာ ဟု ဟောရခြင်းအကျိုးကိုရေးပါ။

http://www.dhammadownload.com



**ဖြေ။** ရေနှင့်ဒန်ပူသည် အာဟာရမဟုတ်သော်လည်း ရေ၌ အာဟာရဟူသော အမှတ်သညာဖြင့်၄င်း၊ ဒန်ပူ၌ ဤဒန်ပူကို ခံတွင်းပေါက်သို့ ဆောင်အပ်၏, ဟူသောအမှတ်သညာဖြင့်၄င်း၊ အာဟာရဟု မှတ်ထင်ပြီး ကုက္ကုစ္စဖြစ်ကုန်သောရဟန်းတို့၏ ကုက္ကုစ္စကို ပယ်ဖျောက်ခြင်းအကျိုးငှါ ဟောရပါသည်။

**မေး။** ဒန်ပူဝါးစဉ် အရည်ဝင်သွားလျှင် အာပတ်သင့်ပါသလော။

**ဖြေ။** ဒန်ပူဝါးစဉ် မိမိမသိဘဲ ဒန်ပူအရည် ဝင်သွားလျှင် ပါစိတ်အာပတ်သင့်သည်သာဖြစ်၏။

***(အနုပညတ်)*** အညတြ ဥဒကဒန္တပေါနာ။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သောပုဂ္ဂိုလ်တို့ကို ရေးပါ။

**ဖြေ။** (၁) အကပ်ခံပြီးသောအာဟာရ၌ အကပ်ခံပြီးပြီဟုအမှတ်ရှိလျက် သုံးဆောင်သောရဟန်း၊

(၂) ရေ ,ဒန်ပူကို သုံးဆောင်သောရဟန်း၊

(၃) မြွေကိုက်ခြင်းစသော အကြောင်းရှိပါလျက် ကပ္ပိယကာရကမရှိလျှင် မဟာဝိကဋဆေးကြီးလေးမျိုးတို့ကို ကိုယ်တိုင်ယူစားသောရဟန်း၊

(၄) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**မေး။** ကပ္ပိယကာရကအရာမရောက်သောသူတို့ကို ရေးပါ။

**ဖြေ။** (၁) အပြောအဆိုခက်သော ဒုမ္ဗစကပ္ပိယကာရက၊

(၂) မဟာဝိကဋဆေးပြုလုပ်ရန် မစွမ်းဆောင်နိုင်သော ကပ္ပိယကာရက၊ ဤနှစ်ယောက်သည် ရှိသော်လည်း ကပ္ပိယမရှိသည်နှင့် တူ၏။

**မေး။** မဟာဝိကဋဆေးနှင့် ပတ်သက်၍ သိသင့်သည်တို့ကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** မဟာဝိကဋဆေးအတွက် ပြာ,လိုအပ်လျှင် သစ်သားအချောက်ကို မီးရှို့၍ ပြာ,ပြုလုပ်ကောင်း၏၊ သစ်သားအချောက်မရှိလျှင် သစ်သားအစိုကို သစ်ပင်မှ ကိုယ်တိုင်ဖြတ်၍ မီးရှို့ပြီး ပြာ,ပြုလုပ်ကောင်း၏။

မြေညက်လိုအပ်လျှင်လည်း မိမိကိုယ်တိုင် မြေတူးကောင်း၏။ ကျင်ကြီး ကျင်ငယ် ,ပြာ ,မြေညက်ဟူသော ဤဆေးလေးမျိုး(မဟာဝိကဋ)သည် မြွေကိုက်ရာခဏ၌သာလျှင် ကိုယ်တိုင်ယူ၍ သုံးဆောင်ကောင်း၏။ အခြားအခါ၌ကား အကပ်ခံပြီးမှသာ သုံးဆောင်ကောင်း၏။

**မေး။** မီးခိုးစသီည် ရှုမိ၍ နှာခေါင်းပေါက်ဖြင့် ဝင်သွားလျှင် အာပတ်သင့်ပါသလော။

**ဖြေ။** မီးခိုးစသည်(ပန်းအနံ့စသည်)ရှုမိ၍ ခံတွင်းပေါက်ဖြင့် ဝင်သွားသော်လည်း အာပတ်သင့်နိုင်သောအကြောင်း မလုံလောက်သောကြောင့် အာပတ်မသင့်နိုင်ပါ။

**အင်္ဂါ လေးပါး။** (၁) အကပ်မခံခြင်း၊ (၂)သီးခြားခွင့်ပြုချက် မရှိခြင်း၊ (၃) မီးခိုးစသော အဗ္ဗောဟာရိက မဟုတ်ခြင်း၊ (၄) စားမျိုခြင်း။

## အစေလကဝဂ်

## အစေလက သိက္ခာပုဒ်

**မေး။** အာပတ်မသင့်အောင် ပေးနည်းများကို ရေးပါ။

**ဖြေ။** (၁) လူ သာမဏေကို ပေးစေလျှင်၄င်း၊ (၂) တိတ္ထိတို့၏အနီး၌ ခွက်ကိုချ၍ " ဒါကို ယူပါ " ဟုပြော၍ပေးလျှင်၄င်း၊ (၃) တိတ္ထိတို့ချထားသောခွက်၌ ထည့်ပေးလျှင်၄င်း၊ (၄)စားရန်အတွက် မဟုတ်ဘဲ အပ၌ လိမ်းကျံဘို့ ပေး

http://www.dhammadownload.com



လျှင်ငှင်း၊ အာပတ်မသင့်ပါ။

**အင်္ဂါ သုံးပါး။** (၁) တိတ္ထိဖြစ်ခြင်း၊ (၂) ခွင့်ပြုအပ်သောဝတ္ထုမဟုတ်ခြင်း၊ (၃)စားထိုက်သောအာဟာရကို စားဘို့ရန် မိမိလက်ဖြင့် ချထားခိုက်မဟုတ်သောခွက်၌ ပေးခြင်း။

## ဥယျောဓနေ သိက္ခာပုဒ်

**မေး။** ဥယျောဓေယျ ၌ အဘယ်ရည်ရွယ်ချက်ဖြင့် ပြန်လွှတ်သည်ကို ယူရပါသနည်း။

**ဖြေ။** မာတုဂါမနှင့်အတူ ရယ်ရွှင်ခြင်း ,ကစားခြင်း , ဆိတ်ကွယ်ရာ၌ထိုင်ခြင်း စသည်ကို ပြုလို၍ ပြန်လွှတ်ခြင်းကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်ဖြင့် အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ပြန်လွှတ်ရုံမျှ၌ ဒုက္ကဋ်တစ်ချက်သင့်၏၊ ပြန်လွှတ်အပ်သောရဟန်း ဒဿနူပစာ ,သဝနူပစာကို ခြေတစ်လှမ်း လွန်လျှင် နောက်ထပ်ဒုက္ကဋ် တစ်ချက်သင့်၏၊ ဒုတိယခြေတစ်လှမ်းလွန်လျှင် ပါစိတ်သင့်၏။

**မေး။** ဤ၌ ဥပစာအကွာအဝေးကို သတ်မှတ်ပြပါ။

**ဖြေ။** လွင်တီးခေါင်၌ (၁၂)တောင်ပမာဏရှိသောအရပ်သည် ဒဿနူပစာ, သဝနူပစာမည်၏။ အကယ်၍ (၁၂)တောင်အတွင်း၌ နံရံစသည်ခြားလျှင် ဥပစာကို လွန်သည်မည်၏။(၁၂တောင် ဝေးစရာမလို)။

**မေး။** ဤသိက္ခာပုဒ်အရ ဒုက္ကဋ်သင့်သူများကို ရေးပါ။

**ဖြေ။** (၁) လူ သာမဏေကို ပြန်လွှတ်သူ (၂) စိတ်ဆိုး၍ အတူပါလာသေ

http://www.dhammadownload.com



ရဟန်း၏သွားပုံ,ရပ်ပုံ,ထိုင်ပုံစသည်ကို အပြစ်တင်စကားပြောသူတို့အား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**အင်္ဂါသုံးပါး** ။ (၁) မလျော်သောအကျင့်ကို ကျင့်လိုခြင်း၊ (၂) ထိုသို့ကျင့်လိုသည့်အတွက် ရဟန်းကိုပြန်လွှတ်ခြင်း၊ (၃)ပြန်လွှတ်အပ်သောရဟန်းက ဥပစာကို လွန်ခြင်း။

## သဘောဇနေ သိက္ခာပုဒ်

**မေး** ။ အဘယ်ကို သဘောဇနေ ဟုခေါ်ပါသနည်း။

**ဖြေ** ။ ဇနီး ခင်ပွန်းနှစ်ယောက်ရှိသောအိမ်ကို သဘောဇနေဟုခေါ်ပါသည်။ (တနည်း) ရာဂထကြွသော သုံးဆောင်ခံစားအပ်သော မိမ္ဘ ယောကျ်ားရှိသော အိမ်ကို သဘောဇနေဟုခေါ်ပါသည်။

**မေး** ။ ဤသိက္ခာပုဒ်၌ အာပတ်သင့်နိုင်သောနေရာကို ဖေါ်ပြပါ။

**ဖြေ** ။ ကြီးကျယ်သောအိမ်၌ တံခါးပေါင်မှ ဟတ္ထပါသ်ကိုစွန့်၍ အတွင်း အိပ်ရာခန်းဆောင်ကြီး၏ အနီး၌ထိုင်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

ငယ်သောအိပ်ရာခန်းဆောင်၏ အလယ်ကို ကျော်လွန်၍ ထိုင်လျှင် ပါစိတ်အာပတ်သင့်၏။

**မေး** ။ အိပ်ရာခန်းဆောင်ထဲ ဝင်သူတိုင်း အာပတ်သင့်ပါသလော။

**ဖြေ** ။ (၁) ရဟန်းယောကျ်ားအဖေါ်ရှိလျှင် (၂)ဇနီး,ခင်ပွန်းနှစ်ဦးလုံး အိပ်ခန်းမှထွက်သွားလျှင် (၃)ဇနီး,ခင်ပွန်းနှစ်ဦးတို့ ရာဂကင်းသူများဖြစ်လျှင် အိပ်ခန်းထဲ ထိုင်နေသော်လည်း အာပတ်မသင့်ပါ။

**အင်္ဂါ လေးပါး** ။ (၁) ရာဂမကင်းသေးသော ဇနီး,ခင်ပွန်းတို့ ထိုအိမ်၌တည်ရှိခြင်း၊

http://www.dhammadownload.com



(၂)အိပ်ခန်းဖြစ်ခြင်း၊ (၃)ရဟန်းအဖော်မပါခြင်း၊(၄) ဝင်၍ထိုင်ခြင်း ဟူ၍ အင်္ဂါ လေးပါးဖြစ်ပါသည်။

## စာရိတ္တ သိက္ခာပုဒ်

**မေး။** နိမန္တိတ(ဖိတ်အပ်သော)ရဟန်းဟူသည် အဘယ်ရဟန်းမျိုးကို ခေါ်ပါသနည်း။

**ဖြေ။** ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးဖြင့်ဖိတ်အပ်သောရဟန်းကိုခေါ်ပါသည်။

**မေး။** သဘတ္တ(ဆွမ်းရှိသော)ရဟန်းဟူသည် အဃ်ရဟန်းကို ခေါ်ပါသနည်း။

**ဖြေ။** ထိုပင့်ဖိတ်ကြောင်း ထမင်းဖြင့်ပင် ဆွမ်းရှိသောရဟန်းကို ခေါ်ပါသည်။

**မေး။** အဘယ်ရဟန်းမျိုးကို သန္တဘိက္ခု(ထင်ရှားရှိသော)ရဟန်းဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပစာရသိမ်အတွင်း ဒဿနူပစာ၌ မြင်၍ ပကတိပြောရိုးဆိုစဉ် စကားဖြင့် ပန်ကြားနိုင်လောက်သောရဟန်းကို "သန္တဘိက္ခု"ထင်ရှားရှိသော ရဟန်း ဟု ခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ ပန်ကြားရပုံကို ရေးပါ။

**ဖြေ။** အဟံ ဣတ္ထန္နာမဿ ဃရံ ဂစ္ဆာမိ ဟုငင်း ၊ စာရိတ္တံ အာပဇ္ဇာမိ ဟုငင်း၊ တစ်မျိုးမျိုးဖြင့် ပန်ကြားရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ပုရေဘတ္တ ,ပစ္ဆာဘတ္တကို ခွဲခြားပြပါ။

http://www.dhammadownload.com



**ဖြေ။** ပင့်ဖိတ်အပ်သောဘတ်ကို မစားမီကာလသည် ပုရေဘတ္တမည်၏။ စားအပ်ပြီးသောကာလသည် ပစ္ဆာဘတ္တမည်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်သင့်ရာကာလကို ရေးပါ။

**ဖြေ။** မွန်းမတည့်မီ ပင့်ထားသူမှတစ်ပါး အခြားသူ၏အိမ်သို့ ဝင်လျှင် အိမ်၏ ဥပစာသို့ ရောက်သောအခါ ဒုက္កဋ်သင့်၏၊ တံခါးခုံကို ပထမခြေလှမ်း ကျော်လျှင် နောက်ထပ် ဒုက္ကဋ်တစ်ချက်သင့်၏။ ဒုတိယခြေလှမ်းကျော်လျှင် ပါစိတ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်၌ အနုပညတ်များကို ထုတ်ပြပါ။

**ဖြေ။** (၁) သန္တံ ဘိက္ခုံ (၂)အနာပုစ္ဆာ (၃)ပုရေဘတ္တံ ပစ္ဆာဘတ္တံ (၄)အညတြ သမယာ ဟုလေးမျိုးရှိပါသည်။

**မေး။** သွားသော်လည်း ဤသိက္ခာပုဒ်အရ အာပတ်မသင့်သောနေရာများရှိလျှင် ထုတ်ပြပါ။

**ဖြေ။** (၁)ရွာတွင်းရှိ ကျောင်းတိုက် (၂)ဘိက္ခုနီမတို့၏ကျောင်း (၃)တိတ္ထိတို့၏ အိပ်ရာနေရာ (၄)ဆွမ်းစားဇရပ် (၅)ပင့်ဖိတ်ထားသူ၏အိမ် ၄င်းနေရာများ သို့ သွားသော်လည်း အာပတ်မသင့်ပါ။

__အင်္ဂါ ငါးပါး__ ။ (၁) ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးဖြင့် ဖိတ်သည်ကို သာယာခြင်း

(၂) ထင်ရှားရှိသောရဟန်းထံ ခွင့်မပန်ခြင်း၊

(၃) ဘတ်ရှိရာအိမ်မှ အခြားအိမ်သို့ဝင်ခြင်း၊

(၅)မွန်းတည့်အချိန်ကို မလွန်သေးခြင်း၊

(၆) စီဝရဒါနစသော သမယဖြစ်စေ, ဘေးအန္တရာယ်ဖြစ်စေ မရှိခြင်း

http://www.dhammadownload.com



## မဟာနာမ သိက္ခာပုဒ်

**မေး။** အဘယ်ပဝါရဏာကို စတုမာသပ္ပစ္စယပဝါရဏာ ဟုခေါ်ပါသနည်း။

**ဖြေ။** လေးလပတ်လုံး ဂိလာနပစ္စည်းဖြင့် ဖိတ်မံခြင်းကို ခေါ်ပါသည်။

**မေး။** စတုမာသပ္ပစ္စယပဝါရဏာ ဟုဆိုသဖြင့် ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို လေးလသာ သာယာထိုက်ပါသလော။

**ဖြေ။** သိက္ခာပုဒ်၌ " စတုမာသပ္ပစ္စယပဝါရဏာ သာဒိတဗ္ဗာ၊ အညတြ ပုန ပဝါရဏာယ၊ အညတြ နိစ္စပဝါရဏာယ " ဟူသောစကားကို ဝတ္ထုကြောင်း၏ အစွမ်းအားဖြင့် ဘုရားဟောတော်မူခြင်းဖြစ်ပါသည်၊ အမှန်မှာ လေးလ ဖြစ်စေ, နောက်ဘပ်ဖြစ်စေ ,အမြဲဖြစ်စေ အားလုံးကို လက်ခံသာယာ ထိုက်၏ " ဒီအချိန်၌ ငါ့မှာ ရောဂါမရှိ " ဟု မပယ်သင့်ပါ၊ "ရောဂါရှိလျှင် တောင်းမည် " ဟုနှလုံးသွင်းပြီး လက်ခံထိုက်၏။

**မေး။** အပိုင်းအခြားပြု၍ ဖိတ်ပုံကို ရေးပါ။

**ဖြေ။** (၁) ဤမျှလောက်သော ညဉ့်ပတ်လုံး တောင်းပါ ဟု ညဉ့်ကို ပိုင်းခြား၍ ဖိတ်ခြင်း၊

(၂) ဤမျှလောက်သော ဆေးတို့ကို တောင်းပါဟု ဆေးတို့ဖြင့်ပိုင်းခြား၍ ဖိတ်ခြင်း၊ အားဖြင့် ဖိတ်ခြင်းနှစ်မျိုး ရှိပါသည်။

**မေး။** အပိုင်းအခြားကို ကျော်လွန်အောင် တောင်းတိုင်း အာပတ်သင့်ပါသလော။

**ဖြေ။** ဖိတ်ထားသော ညဉ့်အပိုင်းအခြား ,ဆေးအပိုင်းအခြား ကို ကျော်လွန်သွားသော်လည်း အလိုရှိလျှင် အမှန်အတိုင်းပြော၍ တောင်းပါက ဂိလာနရဟန်း အား အာပတ်မသင့်ပါ။

http://www.dhammadownload.com



**အင်္ဂါ လေးပါး။** (၁)သံဃာကိုဖိတ်ခြင်း၊ (၂)ဆေးကိုတောင်းခြင်း၊ (၃)ဂိလာန မဟုတ်ခြင်း၊ (၄)ဖိတ်ထားအပ်သောအပိုင်းအခြားကို လွန်ခြင်း။

## ဥယျောဇ္ဈသေနာ သိက္ခာပုဒ်

**မေး။** အဘယ်စစ်တပ်ကို ဥယျောဇ္ဈသေနာ ဟုခေါ်ပါသနည်း။

**ဖြေ။** တိုင်းပြည်မှထွက်သော အင်္ဂါလေးပါးရှိသော စစ်တပ်ကို ခေါ်ပါသည်။

**မေး။** ဤ၌ ဒဿနူပစာကို ပိုင်းခြားပြပါ။

**ဖြေ။** စစ်တပ်ကို မြင်နိုင်လောက်သောအရပ်သည် ဒဿနူပစာမည်၏။

***(မှတ်ချက်)*** • စစ်အင်္ဂါလေးပါးမပြည့်ဘဲ တစ်မျိုးမျိုးကိုသာ ကြည့်လျှင်ကာ ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူများကို ရေးပါ။

**ဖြေ။** (၁) အနုယျောဇ္ဈစစ်တပ်၌ အနုယျောဇ္ဈစစ်တပ်ဟု အမှတ်ရှိသည်ဖြစ်၍ ကြည့်သောရဟန်း၊

(၂) အရာမ်တွင်းတည်၍ ကြည့်သောရဟန်း၊

(၃)မိမိတည်ရာအရပ်သို့ လာသောစစ်တပ်ကို ကြည့်သောရဟန်း၊

(၄)ခရီးရင်ဆိုင်လာသောစစ်တပ်ကို ကြည့်သောရဟန်း၊

(၅)သွားထိုက်သောအကြောင်းရှိသော် စစ်တပ်သို့သွားသောရဟန်း၊

(၆)ဘေးအန္တရာယ်ကြောင့် စစ်တပ်သို့သွားသောရဟန်း၊

(၇)ဥမ္မတ္တကရဟန်းစသည်တို့သည် အာပတ်မသင့်ပါ။

**အင်္ဂါ ၄လေးပါး။** (၁)ဥယျောဇ္ဈသေနာဖြစ်ခြင်း၊ (၂)ကြည့်ရှုရန်သွားခြင်း (၃)ခွင့်ပြုရာအရပ်မှ အခြားအရပ်၌ကြည့်ခြင်း (၄)အကြောင်းနှင့်ဘေးရန် မရှိခြင်း။

http://www.dhammadownload.com



## သေနာသဝါသ သိက္ခာပုဒ်

**မေး။** သုံးရက်ထက်ကျော်လွန်လျှင် ကောင်းကင်၌နေပါက အာပတ်မှလွတ်နိုင်ပါသလော။

**ဖြေ။** သုံးရက်ထက်ကျော်၍ လေးရက်မြောက် နေ့ဝင်သော် စစ်တပ်ထဲ၌ မည်သည့်ဣရိယာပုထ်နှင့်နေနေ, တန်ခိုးဖြင့် ကောင်းကင်၌ နေသော်လည်း ပါစိတ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူများကို ရေးပါ။

**ဖြေ။** (၁)သုံးညဥ့်မပြည့်သေးရာ၌ မပြည့်သေးဟု အမှတ်ရှိလျက် နေသောရဟန်း၊

(၂)သုံးရက်မြောက် အရုဏ်မတက်မီ စစ်တပ်မှထွက်၍ တစ်ဖန်ပြန်နေသော ရဟန်း၊

(၃) မိမိကိုယ်တိုင် မကျန်းမမာ၍နေသောရဟန်း၊

(၄) မကျန်းမမာသူအတွက်နေသောရဟန်း၊

(၅) ရန်သူအဝိုင်းခံရသောစစ်တပ်၌ နေသောရဟန်း၊

(၆) တစ်စုံတစ်ယောက်က နှောက်ယှက်အပ်သည်ဖြစ်၍ နေသောရဟန်း၊

(၇) ဘေးအန္တရာယ်ကြောင့်နေသောရဟန်း၊

(၈) ဥမ္မတ္တကရဟန်းစသည်တို့သည် အာပတ်မသင့်ပါ။

**အင်္ဂါ သုံးပါး။** (၁) သုံးညဥ့်လွန်ခြင်း (၂)စစ်တပ်၌ နေဝင်စေခြင်း (၃)မကျန်းမမာမှုစသည် မရှိခြင်း။

## ဥယျောဓိက သိက္ခာပုဒ်

**မေး။** ဥယျောဓိကစသည်တို့၏ အဓိပ္ပါယ်ကို ရေးပါ။

http://www.dhammadownload.com



ဖြေ။ *ဥယျောဓိက။* တက်၍တက်၍ စစ်ထိုးရာ ,ပြင်းစွာပုတ်ခတ်ရာအရပ်သည် ဥယျောဓိကမည်၏။

*ဗလဂ္ဂ* ။ စစ်သည်အစုကို ရေတွက်ရာအရပ်သည် ဗလဂ္ဂမည်၏။

*သေနာဗျူဟ။* စစ်တပ်စုဝေး တည်နေပုံအထူး (ဝါ) စစ်ဆင်ခြင်းသည် သေနာဗျူဟမည်၏။

မေး။ အနီကလေးမျိုး ဖွဲ့စည်းပုံကို ရေးပါ။

ဖြေ။ (၁)ဆင်တစ်စီးလျှင် စစ်သားယောကျ်ား(၁၂)ယောက်အားဖြင့် ဆင်သုံးစီးသည် အနည်းဆုံး ဟတ္ထာနီကမည်၏။

(၂)မြင်းတစ်စီးလျှင်စစ်သားယောကျ်ား(၃)ယောက်အားဖြင့် မြင်းသုံးစီးသည် အနည်းဆုံး အဿာနီကမည်၏။

(၃) ရထားတစ်စီးလျှင် စစ်သားယောကျ်ား(၄)ယောက်အားဖြင့် ရထားသုံးစီးသည် အနည်းဆုံး ရထာနီကမည်၏။

(၄) လက်နက်စွဲကိုင်ထားသော ယောကျ်ားလေးယောက်တို့သည် အနည်းဆုံး ပတ္တာနီကမည်၏။

မေး။ ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

ဖြေ။ (၁)စစ်အင်္ဂါလေးပါးတို့တွင် တစ်ပါးပါးကို ကြည့်ရှုရန်သွားလျှင် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်ပါသည်။

(၂) ဒဿနူပစာ၌ ရပ်၍ကြည့်လျှင် ပါစိတ်အာပတ်သင့်၏။

(၃)ဥပစာကိုစွန့်၍ အဖန်ဖန်ကြည့်လျှင် လုလ္လပယောဂတိုင်း ပါစိတ်သင့်၏။

%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%%

http://www.dhammadownload.com



## သုရာပါနဝဂ်

### သုရာပါန သိက္ခာပုဒ်

**မေး။** သုရာနှင့် မေရယအထူးကို ရေးပါ။

**ဖြေ။** မုန့်မှုန့်စသည်တို့ဖြင့် ပြုအပ်သော အရက်သည် သုရာမည်၏။ ပန်းပွင့်စသည်တို့ဖြင့်ပြုအပ်သော အရက်သည် မေရယမည်၏။ ထိုနှစ်မျိုးလုံးကို မျိုးစေ့မှစ၍ မသောက်ကောင်းပါ၊ သမန်းမြက်ဖျားဖြင့် သောက်လျှင်လည်း လုလ္လပယောဂတိုင်း ပါစိတ်အာပတ်သင့်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူများကို ရေးပါ။

**ဖြေ။** (၁) သေရည်အရက်မဟုတ်သောဝတ္ထု၌ သေရည်အရက်မဟုတ်ဟု အမှတ်ရှိလျက် သောက်သောရဟန်း၊

(၂)အရက်မဟုတ်ဘဲ အရက်နံ့ရှိသော လောဏသောဝီရကဆေးရည်နှင့် သုတ္တမည်သောဖျော်ရည်ကို သောက်သောရဟန်း၊

(၃) ဟင်းကောင်းရန် အရက်အနည်းငယ်ထည့်၍ ချက်အပ်သောဟင်းကို စားသောရဟန်း၊

(၄) အရက်မဟုတ်ဘဲ အရက်နှင့်တူသော အရိဋ္ဌဆေးရည်ကို သောက်သောရဟန်း၊

(၅) ဥမ္မတ္တကရဟန်းစသည်တို့သည် အာပတ်မသင့်ပါ။

**အင်္ဂါ နှစ်ပါး။** (၁) သေရည်အရက်ဖြစ်ခြင်း၊ (၂)သောက်ခြင်း။

### အင်္ဂုလိပတောဒက သိက္ခာပုဒ်

**မေး။** အဘယ်ကို အင်္ဂုလိပတောဒကဟု ခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** လက်ချောင်းတို့ဖြင့် လက်ကတည်းကြားစသောအရပ်၌ ထိုးခတ်ခြင်းကို အင်္ဂုလိပတောဒက ဟုခေါ်ပါသည်။

**မေး။** အင်္ဂုလိပတောဒကဟုဆိုသဖြင့် လက်ဖြင့် သုံးသပ်မှသာ အာပတ်သင့်ပါသလော။

**ဖြေ။** မြူးတူးပျော်ပါး ကစားလို၍ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုဖြင့် တို့ထိ သုံးသပ်လျှင် ပါစိတ်အာပတ်သင့်သည်သာ။

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ ဘိက္ခုနီမသည် ဘိက္ခုအတွက် အနုပသမ္ပန္န စာရင်းဝင်၏။ ဘိက္ခုသည်လည်း ဘိက္ခုနီအတွက် အနုပသမ္ပန္နစာရင်းဝင်၏၊

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ကာယ ,ကာယအချင်းချင်း အပျော်အပါးကစားလျှင် ပါစိတ်အာပတ် သင့်ပါသည်။ ကြွင်းသော ကာယနှင့် ကာယပဋိဗဒ္ဓ ,နိဿဂ္ဂိယငှင်း၊ ကာယပဋိဗဒ္ဓအချင်းချင်းငှင်း၊ နိဿဂ္ဂိယအချင်းချင်းငှင်း၊ တို့ထိကစားလျှင် ဒုက္ကဋ်အာပတ်သာသင့်ပါသည်။

***အင်္ဂါ နှစ်ပါး။*** (၁)ရယ်မြူးလိုခြင်း (၂) ရဟန်း၏ ကာယအချင်းချင်း သုံးသပ်ခြင်း။

## ဟသဓမ္မ သိက္ခာပုဒ်

**မေး။** ဥဒကေ ဟသဓမ္မေ၌ ဥဒကအရအဘယ်မျှသောရေကို ယူရပါသနည်း။

**ဖြေ။** ခြေမျက်စိမြုပ်နိုင်လောက်သော ရေမှစ၍ ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေး

http://www.dhammadownload.com



*ဖြေ။* (၁) ငုတ်၍ ပေါ်၍ကစားရာ၌ ငုတ်ခြင်း,ပေါ်ခြင်းပယောဂတိုင်း ပါစိတ္တိ သင့်၏

(၂) ရေထဲမှာငုတ်ပြီး ကူးရာ၌ ခြေလက်တို့၏အကြိမ်တိုင်းအကြိမ်တိုင်း ပါစိတ်အာပတ်သင့်ပါသည်။

*မေး* မြစ်ထဲ,ချောင်းထဲမှာ ကစားမှသာ အာပတ်သင့်ပါသလော။

*ဖြေ။* မြစ်ထဲ,ချောင်းထဲမှာသာ မဟုတ်ပါ၊ အိုးခွက်ထဲ၌ရှိသော ရေ, ညွန်, ကစီ ရည်, စသည်တို့ကို ကစားလျှင်လည်း ဒုက္ကဋ်အာပတ်သင့်၏။

***(မှတ်ချက်)*** ရေထဲ၌ စာရေးကောင်းပါသည်။

***အင်္ဂါနှစ်ပါး။***(၁)ဖမျက်မြုပ်လောက်သောရေဖြစ်ခြင်း၊(၂)ပျော်မြူးလို၍ ကစားခြင်း

## *အနာဒရိယ သိက္ခာပုဒ်*

*မေး။* အနာဒရိယ(မရိုသေခြင်း)အပြားနှင့် မရိုသေခြင်း၏ရည်ရွယ်ချက်ကို လည်း ရေးခဲ့ပါ။

ဖြေ။ မရိုသေခြင်း(အနာဒရိယ)သည်(၁)ပုဂ္ဂိုလ်ကိုမရိုသေခြင်း ပုဂ္ဂလအနာဒရိယ (၂) တရားတော်ကို မရိုသေခြင်း ဓမ္မအနာဒရိယ ဟု နှစ်မျိုးရှိပါသည်။

*အနာဒရိယပုဂ္ဂိုလ်၏ရည်ရွယ်ချက်။* ။(၁)ဝိနည်းပညတ်တော်ဖြင့်ပြောဆိုလာသော ရဟန်း၏စကားကို နားထောင်မှု မပြုလိုသောကြောင့်၄င်း၊ (၂)ထိုဝိနည်း တရားတော်ကို မကျင့်လိုသောကြောင့်၄င်း၊ မရိုသေခြင်းကို ပြုပါသည်။

*မေး။* သုတ္တန်,အဘိဓမ္မာဖြင့် ဆုံးမသည်ကို မရိုသေလျှင် အပြစ်မှလွတ်နိုင်ပါ သလော။

http://www.dhammadownload.com



**ဖြေ။** ရဟန်းကဖြစ်စေ, လူကဖြစ်စေ, သာမဏေကဖြစ်စေ ဝိနည်းမှတစ်ပါး သုတ္တန်,အဘိဓမ္မာဖြင့် ဆုံးမသည်ကို မရိုမသေပြုလျှင်ဒုက္ကဋ်အာပတ်သင့်၏၊

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** ဆရာအစဉ်အဆက်မှ လာသောပါဠိ,အဋ္ဌကထာကို လက်ကိုင်ပြု၍ (စိတ်ကောင်းဖြင့်) ပြန်ပြောသူနှင့်ဥမ္မတ္တကရဟန်းစသည်တို့ အာပတ်မသင့်။

**အင်္ဂါ နှစ်ပါး။** (၁) ရဟန်းက ဝိနည်းပညတ်ဖြင့် ပြောဆိုခြင်း၊ (၂)မရိုမသေပြုခြင်း။

## ဘိံသာပန သိက္ခာပုဒ်

**မေး။** ခြောက်လှန့်ရာ၌ မကြောက်ခဲ့လျှင် အာပတ်မှ လွတ်ပါသလော။

**ဖြေ။** ကြောက်လန့်အောင် ချောက်လှန့်ရာ၌, ကြောက်စရာစကားကိုပြောရာ၌ ချောက်လှန့်ခံရသူ၏ ကြောက်မှု/ မကြောက်မှုသည် လိုရင်းမဟုတ်ပါ၊ ကြောက်လန့်အောင် ချောက်လှန့်လျှင် ပါစိတ်အာပတ်သင့်တော့၏။

**အင်္ဂါ နှစ်ပါး။** (၁) ရဟန်းဖြစ်ခြင်း၊ (၂) ထိုရဟန်း၏ မြင်လောက်ရာ, ကြားလောက်ရာ အရပ်၌ ချောက်လှန့်ဘို့ရာ အားထုတ်ခြင်း။

## ဇောတိ သိက္ခာပုဒ်

**မေး။** တထာရူပပစ္စယာ၌ ပစ္စယအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ဆီမီးညှိထွန်းခြင်း, သပိတ်မီးဖုတ်ခြင်းစသည်တို့၌ မီးမွေးခြင်းကို ပစ္စယ အရယူရပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ကိုယ်တိုင်မီးမွှေးရာ၌ ပွတ်ခုံ,ပွတ်ကျည်တည်စေရာမှစ၍ မီးမတောက်သေးသမျှ လုလ္လပယောဂအားလုံးတို့၌ ဒုက္ကဋ်အာပတ်သင့်ပါသည်။ မီးတောက်လျှင်ကား ပါစိတ်အာပတ်သင့်ပါသည်။

မီးတောက်နေသော မီးစကို မီးဖိုမှကျလာလျှင် မြှောက်၍ပြန်ထည့်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏၊ မီးငြိမ်းပြီးသော မီးစကို ထည့်လျှင်ကား ပါစိတ်အာပတ်ပင် သင့်ပါသည်။

*(အနုပညတ် (၂)ပါး)* (၁) အဂိလာနော

(၂) အညတြ တထာရူပပစ္စယာ

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁)ဂိလာနဖြစ်လျက် ဂိလာနဟု အမှတ်ရှိသောရဟန်း၊

(၂) သူတစ်ပါးပြုအပ်သောမီးကို လှုံသူ၊

(၃) အလျှံကင်းသော မီးကျီးခဲကို လှုံသူ၊

(၄) ဆီမီးထွန်းခြင်း ,သပိတ်ဖုတ်ခြင်း ,ချွေးအောင်းသောအိမ်၌ မီးထည့်သူ၊

(၅) ဘေးရန်တို့ကြောင့် မီးမွှေးသူ

(၆) ဥမ္မတ္တကရဟန်းစသည်တို့အား အာပတ်မသင့်ပါ။

*အင်္ဂါ လေးပါး။* (၁)ဂိလာနမဟုတ်ခြင်း၊ (၂)ခွင့်ပြုအပ်သောအကြောင်းမရှိခြင်း၊ (၃)လှုံလိုခြင်း ၊ (၄)မီးတောက်စေခြင်း။

## နှာန သိက္ခာပုဒ်

**မေး။** ကမ္ဗသမယစသည်တို့၏ အဓိပ္ပါယ်တို့ကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** <u>ကမ္မသမယ</u>။ ။ကျောင်းပရဝုဏ်ကို တံမြက်လှဲခြင်းမှုသည်လည်း ကမ္မသမယမည်၏။

<u>အဒ္ဓါနဂမနသမယ</u>။ ။ယူဇနာဝက်ခရီးကို သွားလွှဲ့, သွားဆဲ, သွားပြီးသောအခါ သည် အဒ္ဓါနဂမနသမယမည်၏။

<u>ဝါတဝုဋ္ဌိသမယ</u>။ ။ မြူနှင့်တကွ လေပြင်းထ၍ ခန္ဓာကိုယ်ပေါ်၌ မိုးရေပေါက် နှစ်ပေါက်,သုံးပေါက်ကျသောအခါသည် ဝါတဝုဋ္ဌိသမယမည်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁)တစ်လထက်ဝက်ကျော်လွန်ရာ၌ ကျော်လွန်သည်ဟု အမှတ်ရှိလျက် ရေချိုး သောရဟန်း၊

(၂)ရေချိုးသင့်ရာအခါ၌ ရေချိုးသောရဟန်း၊

(၃)မြစ်တစ်ဖက်သို့သွားစဉ် သဲကိုယက်၍ပြုအပ်သောတွင်း(သဲတွင်း)၌ ရေချိုးသောရဟန်း၊

(၄)ပစ္စန္တရာဇ်ရဟန်းအားလုံး၊

(၅)ဘေးအန္တရာယ်တို့ကြောင့် ရေချိုးသောရဟန်း၊

(၆) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

<u>**အင်္ဂါ သုံးပါး**</u>။ (၁) မဇ္ဈိမဒေသဖြစ်ခြင်း၊ (၂)ဆဲ့ငါးရက်မပြည့်မီ ရေချိုးခြင်း၊ (၃)ခွင့်ပြုထားရာအခါ ,မြစ်တစ်ဖက်သို့သွားရာအခါ ,ဘေးအန္တရာယ်ရှိရာ အခါ မဟုတ်ခြင်း။

%%%%%%%%%%%%%%%

http://www.dhammadownload.com



## ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်

**မေး။** ကပ္ပဗိန္ဒုထိုးရာ၌ လိုအပ်သောသင်္ကန်း၏ အင်္ဂါရပ်ကို ရေးပါ။

**ဖြေ။** (၁) ဝတ်ရုံလောက်သော သင်္ကန်းဖြစ်ရပါမည်၊ (၂) ဆိုးပြီးသောသင်္ကန်းဖြစ်ရပါမည်။

**မေး။** ကပ္ပဗိန္ဒုထိုးရမည့်နေရာနှင့် ကပ္ပဗိန္ဒု၏ အရောင်အဆင်းကို ရေးပါ။

**ဖြေ။** သင်္ကန်း၏ မည်သည့်အရပ်၌မဆို ကပ္ပဗိန္ဒုထိုးကောင်းပါသည်။ (၁)သံညို ,ကြေးညိုအညိုရောင်ဖြင့်၄င်း၊ (၂)သစ်ရွက်ရည် စိမ်းညိုရောင်ဖြင့်၄င်း၊ (၃)ရွှံ့ ,ညွန်ရောင်ဖြင့်၄င်း၊ (၄)အနက်ရောင်တစ်မျိုးမျိုးဖြင့်သော်၄င်း၊ ကပ္ပဗိန္ဒုထိုးရပါသည်။

**မေး။** ကပ္ပဗိန္ဒု၏ အရွယ်အစားကို ရေးပါ။

**ဖြေ။** ဥဒေါင်းမျက်ကွင်း ပမာဏ ,ကြမ်းပိုးကျောက်ကုန်းပမာဏတို့တွင် တစ်မျိုးမျိုးကို ထိုးရပါသည်။

**မေး။** ကပ္ပဗိန္ဒုထိုးစရာမလိုသည့်အခါကို ရေးပါ။

**ဖြေ။** (၁)ကပ္ပဗိန္ဒုပျက်စီးသွားလျှင်၊ (၂)ကပ္ပဗိန္ဒုထိုးထားသောနေရာ ဆွေးသွားလျှင် (၃)ကပ္ပဗိန္ဒုထိုးပြီးသောသင်္ကန်းနှင့် မထိုးရသေးသောသင်္ကန်း ရောချုပ်လျှင်၊ (၄)ဖာထားသောနေရာ ,နောက်ထပ်တင်အပ်သော အနားပတ်တို့၌ ကပ္ပဗိန္ဒုထပ်ပြီးထိုးစရာမလိုတော့ပါ။

**အင်္ဂါ သုံးပါး။** (၁) ဝတ်ရုံလောက်သောသင်္ကန်း၏ ကပ္ပဗိန္ဒုမထိုးရသေးခြင်း၊
(၂)ပျောက်သောသင်္ကန်းရှိသူစသည် မဟုတ်ခြင်း၊
(၃) သင်းပိုင် ,ကိုယ်ရုံတစ်ခုခုဖြစ်ခြင်း။

http://www.dhammadownload.com



## ဝိကပ္ပန သိက္ခာပုဒ်

**မေး။** ဝိကပ္ပနာအမျိုးအစားနှင့် အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ဝိကပ္ပနာနှစ်မျိုး= (၁) သမ္မုခါဝိကပ္ပနာ

(၂) ပရမ္မုခါဝိကပ္ပနာ

**သမ္မုခါဝိကပ္ပနာပြုပုံ။ ။**

အနီး၌တစ်ထည်တည်းဖြစ်လျှင်= ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ၊

အနီး၌အများဖြစ်လျှင် = ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ၊

အဝေး၌ တစ်ထည်တည်းဖြစ်လျှင်= ဧတံ စီဝရံ တုယှံ ဝိကပ္ပေမိ၊

အဝေး၌ အများဖြစ်လျှင် =ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ၊ ဟု ဝိကပ္ပနာပြုခြင်းကို သမ္မုခါဝိကပ္ပနာဟုခေါ်ပါသည်။

**သမ္မုခါဝိကပ္ပနာပြုပြီး သမ္မုခါပစ္စုဒ္ဓိုရ်ပြုပုံ။**

တစ်ထည်ဖြစ်လျှင်= မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ၊ဟုဆို၍ ပစ္စုဒ္ဓိုရ်ပြုရပါသည်။

အများဖြစ်လျှင်= မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ ဟုဆို၍ ပစ္စုဒ္ဓိုရ်ပြုရပါသည်။

**ပရမ္မုခါဝိကပ္ပနာပြုပုံ။ ။**

သင်္ကန်းရှင်က (အနီးဖြစ်လျှင်)=ဣမံ စီဝရံ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ၊

ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ၊

အဝေးဖြစ်လျှင်= ဧတံ စီဝရံ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ၊

ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ၊

ဝိနည်းခိုရ်က= အဟံ တိဿဿ ဘိက္ခုနော ဒမ္မိ၊ ဟုဆို၍ ဝိကပ္ပနာပြုခြင်းကို ပရမ္မုခါဝိကပ္ပနာဟု ခေါ်ပါသည်။

ထို့နောက်ဝိနည်းခိုရ်က "တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇဝါ ဝိသဇ္ဇေဟိ

http://www.dhammadownload.com



ဝါ ယထာပစ္စယံ ကရောဟိ ” ဟုဆို၍ ပစ္စုဒ္ဓိုရ်ပြုရပါသည်။

**မေး။** ဝိကပ္ပနာပြုရခြင်းအကျိုးကို ရေးပါ။
**ဖြေ။** ဝိကပ္ပနာပြုလုံမှုဖြင့် သင်္ကန်းအသစ်ကို သိမ်းထားနိုင်ခြင်း အကျိုးရှိပါသည်။ သုံးဆောင်ခြင်း,စွန့်ခြင်း,အဓိဋ္ဌာန်တင်ခြင်းငှါ မအပ်သေးပါ။

**မေး။** ပစ္စုဒ္ဓိုရ်ပြုရခြင်း အကျိုးကို ရေးပါ။
**ဖြေ။** သိမ်းထားခြင်း ,သုံးဆောင်ခြင်း ,စွန့်ခြင်း ,အဓိဋ္ဌာန်တင်ခြင်းကို ပြုနိုင်ခြင်းအကျိုးရှိပါသည်။

***(မှတ်ချက်)*** ဝိကပ္ပနာပြုရာ,ပစ္စုဒ္ဓိုရ်ပြုရာ၌ “ တုယှံ ” အစား သီတင်းသုံးဖော် တစ်ဦးဦး၏အမည်ဖြင့် “တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ ” စသည်ဖြင့်၎င်း၊ “မယှံ သန္တကံ ”အစား “ တိဿဿ ဘိက္ခုနော သန္တကံ ” စသည်ဖြင့်၎င်း၊ ဝိကပ္ပနာပြုခြင်း ,ပစ္စုဒ္ဓိုရ်ပြုခြင်းကိုလည်း သမ္မုခါဝိကပ္ပနာပြုဟု ခေါ်၏· ( ဤသို့ပြုခြင်းကို မျက်ကွယ်သမ္မုခါဝိကပ္ပနာပြုခြင်းဟု ခေါ်ပါသည်)

***<u>ဒုက္ကဋ်အာပတ်။</u>*** ပစ္စုဒ္ဓိုရ်မပြုရသေးသော သင်္ကန်းကို အဓိဋ္ဌာန်တင်လျှင် , စွန့်လျှင် ဒုက္ကဋ်အာပတ်သင့်၏။
***<u>အင်္ဂါ သုံးပါး။</u>***(၁)ကိုယ်တိုင်ဝိကပ္ပနာပြုအပ်သောသင်္ကန်း၏ ပစ္စုဒ္ဓိုရ်မပြုရသေးခြင်း၊ (၂)ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း၊ (၃) သုံးစွဲခြင်း။

## <u>အပနိဓာန သိက္ခာပုဒ်</u>

**မေး။** ပတ္တစီဝရစသည်တို့၏ အရကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** ပတ္တအရ= အဓိဋ္ဌာန်တင့်လောက်သော သပိတ်ကို ယူရပါသည်။
စီဝရအရ= ဝိကပ္ပနာပြုလောက်သောသင်္ကန်းကို ယူရပါသည်။
နိသီဒနအရ =အမြိတ်အဆာရှိသော နိသီဒိုန်ကိုယူရပါသည်။
သူစိဃရအရ =အပ်ရှိသော အပ်ဖူး ,အပ်မရှိသော အပ်ဖူးကိုယူရ၏။
ကာယဗန္ဓနအရ=ခါးပန်းကြိုးအပြားနှင့် ဝက်အူသဏ္ဍာန်ရှိသော ခါးပန်းကြိုး အလုံးကို ယူရပါသည်။

**မေး။** ပတ္တစသည်မှတစ်ပါး အခြားကို ဝှက်ထားလျှင် အဘယ်အာပတ်သင့် ပါသနည်း။

**ဖြေ။** ပတ္တ ,စီဝရ ,နိသီဒန ,သူစိဃရ ,ကာယဗန္ဓန ဤငါးမျိုးမှကြွင်းသော ပရိက္ခရာတစ်မျိုးမျိုးကို ဝှက်ထားလျှင် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** (၁) မကောင်းသဖြင့်ထားအပ်သည်ကို သိုမှီးသိမ်းဆည်းထားသူ၊
(၂) တရားဟောပြီးမှ ပေးမည်ဟု ကြံစီ၍ သိမ်းထားသူ၊
(၃) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**အင်္ဂါ - နှစ်ပါး။** (၁) ရဟန်း၏ဥစ္စာဖြစ်သော သပိတ်စသည်ကို ဝှက်ထားခြင်း၊
(၂) ညှင်းဆဲလိုခြင်း (သို့မဟုတ်) ရယ်ရွှင်လိုခြင်း။

## *သပ္ပါဏကဝဂ်*

## *သဥ္စိစ္စ သိက္ခာပုဒ်*

**မေး။** ဤ၌ ပါဏအရ အဘယ်ကို ယူရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ပါဏာအရ တိရစ္ဆာန်ဖြစ်သောသတ္တဝါကို ယူရပါသည်။ ထိုတိရစ္ဆာန်ကို သတ်ရာ၌ ကြီးသည်ဖြစ်စေ ,ငယ်သည်ဖြစ်စေ ပါစိတ် အာပတ်သာ သင့်ပါသည်။ သို့သော် ကြီးသောသတ္တဝါ၌ကား လုလ္လကြီးသော ကြောင့် အကုသိုလ်ကြီးပါသည်။

## သပ္ပါဏက သိက္ခာပုဒ်

**မေး။** သပ္ပါဏကာ၌ ပါဏာအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ပါဏာအရ သုံးဆောင်ခြင်းဖြင့် သေနိုင်လောက်သော ပိုးကောင်ငယ်များ ကို ယူရပါသည်။

## ဥက္ကောဋန သိက္ခာပုဒ်

**မေး။** ယထာဓမ္မံ ၌ ဓမ္မအရနှင့် ဥက္ကောဋနပြုလုပ်ခြင်း(လှုံ့ဆော်ခြင်း)ဖြင့် အဓိကရဏ်းကို တစ်ဖန်ထပ်၍ ငြိမ်းစရာလိုပါသလား။

**ဖြေ။** ဓမ္မအရ အဓိကရဏ်းကို ငြိမ်းစေနိုင်သော ဝိနည်းတရားတော်ကို ယူရ ပါသည်။ ငြိမ်းပြီးသောအဓိကရဏ်းကို လှုံ့ဆော်ရာ၌ တရားနှင့်အညီ ငြိမ်း ပြီးသော အဓိကရဏ်းသည်ကား ငြိမ်းပြီးသည်အတိုင်းပင် ဖြစ်ပါသည်၊ တစ်ဖန် ထပ်၍ငြိမ်းစရာမလိုတော့ပါ။

**မေး။** အဓိကရဏ်းကို ငြိမ်းစေမှု မပြီးပြတ်သေးမီ လှုံ့ဆော်(တားမြစ်)လျှင် အဘယ်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

**ဖြေ။** ဖြစ်ပေါ်လာသောအဓိကရဏ်းကို မပြီးပြတ်သေးမီ တားမြစ်လျှင် ထိုရဟန်းကို သိစေပြီး,ကျေနပ်စေပြီးမှ ဆုံးဖြတ်ရမည်၊ မသိစေဘဲ(ဝါ)ကျေ နပ်အောင်မပြုဘဲ ဆုံးဖြတ်လျှင် ကံလည်းပျက်၏၊ အာပတ်လည်း သင့်၏။

http://www.dhammadownload.com



**အင်္ဂါ သုံးပါး။** (၁) တရားနည်းလမ်းအတိုင်း ငြိမ်းစေအပ်ပြီးဖြစ်ခြင်း၊ (၂)ထိုသို့ ငြိမ်းစေပြီးမှန်း သိခြင်း၊ (၃)လှုံ့ဆော်ခြင်း။

## ဒုဋ္ဌုလ္လ သိက္ခာပုဒ်

**မေး။** ဒုဋ္ဌုလ္လအရ အဘယ်ကိုယူရပါသနည်း၊ ရေး၍ ၊ ဆုံးဖြတ်ပြီးမှ ပြောလျှင် အပြစ်မှ လွတ်ပါသလော။

**ဖြေ။** ဒုဋ္ဌုလ္လအရ သံဃာဒိသေသ်အာပတ်ကို ယူရပါသည်။

ဤသိက္ခာပုဒ်၌ မည်သူကိုမျှ မပြောတော့ဟု ဆုံးဖြတ်ပြီးမှ ပြောလျှင်လည်း ပါစိတ်အာပတ်သင့်သည်သာ။

**မေး။** ဤသိက္ခာပုဒ်၌ ရဟန်းတစ်ရာတိုင်တိုင် အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** မပြောတော့အံ့ဟု ဆုံးဖြတ်ချက်ချပြီးနောက် ဖုံးလွှမ်းခြင်းအကျိုးငှါပင် အခြားတစ်ပါးအား ပြော၏၊ ထိုအခြားရဟန်းကလည်း နောက်တစ်ပါးအား ပြောကြား၏၊ ဤနည်းအတိုင်း အပိုင်းအခြားမပြတ်သေးသမျှ ရဟန်းတစ်ရာ တိုင်တိုင် အာပတ်သင့်ပါသည်။

**မေး။** ရဟန်းတစ်ရာတိုင်တိုင် အဆင့်ဆင့် အာပတ်မသင့်ဘဲ အဆက်ပြတ် သည့် အချိန်ကို ရေးပါ။

**ဖြေ။** အာပတ်သင့်သောရဟန်းက အခြားတစ်ပါးအား ပြောကြား၏၊ ထိုရဟန်း ကလည်း နောက်တစ်ပါးအား ပြောကြားရာ တတိယမြောက်ရဟန်းက ဒုတိယရဟန်းအားပင် ပြန်လည်ပြောကြားသော် အဆက်ပြတ်တော့၏။

**မေး။** လူ့သာမဏေ၏အပြစ်ကိုဖုံးလွှမ်းလျှင် အဘယ်အပြစ်ဖြစ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဒုဋ္ဌုလ္လအပြစ်ဖြစ်စေ,အဒုဋ္ဌုလ္လအပြစ်ဖြစ်စေ လူ သာမဏေ၏အပြစ်ကို ဖုံးလွှမ်းလျှင် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

**မေး။** ဒုဋ္ဌုလ္လအပြစ် ,အဒုဋ္ဌုလ္လအပြစ်ကို ခွဲခြားပြပါ။

**ဖြေ။** အာပတ်(၇)ပုံတွင် ပါရာဇိကနှင့် သံဃာဒိသေသ်တို့သည် ဒုဋ္ဌုလ္လဖြစ်ပါသည်၊ ကြွင်းသောအာပတ်(၅)ခုသည် အဒုဋ္ဌုလ္လဖြစ်ပါသည်။
လူသာမဏေတို့၏ ဆယ်ပါးသီလတွင် ရှေ့ငါးပါးသည် ဒုဋ္ဌုလ္လဖြစ်ပါသည်၊ နောက်ငါးပါးသည် အဒုဋ္ဌုလ္လဖြစ်ပါသည်။

**မေး။** အပြစ်ကို ဖုံးလွှမ်းသော်လည်း ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁)သံဃာကွဲပြားလိမ့်မည်ဟုငင်း အသက်အန္တရာယ်,ဗြဟ္မစရိယန္တရာယ်ဖြစ်လိမ့်မည်ဟုငင်း သိ၍ မပြောကြားသူ၊
(၂)လျောက်ပတ်သောရဟန်းကို မတွေ့မြင်၍ မပြောကြားသူ၊
(၃)ဖုံးထားလိုမှု မရှိဘဲ မပြောကြားသူ၊
(၄)မိမိအမှုဖြင့် ထင်ရှားလိမ့်မည်(ဝါ) သူ့ထိုက်နှင့်သူကံ ဖြစ်လိမ့်မည်ဟု တွေး၍ မပြောကြားသူ၊
(၅) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**<u>အင်္ဂါ နှစ်ပါး</u>။** (၁) ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊
(၂)ဖုံးထားလိုသည့်အတွက် "မပြောတော့ပါဘူး" ဟု ဝန်ချခြင်း။

%%%%%%%%%%%%%%%%%%

http://www.dhammadownload.com



## ဥိနဝိသတိဝဿ သိက္ခာပုဒ်

**မေး။** ဥိနဝိသတိဝဿနှာရ အဘယ်မှ စ၍ ရေတွက်ရပါသနည်း။

**ဖြေ။** ပဋိသန္ဓေနေသောနေ့မှစ၍ ရေတွက်ရပါသည်။

**မေး။** အသက်နှစ်ဆယ်မပြည့်ဘဲ ရဟန်းဖြစ်ခဲ့သူသည် မသိခဲ့လျှင် ရဟန်းဖြစ်နိုင်ပါသလော၊ ထိုသူကတစ်ဖန် ဆယ်ဝါပြည့်သောအခါ အခြားသူကို ရဟန်းခံ ပေးလျှင် ရဟန်းဖြစ်/မဖြစ် စီစစ်ပြပါ။

**ဖြေ။** အသက်နှစ်ဆယ်မပြည့်ကြောင်း သိသည်ဖြစ်စေ ,မသိသည်ဖြစ်စေ ရဟန်းခံပေးလျှင် ရဟန်းမဖြစ်ပါ။

ထိုရဟန်းမဖြစ်ခဲ့သူက ဆယ်ဝါရှိသောအခါ အခြားရဟန်းလောင်း တစ်ပါးကို ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးသော် ရဟန်းမဖြစ်ခဲ့သူ ဥပဇ္ဈာယ်ကို ချန်လှပ်၍ "မဇ္ဈိမဒေသ၌ ဆယ်ပါး , ပစ္စန္တရာဇ်၌ ငါးပါး ဂိုဏ်းပြည့်လျှင် ထိုရဟန်းလောင်း ရဟန်းဖြစ်၏။

**မေး။** အသက်နှစ်ဆယ်မပြည့်ဘဲ ရဟန်းခံခဲ့သူသည် အန္တရာယ်ဖြစ်/ မဖြစ် စီစစ်ပြပါ။

**ဖြေ။** အသက်နှစ်ဆယ်မပြည့်၍ ရဟန်းမဖြစ်ခဲ့သူသည် မသိသေးသမျှ သဂ္ဂန္တရာယ် ,မောက္ခန္တရာယ်မဖြစ်ပါ၊ သို့သော် သိလျှင်ကား ရဟန်းထပ်၍ ခံရပါမည်။

**မေး။** အသက်နှစ်ဆယ်မပြည့်သူကို ရဟန်းခံပေးရာ၌ ကာရကသံဃာများ အပြစ်ရှိ/မရှိ စီစစ်ပြပါ။

**ဖြေ။** " တေ စ ဘိက္ခူ ဂါရယှာ "ဟူသော ပါဠိကိုထောက်၍ ဥပဇ္ဈာယ်မှ

http://www.dhammadownload.com



တစ်ပါး ကြွင်းသော ကာရကသံဃာအားလုံး ဒုက္ကဋ်အာပတ်သင့်ကြပါသည်။

__*အင်္ဂါသုံးပါး။*__ (၁) အသက်နှစ်ဆယ်မပြည့်ခြင်း၊ (၂)အသက်နှစ်ဆယ်မပြည့်မှန်းသိခြင်း၊ (၃)ရဟန်းခံပေးခြင်း။

## *ထေယျသတ္တ သိက္ခာပုဒ်*

***မေး။*** အဘယ်ကို ထေယျသတ္တ ဟုခေါ်ပါသနည်း။

***ဖြေ။*** မင်း၏ဥစ္စာကို လုည့်စားခိုးယူ၍သော်၎င်း၊ အခွန်ကိုရှောင်လွှဲလို၍၎င်း၊ ခိုးပြီး / မခိုးရသေးသော ခရီးသွားသောသူခိုးတို့ကို "ထေယျသတ္တ"ဟုခေါ်ပါသည်။

***(မှတ်ချက်)*** လူတို့က မတိုင်ပင်ဘဲ မိမိကသာ တိုင်ပင်၍ ခရီးသွားလျှင် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

__*အင်္ဂါ လေးပါး။*__ (၁) ထေယျသတ္တဖြစ်ခြင်း၊ (၂)ထေယျသတ္တမှန်းသိခြင်း၊ (၃)တိုင်ပင်ခြင်း၊ (၄)မချွတ်မယွင်း သွားဖြစ်ခြင်း။

## *အရိဋ္ဌ သိက္ခာပုဒ်*

***မေး။*** အန္တရာယိကာ၌ အန္တရာယအရနှင့် အန္တရာယိကအရတို့ကို ခွဲခြားပြပါ။

***ဖြေ။*** __*အန္တရာယအရ။*__ ။ သဂ္ဂန္တရာယ် နှင့် မောက္ခန္တရာယ်တို့ကို ရပါသည်။
__*အန္တရာယိကအရ။*__ ။(၁) ကမ္မန္တရာယ် (၂) ကိလေသန္တရာယ် (၃)ဝိပါကန္တရာယ် (၄)ဥပဝါဒန္တရာယ် (၅)ပညတ္တိဝီတိက္ကမန္တရာယ်အားဖြင့် ငါးမျိုးရှိပါသည်။

http://www.dhammadownload.com



**မေး။** အန္တရာယိကဓမ္မငါးမျိုးတို့၏ အဓိပ္ပါယ်ကို အသီးသီးရေးခဲ့ပါ။

**ဖြေ။** (၁) မာတုဃာတကစသော အာနန္တရိယကံငါးပါးသည် ကမ္မန္တရာယိကဓမ္မ မည်ပါသည်။

(၂) နိယတမိစ္ဆာဒိဋ္ဌိကံ နှင့် ဘိက္ခုနီဒူသကကံသည် ကိလေသန္တရာယိကဓမ္မ မည်ပါသည်။

(၃) ပဏ္ဍုပ် ,တိရစ္ဆာန် ,ဥဘတောဗျည်းတို့၏ ပဋိသန္ဓေဝိပါက်သည် ဝိပါကန္တ ရာယိဓမ္မမည်ပါသည်။

(၄) အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကဲ့ရဲ့ခြင်းသည် ဥပဝါဒန္တရာယိကဓမ္မမည်၏။

(၅) ဝိနည်းပညတ်တော်ကို ကျူးလွန်ခြင်းသည် ပညတ္တိဝီတိက္ကမန္တရာယိက ဓမ္မမည်၏။

**မေး။** ယေ မေ အန္တရာယိကာ ဓမ္မာ စသောစကားကို ပြောဆိုသော အရိဋ္ဌရဟန်း ၏ရည်ရွယ်ချက်ကို ရေးပါ။

**ဖြေ။** နူးညံ့သော အခင်းအရုံစသည်တို့၏ အတွေ့အထိကဲ့သို့ မိမ္ဗတို့၏အတွေ့ အထိသည်လည်း အပ်၏ ဟု မေထုန်ကျူးလွန်မှုဖြင့် အပြစ်ကို မမြင်ဘဲ ပညတ္တိဝီတိက္ကမန္တရာယိကဓမ္မကို ရည်ရွယ်၍“ယေ မေ အန္တရာယိကာ ဓမ္မာ” စသောစကားကို ပြောဆိုပါသည်။

**မေး။** ဆုံးမ၍ မစွန့်လျှင် အဘယ်အပြစ်များဖြစ်၍ ၊ အဘယ်ကဲ့သို့ ပြုလုပ်ရပါ သနည်း။

**ဖြေ။** အရိဋ္ဌရဟန်းကဲ့သို့သော ရဟန်းကို တွေ့သူ ,မြင်သူများသည်သုံးကြိမ်ဆုံးမ ရမည်၊ ဆုံးမ၍ အယူကိုမစွန့်လျှင် ဒုက္ကဋ်သင့်၏၊ တွေ့မြင်၍ မဆုံးမလျှင် လည်း ဒုက္ကဋ်သင့်၏၊ သံဃာ့အလယ်သို့ ဆွဲခေါ်၍ နောက်ထပ် ဆုံးမရဦးမည်၊ ဆုံးမ၍ မစွန့်လျှင် ဒုက္ကဋ်သင့်၏၊ မဆုံးမလျှင်လည်း ဒုက္ကဋ်သင့်၏။

http://www.dhammadownload.com



ဆုံးမသောအခါ ဉတ်ပြီးဆုံးချိန် ,ကမ္မဝါစာ (၂)ကြိမ်ပြီးဆုံးချိန်၌ မစွန့်လျှင်လည်း ဒုက္ကဋ်အာပတ်ပင်သင့်၏၊
ကမ္မဝါစာသုံးကြိမ်ပြီးဆုံး၍ မစွန့်လျှင်ကား ပါစိတ်အာပတ်သင့်၏။

**အင်္ဂါ သုံးပါး။** (၁) ဓမ္မကံဖြစ်ခြင်း၊ (၂)သုံးကြိမ်တိုင်အောင် ဆုံးမခြင်း၊ (၃)အယူကို မစွန့်ခြင်း။

## ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်

**မေး။** အကတာနုဓမ္မနဲ့ဘယ် အဘယ်ကို အနုဓမ္မဟု ခေါ်ပါသနည်း။

**ဖြေ။** အာပတ်ကိုမရှုခြင်း ,မကုစားခြင်း ,မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဓမ္မဝိနယနှင့်အညီ နှင်ထုတ်အပ်သောရဟန်း၏ အနုလောမကျင့်ဝတ်ကို မြင်၍ပြုအပ်သော ဩသာရဏာကံကို " အနုဓမ္မ " ဟု ခေါ်ပါသည်။
(ထိုဩသာရဏာကံကို မပြုအပ်သောရဟန်းသည် အကတာနုဓမ္မမည်၏)

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ခွဲခြားပြပါ။

**ဖြေ။** (၁) ဥက္ခိတ္တကရဟန်းနှင့်အတူ အာမိသသမ္ဘောဂပြုလျှင် လုလ္လပယောဂတစ်ကြိမ်တည်းဖြင့် အာမိသအများကို ပေးသူ/ယူသူအား ပါစိတ်တစ်ချက်သင့်ပါသည်။ ဖြတ်၍ပေးလျှင် လုလ္လပယောဂတိုင်း ပါစိတ်သင့်ပါသည်
(၂) ဓမ္မသမ္ဘောဂ၌ ပဒ+အနုပဒစသည်တို့ဖြင့် ရွတ်ပြလျှင် , ရွတ်ပြစေလျှင် ပဒသောဓမ္မသိက္ခာပုဒ်တော်နည်းဖြင့် အာပတ်သင့်၏။
(၃) ဉပုသ်စသော သံဝါသပြုလျှင် ကမ္မဝါစာပြီးဆုံးခြင်းဖြင့် အာပတ်သင့်၏။
(၄)သဟသေယျပြုလျှင် အိပ်ခြင်းပယောဂဖြင့် အာပတ်သင့်၏။

**သမ္ဘောဂနှစ်မျိုး။** (၁)အာမိသသမ္ဘောဂ (၂)ဓမ္မသမ္ဘောဂ

http://www.dhammadownload.com



**မေး။** သံဝသေယျ၌ အဘယ်ကို သံဝါသပြုသည်ဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပုသ်စသောသံဃကံပြုခြင်းကို သံဝါသပြုသည်ဟု ခေါ်ပါသည်။

**မေး။** သေယျံ ကပ္ပေယျ၌ အဘယ်ကို သဟသေယျဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပစာမတူသော်လည်း အမိုးတူသောကျောင်း၌ အိပ်ခြင်းကို သဟသေယျဟုခေါ်ပါသည်။

***(အထူးမှတ်ချက်)*** ဥပစာမတူသော(နာနူပစာရ)ကျောင်း၌ လူသာမဏေနှင့် အတူအိပ်လျှင် သဟသေယျအာပတ်မသင့်၊ ဥက္ခိတ္တကရဟန်းနှင့် အတူအိပ်လျှင်ကား သဟသေယျဖြစ်၏။

***အင်္ဂါသုံးပါး။*** (၁) ဩသာရဏာကံ မပြုရသေးခြင်း၊ (၂) ဩသာရဏာကံမပြုရသေး (သို့မဟုတ်)အယူကိုမစွန့်သေးဟု သိခြင်း၊ (၃)သမ္ဘောဂစသည်ကိုပြုခြင်း။

## *ကဏ္ဍက သိက္ခာပုဒ်*

**မေး။** နာသန အပြားနှင့် အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** (၁) သံဝါသနာသန (၂) လိင်္ဂနာသန (၃)ဒဏ္ဍကမ္မနာသန ဟု နာသန(ဖျက်ဆီးခြင်း) သုံးမျိုးရှိပါသည်။

*သံဝါသနာသန။* ။အာပတ်ကိုမရှုခြင်း , မကုစားခြင်း ,မိစ္ဆာအယူကိုမစွန့်ခြင်းကြောင့် နှင်ထုတ်ခြင်းသည် " သံဝါသနာသန " မည်၏။

*လိင်္ဂနာသန။* ဒူသကော နာသေတဗ္ဗော၊ မေတ္တိယံ ဘိက္ခုနိံ နာသေထ၊ ဟူသော အသွင်ကိုဖျက်၍ လူထွက်စေခြင်းသည် "လိင်္ဂနာသန"မည်၏။

*ဒဏ္ဍကမ္မနာသန။* ယနေ့ကစ၍ မြတ်စွာဘုရားကို ဆရာဟု မညွှန်လင့်ဟု ဒဏ်ပေးခြင်းဖြင့် ဖျက်ဆီးခြင်းသည် "ဒဏ္ဍကမ္မနာသန "မည်၏။

http://www.dhammadownload.com



**မေး** နာသနသုံးမျိုးတို့တွင် ဤသိက္ခာပုဒ်၌ ယူရမည့်နာသနကိုရေး၍၊ ဥပလာပေယျ၌ ဖျားယောင်းပုံကိုလည်း ရေးခဲ့ပါ။

**ဖြေ။** နာသနသုံးမျိုးတို့တွင် ဤ၌ ဒဏ္ဍကမ္မနာသနကို ယူရပါသည်။

ဖျားယောင်းပုံ။ ။သပိတ်ပေးအံ့ ,သင်္ကန်းပေးအံ့ ,ပါဠိ+အဋ္ဌကထာသင်ပေးအံ့ ဟုပြော၍ ချီးမြှောက်(သိမ်းသွင်းခြင်း)ကို ဖျားယောင်းသည်ဟုခေါ်ပါသည်။

## သဟဓမ္မိကဝဂ်

## သဟဓမ္မိက သိက္ခာပုဒ်

**မေး။** သွယ်ဝိုက်သောစကားဖြင့် မလေးမစားပြောလျှင် အပြစ်မှလွတ်ပါသလော၊ စိစစ်ပြပါ။

**ဖြေ။** မလေးမစားပြုသည့်အတွက် အာပတ်သင့်မည်မှ ကြောက်သောကြောင့် မကျင့်နိုင်ဟု တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်သောစကားဖြင့် မလေးမစား ပြောလျှင် စကားခွန်းတိုင်း ပါစိတ်အာပတ်သင့်ပါသည်။

ဝိနည်းမဟုတ်သော သုတ္တန်+အဘိဓမ္မာစကားဖြင့် ဆုံးမသည်ကို မလေးမစား ပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏။

**အင်္ဂါ နှစ်ပါး။** (၁) ရဟန်းက ပညတ်တော်ဖြင့် ပြောဆိုခြင်း၊

(၂)မကျင့်လိုသည့်အတွက် နတာဝါဟံ စသည်ဖြင့် ပြောဆိုခြင်း။

## ဝိလေခန သိက္ခာပုဒ်

**မေး။** ဥဒ္ဒိသမာနအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ဆရာက တပည့်အား ပြောဆိုပို့ချသည်ကိုငှင်း၊ သရဇ္ဈာယ်ခြင်း၏အစွမ်းဖြင့် အဖန်ဖန်ရွတ်ဆိုခြင်း(ဝါ)စာပြန်ခြင်းကိုငှင်း၊ ဥဒ္ဒိသမာနအရယူရပါသည်။

http://www.dhammadownload.com



**မေး။** လူ သာမဏေ၏အထံ၌ ကဲ့ရဲလျှင် အဘယ်အပြစ်ဖြစ်ပါသနည်း။

**ဖြေ။** (၁) လူ သာမဏေ၏အထံ၌ ဝိနည်းကိုကဲ့ရဲ့လျှင်၄င်း၊ (၂) ဥပသမ္ပန္န+အနုပသမ္ပန္နနှစ်ဦးလုံးအထံ၌ ဝိနည်းမှတစ်ပါးအခြားသောသုတ္တန်+အဘိဓမ္မာတရားကို ကဲ့ရဲ့လျှင် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

**အင်္ဂါ နှစ်ပါး။** (၁) ကဲ့ရဲ့လိုခြင်း၊ (၂)ရဟန်း၏အထံ၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်း။

## မောဟန သိက္ခာပုဒ်

**မေး။** ဤ၌ ဥဒ္ဒိဿမာနအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ဥပုသ်ပြုခြင်း၏အစွမ်းဖြင့် ရွတ်ပြခြင်းကို ယူရပါသည်။

**မေး။** ဤ၌ မောဟနကံသို့ တင်ပုံကို အကျဉ်းချုပ်ရေးပါ။

**ဖြေ။** "တဿ တေ အာဝုသော အလာဘာ "စသော စကားတို့ဖြင့် ကဲ့ရဲ့ပြီး၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် မောဟနကံသို့ တင်ရပါသည်။
မောဟနကံသို့ တင်ပြီးနောက် တွေဝေစေလျှင် ပါစိတ်အာပတ်သင့်ပါသည်။
မောဟနကံသို့ မတင်ရသေးမီ တွေဝေစေလျှင် ဒုက္ကဋ်အာပတ်သာ သင့်၏။

**အင်္ဂါ လေးပါး။** (၁) မောဟကံသို့တင်ပြီးခြင်း၊ (၂) တွေဝေစေလိုခြင်း (၃)ပါတိမောက်အကျယ်ပြသည်ကို နှစ်ကြိမ်, သုံးကြိမ်မျှ ကြားဘူးခြင်း (၄)မသိဟန်ဆောင်ခြင်း အားဖြင့် အင်္ဂါလေးပါးဖြစ်ပါသည်။

## ပဟာရ သိက္ခာပုဒ်

**မေး။** ရိုက်ပုတ်၍ သေသွားလျှင် ပါရာဇိကကျပါသလော။

http://www.dhammadownload.com



**ဖြေ။** ရိုက်ပုတ်လို၍ ရိုက်ရာ၌ သေသွားသော်လည်း ပါရာဇိကမကျပါ၊ ပါစိတ် အာပတ်သာ သင့်ပါသည်။

***(မှတ်ချက်)*** ရုပ်အဆင်းပျက်အောင် ပြုလို၍ နားစသည်ကို ဖြတ်လျှင် ဒုက္ကဋ် အာပတ်သာ သင့်ပါသည်၊ မိမိကို နှိပ်စက်၍ လွတ်မြောက်လိုသည့်အတွက် ပြန်လည်၍ ရိုက်လျှင် အာပတ်မသင့်ပါ။

***အင်္ဂါ သုံးပါး။*** (၁) စိတ်ဆိုးခြင်း (၂)လွတ်မြောက်လိုသည်၏အဖြစ်မရှိခြင်း၊ (၃)ရဟန်းအား ပုတ်ခတ် ရိုက်နှက်ခြင်း။

## *တလသတ္တက သိက္ခာပုဒ်*

**မေး။** အဘယ်ကို ဥဂ္ဂိရဏ(ရွယ်မိုးသည်) ဟု ခေါ်ပါသနည်း။

**ဖြေ။** ရိုက်ပုတ်မည့် အခြင်းအရာကိုပြလျက် ကာယကိုဖြစ်စေ, ကာယပဋိဗဒ္ဓ ကိုဖြစ်စေ မြှောက်ပင့် ရွယ်+မိုးခြင်းကို "ဥဂ္ဂိရဏ" ဟုခေါ်ပါသည်။

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ ရိုက်ပုတ်ရန် ရည်ရွယ်ခြင်းကြောင့် ပါစိတ် အာပတ်သင့်ပါသည်၊ အကယ်၍ ရွယ်ရာမှ ချွတ်ချော်ပြီး ရိုက်မိလျှင် ဒုက္ကဋ် အာပတ်သာသင့်ပါသည်။ ***(အကြောင်းကား)*** ပုတ်ခတ်ခြင်း၌ အလိုမရှိဘဲ ရိုက်မိသောကြောင့် ဖြစ်ပါသည်။

ချွတ်ချော်ပြီး ရိုက်မိရာ၌ လက်စသည်ကျိုးသွားလျှင်လည်း ဒုက္ကဋ်သာ သင့်၏

## *အမူလက သိက္ခာပုဒ်*

**မေး။** အနုဒ္ဓံသေယျအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ကိုယ်တိုင်စောဒနာခြင်း, သူတစ်ပါးကို စောဒနာစေခြင်း နှစ်မျိုးကို ယူရ ပါသည်။

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်နိုင်သူတို့ကို ရေးပါ။

**ဖြေ။** အာစာရဝိပ္ပတ္တိ ၊ ဒိဋ္ဌိဝိပ္ပတ္တိ ဖြင့် စွပ်စွဲလျှင် ဒုက္ကဋ်အာပတ်သင့်၏။ လူ သာမဏေကို စွပ်စွဲလျှင်လည်း ဒုက္ကဋ်အာပတ်ပင် သင့်ပါသည်။ စွပ်စွဲခံရသူက စွပ်စွဲဆဲခဏမှာပင် သိရှိမှသာ ပါစိတ်အာပတ်သင့်ပါသည်။

**အင်္ဂါ လေးပါး။** (၁) စွပ်စွဲခံရသူက ရဟန်းဖြစ်ခြင်း၊ (၂)သံဃာဒိသေသ်၏ အမူလကဖြစ်ခြင်း၊ (၃)စွပ်စွဲခြင်း၊ (၄) ထိုစွပ်စွဲပြီးခဏ၌ သိခြင်း။

## သဉ္စိစ္စ သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ ကုက္ကုစ္စဖြစ်အောင် လုပ်ပုံကို ရေးပါ။

**ဖြေ။** " သင်သည် အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းဖြစ်ခဲ့သည် ထင်၏" စသော စကားတို့ကို ပြောဆိုလျက် ကုက္ကုစ္စကို ဖြစ်စေပါသည်။

**(မှတ်ချက်)** အကျိုးစီးပွါးဖြစ်စေလိုမှု သက်သက်ဖြင့် ပြောလျှင်ကား အာပတ် မသင့်နိုင်ပါ။

**အင်္ဂါ သုံးပါး။** (၁)ပြောဆိုအပ်သူက ရဟန်းဖြစ်ခြင်း၊(၂) စိတ်မချမ်းသာစေလိုခြင်း၊ (၃) ကုက္ကုစ္စဖြစ်စေခြင်း။

## ဥပဿုတိ သိက္ခာပုဒ်

**မေး။** အဘယ်ကို ဥပဿုတိ ဟုခေါ်ပါသနည်း။

**ဖြေ။** တိုင်ပင်သူတို့၏ စကားကို ကြားနိုင်လောက်ရာအရပ်၌ ရပ်တည်ခြင်းကို " ဥပဿုတိ " ဟုခေါ်ပါသည်။

oooooooooooooooooooooooooo

http://www.dhammadownload.com



**မေး။** မိမိနေရာသို့ လာ၍တိုင်ပင်ကြလျှင် အဘယ်သို့ပြုရပါမည်နည်း။

**ဖြေ။** မိမိနေရာအရပ်သို့ လာ၍တိုင်ပင်ကြသော် ချောင်းဟန့်၍သော်၎င်း၊ ငါဒီမှာရှိသည်ဟု ပြောဆို၍သော်၎င်း၊ သိစေရမည်။ အကယ်၍ အသိမပေးဘဲ နားထောင်နေလျှင် ပါစိတ်အာပတ်ပင် သင့်ပါသည်။

**မေး။** တိုင်ပင်နေသူတို့၏အထံသို့ အပြစ်မဖြစ်အောင် သွားနည်းကိုရေးပါ။

**ဖြေ။** " ဤရဟန်းတို့၏ စကားကိုကြားရလျှင် အထူးရှောင်ကြဉ်အံ့၊ ငြိမ်းအေးစေအံ့၊ မိမိကိုယ်ကို လွတ်မြောက်စေအံ့ ဟူသောရည်ရွယ်ချက်ဖြင့် သွားလျှင် အပြစ်မဖြစ်ပါ။

**<u>အင်္ဂါ သုံးပါး</u>။** (၁) ရဟန်းဖြစ်ခြင်း၊ (၂)စောဒနာလိုခြင်း၊ (၃)နားထောင်ခြင်း။

## <u>ကမ္မပ္ပဋိဗာဟန သိက္ခာပုဒ်</u>

**မေး။** ဓမ္မိကာန် ကမ္မာနံ ၌ အဘယ်ကံမျိုးကို ဓမ္မိကကံဟုခေါ်ပါသနည်း။

**ဖြေ။** ဓမ္မ ,ဝိနယ ,သတ္ထုသာသနဖြင့် ပြုအပ်သော အပလောကနကံ ဉတ္တိကံ, ဉတ္တိဒုတိယကံ ,ဉတ္တိစတုတ္ထကံဟူသော ကံလေးပါးတို့ကို " ဓမ္မိကကံ " ခေါ်ပါသည်။

**မေး။** ကံလေးပါးတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးပါ။

**ဖြေ။** (၁) ညီညွတ်သောသံဃာတော်၏ ခွင့်ပြုချက်ဖြင့် ထိုထိုဝတ္ထုကို ပြောကြားပြီး "သံဃာတော်များ နှစ်သက်ပါသလား "ဟု သုံးကြိမ်မေးမြန်းသိစေပြီး ပြုသောကံကို " **အပလောကနကံ** " ဟုခေါ်ပါသည်။

(၂)ညီညွတ်သောသံဃာတော်၏ ခွင့်ပြုချက်ဖြင့်ပင် ဉတ်တစ်ကြိမ်တည်းဖြင့်

http://www.dhammadownload.com



ပြုအပ်သောကံကို " ဉတ္တိကံ " ဟုခေါ်ပါသည်။

(၃) ဉတ်တစ်ကြိမ်၊ ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သောကံကို " **ဉတ္တိဒုတိယကံ** ဟုခေါ်ပါသည်။

(၄)ဉတ်တစ်ကြိမ်၊ကမ္မဝါစာသုံးကြိမ်တို့ဖြင့်ပြုအပ်သောကံကို **ဉတ္တိစတုတ္ထကံ** ဟုခေါ်ပါသည်။

***မေး။*** အပလောကနကံပြုရမည့် ဌာနတို့ကို ရေတွက်ပြပါ။

***ဖြေ။*** (၁) ဩသာရဏာဌာန (၂)နိဿရဏာဌာန (၃)ဘဏ္ဍုကမ္မဌာန (၄)ဗြဟ္မဒဏ္ဍဌာန (၅)ကမ္မလက္ခဏာဌာန

**<u>အဓိပ္ပါယ်အကျယ်။</u>**

(၁) ကဏ္ဋကသာမဏေကို ဖျက်ဆီးခြင်းကဲ့သို့ ဖျက်ဆီးခြင်းကို (ဝါ)နှင်ထုတ်ခြင်းကို " နိဿာရဏာကံ " ဟုခေါ်ပါသည်။

(၂) နှင်ထုတ်ခံရပြီးနောက် ကောင်းမွန်စွာကျင့်ကြ၍ သံဃာဘောင်သို့သွင်းခြင်းကို " ဩသာရဏာ "ဟုခေါ်ပါသည်။

(၃) ရှင်သာမဏေလောင်းကို ဆံပင်ရိတ်ဖို့ရန် ပန်ကြားခြင်းကို "ဘဏ္ဍုကမ္မ" ဟုခေါ်ပါသည်။

(၄) နှုတ်ကြမ်းသောရဟန်းကို အခြားရဟန်းများက ဆုံးမခြင်း,သွန်သင်တားမြစ်ခြင်းမပြုကြရန် သုံးကြိမ်ပန်ကြား၍ ပြုအပ်သောကံကို "ဗြဟ္မဒဏ်" ဟုခေါ်ပါသည်။

(၅) ဘိက္ခုနီမတို့အား ပေါင်လှန်ပြခြင်းစသောအမှုကို ပြုသောရဟန်းကို ဘိက္ခုနီမတို့က ရှိမခိုးကြရန် ဘိက္ခုနီကျောင်း၌ပင် နေလျက် ပန်ကြား၍ ပြုသောကံကို " ကမ္မလက္ခဏာ "ဟုခေါ်ပါသည်။

***(အထူးမှတ်ချက်)*** ဤကမ္မလက္ခဏာမည်သည်ကို ဘိက္ခုနီများအတွက်သာ ပညတ်ထား၏ သို့သော် ရဟန်းယောကျ်ားများအတွက်လည်း အစ္ဆိန္နစီဝရရဟန်း

http://www.dhammadownload.com



စသည်တို့အား သင်္ကန်းစသည်ပေးလိုသော်၄င်း၊ သုံးဆောင်ထိုက်, ဖယ်ရှားထိုက်သောဝတ္ထုတို့ကို သုံးဆောင်လို ;ဖယ်ရှားလိုသော်၄င်း၊ တရားနှင့်လျော်ညီသော ကတိကဝတ်ကို ပြုလိုသော်၄င်း၊သုံးကြိမ်ပြောကြား၍ အပလောကနကံပြုရာ၌ ရနိုင်ပါသည်။

**မေး။** ဉတ္တိကံပြုရာဌာနတို့ကို ရေးပါ။

**ဖြေ။** (၁) ဩသာရဏ (၂)နိဿာရဏ (၃)ဥပုသ် (၄)ပဝါရဏာ (၅)သမ္မုတိ (၆)ပေးခြင်း (၇)ခံယူခြင်း (၈)ပဝါရဏာကိုင်ခြင်း (၉)ကမ္မလက္ခဏာအားဖြင့် (၉)ဌာနဖြစ်ပါသည်။

**မေး။** ဉတ္တိကမ္မ(၉)ဌာနတို့၏ အဓိပ္ပါယ်တို့ကို ရေးပါ။

**ဖြေ။** (၁) ရဟန်းလောင်းကို သံဃာဘောင်သို့သွင်းခြင်းသည် ဩသာရဏမည်၏

(၂) ဥဗ္ဗာဟိကဝိနိစ္ဆယ၌ ဓမ္မကထိကရဟန်းကို သံဃာဘောင်မှနှင်ထုတ်ခြင်းသည် နိဿာရဏမည်၏။

(၃) ဥပုသ်ကံ၏အစွမ်းအားဖြင့် ထားအပ်သောဉတ်သည် ဥပေါသထမည်၏။

(၄)ပဝါရဏာကံ၏အစွမ်းအားဖြင့် ထားအပ်သောဉတ်သည် ပဝါရဏာမည်၏။

(၅) ရဟန်းလောင်းကို ဆုံးမခြင်းငှါ မိမိကိုယ်ကို၄င်း,သူတစ်ပါးကို၄င်း သမုတ်ခြင်းငှါ ထားအပ်သောဉတ်သည် သမ္မုတိမည်၏။

(၆) စွန့်အပ်သောသံပိတ်သင်္ကန်းစသည်ကို ပေးခြင်းသည် ဒါနမည်၏။

(၇) အာပတ်ကိုခံယူခြင်းသည် ပဋိဂ္ဂဟမည်၏။

(၈)ပြုအပ်ပြီးသောပဝါရဏာကို အထက်သို့ငင်ခြင်းသည် ပစ္စုက္ကဍ္ဎနာမည်၏

(၉) တိဏဝတ္ထာရကသမထ၌ သမ္ဗသင်္ဂါဟိကဉတ်, ပက္ခတစ်ခုခု၌ ထားအပ်ဉတ်နှစ်ခုအားဖြင့် သုံးပါးသောဉတ်တို့သည် ကမ္မလက္ခဏာမည်၏။

**မေး။** ဉတ္တိဒုတိယကံပြုရမည့် ဌာနတို့ကို ရေတွက်ပြပါ။

http://www.dhammadownload.com



**ဖြေ။** ဥတ္တရိဒုတိယကံပြုရမည့်ဌာနတို့သည် (၁)ဩဿာရဏာကံ (၂)နိဿာရဏာကံ (၃) သမ္မုတိ (၄)ဒါန (၅)ဥဒ္ဒါရ (၆)ဒေသန (၇)ကမ္မလက္ခဏာအားဖြင့် (၇)ဌာနရှိပါသည်။

***(အစီပွါယ်)***

(၁) ဘိက္ခုနံ အလာဘာယ ပရိသက္ကတိ စသောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဒါယကာအပေါ်၌ သံဃာသည် သုံးဆောင်ခြင်းမရှိအောင် ပြုခြင်းငှါ ပတ္တနိက္ကုဇ္ဇနကံ၏အစွမ်းအားဖြင့် သံဃာဘောင်မှ နှင်ထုတ်ခြင်းသည် နိဿာရဏာမည်၏။

(၂)ကောင်းစွာကျင့်သော ထိုဒါယကာအပေါ်၌ပင် သပိတ်လှန်ခြင်း၏အစွမ်း အားဖြင့် သံဃာဘောင်သို့ သွင်းခြင်းသည် ဩဿာရဏာမည်၏။

(၃) သိမ်သမုတ်ခြင်းစသော သမ္မုတိ၏အစွမ်းအားဖြင့် သမုတ်ခြင်းသည် သမ္မုတိမည်၏။

(၄) ကထိန်သင်္ကန်းပေးခြင်း ,မတကသင်္ကန်းပေးခြင်းသည် ဒါနမည်၏။

(၅) ကထိန်နှုတ်ခြင်းသည် ဥဒ္ဒါရမည်၏။

(၆) ကုဋိနေရာ ကျောင်းနေရာကို ညွှန်ပြခြင်းသည် ဒေသနာမည်၏။

(၇) တိဏဝတ္ထာရကသမထ၌ ပဟာအပ်သော ဥတ္တရိဒုတိယကမ္မဝါစာ , မောဟာရောပနကမ္မဝါစာတို့သည် ကမ္မလက္ခဏာမည်၏။

**မေး။** ဥတ္တရိစတုတ္ထကံ၏ ပြုရာဌာနတို့ကို ရေတွက်ပြပါ။

**ဖြေ။** ဥတ္တရိစတုတ္ထကံ၏ပြုရာဌာနတို့သည် (၁)ဩဿာရဏာ (၂)နိဿာရဏာ (၃)သမ္မုတိ (၄)ဒါန (၅) နိဂ္ဂဟ (၆)သမနုဘာသန (၇)ကမ္မလက္ခဏာဟူ၍ ခုနစ်ဌာနရှိပါသည်။

**အစီပွါယ်။** (၁)တဇ္ဇနီယစသော ကံ(၇)မျိုးတို့ဖြင့် နှင်ထုတ်ခြင်းသည် နိဿာရဏာ မည်၏။

http://www.dhammadownload.com



(၂)ထိုက်(၇)မျိုးတို့ကိုပင် ငြိမ်းအေးစေခြင်းသည် သြသာရဏာမည်၏။
(၃) ဘိက္ခုနောဝါဒကသမ္မုတိသည် သမ္မုတိမည်၏။
(၄)ပရိဝါသ်ပေးခြင်း, မာနတ်ပေးခြင်းသည် ဒါနမည်၏။
(၅) အရင်းသို့ပြန်ငင်ခြင်း မူလာယပရိကဿနသည် နိဂ္ဂဟမည်၏။
(၆) ယာဝတတိယကကံစသော သမနုဘာသန(၁၁)မျိုးတို့သည် သမနုဘာသနမည်၏။
(၇) ဥပသမ္ပဒကံ, အဗ္ဘာနကံတို့သည် ကမ္မလက္ခဏာမည်၏။

**မေး။** ဉတ္တိဒုတိယကံကို ဂရုကံ, လဟုကံအားဖြင့်ခွဲခြားပြပါ။

**ဖြေ။** __ဉတ္တိဒုတိယ ဂရုကံ(၆)မျိုး။__

(၁)သိမာသမ္မုတိကံ (၂)သိမာသမူဟနနကံ (၃)ကထိနစီဝရဒါနကံ (၄)ကထိနုဒ္ဓါရကံ (၅) ကုဋိဝတ္ထုဒေသနာကံ (၆)ဝိဟာရဝတ္ထုဒေသနာကံ ဤဉတ္တိဒုတိယကံ(၆)မျိုးတို့သည် ဂရုကံများဖြစ်ကြ၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့်သာ ပြုရပါသည်။

__ဉတ္တိဒုတိယ လဟုကံများ။__

(၁)သမ္မုတိဆဲ့သုံးမျိုးနှင့် သေနာသနဂ္ဂါဟာပကသမ္မုကံ ,မတကစီဝရဒါနသမ္မုတိကံများသည် ပေါ့သော လဟုကံများဖြစ်ကြ၍ ပန်ကြား၍လည်း ပြုနိုင်ပါသည်။

__အင်္ဂါ သုံးပါး။__(၁)ဓမ္မကံဖြစ်ခြင်း (၂)ဓမ္မကံဟုအမှတ်ရှိခြင်း (၃)ဆန္ဒပေးပြီးနောက် ရှုံ့ချခြင်း။

## __ဆန္ဒ အဒတွာ ဂမန သိက္ခာပုဒ်__

**မေး။** အဘယ်စကားမျိုးကို " ဆုံးဖြတ်၍ မပြီးသေးသောစကားဟုခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဝတ္ထုကို ပြောကြားပြီးနောက် အာပတ်အမည်တပ်၍ မဆုံးဖြတ်အပ် သေးသော စကားသည် (သို့မဟုတ်) ဉတ်ထားပြီးနောက် ကမ္မဝါစာမပြီးသေးသမျှသော ဆုံးဖြတ်ကြောင်းစကားသည် "မပြီးဆုံးသေးသော အဆုံးအဖြတ်" စကားမည်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူများကို ရေးပါ။

**ဖြေ။** (၁) အဓမ္မကံဟု အမှတ်ရှိ၍ ဖဲသွားသောသူ၊ (၂) သံဃာတော်အား ငြင်းခုံခြင်းစသည်ဖြစ်လိမ့်မည်ဟု၎င်း၊ အဓမ္မဖြစ်၍၎င်း ,ဝဂ္ဂသံဃာဖြစ်၍၎င်း၊ ကံမထိုက်သူအပေါ်၌၎င်း၊ ကံပြုလိမ့်မည်ဟု သိ၍ ဖဲသွားသူ၊ (၃) မကျန်းမာ၍သော်၎င်း မကျန်းမာသူ၏ကိစ္စကြောင့်သော်၎င်း, ကျင်ကြီးကျင်ငယ်စသည်နှိပ်စက်၍၎င်း ကံမပျက်စေလိုဘဲ ပြန်လာမည်ဟူသောအကြံဖြင့် သွားသူ၊ (၄) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အဘယ်ကို ဖဲသွားသည် ဟုခေါ်ပါသနည်း။

**ဖြေ။** ဟတ္ထပါသ်ကို စွန့်၍ တည်နေခြင်းကို ဖဲသွားသည်ဟု ခေါ်ပါသည်။

***အင်္ဂါ ခြောက်ပါး။*** (၁) ဝိနိစ္ဆယကထာ ဖြစ်နေခိုက်ဖြစ်ခြင်း၊ (၂) ဓမ္မကံဖြစ်ခြင်း (၃) ဓမ္မကံဟုအမှတ်ရှိခြင်း၊ (၄) တူသောသိမ်၌တည်ခြင်း၊ (၅) တူသောသံဝါသရှိသူဖြစ်ခြင်း၊ (၆) ကံပျက်စေလို၍ ဟတ္ထပါသ်ကို စွန့်ခြင်း။

## ***ဒုဗ္ဗလ သိက္ခာပုဒ်***

**မေး။** အဘယ်သံဃာကို သမဂ္ဂသံဃာဟု ခေါ်ပါသနည်း။

**ဖြေ။** တူသောသံဝါသရှိ၍ တူသောသိမ်၌တည်သော သံဃာကို "သမဂ္ဂသံဃာ" ဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** ယထာသန္တတော၌ မိတ်ဆွေအပြားကို ရေးပါ။

**ဖြေ။** မိတ်ဆွေသည် (၁)သာမညမိတ်ဆွေ (၂)သန္ဒိဋ္ဌမိတ်ဆွေ (၃)သမ္ဘတ္တ မိတ်ဆွေ ဟု သုံးမျိုးရှိပါသည်။

**မေး။** စွန့်ကောင်း/ဝေဘန်ကောင်းသောပရိက္ခရာတို့ကို ရေးခဲ့ပါ။

**ဖြေ။** ဂရုဘဏ်ငါးမျိုးတို့မှ ကြွင်းသောပရိက္ခရာသည် စွန့်ကောင်း/ဝေဘန်ကောင်းသော ပရိက္ခရာမည်၏။

**မေး။** ဂရုဘဏ်ငါးမျိုးတို့ကို ခွဲခြားပြပါ။

**ဖြေ။** (၁) အာရာမ +အာရာမဝတ္ထု
(၂)ဝိဟာရ +ဝိဟာရဝတ္ထု
(၃)မဉ္စ ,ပီဌ ,ဘိသိ ,ဗိမ္ဗောဟန ,။
(၄) သံအိုး ,ကြေးအိုး၊ သံအိုးစရည်း ,ကြေးအိုးစရည်း၊ သံရေအိုး ,ကြေးရေအိုး သံဖျင်းအိုး,ကြေးဖျင်းအိုး၊ပဲကွပ်,ပေါက်ဆိန်,တားမ ,ပေါက်တူး ,ဆောက်။
(၅) နွယ် ,ဝါး ,ဖြူဆံမြက်,ပြိတ်မြက်,မြက်သာမန် ,မြေညက် ,သစ်သား ဘဏ္ဍာ မြေညက်ဘဏ္ဍာ။ ဤငါးမျိုးသော သံဃိကပစ္စည်းတို့ကို အခြားသော သံဃာအားငှင်း၊ ဂိုဏ်း,ပုဂ္ဂိုလ်အားငှင်း၊ စွန့်ခြင်း,ဝေဘန်ခြင်းငှါ မပြုလုပ်ကောင်းပါ၊ အကယ်၍ စွန့်ပြီး ဝေဘန်ပြီးဖြစ်သော်လည်း သံဃိက တို့သာ ဖြစ်၏။

**မေး။** ဂရုဘဏ်ပစ္စည်းတို့ကို လဲလှယ်ကောင်းသောနည်းလမ်းကို ရေးခဲ့ပါ။

**ဖြေ။** ထာဝရဂရုဘဏ်အချင်းချင်းသော်၎င်း၊ အထာဝရ,အကပ္ပိယဂရုဘဏ် ဖြင့်ဖြစ်စေ ,အဖိုးထိုက်သော ကပ္ပိယဂရုဘဏ်ဖြင့်ဖြစ်စေ အခြားသော

http://www.dhammadownload.com



အထာဝရဂရုဘဏ်ကိုသော်၎င်း၊ သံဃာအားကျေးဇူးများသည်ကို မှတ်သား၍ အပ်သောလဲလှယ်နည်းဖြင့် လဲလှယ်ကောင်းပါသည်။
ကျောင်းကောင်းတို့ကို စောင့်ရှောက်ခြင်းငှါ အညံ့စားကျောင်းတို့ကို စွန့်ကောင်းပါသည်။

**မေး။** ဂရုဘဏ်ပစ္စည်းတို့၏ ပမာဏကို ရေးပါ။

**ဖြေ။** ဂရုဘဏ်ငါးမျိုးတို့တွင် (၁)အုပ်စု,(၂)အုပ်စု,(၃)အုပ်စုတို့သည် အားလုံး ဂရုဘဏ်ချည်းသာ ဖြစ်၏၊ လဟုဘဏ်မဖြစ်နိုင်။
စတုတ္ထအုပ်စု၌ သံအိုး, ကြေးအိုး ,သံရေလောင်အိုး ,ကြေးရေလောင်အိုး၊ သံဖျဉ်းအိုး ,ကြေးဖျဉ်းအိုး၊ ဤသုံးမျိုးတို့သည် အောက်ထစ်ဆုံး တစ်လက်ဖက်မျှသော ရေဆန့်ဝင်လျှင် ဂရုဘဏ်ဖြစ်၏။
သံ, ကြေးနီ, ကြေးဖြူ, ကြေးပုပ် တစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော တစ်ပါဒဝင်ဆန့်သော သံအိုး ,ကြေးအိုးကို ဝေဘန်ကောင်း၏။
မဂဓကွမ်းစားဖြင့် ငါးကွမ်းစားထက်ပို၍ ဆန့်ဝင်သောအိုးသည် ဂရုဘဏ်ဖြစ်ပါသည်။

**မေး။** ပါဠိတော်၌မလာသော ဂရုဘဏ်များကို ထုတ်ပြပါ။

**ဖြေ။** ရေကရား ,ဇွေးခံ ,ရေမှုတ် ,ယောင်းမ , ယောက်ချို ,ခွက် , စလောင်း ရေသောက်ခွက် ,သေတ္တာ ,မီးအိုးကင်း ,မီးမွှေယောင်းမ , ဤပစ္စည်းတို့သည် ငယ်သော်လည်း ဂရုဘဏ်တို့သာဖြစ်၏။
(သံသပိတ်, သံခွက်, ကြေးနီခွက်တို့ကိုကား ဝေဘန်ပေညင်း၏)

**မေး။** သုံးဆောင်ကောင်း/မသုံးဆောင်ကောင်း နှစ်မျိုးရနိုင်သောပစ္စည်းတို့ကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** ကြေးဖြူ ,ကြေးပုပ်ဖြင့် ပြုလုပ်အပ်သော ခွက်အထူးကို သံဃိကပစ္စည်း သုံးဆောင်နည်းဖြင့်၄င်း၊ လူအသုံးအဆောင်အနေအားဖြင့်၄င်း၊ သုံးဆောင်ကောင်း၏၊ ပုဂ္ဂလိကအနေအားဖြင့် မသုံးဆောင်ကောင်းပါ။

**မေး။** ဝေဘန်ကောင်းသော သံထည်ပစ္စည်းများကို ထုတ်ပြပါ။

**ဖြေ။** မျက်စဉ်း ,နှာနပ်တံ ,နပါချေးကလော် ,အပ် ,ဓားငယ် ,အပ်နဖါးထွင်းစူး, သော့ ,မင်းတုပ် ,တောင်ဝှေး၌စွပ်သော သံကွင်း ကြေးကွင်း ,ခရင်း ,သံတုံး ကြေးတုံး ,ပြု၍မပြီးသေးသော သံဘဏ္ဍာ ကြေးဘဏ္ဍာအားလုံးတို့ကို ဝေဘန်ကောင်းပါသည်။

**မေး။** လူတို့၏ ရွှေထည်ပစ္စည်းများကို ကိုင်ကောင်းပါသလော။

**ဖြေ။** ရွှေခွက် ,ငွေခွက် ,ကြေးဝါခွက် ,ဖန်စစ်ခွက်တို့သည် လူတို့၏ဥစ္စာပင် ဖြစ်သော်လည်း မအပ်ကုန်၊ မကိုင်ကောင်းပါ။

*(မှတ်ချက်)* သေနာသနအသုံးအဆောင်ဖြစ်လျှင်ကား ကိုင်ကောင်းသော ဘဏ္ဍာ ,မကိုင်ကောင်းသောဘဏ္ဍာအားလုံး အပ်ပါသည်၊ ကိုင်ကောင်း၏။

**မေး။** ကျောင်းပစ္စည်းများ ငှါးကောင်း /မငှါးကောင်း စီစစ်ပြပါ။

**ဖြေ။** ကျောင်း၌ လှူထားသော ပဲကွပ် ,ပုဆိန် ,ဓားမ,စသည်တို့ကို အကြောင်း ရှိ၍ လူတို့က ငှါးလျှင် ပေးကောင်း၏၊ ပြန်ပေးလျှင် ပြန်ယူကောင်း၏၊ မပေးလျှင် မတောင်းအပ်ပါ။

**မေး။** သံဃိကနွယ်နှင့် ပတ်သက်၍ သိသင့်သည်ကို ရေးပါ။

**ဖြေ။** သံဃာအားလှူထားသော ကြိမ်စသောနွယ်ဖြစ်စေ ,သံဃိကမြေ၌ ပေါက်

http://www.dhammadownload.com



သော နွယ်ဖြစ်စေ၊ ရက္ခိတ,ဂေါပိတနွယ်ဖြစ်လျှင် လက်မောင်းထက်ဝက် ပမာဏရှိပါက ဂရုဘဏ်ဖြစ်၏။ ငှင်းနွယ်ကို သံဃိကအတွက် , စေတီ အတွက် သုံးပြီး၍ပိုလျှင် ပုဂ္ဂလိကကိစ္စ၌လည်း သုံးဆောင်ကောင်း၏။

**မေး။** လျှော်နှင့်ပတ်သက်၍ သိသင့်သည်များကို ရေးပါ။

**ဖြေ။** လျှော်အမျိုးမျိုး ,အုန်းဆံမျှင် ,သားရေကြိုးစသည်တို့ကို ကျစ်ထားသော တစ်လွန်းတင် ,နှစ်လွန်းတင်ကြိုးများသည် သံဃိကဖြစ်လျှင် ဂရုဘဏ်ဖြစ် ၏၊ မကျစ်ဘဲလှူအပ်သော လျှော် ,အုန်းဆံမျှင်တို့သည် ဝေဘန်ကောင်း သော ပစ္စည်းများဖြစ်၏။

**မေး။** ဝါးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ရေးပါ။

**ဖြေ။** အလျားလက်ရှစ်သစ် ,လုံးပတ် သီဟိုဠ်ကြည်စ်ရိုးပမဏာရှိသော သံဃာ အား လှူအပ်သော ဝါးသည်ငှင်း၊ သံဃိကမြေ၌ ပေါက်သောဝါးသည်ငှင်း၊ ဂရုဘဏ်ဖြစ်၏။ ငှင်းဝါးကို သံဃကိစ္စ ,စေတီကိစ္စပြုပြီးနောက် ပိုလျှံသော ဝါးကို ပုဂ္ဂလိကကိစ္စ၌လည်း သုံးကောင်းပါသည်။

တစ်ပါဒဆန့်သော ဆီကျည်တောက်နှင့် တောင်ဝှေး, ဖိနပ်ချိပ်စရာ ဒုတ်,ထီးရိုးဒုတ် ,ထီးရိုးဝါးခြမ်းစိတ်များသည် ဝေဘန်ကောင်းသော ဘဏ္ဍာ ဖြစ်ပါသည်။ (အိမ်ကို မီးအလောင်ခံရသောလူများ ယူသုံးလျှင် မတားဖြစ်ရ)

**မေး။** မြေညက်နှင့်ပတ်သက်သော အဆုံးအဖြတ်များကို ရေးပါ။

**ဖြေ။** ရိုးရိုးမြေ ,အရောင်အဆင်းရှိသောမြေ ,အင်္ဂတေ ,ပွဲညက် ,ကညင်စေး သစ်စေး ,စသည်အားလုံး ထန်းသီးမှည့်ပမာဏရှိလျှင် ဂရုဘဏ်ဖြစ်၏။ *( သုံးစွဲကောင်းပုံကို ဝါး၌ကဲ့သို့ မှတ်ရပါမည်)*

http://www.dhammadownload.com



**မေး။** မြက်နှင့် ပတ်သက်၍ အဆုံးအဖြတ်များကို ရေးပါ။

**ဖြေ။** အမိုးပြုလုပ်၍ရနိုင်သော တစ်ဆုပ်စာ ပမာဏရှိသော မြက်နှင့်ထန်းရွက်စသည်တို့သည် သံဃိကဖြစ်လျှင်၄င်း၊ သံဃိကမြေ၌ပေါက်လျှင်၄င်း၊ ရက္ခိတ ,ဂေါပိတသည်သာ ဂရုဘဏ်ဖြစ်၏။

(သုံးစွဲကောင်းပုံကို ဝါး၌ကဲ့သို့ မှတ်ရမည်)

**မေး။** သစ်သားနှင့်ပတ်သက်သော အဆုံးအဖြတ်ကို ရေးပါ။

**ဖြေ။** အလျားလက်ရှစ်သစ် ,လုံးပတ် သီဟိုဠ်ကညစ်ရိုး ပမာဏရှိသောသစ်သားသည် ရက္ခိတ ,ဂေါပိတဖြစ်လျှင် ဂရုဘဏ်ဖြစ်၏။

သစ်သားဖြင့်ပြုလုပ်သော အသုံးအဆောင်မှန်သမျှ သေတ္တာ , ရေဇလားရေမှုတ် ,ယောက်ချိုဖွန်း ,ရေခွက်မှစ၍ သံဃိကဖြစ်လျှင် ဂရုဘဏ်သာဖြစ်၏။

**မေး။** ဂရုဘဏ်ပစ္စည်းကို ယူသုံးမိလျှင် အဘယ်ကဲ့သို့ ပြုရပါမည်နည်း။

**ဖြေ။** ဂရုဘဏ်ပစ္စည်းကို မိမိအတွက်ယူသုံးသောရဟန်းသည် အညီအမျှသော်၄င်း၊ အပိုအလွန်သော်၄င်း၊ အစားပေး၍ ယူသုံးရမည်။ ၄င်းဂရုဘဏ်ပစ္စည်းများကို အစိုးတရအနေဖြင့် ပေးစွန့်လျှင် ထုလ္လစ္စည်းအာပတ်သင့်၏။ ခိုးလိုသောစိတ်ဖြင့် ယူလျှင် ဘဏ္ဍာကို တန်ဘိုးဖြတ်၍ ဆုံးဖြတ်ရမည်။

**မေး။** ဆင်စွယ်စသည်ကို အဘယ်သို့ ဆုံးဖြတ်ရပါသနည်း။

**ဖြေ။** ဆင်စွယ်နှင့် သားချိုအားလုံးသည် မပြုမပြင် ပင်ကိုယ်သဘာဝ အတိုင်းဖြစ်လျှင် ဝေဘန်ကောင်း၏။

**အင်္ဂါ လေးပါး။** (၁)သင်္ကန်းပေးရာပုဂ္ဂိုလ်က ရဟန်းဖြစ်ခြင်း၊

http://www.dhammadownload.com



(၂)တံရားသဖြင့် သမ္မုတိကို ရရှိထားသူဖြစ်ခြင်း၊
(၃)သံဃာနှင့်အတူ ဝိကပ္ပနာလော်က်သော သကိန်းကို ပေးခြင်း၊
(၄)ပေးပြီးနောက်၌ ရှုတ်ချလို၍ ရှုတ်ချခြင်း။

## ပရိဏာမန သိက္ခာပုဒ်

**မေး။** နိဿဂ္ဂိပရိဏာမနသိက္ခာပုဒ်နှင့် သုဒ္ဓပါစိတ်ပရိဏာမနသိက္ခာပုဒ် နှစ်ခု အထူးကို ရေးပါ။

**ဖြေ။** နိဿဂ္ဂိပရိဏာမနသိက္ခာပုဒ်၌ မိမိသို့ညွှတ်စေအပ်သည့်အတွက် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏၊ ပါစိတ်ပရိဏာမနသိက္ခာပုဒ်၌ ပုဂ္ဂိုလ်သို့ညွှတ် စေအပ်သောကြောင့် သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။

## ရတနဝဂ်

## ရတန သိက္ခာပုဒ်

**မေး။** အန္တေပုရသိက္ခာပုဒ်နှင့် ရတနသိက္ခာပုဒ်တို့၌ လာသော ရတနာနှစ်ပါး အထူးကို ရေးပါ။

**ဖြေ။** အန္တေပုရသိက္ခာပုဒ်၌ ရတနာအရ မိဖုရားကို ယူရပါသည်။ ရတနသိက္ခာပုဒ်၌ ရတနာအရ ပုလဲ,ပတ္တမြားစသော ရတနာ(၁၀)ပါးကို ရ၏

**မေး။** ရတနာ(၁၀)ပါး သရုပ်ကို ရေတွက်ပြပါ။

**ဖြေ။** (၁) ပုလဲ (၂)ပတ္တမြား (၃)ကြောင်မြက်ရွဲ (၄)ခရုသင်း (၅)ကျောက်သလင်း (၆)သန္တာ (၇)ငွေ (၈)ရွှေ (၉)ပတ္တမြားကျောက်နီ (၁၀)ပတ္တမြားပြောက်။

***(ဆောင်)*** မုတ္တာ မဏိ ဝေဠုရိယံ ၊ သင်္ခေါ သိလာ စ ပဝါဠံ။
ရဇတံ ဇာတရူပဉ္စ ၊လောဟိတင်္ကော မသာရဂလ္လ။

http://www.dhammadownload.com



**မေး။** ရတနသမ္မတအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ရတနသမ္မတအရ လူတို့၏ အတွင်းအသုံးအဆောင် ,ထက်ဝန်းကျင် အသုံးအဆောင် အားလုံးကို ယူရပါသည်။

**မေး။** အဇ္ဈာရာမ ,အဇ္ဈာဝသထအရတို့ကို ကောက်ပြပါ။

**ဖြေ။** <u>အဇ္ဈာရာမအရ</u>။ ။အကာအရံရှိသော အရာမ်၏ အကာအရံအတွင်းကိုငှင်း၊ အကာအရံမရှိသောအရာမ်၏ ခဲနှစ်ကျအတွင်းကိုငှင်း၊ယူရပါသည်။

<u>အဇ္ဈာဝသထအရ</u>။ ။အကာအရံရှိသောအိမ်၏ အကာအရံအတွင်းကိုငှင်း၊ အကာအရံမရှိသောအိမ်၏ ကျည်ပွေ့တစ်ကျအတွင်းကိုငှင်း၊ယူရ၏။

**မေး။** ရတနာ(၁၀)ပါး ကောက်ယူမှုနှင့် ပတ်သက်၍ အဘယ်သို့ ဆုံးဖြတ်ရပါသနည်း။

**ဖြေ။** ရွှေ ငွေကို မိမိအတွက် ကိုယ်တိုင်ကောက်ယူသည်ဖြစ်စေ၊ သူတစ်ပါးကို ကောက်ယူခိုင်းသည်ဖြစ်စေ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

သံဃာ ,ဂိုဏ်း ,ပုဂ္ဂိုလ် ,စေတီ ,နဝကမ္မအတွက် ကိုယ်တိုင် ကောက်လျှင်, သူတစ်ပါးကို ကောက်ယူစေလျှင် ဒုက္ကဋ်သင့်၏။

ရွှေငွေမှကြွင်းသော ရတနာ(၈)ပါးကို မည်သူမဆို ကောက်ယူစေလျှင် ဒုက္ကဋ် အာပတ်သာသင့်ပါသည်။

**မေး။** မိမိ၏ အမေ့ပစ္စည်း ကျန်ရစ်၍ သိမ်းထားလျှင် အပြစ်လွတ်ပါသလော။

**ဖြေ။** ကပ္ပိယ ,အကပ္ပိယဝတ္ထုများကို အောက်ထစ်ဆုံး အမေ့ဥစ္စာပင်ဖြစ်စေ ဘဏ္ဍာဂါရိကအနေဖြင့် သိမ်းသိမ်းဆည်းလျှင် ပါစိတ်အာပတ်သင့်၏။ သို့သော် ထိုသို့အခက်အခဲကြုံလျှင် <u>မိမိဥစ္စာပြု၍</u> သိမ်းထားကောင်းပါသည်။

http://www.dhammadownload.com



**မေး။** ၈ လူတို့က ပစ္စည်းများအပ်နှံသိမ်းထားခိုင်းလျှင် လက်ခံသိမ်းထားကောင်းပါသလော။

**ဖြေ။** "ဒီဟာ သိမ်းထားပေးပါ" ဟုပြောဆိုလာလျှင် "မသိမ်းကောင်းပါဟုပြောပြီး ပယ်ရမည်၊ အကယ်၍ စိတ်ဆိုးပြီး ချထားခဲ့လျှင် သိမ်းထားကောင်းပါသည်။

**မေး။** ကျောင်းဆောက်သော လက်သမား,ပန်းရံပစ္စည်းများ သိမ်းကောင်းပါသလော၊ အဘယ်သို့ ပြုရပါမည်နည်း။

**ဖြေ။** လက်သမား ,ပန်းရံစသော အလုပ်သမားများ၏၄င်း၊ ရှင်ဘုရင်အစိုးရနှင့်အကျွမ်းဝင်သူ၏၄င်း၊ ပစ္စည်းများကို ချစ်ခင်ရင်းနှီးမှုကြောင့်ဖြစ်စေ, ကြောက်သောကြောင့်ဖြစ်စေ မသိမ်းထားကောင်းပါ၊ လုံခြုံသောနေရာကိုသာ ပြကောင်းပါသည်။

**မေး။** ကျောင်းအတွင်း၌ ပစ္စည်းများကျန်နေခဲ့လျှင် ပြုရမည့် ကျင့်ဝတ်များကို ရေးပါ။

**ဖြေ။** (၁) အမှတ်အသားပြု၍ သိမ်းထားရမည်၊
(၂) ပစ္စည်းပျောက်သူများ လာယူပါ ဟု ကျေငြာရမည်၊
(၃) ပစ္စည်းရှင်လာလျှင် ပျောက်သောပစ္စည်း၏ ပုံသဏ္ဍာန်ကို မေးရမည်၊
(၄) အမှတ်အသား မှန်အောင်ပြောနိုင်လျှင် ပေးရမည်၊
(၅) အမှတ်အသားမှန်အောင် မပြောနိုင်လျှင် ရှာပါဦးဟု ပြောရမည်၊
(၆) သိမ်းထားသောရဟန်းသည် ထိုကျောင်းတိုက်မှ ဖဲသွားလိုလျှင် လျောက်ပတ်သောရဟန်းတို့၏လက်၌ အပ်နှံ၍ သွားရမည်၊
(၇) လျောက်ပတ်သောရဟန်းမရှိလျှင် လျောက်ပတ်သော ဒါယကာတို့လက်၌ထား၍သွားရမည်၊

http://www.dhammadownload.com



(၈) ပိုင်ရှင်မတွေ့လျှင် ထာဝရဖြစ်သော ကျောင်း, စေတီ, ရေကန်ပြုလုပ်ရပါသည်၊

(၉) အချိန်ကြာမှ ပိုင်ရှင်လာလျှင် ထိုထာဝရအဆောက်အဦကို ပြ၍ ဝမ်းမြောက်ပါ,သာဓုခေါ်ပါဟု ပြောရမည်၊

(၁၀) လက်မခံဘဲ ပစ္စည်းပြန်တောင်းနေလျှင် ပြည့်စုံစေ၍ အစားပေးရမည်၊

***မေး။*** ခွင့်ပြုအပ်သောအရပ်၌ ပစ္စည်းများ မသိမ်းလျှင် အဘယ်အပြစ် ဖြစ်ပါသနည်း။

***ဖြေ။*** ဘုရားခွင့်ပြုသော အဇ္ဈာရာမ, အဇ္ဈာဝသထအရပ်၌ သိမ်းထားရမည်ဟူသောပညတ်တော်ကို မလေးစားသောအားဖြင့် မသိမ်းထားလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**အနုပညတ်**။ (၁) အညတြ အဇ္ဈာရာမာ ဝါ
(၂) အဇ္ဈာဝသထာ ဝါ၊

***အဒ္ဓေပုရသိက္ခာပုဒ်၏အင်္ဂါ။***

(၁) ခတ္တိယဓာတ်ရှိခြင်း (၂) အဘိသိက်သွန်းပြီးခြင်း (၃)မင်း ,မိဖုရားနှစ်ပါးတို့ အိပ်ခန်းမှ မထွက်သေးခြင်း၊ (၄)ကြိုတင်၍ မသိစေခြင်း၊ (၅) အိပ်ခန်း၏ တံခါးခုံကို ကျော်လွန်ခြင်း။

***ရတနသိက္ခာပုဒ်၏ အင်္ဂါ လေးပါး။***

(၁) ခွင့်မပြုအပ်သောအမှုကို ပြုခြင်း၊ (၂) သူတစ်ပါးဥစ္စာဖြစ်ခြင်း၊ (၃)ဝိဿာသဂ္ဂါဟ ,ပံ့သုကူလသညာမရှိခြင်း၊ (၄)ကိုယ်တိုင်ဖြစ်စေ,ခိုင်း၍ဖြစ်စေ သိမ်းထားခြင်း။

http://www.dhammadownload.com



## ဝိကာလ ပဂါမပ္ပဝေသန သိက္ခာပုဒ်

**မေး။** ဝိကာလအရနှင့် ဤသိက္ခာပုဒ်၌ ပန့်ကြားပုံကို ရေးပါ။

**ဖြေ။** ဝိကာလအရ =မွန်းတည့်လွန်သော အခါမှစ၍ အရုဏ်အတွင်းသည် ဝိကာလမည်ပါသည်။

ပန့်ကြားပုံ။ ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ ဟုငှင်း၊ ဂါမံ ပဝိသိဿာမိ ဟုငှင်း ပန့်ကြားရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** အကာအရံရှိသောရွာ၏ အကာအရံကိုလွန်လျှင်၊ အကာအရံမရှိသောရွာ၏ ဥပစာကို သက်ရောက်လျှင် ပထမခြေလှမ်း၌ ဒုက္ကဋ်သင့်၏၊ ဒုတိယ ခြေလှမ်း၌ ပါစိတ်အာပတ်သင့်၏။

**မေး။** သံဃာများစွာ ရွာတွင်းသို့သွားလိုလျှင် မည်သူ့ကိုပန့်ကြားရမည်နည်း။

**ဖြေ။** သံဃာအများ ကိစ္စတစ်ခုဖြင့် ရွာထဲသို့ သွားကြလျှင် အားလုံး အချင်းချင်း ပန့်ကြားရမည်၊ ထိုရွာ၌ ကိစ္စမပြီးသေး၍ အခြားတစ်ရွာသို့ သွားလိုလျှင် နောက်ထပ် ပန့်ပြောစရာမလိုပါ။

**မေး။** ရွာထဲ၌ ဆွမ်းစားပြီးနောက် ဆီဆွမ်း,စသည်အလှူခံလိုလျှင် ပန့်ကြားရဦး မည်လော။

**ဖြေ။** ဆီဆွမ်း ,ထောပတ်ဆွမ်းအလှူခံသွားလိုလျှင် မိမိအနီး၌ အခြားရဟန်း ရှိလျှင် ပန့်ပြောရမည်၊ မရှိလျှင်ကား ပန့်ပြောစရာမလိုပါ။

လမ်းပေါ်ရောက်မှ ရဟန်းကိုတွေ့လျှင် ပန့်ပြောစရာမလိုတော့ပါ။

(ရွာလယ်လမ်းဖြင့် သွားစဉ် ဆီဆွမ်းခံလိုရာ၌လည်း အထက်ပါအတိုင်းကျင့်ပါ

http://www.dhammadownload.com



**မေး။** ဤသိက္ခာပုဒ်အရ ပန်ကြားစရာမလိုသော နေရာများကို ရေးပါ။

**ဖြေ။** (၁) ရွာတွင်းကျောင်း (၂)ဘိက္ခုနီမကျောင်း (၃)တိတ္ထိကျောင်း (၄)တိတ္ထိတို့၏နေရာ (၅)ရွာတွင်းဆွမ်းစားဇရပ်၊ ဤငါးမျိုးသော နေရာတို့သို့ သွားသောရဟန်းသည် ပန်ပြော၍ သွားစရာမလိုပါ။

**အနုပညတ်များ။** (၁)သန္တံ ဘိက္ခုံ (၂)အနာပုစ္ဆာ (၃)အညတြ တထာရူပါ အစ္စာယိကာကရဏီယာ

**အင်္ဂါ သုံးပါး)** (၁)ထင်ရှားရှိသောရဟန်းကို မပန်ပြောခြင်း၊
(၂)ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊
(၃)ဝိကာလအခါ ရွာတွင်းသို့ ဝင်ခြင်း။

## သုစိဃရ သိက္ခာပုဒ်

**(မှတ်ချက်)** အပ်ကျည်ကို ရလာလျှင် ထိုအပ်ဗူးကို ခွဲပြီးမှသာ ဒေသနာကြားရမည်။ သူတစ်ပါးအတွက် ပြုလျှင် / ပြုခိုင်းလျှင်၄င်း၊ သူတစ်ပါးပြုပြီးသား ရ၍ သုံးဆောင်လျှင်၄င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဘဲ ပြုလုပ်ကောင်းသောအရာများကို ရေးပါ။

**ဖြေ။** (၁) အနားပတ်သီး (၂) ပွတ်နိပ်လေး (၃) ခါးပန်းသီး (၄)မျက်စဉ်းဘူး (၅)မျက်စဉ်းတံ (၆)ပဲကွပ်ရိုး (၇)ရေသုတ်ပဝါ။ ဤပစ္စည်းများကို မည်သည့် အရိုးနှင့်မဆို ပြုလုပ်ကောင်းပါသည်။

**အင်္ဂါ သုံးပါး**။ (၁)အပ်ဗူးဖြစ်ခြင်း (၂)အရိုးစသည်ဖြင့် ပြီးခြင်း (၃)မိမိအတွက် ကိုယ်တိုင်ပြုခြင်း/ သူတစ်ပါးကိုပြုစေခြင်းဖြင့်ရရှိခြင်း။

http://www.dhammadownload.com



## မဥ္ဇပိဋ္ဌ သိက္ခာပုဒ်

**မေး။** ပိဋ္ဌဟူသည် အဘယ်အရာမျိုးဖြစ်ပါသနည်း။

**ဖြေ။** ညောင်စောင်းကဲ့သို့ အလွန်လည်းမရှည်၊ အာသန္ဒကဲ့သို့ အညီအမျှ လေးဒေါင့်လည်း မဟုတ်သောအရာဝတ္ထုဖြစ်ပါသည်။

**မေး။** ပမာဏလွန်သော မဥ္ဇ ,ပိဋ္ဌကို သုံးစွဲကောင်းအောင် အဘယ်သို့ပြုလုပ်ရပါသနည်း။

**ဖြေ။** ပမာဏလွန်သော ညောင်စောင်း အင်းပျဉ်ကို ရလာလျှင် (၁)ဖြတ်၍ သုံးစွဲပါ (၂)ပမာဏထက်ပိုလွန်သော အစိတ်အပိုင်းကို မြေ၌တူးမြှုပ်၍သုံးပါ၊ (၃)ပက်လက်ပြုလုပ်၍ သုံးပါ(၄)ငြမ်းစင်လုပ်၍ သုံးပါ။

**အင်္ဂါ နှစ်ပါး**။ (၁)ပမာဏလွန်သော မဥ္ဇ ပိဋ္ဌဖြစ်ခြင်း၊(၂)မိမိအတွက် ကိုယ်တိုင်ဖြစ်စေ / သူတစ်ပါးကို ပြုစေ၍ဖြစ်စေ ရရှိခြင်း။

## တူလောနဒ္ဓ သိက္ခာပုဒ်

**မေး။** အဘယ်ကို တူလောနဒ္ဓဟု ခေါ်ပါသနည်း။

**ဖြေ။** အဝတ်ကြမ်းကို ညောင်စောင်း အင်းပျဉ်ပေါ်၌ ဖြန့်ခင်း၍ လဲကိုထည့်ပြီးနောက် အပေါ်၌အဝတ်ကြမ်းတစ်ခုဖြင့် ဖွဲ့အပ်သော ညောင်စောင်း အင်းပျဉ်ကို "တူလောနဒ္ဓ "ဟု ခေါ်ပါသည်။
(မဥ္ဇ ပိဋ္ဌပေါ်၌ လဲအဆာသွပ်ထားသော ဖုံမွေ့ရာ မခင်းရ၊ မထိုင်ကောင်း)

**မေး။** လဲဖြင့်ဖွဲ့ ၍(တူလောနဒ္ဓဖြစ်အောင်)ပြုသော်လည်း အာပတ်မသင့်နိုင်သော ပစ္စည်းများကို ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** (၁)အာယောဂပတ် (၂) ခါးပန်းကြိုး (၃)ပခုံးလွယ် (၄)သပိတ်အိပ် (၅)ပုဝါရေစစ် (၆)ခေါင်းအုံးတို့ဖြစ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်လာ တူလောနဒ္ဓဖြစ်သော ခေါင်းအုံး၏ ပမာဏကို ရေးပါ။

**ဖြေ။** အနံအားဖြင့် ဒေါင့်သုံးဒေါင့်တို့တွင် နှစ်ဒေါင့်တို့၏အကြားသည် တစ်ထွာ လက်လေးသစ်ရှိ၍ အလယ်၌ တစ်တောင် တောင်ဆုပ်ပမာဏရှိလျှင်၄င်း၊ အလျားအားဖြင့် တစ်ထွာဖြစ်စေ ,နှစ်တောင်ဖြစ်စေ ပမာဏရှိလျှင်၄င်း၊ ဤခေါင်းအုံးမျိုးသည် " ဦးခေါင်း၊ပမာဏရှိသော ခေါင်းအုံး "မည်၏။

**မေး။** တူလောနဒ္ဓကို အပ်အောင်သုံးနည်းကို ရေးခဲ့ပါ။

**ဖြေ။** သူတစ်ပါးပြုလုပ်ထားသော တူလောနဒ္ဓကို ရလျှင် <u>လဲကိုထုတ်၍</u> သုံးစွဲပါက အာပတ်မသင့်ပါ။

<u>**အင်္ဂါ နှစ်ပါး**</u>။(၁)တူလောနဒ္ဓမဥ္စပီဌဖြစ်ခြင်း (၂)မိမိအတွက် ကိုယ်တိုင်ဖြစ်စေ/ သူတစ်ပါးကိုပြုစေ၍ဖြစ်စေ ရရှိခြင်း။

## <u>နိသီဒနသိက္ခာပုဒ်</u>

**မေး။** အဘယ်ကို နိသီဒိန် ဟုခေါ်ပါသနည်း။

**ဖြေ။** သန္ထတနှင့်တူအောင်ဖြန့်ခင်း၍ အနံအစွန်းတစ်ခု၌ ဘုရားအထွာဖြင့် တစ်ထွာရှိသောအရပ်ကို နှစ်နေရာတို့၌ ခွဲ၍ပြုအပ်သော အမြိတ်ဆာရှိသော ပရိက္ခရာကို " နိသီဒိန် " ဟုခေါ်ပါသည်။

<u>**အင်္ဂါ နှစ်ပါး**</u>။(၁) နိသီဒိန်၏ ပမာဏကိုလွန်ခြင်း၊ (၂) မိမိအတွက်ပြု၍/ပြုစေ၍ ရရှိခြင်း။

http://www.dhammadownload.com



## ကဏ္ဍပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်

**မေး။** အဘယ်သင်္ကန်းမျိုးကို ကဏ္ဍုပ္ပဋိစ္ဆာဒိ(အနာလွှမ်းသင်္ကန်း)ဟု ခေါ်ပါသနည်း။

**ဖြေ။** ချက်အောက် ,ပုဆစ်ဒူးဝန်းနှစ်ဖက်အထက်၌ ယားနာ ,သွေးစုနာ,အရည်ယိုသောအနာ,အိုင်းအနာတို့ကိုဖုံးလွှမ်းခြင်းအကျိုးငှါ ခွင့်ပြုအပ်သောသင်္ကန်းကို " အနာလွှမ်းသင်္ကန်း " ဟုခေါ်ပါသည်။

***(မှတ်ချက်)*** အဘယ်အကျိုးငှါ အနာလွှမ်းသင်္ကန်းကို ခွင့်ပြုပါသနည်းဟုမေးလျှင်လည်း အထက်ပါအတိုင်းပင် ဖြေပါ။

## သုဒ္ဓပါစိတ် အဖွင့် ပြီး၏

## ပါဋိဒေသနီယကဏ္ဍ

## ပထမပါဋိဒေသနီယ သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ အပြစ်ဖြစ်နိုင်ပုံ / မဖြစ်နိုင်ပုံတို့ကို ရေးပါ။

**ဖြေ။** "အန္တရဃရံ ပဝိဋ္ဌာယ "ဟု ဟောတော်မူသောကြောင့် ရွာတွင်းရှိ ကျောင်းတိုက်စသည်တို့၌တည်၍ ပေးသော ဘိက္ခုနီမ၏လက်မှ ရဟန်းကိုယ်တိုင် ထုတ်ချင်းပေါက်လမ်း ,ထုတ်ချင်းမပေါက်သောလမ်း ,လမ်းဆုံ, လမ်းမ လူနေအိမ်တို့တွင် တစ်ပါးပါးသောအရပ်၌ တည်လျက် အလှူခံလျှင် အပြစ်မဖြစ်ပါ။

ဘိက္ခုနီမက လမ်းဆုံ ,လမ်းခွစသည်၌တည်၍လှူလျှင် ရဟန်းက လမ်းမစသည်၌သော်၎င်း၊ ရွာတွင်းကျောင်းစသည်တို့၌သော်၎င်း၊ တည်၍ အလှူခံလျှင် ဒုက္ကဋ်အာပတ်သင့်၏။

http://www.dhammadownload.com



<u>**လိုရင်းအချုပ်။**</u> ။အန္တရဃရံ ပဝိဋ္ဌာယ ဟူသောပါဋ္ဌ်ကို ထောက်၍ ဘိက္ခုနီမ၏ ရွာတွင်း၌ရပ်တည်၍ ပေးလှူခြင်းသည်သာ အာပတ်သင့်ရာ၌ လိုရင်းဖြစ်၏၊ ရဟန်း၏ ရွာတွင်း၌ ရပ်တည်နေမှုသည် လိုရင်းမဟုတ်ပါ။

**မေး။** ဘိက္ခုနီမ ရပ်တည်၍လှူကောင်းသော အရပ်ကို ရေးပါ။

**ဖြေ။** (၁)ရွာတွင်းကျောင်း (၂)ဘိက္ခုနီမကျောင်း
(၃)တိတ္ထိတို့၏နေရာ (၄)ရွာတွင်းဆွမ်းစားဇရပ်တို့ဖြစ်ပါသည်။

<u>**ဒုက္ကဋ် အာပတ်သင့်**</u>။ ယာမကာလိကစသည်တို့ကို ခံယူခြင်းကြောင့်၄င်း၊ စားခြင်းကြောင့်၄င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

ဧကတောဥပသမ္ပန္နဘိက္ခုနီ၏ လက်မှ မည်သည့်ကာလိကဘောဇဉ်ကို မဆို ခံယူလျှင် / စားလျှင်လည်း ဒုက္ကဋ်အာပတ်သင့်၏။

<u>**အင်္ဂါ ငါးပါး**</u>။ (၁) ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူ ဖြစ်ခြင်း၊ (၂) ဆွေမျိုးမတော်ခြင်း (၃)ရွာတွင်း၌ တည်သောဘိက္ခုနီမ၏လက်မှ မိမိလက်ဖြင့် ခံယူခြင်း၊ (၄)ယာဝကာလိကခဲဘွယ် ဘောဇဉ်ဖြစ်ခြင်း၊ (၅)စားမျိုခြင်း။

## <u>*ဒုတိယပါဋိဒေသနီယ သိက္ခာပုဒ်*</u>

**မေး။** ဣတ္ထ သူပံ ဒေထ စသောစကားရပ်များသည် အဘယ်ကိုပြသော စကားရပ် များဖြစ်ပါသနည်း။

**ဖြေ။** ဣတ္ထ သူပံ ဒေထ စသောစကားရပ်သည် စီမံပုံအခြင်းအရာကို ပြသော စကားရပ်ဖြစ်ပါသည်။ အပသက္က တာဝ ဘဂိနိ စသောစကားရပ်သည် တားမြစ်မောင်းမဲထိုက်ပုံ အခြင်းအရာကို ပြသောစကားရပ်ဖြစ်ပါသည်။

http://www.dhammadowhload.com



**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သောရဟန်းများကို ရေးပါ။

**ဖြေ။** (၁) သိက္ခမာန်၊ သာမဏေမ၌ သိက္ခမာန်၊ သာမဏေမဟုအမှတ်ရှိလျက် ခံယူသော ရဟန်း၊

(၂) ဘိက္ခုနီမ၏ ထမင်းကို ပေးစေသောရဟန်း၊

(၃) အခြားသူ၏ ထမင်းကိုပေးသော် ခံယူသောရဟန်း၊

(၄) မလှူရသေးသော ထမင်းစသည်ကို ပေးစေသောရဟန်း၊

(၅) မလှူရသေးသော ပုဂ္ဂိုလ်၌ လှူစေသောရဟန်း၊

(၆) ရဟန်းအားလုံးကို အညီအမျှ လှူစေသော ဘိက္ခုနီ၏လက်မှ ခံယူသူ၊

(၇) သိက္ခမာန်၊ သာမဏေမ စီမံသည်ကို ခံယူသောရဟန်း၊

(၈) ဘောဇဉ်ငါးပါးမှတစ်ပါး အခြားသော ခဲဘွယ် ယာဂု သစ်သီးကြီးငယ်တို့ ကို စားသောရဟန်း၊

(၉) ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်ပါသည်။

**အင်္ဂါ ငါးပါး**။ (၁)ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူဖြစ်ခြင်း၊ (၂)ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြစ်ခြင်း၊ (၃)ရွာတွင်း၌ ခွင့်ပြုအပ်သော စီမံနည်းမှ အခြားနည်းဖြင့် စီမံခြင်း၊ (၄)ရဟန်းတို့က မတားမြစ်ခြင်း၊ (၅) စားမျိုခြင်း။

## တတိယပါဋိဒေသနီယ သိက္ခာပုဒ်

**မေး။** ပုဗ္ဗေ အနိမန္တိတော အရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** အိမ်၏ ဥပစာသို့ မသက်ရောက်မီ ဒရှေးဦးစွာ မပင့်ဖိတ်ခြင်းကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ ဂိလာန / အဂိလာနကို ခွဲခြားပြပါ။

http://www.dhammadownload.com



**ဖြေ။** ဆွမ်းခံနိုင်သူကို အဂိလာန(ကျမ္မာသူ)ဟုခေါ်ပါသည်။ ဆွမ်းမခံနိုင်သူကို ဂိလာန(မကျမ္မာသူ)ဟု ခေါ်ပါသည်။

**မေး။** ဤ၌ အာပတ်သင့်ပုံ နှင့် အနုပညတ်တို့ကို ရေးပါ။

**ဖြေ။** အိမ်၏ဥပစာသို့ သက်ရောက်၍ ခံယူလျှင် ခံယူခြင်းကြောင့် ဒုက္ကဋ်သင့်ပါသည်၊ ခံယူပြီးနောက် မည်သည့်နေရာ၌စားစား မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ်သင့်၏။

***(အနုပညတ်)*** (၁) ပုဗ္ဗေ အနိမန္တိတော (၂)အဂိလာနော

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သော ဆွမ်းတို့ကိုရေးပါ။

**ဖြေ။** (၁) နိစ္စဘတ်ဆွမ်း (၂)သလာကဘတ်ဆွမ်း (၃)ပက္ခိကဆွမ်း (၄)ဥပေါသထိကဆွမ်း (၅)ပါဋိပဒိကဆွမ်းတို့ဖြစ်ပါသည်။

***<u>အင်္ဂါငါးပါး</u>***။ (၁)သေက္ခဟုသမုတ်အပ်သောအမျိုးဖြစ်ခြင်း၊ (၂)ရှေး၌မပင့်ဖိတ်အပ်ခြင်း၊ (၃)ဂိလာနမဟုတ်ခြင်း၊ (၄)အိမ်၏ဥပစာသို့ သက်ရောက်ခြင်း၊ (၅)နိစ္စဘတ်စသည်ကိုထား၍ အခြားသော အာမိသကို ခံယူသုံးဆောင်ခြင်း။

## *<u>စတုတ္ထပါဋိဒေသနီယသိက္ခာပုဒ်</u>*

**မေး။** ပဋိသံဝိဒိတဆွမ်း +အပ္ပဋိသံဝိဒိတဆွမ်းတို့ကို ခွဲခြားပြပါ။

**ဖြေ။** မိမ္မ,ယောကျ်ား,ဂဟဌ,ပဗ္ဗဇိတတစ်ဦးဦးက အရာမ်တွင်းသို့ဖြစ်စေ အရာမ်၏ဥပစာအတွင်းသို့ဖြစ်စေ ဝင်၍“ဤမည်သောအမျိုးသည် ခဲဘွယ်ဘောဇဉ်ကို ပို့ဆောင်ပါလိမ့်မည်” ဟု ကြိုတင်ပြောကြားပြီးနောက် ဆောင်ယူလာသော ခဲဘွယ်ဘောဇဉ်သည်၄င်း၊ ထိုခဲဘွယ် ဘောဇဉ်နှင့်အတူ ဆောင်ယူ

http://www.dhammadownload.com



လာသော အခြံအရံ ခဲဘွယ် ဘောဇဉ်သည်၄င်း၊ သတင်းကြားသူ အခြား လူတို့က ထိုသူတို့နှင့်အတူ ဆောင်ယူလာသမျှ ခဲဘွယ် ဘောဇဉ်အားလုံး သည်၄င်း၊ " ပဋိသံဝိဒိတဆွမ်း "မည်၏။

ကြိုတင်၍ လျှောက်ထားလည်း မလျှောက်ထားအပ်၊ ဆောင်လည်း မဆောင်အပ်သော ဘောဇဉ်ကို " အပ္ပဋိသံဝိဒိတ ဆွမ်း " ဟုခေါ်ပါသည်။

**မေး။** ကျောင်းတိုက်အတွင်းက ဖြတ်သွားသူတို့က လှူလျှင် ခံယူကောင်းပါ သလော။

**ဖြေ။** ကြိုတင် မလျှောက်ထားသူဖြစ်လျှင် အောက်ထစ်ဆုံး အရာမ်၏အလယ် (ကျောင်းတိုက်၏အလယ်)ဖြင့် ဖြတ်သွားသော ခရီးသွားသူတို့က လှူရာ၌ လည်း ခံယူပါက ဒုက္ကဋ်အာပတ်သင့်၏၊ စားမျိုတိုင်း ပါဋိဒေသနီအာပတ် သင့်ပါသည်။

**(အဂိလာနအရ= ဆွမ်းခံ မသွားနိုင်သူကို ယူရပါသည်။)**

**မေး။** ကျောင်းအတွင်းရှိသစ်ပင်မှ ခူး၍လှူလျှင် ခံယူပါက အာပတ်သင့်ပါ သလော။

**ဖြေ။** ကျောင်းအတွင်း၌ ပေါက်သော သစ်မြစ် ,သစ်သီးစသည်ကို ကြိုတင် မလျှောက်ထားဘဲ လှူသည်ကို စားလျှင် အာပတ်မသင့်ပါ။

***အင်္ဂါ (၇)ပါး***။ (၁) သာသင်္ကိ,သပ္ပဋိဘယ တောကျောင်းဖြစ်ခြင်း၊ (၂)ယာဝ ကာလိကအာမိသ၏ တတ္ထဇာတကမဟုတ်ခြင်း၊ (၃)ဂိလာနမဟုတ်ခြင်း၊ (၄)ဂိလာန၏ အကြွင်းအကျန်မဟုတ်ခြင်း၊ (၅)ကြိုတင်၍မသိစေအပ်ခြင်း၊ (၆)အာရာမ်တွင်း၌ ခံယူခြင်း၊ (၇)စားခြင်းဟူ၍ အင်္ဂါ(၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com



## သေခိယကဏ္ဍ

## ပထမပရိမဏ္ဍလ သိက္ခာပုဒ်

**မေး။** သေခိယသိက္ခာပုဒ်တော်လာ ကျင့်ဝတ်များကို အဘယ်အရပ်၌ ကျင့်သုံးရပါသနည်း။

**ဖြေ။** အဝန်းညီစွာဝတ်ခြင်းစသော သေခိယသိက္ခာပုဒ်တော်များလာ ကျင့်ဝတ်များကို ကျောင်းအတွင်း၌ဖြစ်စေ, ရွာအတွင်း၌ဖြစ်စေ (ကျောင်းတွင်း, ကျောင်းပြင် ,ရွာတွင်း,ရွာပြင်)အရပ်အားလုံးတို့၌ ကျင့်သုံးရမည်။

**မေး။** သေခိယသိက္ခာပုဒ်များကို ပါရာဇိကစသည်တို့ကဲ့သို့ သိက္ခာပုဒ်အရေအတွက်ကို အဘယ်ကြောင့် အတိအကျ မသတ်မှတ်ပါသနည်း။

**ဖြေ။** ဝတ္တက္ခန္ဓကၡ ဟောအပ်သောကျင့်ဝတ်တို့သည်လည်း ကျင့်ထိုက်ကုန်သောကြောင့် သေခိယမည်ကုန်သည့်အတွက် ပါရာဇိကစသည်တို့ကဲ့သို့ သိက္ခာပုဒ်အရေအတွက် အတိအကျ မသတ်မှတ်ပါ။

**မေး။** သေခိယသိက္ခာပုဒ်များကို အဘယ်ကြောင့် အာပတ်အမည်တပ်၍ မဟောပါသနည်း။

**ဖြေ။** ဤသေခိယကျင့်ဝတ်များသည် စာရိတ္တဝိနည်းဖြစ်၏ဟု ပြခြင်း အကျိုးငှါ " ယော ပန ဘိက္ခု " စသည်ဖြင့် အာပတ်အမည်တပ်၍ မဟောပါ။ သို့သော် ပဒဘာဇနီ၌ " အာပတ္တိ ဒုက္ကဋဿ " ဟု ဟောတော်မူသောကြောင့် သေခိယသိက္ခာပုဒ်တို့၌ မလေးမစားပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏ ဟုမှတ်ရမည်။

**မေး။** အဘယ်သို့ဝတ်ခြင်းကို "အဝန်းညီစွာဝတ်သည် "ဟုခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ချက်အဝန်းကိုဖုံးလွှမ်း၍ ဒူးအောက်၌ မြင်းခေါင်းရိုးမှစပြီး လက်ရှစ်သစ်တိုင်အောင် သင်းပိုင်ကိုချ၍ ဝတ်ခြင်းကို "အဝန်းညီစွာဝတ်သည်" ဟုခေါ်၏။

**မေး။** သေခိယကျင့်ဝတ်များကို ကျူးလွန်လျှင် အဘယ်အာပတ်သင့်သနည်း။

**ဖြေ။** မရိုမသေစိတ်ထားဖြင့် ရှေ့မှငင်း, နောက်မှငင်း တွဲလျားချ၍(စွန်တောင်ဆွဲ၍) ဝတ်လျှင်၄င်း၊ အခြားသော လူတို့၏ ဝတ်ပုံ ဝတ်နည်းဖြင့်၄င်း၊ ဝတ်ခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** လူတို့၏ ဝတ်ပုံ ဝတ်နည်းတို့ကို ရေးခဲ့ပါ။

**ဖြေ။** (၁) စေ့ငူတိုင်းသူ မိမ္မတို့၏ဝတ်ခြင်းကဲ့သို့ ချက်အရင်းမှစ၍ ဆင်နှာမောင်းပုံသဏ္ဌာန်ရှိအောင် တွဲလျားချ၍ ဝတ်ခြင်းကို "ဟတ္ထိသောဏ္ဍက" ဝတ်နည်းဟုခေါ်ပါသည်။

(၂) တစ်ဖက်၌ အမြိတ်ဆာစွန်းကို၄င်း၊ အခြားတစ်ဖက်၌ အကွင်းအစွန်းကို၄င်း၊ တွဲလျားချ၍ ဝတ်ခြင်းကို "မစ္ဆဝါလက= ငါးကြင်းမြီးနှင့်တူ အောင်" ဝတ်နည်းဟုခေါ်ပါသည်။

(၃) အထက်၌ အနားနှစ်ခု ,အောက်၌ အနားနှစ်ခု အားဖြင့် အနားလေးခုကို ပြ၍ ဝတ်ခြင်းကို " စတုက္ကဏ္ဏက " ဝတ်နည်းဟုခေါ်ပါသည်။

(၄) ထန်းရွက်ယပ်ဝန်းပုံသဏ္ဌာန်ဖြင့် အဝတ်ကို တွဲလျားချ၍ ဝတ်ခြင်းကို " တာလဝဏ္ဋက " ဝတ်နည်းဟုခေါ်ပါသည်။

(၅) ရှည်သောအဝတ်ကို အကြိမ်များစွာ(ဝါ)အတွန့်များစွာ ခွေ၍တွန့်၍ အတွန့်အလိပ်ရှိသည်ကိုပြုပြီး ဝတ်ခြင်းကို "သတဝလိက" ဝတ်နည်းဟုခေါ်၏။

*(တနည်း)* လက်ဝဲ ,လက်ကျာနံပါးတို့၌ အကြားမရှိအောင် အတွန့်တို့ကိုပြ၍ ဝတ်ခြင်းကို " သတဝလိက " ဝတ်နည်းဟုခေါ်ပါသည်။

http://www.dhammadownload.com



**(မှတ်ချက်)** ဒူးဆစ်မှစ၍ အတွန့်တစ်ခု,နှစ်ခုမျှရှည်နေလျှင်ကား ဝတ်ကောင်းပါသည်၊ အာပတ်မသင့်ပါ။

(၆) လက်ဝှေ့သမား ,အလုပ်သမားများကဲ့သို့ ခါးတောင်းကျိုက်၍ ဝတ်ခြင်းကို " သံဝေလ္လိယ " ဝတ်နည်းဟုခေါ်ပါသည်။

**မေး။** ဂိလာနများ ခါးတောင်းကျိုက်၍ဝတ်ခြင်းကို ဝတ်ကောင်းပါသလော။

**ဖြေ။** ခါးတောင်းကျိုက်၍ဝတ်ခြင်းကို မကျမ္မာသူဖြစ်စေ , ခရီးသွားသူဖြစ်စေ မည်သူမျှ မဝတ်ကောင်းပါ။

**မေး။** သင်းပိုင်နှစ်ထည်ကို ထပ်၍ ဝတ်ကောင်းပါသလော။

**ဖြေ။** သင်းပိုင်၏ အောက်အနားစွန်း တစ်စကိုဖြစ်စေ၊နှစ်စကိုဖြစ်စေ၊မြှောက်၍ သင်းပိုင်၏အထက်၌ ညှပ်ပြီး ဝတ်ခြင်းမျိုးသည်၄င်း၊ အတွင်း၌ သင်းပိုင်တစ်ထည်ကို ထိုနည်းအတိုင်းဝတ်၍ အပေါ်၌ အခြားသင်းပိုင် တစ်ထည်ကို ထပ်၍ဝတ်ခြင်းမျိုးသည်၄င်း၊ မအပ်ပါ။

<u>ဂိလာနရဟန်းသည်ကား</u> အတွင်း၌ သင်းပိုင်တစ်ထည်ကိုလိပ်၍ ဝတ်ပြီး အခြားသင်းပိုင်တစ်ထည်ကို အပေါ်၌ထပ်၍ ဝတ်ကောင်းပါသည်။ ကျမ္မာသောရဟန်းသည် သင်းပိုင်နှစ်ထည်ကို ဝတ်လိုလျှင် နှစ်ထည်လုံးကို ထပ်ပြီးမှ ဝတ်ရပါသည်။

**မေး။** သေခိယသိက္ခာပုဒ်များ၏ နိဒါန်းစသည်ကို ရေးခဲ့ပါ။

**ဖြေ။** သုရုသုရုကာရကသိက္ခာပုဒ်ကို ကောသမ္ဗီ၌ ပညတ်၏၊ သာမိသေန ဟတ္ထေန ပါနီယထာလကသိက္ခာပုဒ်နှင့် သသိတ္ထက ပတ္တဓောဝန သိက္ခာပုဒ်ကို ဘဂ္ဂတိုင်း၌ ပညတ်၏။ ကြွင်းသောသိက္ခာပုဒ်အားလုံးကို သာဝတ္ထိ၌ ပညတ်၏။

http://www.dhammadownload.com



သူပေါဒနုဝိညတ္တိသိက္ခာပုဒ်နှင့် ဓမ္မဒေသနာစသော သိက္ခာပုဒ်တို့၌ ဂိလာနဏ်အစွမ်းအားဖြင့် အနုပညတ် တစ်ခုရှိပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်သူများကို ထုတ်ပြပါ။

**ဖြေ။** (၁)စေတနာမပါဘဲဝတ်မိသောရဟန်း (၂)သတိမရှိဘဲဝတ်မိသောရဟန်း (၃)မသိနားမလည်၍ ဝတ်မိသောရဟန်း (၄)ဂိလာနရဟန်း (၅)ဘေးရန်တို့ကြောင့် ဝတ်မိသောရဟန်း (၆)ဥမ္မတ္တကရဟန်းစသည်ဖြစ်၏။

**မေး။** အဘယ်ရဟန်းမျိုးကို အသဉ္စိစ္စရဟန်းစသည် ခေါ်ပါသနည်း။

**ဖြေ။** အသဉ္စိစ္စ။ ။အဝန်းညီစွာဝတ်မည်ဟု နလုံးသွင်းပြီးနောက် လွဲချော်ပြီး မညီမညာဝတ်မိခြင်းကို စေတနာမပါဘဲ ဝတ်မိသည်ဟုခေါ်ပါသည်။

အသတိယာ။ ။အခြားသောအာရုံ၌ စိတ်ရောက်ပြီး မညီမညာဝတ်မိခြင်းကို သတိမရှိဘဲ ဝတ်မိသည်ဟုခေါ်ပါသည်။

အဇာနန္တဿ။ ။အဝန်းညီစွာဝတ်နည်းကို မသိ၍ဝတ်မိခြင်းကို မသိဘဲဝတ်မိသည်ဟုခေါ်ပါသည်။ (အမှန်တကယ်အားဖြင့် သင်းပိုင်ဝတ်နည်းကျင့်ဝတ်ကို သင်ယူထားရမည်)

**မေး။** သမထာသာရုပ္ပအကျိုးငှါ လက်ရှစ်သစ်ထက်ပို၍ ချပြီး ဝတ်ကောင်းပါသလော။

**ဖြေ။** ခြေသလုံးချောက်သောရဟန်း, ခြေသလုံးကြွက်သားကြီးသောရဟန်းများသည် သာရုပ္ပအကျိုးငှါ လက်ရှစ်သစ်ထက်ပို၍ ချပြီး ဝတ်ကောင်းပါသည်။

***(မှတ်ချက်)*** ခြေသလုံး၌ငှင်း ,ခြေ၌ငှင်း အနာရှိသောရဟန်းသည် မြှောက်၍ဖြစ်စေ၊ ချ၍ဖြစ်စေ ဝတ်ကောင်းပါသည်။

http://www.dhammadownload.com



**မေး။** သေခိယသိက္ခာပုဒ်အားလုံးနှင့်ဆိုင်သော အင်္ဂါတို့ကို ထုတ်ပြပါ။

**ဖြေ။** (၁)ရိုသေလေးစားမှုမရှိခြင်း၊ (၂)အာပတ်မသင့်နိုင်လောက်သော အကြောင်းမရှိခြင်း၊ ၄င်းအင်္ဂါနှစ်ပါးနှင့် (၃)ထိုထိုသိက္ခာပုဒ်၌ ဆိုအပ်သော အကြောင်းအရာ၏ ဆန့်ကျင်ဘက်ကို ပြုခြင်း၊ ဤသုံးပါးတို့ဖြစ်၏။

**မေး။** ဤပဌမပရိမဏ္ဍလသိက္ခာပုဒ်၏ အင်္ဂါကို ထုတ်ပြပါ။

**ဖြေ။** (၁) အနာဒရိယစိတ်ထားရှိခြင်း၊ (၂)အနာပတ္တိဖြစ်ရန် အကြောင်းမရှိခြင်း၊ (၃)ထက်ဝန်းကျင် အဝန်းညီစွာ မဝတ်ခြင်း။

## ဒုတိယပရိမဏ္ဍလ သိက္ခာပုဒ်

**မေး။** အဘယ်ကဲ့သို့ရုံသည်ကို အဝန်းညီစွာရုံသည်(ပရိမဏ္ဍလပါရုပန)ဟု ခေါ်ပါသနည်း။

**ဖြေ။** လူတို့၏ ခြုံရုံနည်းမျိုးကို မခြုံရုံဘဲ သင်္ကန်းအနားစွန်းနှစ်ဘက်တို့ကို အညီအမျှပြု၍ ခြုံခြင်း ,ရုံခြင်း,ရမ်းခြင်းကို "ပရိမဏ္ဍလပါရုပန=အဝန်းညီစွာရုံသည်" ဟုခေါ်ပါသည်။

**မေး။** ဂိဟိပါရုတဟု ခေါ်သော လူတို့၏ရုံနည်းများ၏ အဓိပ္ပါယ်ကိုရေးပါ။

**ဖြေ။** (၁) သေတပဋပါရုတ= အဝတ်ဖြူဝတ်လျက် အထက်ပိုင်းကိုယ်တစ်ဖက်ကိုသာ စောင့်ရှောက်သောနိဂဏ္ဌတို့၏ ရုံခြင်းမျိုးကို "သေတပဋပါရုတ"ဟု ခေါ်ပါသည်။

(၂)ပရိဗ္ဗာဇကပါရုတ= ရင်ကိုဖွင့်၍ ပခုံးစွန်းနှစ်ဖက်တို့၌ ခြုံထည်ကို ထားကုန်သော ပရိဗိုဇ်တို့ကဲ့သို့ ရုံခြင်းမျိုးကို " ပရိဗ္ဗာဇကပါရုတ " ဟုခေါ်ပါသည်။

http://www.dhammadownload.com



(၃)ကေသာင္ဂကပါရုတ။ ဝတ်အပ်သောအဝတ်၏ အစွန်းတစ်ခုဖြင့် ကျောက်ကုန်းကိုခြုံ၍ အနားစွန်းနှစ်ဖက်တို့ကို ပခုံးနှစ်ဖက်တို့၌ ထားကုန်လျက် ဝတ်ရုံကုန်သော အဝတ်တစ်ထည်ရှိသော လူတို့၏ရုံနည်းမျိုးကို "ကေသာင်္ဂကပါရုတ" ဟုခေါ်ပါသည်။

(၄)သုရာသောဏ္ဍပါရုတ။ အဝတ်ဖြင့် လည်ပင်းကို ရစ်ပတ်၍ အစွန်းနှစ်ဖက်တို့ကို ရင်ဘတ်၌ တွဲလွှားချကုန်သကဲ့သို့၄င်း၊ ကျောက်ကုန်း၌ ပစ်ချကုန်သကဲ့သို့၄င်း၊ ဝတ်ရုံကုန်သော အရက်သမားတို့၏ ရုံနည်းမျိုးကို "သုရာ သောဏ္ဍပါရုတ " ဟုခေါ်ပါသည်။

(၅)အန္တေပုရိကပါရုတ။ မျက်လုံးပေါက်မျှကိုပြ၍ ထက်ဝန်းကျင် ရစ်ပတ်အပ်သော ဦးခေါင်းရှိအောင် ခေါင်းမြီးခြုံလျက် ရုံကုန်သော နန်းတွင်းသူစသည်တို့၏ ရုံခြင်းမျိုးကို "အန္တေပုရိကပါရုတ "ဟုခေါ်ပါသည်။

(၆)မဟာဇေဋ္ဌပါရုတ ။ ရှည်သောအဝတ်ကိုဝတ်၍ ထိုအဝတ်ဖြင့်ပင် အစွန်းတစ်ဖက်ဖြင့် တစ်ကိုယ်လုံးကိုခြုံသော လက်သမားကြီးတို့၏ ဝတ်နည်းမျိုးကို " မဟာဇေဋ္ဌပါရုတ " ဟုခေါ်ပါသည်။

(၇)ကုဋိပဝေသကပါရုတ။ လယ်တဲကုဋိသို့ဝင်သော လယ်သမားတို့သည် အဝတ်ကို ရစ်ပတ်၍ ဂျိုင်းကြား၌ထည့်သွင်းပြီး ထိုအဝတ်၏ အစွန်းတစ်ဖက်ဖြင့်ပင် တစ်ကိုယ်လုံးကိုခြုံသော ဝတ်နည်းမျိုးကို "ကုဋိပဝေသကပါရုတ " ဟုခေါ်ပါသည်။

(၈)ဗြာဟ္မဏပါရုတ။ လက်ခတီးကြား(ဂျိုင်းကြား)နှစ်ခုတို့၏အကြား၌ ပုဆိုးကို သွင်းပြီး ပခုံးစွန်းတို့၌ ထည့်သွင်းသကဲ့သို့သော ပုဏ္ဏားတို့၏ရုံခြင်းမျိုးကို " ဗြာဟ္မဏပါရုတ " ဟုခေါ်ပါသည်။

(၉)ပါဠိကာရကပါရုတ။ လက်ဝဲတစ်ဖက်ပခုံးကို ခြုံခြင်းဖြင့် ခြုံအပ်သော လက်ဝဲလက်မောင်းကို ဖွင့်ပြီး သင်္ကန်းကို ပခုံးစွန်း၌ တင်သကဲ့သို့ ရုံနည်းမျိုးကို " ပါဠိကာရကပါရုတ " ဟုခေါ်ပါသည်။

http://www.dhammadownload.com



## သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်

**မေး။** သုပ္ပဋိစ္ဆန္နဖြစ်အောင် အဘယ်ကဲ့သို့ ဖုံးလွှမ်း၍ သွားရပါမည်နည်း။

**ဖြေ။** (၁) အနားပတ်သီးကိုတပ်၍၊
(၂)အလျားအနားပတ်စွန်းဖြင့် လည်ပင်းကို ဖုံးလွှမ်းပြီး၊
(၃)အနားနှစ်ဖက်တို့ကို အညီအမျှပြု လိပ်ကာ၊
(၄) လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်း၍ သွားခြင်းမျိုးကို "သုပ္ပဋိစ္ဆန္န ဂမနကောင်းစွာဖုံးလွှမ်း၍ သွားခြင်း" ဟုခေါ်ပါသည်။

**မေး။** သုပ္ပဋိစ္ဆန္နဖြစ်အောင် အဘယ်ကဲ့သို့ ထိုင်ရပါမည်နည်း။

**ဖြေ။** (၁) လည်မျိုတွင်းငယ်မှ ဦးခေါင်းကိုငှင်း၊
(၂) လက်ကောက်ဝတ်မှ အပြင်လက်တို့ကိုငှင်း၊
(၃) ခြေသလုံးကြွက်သားမှစ၍ ခြေထောက်တို့ကိုငှင်း၊ဖွင့်ပြီး ကြွင်းသော တစ်ကိုယ်လုံးကို ဖုံး၍ထိုင်ရပါသည်။ ( ဖုံး၍ထိုင်ခြင်းကို သုပ္ပဋိစ္ဆန္နဖြစ်အောင် ထိုင်သည်ဟုခေါ်ပါသည်။)

***(အထူးမှတ်ချက်)*** ဤသိက္ခာပုဒ်၌ တည်းခိုနေထိုင်ခြင်းငှါ ရွာတွင်း၌ ရောက်နေပြီးသော ရဟန်းအား သုပ္ပဋိစ္ဆန္နမဖြစ်သော်လည်း အာပတ်မသင့်ပါ။

## သုသံဝုတ သိက္ခာပုဒ်

**မေး။** အဘယ်သို့နေထိုင်ခြင်းကို သုသံဝုတဖြစ်သည်ဟု ခေါ်ပါသနည်း။

**ဖြေ။** လက်ခြေကို မကစားစေဘဲ ကောင်းစွာဆုံးမအပ်သည်ဖြစ်၍ နေထိုင်ခြင်းကို " သုသံဝုတဖြစ်အောင် နေထိုင်ခြင်းဟု " ခေါ်ပါသည်။

#########################################

http://www.dhammadownload.com



## သြက္ခိတ္တစက္ခု သိက္ခာပုဒ်

**မေး။** အဘယ်ကဲ့သို့ ကြည့်၍သွားခြင်းကို သြက္ခိတ္တစက္ခုဖြစ်သည်ဟုခေါ်ပါသနည်း။

**ဖြေ။** အောက်၌ချထားအပ်သော မျက်လုံးရှိသည်ဖြစ်၍ ရှေ့၌ ရထားထမ်းပိုးတစ်ပြန်မျှလောက်သော မြေအရပ်ကို ကြည့်၍ သွားခြင်းသည် သြက္ခိတ္တစက္ခုဖြစ်အောင် ကြည့်၍သွားခြင်းမည်၏။

***(မှတ်ချက်)*** တစ်နေရာရာ၌ ရပ်၍ ဆင်မြင်းစသော ဘေးအန္တရာယ်ရှိ/မရှိ ကြည့်ကောင်းပါသည်။

## ဥက္ခိတ္တက သိက္ခာပုဒ်

**မေး။** အဘယ်ကဲ့သို့နေခြင်းကို ဥက္ခိတ္တကာယ ဟုခေါ်ပါသနည်း။

**ဖြေ။** တစ်ဖက်မှ၎င်း, နှစ်ဖက်မှ၎င်း သင်္ကန်းကိုမြှောက်ပင့်လျက် နေခြင်းကို " ဥက္ခိတ္တကာယ "ဟုခေါ်ပါသည်။

***(မှတ်ချက်)*** သင်္ကန်းကိုပင့်လျက် သွားခြင်းမျိုးကို ရွာတံခါးခုံမှစ၍ မသွားကောင်း။ ထိုင်နေသောအခါ ရေစစ်ကိုထုတ်သော ရဟန်းသည်လည်း သင်္ကန်းကို မမြှောက်ဘဲသာ ထုတ်ရမည်။

တည်းခိုနေထိုင်ခြင်းငှါ ရွာတွင်း၌ ရောက်နေသောရဟန်းသည် သင်္ကန်းကို မြှောက်ပင့်သော်လည်း အာပတ်မသင့်ပါ။

## ဥဇ္ဇဂ္ဃိက သိက္ခာပုဒ်

ရယ်စရာအကြောင်းရှိ၍ ပြုံးရုံမျှသာ ပြုလျှင် အာပတ်မသင့်။

************************************

http://www.dhammadownload.com



## ဥစ္စသဒ္ဒ သိက္ခာပုဒ်

**မေး။** အဘယ်အသံမျိုးကို အပ္ပသဒ္ဒ=တိုးသောအသံ ဟုခေါ်ပါသနည်း။

**ဖြေ။** ဆဲ့နှစ်တောင်ရှိသောအိမ်၌ အစ၌ သံဃမထေရ်, အလယ်၌ ဒုတိယမထေရ်, အဆုံး၌ တတိယမထေရ် ထိုင်နေကြရာ သံဃမထေရ်နှင့်ဒုတိယမထေရ်တို့ တိုင်ပင်နီးနှောရာတွင် သံဃထေရ်၏စကားသံကို ဒုတိယထေရ်က ကြားလည်းကြား၍ စကားလုံးကိုလည်း ကွဲပြားအောင် မှတ်သားနိုင်ပြီး တတိယမထေရ်ကား အသံလောက်ကိုသာ ကြား၍ စကားလုံးကွဲပြားစွာ မမှတ်သားနိုင်သောစကားမျိုးကို"အပ္ပသဒ္ဒ= တိုးသောအသံ" ဟုခေါ်ပါသည်

တတိယမထေရ်က စကားလုံးကွဲပြားအောင် မှတ်သားနိုင်သော စကားမျိုးကို " မဟာသဒ္ဒ= ကျယ်သောအသံ " ဟုခေါ်ပါသည်။

## ကာယပ္ပစာလက သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်၌ အပြစ်မဖြစ်အောင် အဘယ်သို့ သွားရပါသနည်း။

**ဖြေ။** ကိုယ်စသည်တို့ကို မြဲမြဲစွာ မတုန်လှုပ်အောင် ဖြောင့်ဖြောင့်မတ်မတ်ထား၍ သွားလည်းသွားရမည်၊ ထိုင်လည်းထိုင်ရမည်။

***(မှတ်ချက်)*** တည်းခိုနေထိုင်ခြင်းငှါ ရွာတွင်း၌ ရောက်နေသောရဟန်းသည် ကိုယ်လက်မောင်း, ခေါင်းတို့ကို လှုပ်၍လှုပ်၍ ထိုင်သော်လည်း အာပတ်မသင့်ပါ။

## ဥက္ကုဋိက သိက္ခာပုဒ်

**မေး။** အဘယ်သို့ သွားခြင်းကို ဥက္ကုဋိကသွားခြင်း ဟု ခေါ်ပါသနည်း။

**ဖြေ။** ဖနောင့်တို့ကို မြှောက်၍ ခြေဖျားတို့ဖြင့်သာငှင်း၊ ခြေဖျားတို့ကို မြှောက်၍ ဖနောင့်တို့ဖြင့်သာငှင်း၊ မြေ၌ထိလျက် သွားခြင်းကို " ဥက္ကုဋိက= ပဆွန့်နင်း၍ သွားခြင်း " ဟုခေါ်ပါသည်။

http://www.dhammadownload.com



## ပလ္လတ္ထိက သိက္ခာပုဒ်

**ပလ္လတ္ထိကအပြား။** (၁)ဟတ္ထပလ္လတ္ထိက
(၂) ဒုဿပလ္လတ္ထိက

## သက္ကစ္စ သိက္ခာပုဒ်

**မေး။** သက္ကစ္စဖြစ်အောင် ဆွမ်းကို အဘယ်သို့ ခံယူရပါသနည်း။

**ဖြေ။** သတိကို ဖြစ်စေ၍ ခံယူခြင်းကို သက္ကစ္စဖြစ်အောင် ရိုရိုသေသေခံယူသည်ဟု ခေါ်ပါသည်။

## သမသူပကပဋိဂ္ဂဟဏ သိက္ခာပုဒ်

**မေး။** အဘယ်ဆွမ်းမျိုးကို သမသူပကဆွမ်း ဟု ခေါ်ပါသနည်း။

**ဖြေ။** ပဲနောက် ,မတ်ပဲတို့ဖြင့်၄င်း၊ ပဲမိစပ်စသည်တို့ဖြင့်၄င်း၊ပြုလုပ်အပ်သော လက်ကော်၍ရနိုင်လောက်သော ဆွမ်း၏လေးဖို့တစ်ဖို့ ပမာဏရှိသော ပဲဟင်းနှင့်တကွသောဆွမ်းကို " သမသူပကဆွမ်း " ဟု ခေါ်ပါသည်။

**မေး။** သမသူပကာ၌ သူပအရ အဘယ်ပဲဟင်းမျိုးကို ယူရပါသနည်း။

**ဖြေ။** ပဲနောက် ,မတ်ပဲတို့ဖြင့်၄င်း၊ ပဲမိစပ်စသည်တို့ဖြင့်၄င်း၊ပြုလုပ်အပ်သော လက်ကော်၍ရသော ပဲဟင်းကို ယူရပါသည်။

**မေး။** အဘယ်ဟင်းမျိုးကို ရသရသ=အလွန်အရသာရှိသောဟင်း ဟုခေါ်ပါသနည်း။

**ဖြေ။** ပဲဟင်းကိုချန်ထား၍ ကြွင်းသော ပဲဟင်း၏အစီးအပွါးဖြစ်သော ဟင်းရံအထူးသည် " ရသရသ=အလွန်အရသာရှိသောဟင်း " မည်၏။

http://www.dhammadownload.com



**မှတ်ချက်။** ရသရသဟင်း၌၄င်း၊ဥာတက,ပဝါရိတတို့၏၄င်း၊ အခြားသူ့အတွက်၄င်း၊ မိမိ၏ဥစ္စာဖြင့်၄င်း၊ အပိုအလွန်ခံယူလျှင် ဤသိက္ခာပုဒ်၌ အာပတ်မသင့်ပါ။

## *သမတိတ္တိက သိက္ခာပုဒ်*

**မေး။** အဘယ်ဆွမ်းမျိုးကို သမတိတ္တိကဆွမ်းဟု ခေါ်ပါသနည်း။

**ဖြေ။** အဓိဋ္ဌာန်တင်လောက်သောသပိတ်၏ နခမ်းရစ်အရေးကို မကျော်ဘဲစီထား ,ထည့်ထားအပ်သောဆွမ်းကို " သမတိတ္တိက=အညီအမျှပြည့်သော" ဆွမ်းဟုခေါ်ပါသည်။

*(မှတ်ချက်)* ဤ၌ ပိဏ္ဍပါတအရ ယာဝကာလိကခဲဘွယ်ဘောဇဉ်ကိုယူရ၏။

**မေး။** ပိုလွန်မို့မောက်တိုင်း အာပတ်သင့်ပါသလော။

**ဖြေ။** အဓိဋ္ဌာန်မတင်လောက်သောသပိတ်၌ ယာဝကာလိကခဲဘွယ်ဘောဇဉ် မို့မောက်နေသော်၄င်း၊ မည်သည့်ခွက်၌မဆို ယာမကာလိကဝတ္ထုစသည်တို့ မို့မောက်နေသော်၄င်း၊ အလျှုခံကောင်းပါသည်။

**မေး။** မို့မောက်သည်ဟု မခေါ်နိုင်သောဆွမ်းများကို ညွှန်ပြပါ။

**ဖြေ။** (၁) သပိတ်နှစ်လုံးတို့၌ တစ်လုံးပြီးတစ်လုံး မမောက်အောင်ခံယူပြီးနောက် သပိတ်တစ်လုံးတည်း၌ ပြည့်မောက်နေအောင် ပေါင်း၍ ကျောင်းသို့ ပို့ဆောင်အပ်သောဆွမ်းသည်၄င်း၊

(၂) လောင်းထည့်စဉ် အောက်သို့ ပြည့်မောက်လျှံကျသွားအောင်ခံယူအပ်သော မုန့် ,ကြံပိုင်း ,သစ်သီး ကြီးငယ်စသော အာဟာရသည်၄င်း၊

(၃) သပိတ်ပေါ်၌ ဦးဆောက်ပန်းသဏ္ဍာန်ရှိသော ကရဝေးရွက်စသည်တို့ကို

http://www.dhammadownload.com



ထား၍ ပေးလှူအပ်သော အာဟာရသည်၄င်း၊

(၄) ဖက်ရွက်၌ဖြစ်စေ , ခွက်ငယ်၌ဖြစ်စေ ထည့်၍ သပိတ်အထက်၌တင်ပြီး လှူအပ်သော အာဟာရကို၄င်း၊ မို့မောက်သည်(ထူပီကတဖြစ်သည်)ဟု မခေါ်အပ် ,မခေါ်နိုင် , အားလုံး အလှူခံကောင်း၏။

**မေး။** ဤသိက္ခာပုဒ်၌ ဂိလာနများ မို့မောက်အောင် ခံယူကောင်းပါသလော။

**ဖြေ။** ဤသိက္ခာပုဒ်၌ ဂိလာနသည်လည်း အာပတ်သင့်နိုင်ပါသည်၊ ထို့ကြောင့် ဂိလာနရဟန်းသည်လည်း သပိတ်နခမ်းအနားရစ်နှင့် အညီအမျှသာ ခံယူရပါသည်။

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ ခံယူခြင်း၌သာ မအပ်ခြင်းဖြစ်၏၊ ခံယူပြီးလျှင်ကား စားကောင်းသည်သာဖြစ်ပါသည်။

## သပဒါန သိက္ခာပုဒ်

**မေး။** အဘယ်သို့ စားသည်ကို သပဒါန ဟုခေါ်ပါသနည်း။

**ဖြေ။** ထိုထိုနေရာအရပ်၌ နှိုက်ယူရာအပိုင်းအခြားကို မပြုဘဲ ယူ၍စားခြင်းကို အစဉ်အတိုင်းစားသည်ဟု ခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်နိုင်ပုံကို ရေးပါ။

**ဖြေ။** သူတစ်ပါးအား ပေးလှူစဉ်၄င်း၊ အခြားခွက်တစ်ခု၌ လောင်းထည့်စဉ်၄င်း၊ ထိုထိုအရပ်၌ နှိုက်ယူလျှင် အာပတ်မသင့်ပါ။

လက်သုတ်ဟင်းလျာကို အစဉ်အတိုင်းမဟုတ်ဘဲ နှိုက်ယူလျှင်လည်း အာပတ်မသင့်ပါ။

******************************

http://www.dhammadownload.com



## ထုပကတ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ အနည်းငယ်ကြွင်းကျန်သောဆွမ်းတို့ကို တစ်ပေါင်းတည်း စုရုံး၍ ဦးထိပ်၌နှိပ်ပြီး စားလျှင် အာပတ်မသင့်ပါ။

## သူဒနပဋိစ္ဆာဒန သိက္ခာပုဒ်

သားငါးမသတ်ရ ဟုပညက်ထားသောအခါစသည်တို့၌ ဆွမ်းအလှူရှင်တို့က သားငါးဟင်းလျာကိုဖုံးအုပ်ပြီး လှူဒါန်းသည်ကို ခံယူသောရဟန်းအား၎င်း၊ များများအလိုရှိ၍ ဖုံးအုပ်သည်မဟုတ်ဘဲ အလှူခံသော ရဟန်းသည်၎င်း၊ အာပတ်မသင့်ပါ။

**(မှတ်ချက်)** အနာပတ္တိဝါရ၌ ဂိလာနမလာသောကြောင့် ဂိလာနလည်း အာပတ်သင့်ပါသည်။

## ဥဇ္ဈာနသညီ သိက္ခာပုဒ်

(၁) ပေးမည်, ပေးစေမည်ဟူသောအကြံဖြင့် သူတစ်ပါး၏ သပိတ်ကိုကြည့်လျှင်၎င်း၊

(၂)ကဲ့ရဲ့လိုစိတ်မရှိဘဲ ကြည့်လျှင်၎င်း၊ အာပတ်မသင့်ပါ။

## ကဗဠ သိက္ခာပုဒ်

**မေး။** ဤ၌ ဆွမ်းလုပ်၏ ပမာဏများကိုရေးပါ။

**ဖြေ။** (၁)ဒေါင်းဥပမာဏရှိသောဆွမ်းလုပ်သည် အလွန်ကြီးသောဆွမ်းလုပ်မည်၏၊

(၂)ကြက်ဥပမာဏရှိသောဆွမ်းလုပ်သည် အလွန်ငယ်သောဆွမ်းလုပ်မည်၏

(၃)ဒေါင်းဥမျှလောက်မကြီး, ကြက်ဥမျှလောက် မငယ်, အလယ်အလတ်ဖြစ်သောဆွမ်းလုပ်သည် “ မကြီးမငယ်ဖြစ်သောဆွမ်းလုပ် ” မည်၏။

http://www.dhammadownload.com



ကြီးသော်လည်းအပြစ်မရှိ။ ခဲဘွယ်အားလုံးနှင့် သစ်သီးကြီးငယ်များကို အလွန်ကြီးသော ပမာဏရှိအောင် စားသော်လည်း အာပတ်မသင့်ပါ။

## အာလောပ သိက္ခာပုဒ်

**မေး။** အဘယ်ဆွမ်းလုပ်မျိုးကို ပရိမဏ္ဍလဆွမ်းလုပ် ဟုခေါ်ပါသနည်း။

**ဖြေ။** ရှည်ရှည်မျောမျော မဟုတ်သော ဆွမ်းလုပ်ကို ပရိမဏ္ဍလဆွမ်းလုပ်ဟု ခေါ်ပါသည်။

**မေး။** ဤ၌ ပရိမဏ္ဍလမဖြစ်တိုင်း အာပတ်သင့်ပါသလော။

**ဖြေ။** ဤသိက္ခာပုဒ်၌ ခဲဘွယ်,သစ်သီးကြီးငယ်တို့နှင့်တကွ လက်သုတ်ဟင်းလျာတို့ကို စားရာ၌ ပရိမဏ္ဍလမဖြစ်သော်လည်း အာပတ်မသင့်ပါ။

## အနှာဟဋ သိက္ခာပုဒ်

**မေး။** ဤ၌ သမ္ဘ ဟတ္ထံအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** တစ်တောင်ဆစ်မှစ၍ လက်ဖျားတိုင်အောင် လက်အားလုံးကို ယူစရာမလိုပါ၊ လက်ချောင်းတစ်ချောင်းစီ၏ အစိပ်အပိုင်းအားလုံးကိုသာ ဟတ္ထအရ ယူသင့်ပါသည်။

## သကဗလ သိက္ခာပုဒ်

စကားလုံး မပြည့်စုံ မပီသလောက်သော ဆွမ်းလုပ် ပါးစပ်အတွင်း၌ ရှိစဉ် စကားပြောပါက အာပတ်သင့်ပါသည်။

ဖန်ခါးသီးစသည်ကို ပါးစပ်၌ငုံ၍ တရားဟောရာ၌ စကားလုံးပီသနိုင်လောက်လျှင် အာပတ်မသင့်ပါ။

http://www.dhammadownload.com



## ကဗဠာဝဓမ္မဒက သိက္ခာပုဒ်

ဆွမ်းလုပ်ကို ကိုက်ဖြတ်၍မစားကောင်းဆိုရာ၌ ခဲဘွယ်,သစ်သီးကြီးငယ် လက်သုတ်ဟင်းလျာ, စားရာ၌ကား ကိုက်ဖြတ်၍စားသော်လည်း အာပတ် မသင့်ပါ။

## ဟတ္ထနိဒ္ဓုနကာဒိ သိက္ခာပုဒ်

ဆွမ်းစားသောရဟန်းသည် လက်ချောင်းမျှကိုသော်လည်း မလျက် ကောင်းပါ။ သို့သော် ပြစ်သောယာဂု ,တင်လဲ ,နို့,ဃနာဆွမ်း,စသည် တို့ကို လက်ချောင်းတို့ဖြင့် ယူ၍စားရာ၌ လက်ချောင်းတို့ကို ခံတွင်းသို့ သွင်း ပြီးစားကောင်း၏။

သပိတ်ကို လက်ဖြင့်မခြစ်ရဟုဆိုရာ၌ လက်ချောင်းတစ်ချောင်းမျှဖြင့် သော်လည်း မခြစ်ကောင်းပါ။

နှုတ်ခမ်းကို မလျက်ရဟုဆိုရာ၌ နှုတ်ခမ်းသားအချင်းချင်းသိမ်းယူ၍ အတွင်းသို့ သွင်းကောင်း၏။ လျှာဖြင့်ကား နှုတ်ခမ်းတစ်ခုကိုလည်း မလျက် ရပါ။

## သာမိသ သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်ကို ပညတ်ရခြင်း အကြောင်းကိုရေးပါ။

**ဖြေ။** အာမိသနှင့် တကွသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်ခြင်းကို စက် ဆုတ်ရွံရှာဘွယ်ကောင်းသောကြောင့် ပယ်မြစ်သောအားဖြင့် ပညတ်တော်မူ ပါသည်။ ထို့ကြောင့် သံဃိကဖြစ်စေ ,ပုဂ္ဂလိကဖြစ်စေ,လူ့ဥစ္စာဖြစ်စေ ,မိမိဥစ္စာဖြစ်စေ သောက်ရေခွက်များကို အာမိသနှင့်တကွ ကိုင်လျှင် ဒုက္ကဋ် အာပတ်သင့်၏။ အာမိသမလိမ်းကျံသော လက်ဖြင့်ကား ကိုင်ကောင်း

http://www.dhammadownload.com



ပါသည်။

***(မှတ်ချက်)*** မိမိကိုယ်တိုင် ဆေးမည်ဟုသောရည်ရွယ်ချက်ဖြင့်၄င်း၊သူတစ်ပါးကို ဆေးခိုင်းမည်ဟူသော ရည်ရွယ်ချက်ဖြင့်၄င်း၊ ကိုင်လျှင်ကား အပြစ်မဖြစ်။

## <u>သသိတ္ထက-သိက္ခာပုဒ်</u>

***မေး။*** ဤသိက္ခာပုဒ်၌ အပြစ်မဖြစ်အောင် အဘယ်သို့ သွန်ရပါမည်နည်း။

***ဖြေ။*** (၁) ဆွမ်းလုံးတို့ကို သပိတ်ဆေးရေမှ ထုတ်ဆယ်၍ သွန်လျှင်၄င်း၊
(၂) ဆွမ်းလုံးတို့ကို ရေနှင့်ရောအောင် နယ်ချေ၍၄င်း၊
(၃)ထွေးခံ၌ တစ်ဆင့်သွန်၍၄င်း၊
(၄)ရွာအပြင်ဘက်သို့ ထုတ်၍သွန်လျှင်၄င်း၊ အာပတ်မသင့်ပါ။

## <u>ဆတ္တပါဏိ သိက္ခာပုဒ်</u>

ထီးကို ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခု၌ ထားသော်လည်း <u>လက်ကမလွှတ်</u>သေးသမျှ တရားမဟောကောင်းပါ။

အခြားသူတစ်ယောက်က ဆောင်းထားပေးလျှင်၄င်း၊ စိုက်ထောင်ထားအပ်သော ထီးအောက်၌ နေသူအား၄င်း၊ တရားဟောကောင်းပါသည်။

## <u>ဒဏ္ဍပါဏိ သိက္ခာပုဒ်</u>

***ဒဏ္ဍအရ***= မဇ္ဈိမပုရိသ၏ လေးတောင်မျှရှိသောဒုတ်ကို ဒဏ္ဍအရယူရပါသည်။

<u>သတ္ထပါဏိသိက္ခာပုဒ်၌</u> သံလျက်လွယ်ထားသော ပုဂ္ဂိုလ်သည် သတ္ထပါဏိ အရေအတွက်သို့ မရောက်သောကြောင့် တရားဟောကောင်းပါသည်။

http://www.dhammadownload.com



## အာဝုဓပါဏိ သိက္ခာပုဒ်

**မေး။** ဤ၌ အာဝုဓအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** (၁) မြားနှင့်တကွသော လေးကိုင်း၊ (၂) လေးသက်သက်ကိုင်း၊ (၃)မြားသက်သက်ကိုင်း၊ (၄) ညို့နှင့်တကွသော လေးကိုင်း၊ (၅)ညို့မရှိသော လေးကိုင်း၊ အာဝုဓအရယူရပါသည်။ ၎င်းလက်နက်တို့ကို ကိုင်၍ ရပ်နေသောပုဂ္ဂိုလ်အား တရားမဟောကောင်းပါ။

ပခုံး၌ လွယ်ထားလျှင်ကား လက်ဖြင့်မကိုင်သေးသမျှ တရားဟောကောင်း၏

## ပါဒုက သိက္ခာပုဒ်

ထီးရိုးပုံသဏ္ဌာန်ရှိသော ခြေညှပ်ဖနပ်၌ ခြေချောင်းနှစ်ခုအကြားကို မသွင်းဘဲ နင်းရုံသက်သက်သာ နင်းထားသောပုဂ္ဂိုလ်အား၎င်း၊ခြေချောင်းကြားသွင်းပြီး ရပ်လျက် စွပ်ထားသောပုဂ္ဂိုလ်အား၎င်း၊ တရားမဟောကောင်းပါ။

## ယာန သိက္ခာပုဒ်

**မေး။** အဘယ်ပုဂ္ဂိုလ်ကို ယာနဂတ=ယာဉ်၌တည်သူ ဟု ခေါ်ပါသနည်း။

**ဖြေ။** (၁) လူနှစ်ယောက် လက်ချင်းဆက်၍ မ,ယူအပ်သော သူသည်၎င်း၊

(၂) အဝတ်၌ထား၍ ဝါးဖြင့်ထမ်းအပ်သော သူသည်၎င်း၊

(၃) နွား ,မြင်းတို့နှင့် မယှဉ်ဘဲ လှည်းပေါင်းချုပ်စသောယာဉ်၌ ထိုင်နေသော သူသည်၎င်း၊

(၄) ဖျက်ထားသောလှည်းဘီးမျှ၌ ထိုင်နေသောသူသည်၎င်း၊ "ယာနဂတ ယာဉ်၌တည်သူ " ဟုခေါ်ပါသည်။

.9

**မေး။** ယာဉ်၌တည်လျက် တရားဟောကောင်းပုံကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** (၁) ယာဉ်တစ်စီးတည်း၌ ဟောသူ ,နာသူနှစ်ဦးလုံး ထိုင်နေလျှင်၄င်း၊

(၂) သီးခြားယာဉ်၌ ထိုင်နေသော်လည်း တရားဟောသူက မြင့်သောယာဉ်၌ ထိုင်နေလျက် တရားနာသူက နိမ့်သောယာဉ်၌ ထိုင်နေလျှင်၄င်း၊

(၃) တရားဟောသူ ,နာသူ အနိမ့်+အမြင့် တူလျှင်၄င်း၊

(၄)တရားဟောသူက ရှေ့ယာဉ်၌ထိုင်နေလျက် တရားနာသူက နောက်ယာဉ်၌ ထိုင်နေသော်၄င်း၊ . တရားဟောကောင်းပါသည်။

***(မှတ်ချက်)*** တရားဟောသူက နောက်ယာဉ်၌ထိုင်နေလျှင် မြင့်သောယာဉ်ပင် ဖြစ်စေကာမူ ရှေ့၌နေသူအား မဟောကောင်းပါ။

## *သယန သိက္ခာပုဒ်*

အောက်ထစ်ဆုံးအားဖြင့် ဖျာသင်ဖြူး၌၄င်း၊ ပကတိမြေကြီး၌၄င်း၊ အိပ်နေသူအား မြင့်သောညောင်စောင်း ,အင်းပျဉ် ,မြေပြင်၌ ရပ်နေသူ, ထိုင်နေသူက တရားမဟောကောင်းပါ။

အိပ်ယာ၌ လျောင်းနေသူအချင်းချင်းကား တရားဟောကောင်းပါသည်။

## *ဝေဠိတသီသ သိက္ခာပုဒ်*

**မေး။** အဘယ်သူကို " ဝေဠိတသီသ= ခေါင်းပေါင်းသူ "ဟုခေါ်ပါသနည်း။

**ဖြေ။** ခေါင်းပေါင်းပုဝါဖြင့်ဖြစ်စေ , မကိုဋ်စသည်ဖြင့်ဖြစ်စေ ဆံပင်၏ အဆုံးအပိုင်းအခြားကို မမြင်ရလောက်အောင် ရစ်ပတ်အပ်သော ဦးခေါင်းရှိသောသူကို " ဝေဠိတသီသ= ခေါင်းပေါင်းသူ " ဟုခေါ်ပါသည်။

## *ဆမာ သိက္ခာပုဒ်*

အာသနအရ အောက်ထစ်ဆုံး အဝတ်ကို၄င်း ,မြက်တို့ကို၄င်း ခင်းထိုင်သူကိုယူ။

http://www.dhammadownload.com



## ဋ္ဌိတ သိက္ခာပုဒ်

***(အခက်ကြုံလျှင်)*** မထေရ်ကြီးထံ ဆည်းကပ်ရန် သွားပြီး ရပ်နေသောရဟန်းငယ်ကို မထေရ်ကြီးက ထိုင်လျက် ပုစ္ဆာမေးလျှင် မဖြေရပါ၊ ရိုသေလေးစားသောအားဖြင့် မထေရ်ကြီးကို "ထပြီး မေးပါ" ဟုပြောဘို့ရန်လည်း မသင့်၊ ထိုကဲ့သို့ အခက်ကြုံလျှင် "ဘေး၌ရပ်နေသော ရဟန်းအား ဖြေမည် " ဟု နှလုံးသွင်းပြီး ဖြေဆိုကောင်း၏။

## ပစ္ဆတောဂမန သိက္ခာပုဒ်

ရှေ့မှသွားသူကို နောက်မှသွားသူက တရားမဟောကောင်းဟုဆိုရာ၌ အတူတကွသင်ယူအပ်သောစာပေကို ရွတ်အံ သရဇ္ဈာယ်ခြင်းကို ပြုကောင်း၏။

## ဥပ္ပထေနဂမန သိက္ခာပုဒ်

တရားဟောသူ ,နာသူတို့ လှည်းလမ်းတစ်ခုစီ ရင်ဘောင်တန်းသွားလျက်၄င်း၊ လမ်းမဟုတ်ဘဲ ရင်ဘောင်တန်း သွားလျက်၄င်း၊ ဟောကောင်း၏။

## ဋ္ဌိတော ဥစ္စာရသိက္ခာပုဒ်

ဖုံးကွယ်ရာ အရပ်သို့ သွားစဉ် ကျင်ကြီး ,ကျင်ငယ် လျှင်မြန်စွာထွက်သွားသောသူကို " စေတနာမပါဘဲ ပြုလုပ်သူ " ဟု ခေါ်ပါသည်။

## ဟရိတေ ဥစ္စာရ သိက္ခာပုဒ်

**မေး။** ဤ၌ ဟရိတအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** မြေပေါ်၌ ထင်ရှားပေါ်လွင်လျက် သွားသော အသက်ရှင်ဆဲသစ်ပင်၏ အမြစ်ကို၄င်း၊ မြေ၌ကပ်ငြိသောသစ်ကိုင်း ,သစ်ခက်ကို၄င်း၊ယူရပါသည်။

http://www.dhammadownload.com



**အာပတ်မသင့်နိုင်။** (၁)ပင်စည်ပေါ်ထိုင်လျက် စိမ်းစိုသောမြက် သစ်ပင် မရှိရာအရပ်၌ ကျင်ကြီး ကျင်ငယ် စွန့်ချခြင်း၄၄င်း၊

(၂)စိမ်းစိုသောမြက်သစ်ပင် မရှိရာအရပ်ကိုရှာဖွေစဉ် လျှင်မြန်စွာထွက် သွားသော ဂိလာနအရာ၌တည်သောကြောင့် အာပတ်မသင့်ပါ။

**မေး။** အပ္ပဟရိတ္တာနကိုမရနိုင်၍ အခက်အခဲကြုံလျှင် ကျင်ကြီး,ကျင်ငယ်ကို အဘယ်၌ စွန့်ရပါသနည်း။

**ဖြေ။** စိမ်းစိုသောမြက်သစ်ပင် မရှိရာအရပ်ကို ရှာမရဘဲ အခက်အခဲကြုံခဲ့လျှင် မြက်ကရွတ်ခွေပေါ်၌၄င်း၊ ကောက်ရိုး ကရွတ်ခွေ၌၄င်း၊ စွန့်ပါ။ ထိုသို့စွန့်ရာ၌ စိမ်းစိုသောနေရာသို့ စီးသွားသော်လည်း အပြစ်မရှိပါ။

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ တံတွေးဖြင့် နပ်ကိုလည်း ယူပါ။

## ***ဥဒကေ ဥစ္စာရသိက္ခာပုဒ်***

**မေး။** ဤ၌ ဥဒကအရ အဘယ်ရေကို ယူရပါသနည်း။

**ဖြေ။** ဥဒကအရ သုံးဆောင်ကောင်းသော ရေကိုသာ ယူရပါသည်။ မသုံးဆောင်ကောင်းသော ကျင်ကြီးတွင်း, သမုဒ္ဒရာစသည်တို့၌ရှိသော ရေ တို့၌ကား ကျင်ကြီး,ကျင်ငယ် စွန့်ကောင်းပါသည်။

***(မှတ်ချက်)*** မိုးရွာသွန်း၍ ရေပြင်တစ်ခုလုံးဖြစ်နေလျှင် ရေထဲ၌ ကျင်ကြီး ကျင်ငယ် စွန့်ကောင်းပါသည်။

**မေး။** သေခိယသိက္ခာပုဒ်တို့ကို သမုဋ္ဌာန်စသည် ခွဲခြားပြပါ။

**ဖြေ။** (၁) ဥဇ္ဇဂ္ဃိက , ဥစ္စာသဒ္ဒတို့နှင့်စပ်သော သိက္ခာပုဒ် လေးခု၊

http://www.dhammadownload.com



သကာဗဌေန မုခေန ဗျာဟရဏသိက္ခာပုဒ်တစ်ခု၊ ဆမာ ,နီစာသန, ဌိတပစ္စတောဂမန ,ဥပ္ပထဂမနနှင့်စပ်သောသိက္ခာပုဒ်(၅)ခု၊ အားဖြင့် သိက္ခာပုဒ်(၁၀)ခုတို့သည် သမနုဘာသနသမုဋ္ဌာန်ရှိသော သိက္ခာပုဒ်များဖြစ်ပါသည်။

(၂) သူပေါဒနဝိညတ္တိသိက္ခာပုဒ်သည် ထေယျသတ္တသမုဋ္ဌာန်ရှိပါသည်။

(၃) ဆတ္တပါဏိ, ဒဏ္ဍပါဏိ, သတ္တပါဏိ, အာဝုဓပါဏိ, ပါဒုက,ဥပါဟန,ယာနသယန, ပလ္လတ္ထိက, ဝေဌိတ, ဩဂုဏ္ဌိတ, သိက္ခာပုဒ်(၁၁)ခုတို့သည် ဓမ္မဒေသနာသမုဋ္ဌာန်ရှိကြပါသည်။

(၄) ကြွင်းသော(၅၃)ပါးသော သိက္ခာပုဒ်တို့သည် ပထမပါရာဇိကသမုဋ္ဌာန်စသည်ရှိပါသည်။

## သေခိယအဖွင့် ပြီးပါပြီ

## အဓိကရဏသမထ အဖွင့်

အဓိကရဏ်းကို ငြိမ်းစေတတ်သောကြောင့် အဓိကရဏသမထဟုခေါ်ပါသည်။

**မေး။** အဓိကရဏ်းလေးပါးတို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** (၁) ဓမ္မ ,အဓမ္မစသော (၁၈)ပါးသောဝတ္ထုတို့ဖြင့် ငြင်းခုံသောရဟန်းတို့၏ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ်းမည်၏။

(၂) သီလဝိပ္ပတ္တိ ,အာစာရဝိပ္ပတ္တိ ,ဒိဋ္ဌိဝိပ္ပတ္တိ ,အာဇီဝဝိပ္ပတ္တိတို့ဖြင့် စွပ်စွဲကုန်သော ရဟန်းတို့၏ စွပ်စွဲခြင်း,ဆဲရေးခြင်း,အပြစ်တင်ခြင်းသည် အနုဝါဒါဓိကရဏ်းမည်၏။

(၃) အာပတ်(၇)ပုံတို့သည် အာပတ္တာဓိကရဏ်းမည်၏။

(၄) သံဃာတော်အပေါင်း၏ အပလောကနစသောကံ(၄)မျိုးကို ပြုခြင်းသည် ကိစ္စာဓိကရဏ်းမည်၏။

http://www.dhammadownload.com



**မေး။** အဓိကရဏာနှင့် သမထတို့ကို တွဲစပ်ပြပါ။

**ဖြေ။** ဝိဝါဒါဓိကရဏ်းသည် (၁)သမ္မုခါဝိနယသမထဖြင့်၄င်း၊ (၂)ယေဘုယျသိကာ သမထဖြင့်၄င်း၊ သမထနှစ်ပါးဖြင့် ငြိမ်းအေး၏။

အနုဝါဒါဓိကရဏ်းသည် (၁)သမ္မုခါဝိနယသမထဖြင့်၄င်း၊ (၂)သတိဝိနယသမထဖြင့်၄င်း၊ (၃)အမူဠ္ဝိနယသမထဖြင့်၄င်း၊ (၄)တဿ ပါပိယသိကာ သမထဖြင့်၄င်း၊ သမထ(၄)မျိုးတို့ဖြင့် ငြိမ်းအေး၏။

အာပတ္တာဓိကရဏ်းသည် (၁) သမ္မုခါဝိနယသမထဖြင့်၄င်း၊ (၂)ပဋိညာတကရဏသမထဖြင့်၄င်း၊ (၃)တိဏဝတ္ထာရကသမထဖြင့်၄င်း၊ သမထသုံးပါးတို့ဖြင့်ငြိမ်း၏။

ကိစ္စာဓိကရဏ်းသည် သမ္မုခါဝိနယသမထတစ်ပါးတည်းဖြင့်သာလျှင် ငြိမ်းအေးပါသည်။

**မေး။** သမ္မုခါဝိနယော၌ သမ္မုခါအပြားနှင့် အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** သမ္မုခါသည် (၁)သံဃသမ္မုခတာ (၂)ဓမ္မသမ္မုခတာ (၃)ဝိနယသမ္မုခတာ (၄)ပုဂ္ဂလသမ္မုခတာ ဟု လေးမျိုးရှိပါသည်။

ထိုတွင် (၁) ကာရကသံဃာ၏ သံဃသာမဂ္ဂီအစွမ်းဖြင့် မျက်မှောက်အဖြစ်သည် သံဃသမ္မုခတာ မည်၏။

(၂) ငြိမ်းစေထိုက်သောဝတ္ထု၏ ဟုတ်မှန်သည်၏အဖြစ်သည် ဓမ္မသမ္မုခတာမည်၏။

(၃) ငြိမ်းစေထိုက်သော အခြင်းအရာ ကားဖြင့်သာလျှင် အဓိကရဏ်း၏ ငြိမ်းခြင်းသည် ဝိနယသမ္မုခတာမည်၏။

(၄) ဝိဝါဒဟူသောအကြောင်းဝတ္ထုကြောင့် ရန်သူဖြစ်ကုန်သော ငြင်းခုံသူ, ငြင်းခုံဘက်ဖြစ်သူ ရဟန်းနှစ်ပါးတို့၏ မျက်မှောက်သည် ပုဂ္ဂလသမ္မုခတာ မည်၏။

http://www.dhammadownload.com



**မေး။** သမဂ္ဂ ,သမ္မောဒ ,အဝိဝဒတို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ကာယသာမဂ္ဂီ၏အစွမ်းဖြင့် ညီညွတ်ခြင်းသည် သမဂ္ဂမည်၏။ စိတ္တသာမဂ္ဂီ၏အစွမ်းဖြင့် အဖ္ဗာသယတူသည်၏အဖြစ်ဖြင့် လွန်စွာဝမ်းမြောက်ခြင်းသည် သမ္မောဒမာနမည်၏။

ဘေဒကရဝတ္ထု(၁၈)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မငြင်းခုံခြင်းသည် အဝိဝဒမာနမည်၏။

**မေး။** သိက္ခိတဗ္ဗံအရ အဘယ်ကဲ့သို့ ကျင့်ရပါသနည်း။

**ဖြေ။** ထိုထိုသိက္ခာပုဒ်ကို မလွန်ကျူးအဲ အဓိသီလသိက္ခာ်ကို ပြီးစေသောအားဖြင့် ကျင့်ရပါသည်။

## ***ဘိက္ခုပါတိမောက် အဖွင့်ပြီး၏***

---

## ***ဘိက္ခုနီပါတိမောက်အဖွင့်***

### *ပါရာဇိက မေထုနဓမ္မ သိက္ခာပုဒ်*

**မေး။** ဘိက္ခုနှင့် ဘိက္ခုနီပါတိမောက်နှစ်ခုတို့၏ ထူးခြားမှုကို ရေးပါ။

**ဖြေ။** ဘန္တေ, အယျေ စသည်တို့၏အစွမ်းအားဖြင့် သဒ္ဒါအသုံးအနှုံးမျှသာ၄င်း၊ လိင်အထူးမျှသာ၄င်း၊ ထူးပါသည်။

**မေး။** ဘိက္ခုနီပါရာဇိကဌ် သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ ” ဟု အဘယ်ကြောင့် မဟောပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဘိက္ခုနီမများအား သိက္ခာချရခြင်းမည်သည် မရှိသောကြောင့် သိက္ခံ အပစ္စက္ခာယ စသည် မဟောရပါ။

**မေး။** ဆန္ဒသော ၌ ဆန္ဒအရ ကောက်ပြ၍၊ ဗလက္ကာယဖြင့် ဖျက်ဆီးခံရသော ဘိက္ခုနီမများ ပါရာဇိကကျ/ မကျ စီစစ်ပြပါ။

**ဖြေ။** ဆန္ဒအရ မေထုနရာဂနှင့်ယှဉ်သော ဆန္ဒကို ယူရပါသည်။ ၄င်းမေထုနရာဂပဋိသံယုတ္တဆန္ဒမရှိခဲ့လျှင် ဗလက္ကာယဖြင့် ဖျက်ဆီးခံရသော်လည်း ဘိက္ခုနီမများ ပါရာဇိကမကျပါ။

## ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်

**မေး။** ပုရိသပုဂ္ဂလဿ၌ ပုရိသအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ပုရိသအရ ကာယသံသဂ္ဂသို့ ရောက်ခြင်းငှါ တတ်သိနားလည်သော လူဇာတ်ရှိသော ယောကျ်ားကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ တစ်တောင်ဆစ်၏အထက် လက်မောင်းကို အဘယ်ဖြင့် ယူရပါသနည်း။

**ဖြေ။** ဥဗ္ဘဇာဏုမဏ္ဍလသဒ္ဒါဖြင့်ပင် ယူရပါသည်။

**မေး။** အာမသနစသည်တို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** <u>အာမသန</u>= ထိရာအရပ်ကို မကျော်လွန်မူ၍ ထိုထိရာအရပ်၌ပင်လျှင် ပြင်းစွာ ထိခိုက်ခြင်းကို အာမသနဟုခေါ်ပါသည်။

<u>ပရာမသန</u>= ထိုမှ ဤမှ လှည့်လည်ရွေ့ရှားသုံးသပ်ခြင်းကို ပရာမသနခေါ်၏

<u>ဂဟဏ</u>= ကိုင်အပ်ကာမျှကို ဂဟဏဟုခေါ်ပါသည်။

http://www.dhammadownload.com



ဆုပနှ = ပြင်းစွာမထိခတ်ဘဲ ထိရုံမျှကို ဆုပနဟုခေါ်ပါသည်။
ပီဠနှ = အင်္ဂါကြီးငယ်တို့ကို ဖိညှစ်ခြင်းကို ပီဠနဟုခေါ်ပါသည်။

**မေး။** အဘယ်ကို ဥဗ္ဗဇာဇာမဏ္ဍလိကာ ဟုခေါ်ပါသနည်း။

**ဖြေ။** ပိုင်းခြားသတ်မှတ်အပ်သော မိမိ၏ကိုယ်၌ ယောကျ်ား၏ သုံးသပ်ခြင်းစသည်ကို သာယာသောဘိက္ခုနီမသည်၎င်း၊ မိမိကသော်လည်း ထိုပိုင်းခြားသတ်မှတ်အပ်သောကိုယ်ဖြင့် ယောကျ်ား၏ကိုယ်ခန္ဓာ တစ်နေရာရာကို သာယာလျက် တို့ထိသော ဘိက္ခုနီမသည်၎င်း၊ ဥဗ္ဗဇာဇာမဏ္ဍလိကာမည်၏။

**မေး။** ထုလ္လစ္စည်းအာပတ်သင့်နိုင်သော သုံးသပ်မှုများကို ပိုင်းခြားပြပါ။

**ဖြေ။** (၁) ဘိက္ခုနီကသာ ကာယသံသဂ္ဂရာဂရှိပြီး မိမိ၏ကာယဖြင့် ပုရိသ၏ကာယကို သုံးသပ်လျှင်၎င်း၊

(၂) ဘိက္ခုနီနှင့် ပုရိသနှစ်ဦးလုံး ကာယသံသဂ္ဂရာဂရှိလျက် ကာယဖြင့် ကာယပဋိဗဒ္ဓကို သုံးသပ်လျှင်၎င်း၊

(၃) သတ်မှတ်အပ်သော ကာယပဋိဗဒ္ဓဖြင့်ဖြစ်စေ, ကြွင်းသော ဥဗ္ဗက္ခက အဓောဇာဇာမဏ္ဍလ အဓောကပ္ပရဟူသော ကာယဖြင့်ဖြစ်စေ ပုရိသ၏ ကာယကိုသုံးသပ်လျှင်၎င်း၊

(၄) နှစ်ဖက်လုံးရာဂရှိလျက် လူယောင်ဆောင်ထားသော တိရစ္ဆာန်, ဘီလူး, ပြိတ္တာ ,ပဏ္ဍုပ်တို့၏ ကာယအချင်းချင်း သုံးသပ်လျှင်၎င်း၊

(၅) ကာယသံသဂ္ဂရာဂမရှိသော ယောကျ်ား၏ ဘိက္ခုနီမပါရာဇိကခေတ်၌ သုံးသပ်လျှင်၎င်း၊ ထုလ္လစ္စည်းအာပတ်သင့်ပါသည်။

***(မှတ်ချက်)***ကာယပဋိဗဒ္ဓအချင်းချင်း သုံးသပ်လျှင်၎င်း၊ မေထုနရာဂ,ဂေဟသိတပေမဖြင့် သုံးသပ်လျှင်၎င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



## ဝစ္စပ္ပဋိစ္ဆာဒိကာ သိက္ခာပုဒ်

**မေး။** နာသိတာအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** လိင်္ဂနာသနာဖြင့် ကိုယ်တိုင်ဖျက်ဆီးခြင်းကိုငှင်း, သူတစ်ပါးတို့က ဖျက်ဆီး အပ်သည်ကိုငှင်း ယူရပါသည်။

**မေး။** အဘယ်ကို ဝစ္စပ္ပဋိစ္ဆာဒိကာ ဟုခေါ်ပါသနည်း။

**ဖြေ။** ဘိက္ခုနီမအသွင်၌တည်သော ဘိက္ခုနီမ၏ ပါရာဇိကကျသည်၏အဖြစ်ကို သိပါလျက် " မည်သူ့ကိုမျှ မပြောတော့အံ့ " ဟု စုရန်ကွေ့ပပြုပြီးကာမျှဖြစ် သောဘိက္ခုနီမသည် ဝစ္စပ္ပဋိစ္ဆာဒိကာမည်ပါသည်။

***ဂဏအရ*** ဤ၌ မိမိမှတစ်ပါး အခြားသော ဘိက္ခုနီမများကို ယူရပါသည်။

<u>ပုဗ္ဗေဝါဟံ အယျေ အညာသိံ</u> ။ ဤပါဠိ၌သည် ဖုံးထားသောဘိက္ခုနီမ၏ ပြောပြရာ အခါကို ပြသောစကားဖြစ်ပါသည်။

## ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်

**မေး။** သတ္ထုသာသနာဟူသည် အဘယ်ပါနည်း။

**ဖြေ။** စောဒနာ၍ငှင်း, အပြစ်ကို အမှတ်ရစေ၍ငှင်း, ပြုခြင်းသည်ပင် သတ္ထု သာသနာမည်၏။

**မေး။** အနာဒရအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ဥက္ခေပနီယကံပြုသော သံဃာ၌သော်ငှင်း၊ ထိုသံဃာ၌အကျုံးဝင်သော ဂိုဏ်း၌သော်ငှင်း၊ ပုဂ္ဂိုလ်တစ်ယောက်၌သော်ငှင်း၊ ဥက္ခေပနီယကံ၌သော် ငှင်း၊ မရိုသေခြင်းကို ယူရပါသည်။

http://www.dhammadownload.com



**မေး။** အကာတသဟာယံ၌ သဟာယ၏အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ကေကမ္မစသော သံဝါသ၌ အတူတကွဖြစ်သောကြောင့် တူသောသံဝါသရှိသောရဟန်းတို့သည် သဟာယမည်၏။

**မေး။** အနုဝတ္တေယျ၌ အတုလိုက်ပုံကို ရေးပါ။

**ဖြေ။** ဥက္ခိတ္တကရဟန်း၏အယူကို ယူသောအားဖြင့် အတုလိုက်ပါသည်။

## <u>အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်</u>

**မေး။** အဝဿုတာအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** လူအပေါင်းသည် သာယာအပ်သော မိတ်ဆွေဖွဲ့ခြင်း၏အစွမ်းဖြင့် ကာယသံသဂ္ဂရာဂစိုစွပ်မှုကို အဝဿုတာအရယူရပါသည်။

**မေး။** ဟတ္ထဂ္ဂဟဏံ၌ ဟတ္ထအရနှင့် ဟတ္ထဂ္ဂဟဏ၏အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ဟတ္ထအရ ပါရာဇိကခေတ်မဟုတ်သော(ပုဆစ်ဒူးဝန်းအောက်– ညှပ်ရိုးအထက်ဟူသော)အင်္ဂါတစ်ခုခုကို ယူရပါသည်။
ထိုပါရာဇိကခေတ်မဟုတ်သောအင်္ဂါတစ်ခုခုကို ကိုင်ခြင်းသည် ဟတ္ထဂ္ဂဟဏမည်ပါသည်။
***(မှတ်ချက်)*** တစ်တောင်ဆစ်မှစ၍ အဖျားဘက်ကိုကိုင်လျှင် ဤသိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်းအာပတ်သင့်၏၊ တစ်တောင်ဆစ်မှအထက် လက်မောင်းကိုကိုင်လျှင် ဥဗ္ဘဇာဏုမဏ္ဍလိကပါရာဇိကသင့်ပါသည်။

**မေး။** သဃာဋိကဏ္ဏဂ္ဂဟဏံ၌ သဃာဋိအရနှင့် အဓိပ္ပါယ်ကိုရေးပါ။

**ဖြေ။** သဃာဋိအရ သင်းပိုင်, ကေသိ ,သင်္ကန်းကြီးအားလုံးကို ယူရပါသည်။

http://www.dhammadownload.com



ဝတ်အပ်သောသင်းပိုင်ကိုသော်၎င်း ,ရုံအပ်သော ကောသီ,သက်န်းကြီးကိုသော်၎င်း၊ ကိုင်ခြင်းသည် သယ်္ဘာငိုကဏ္ဍဂ္ဂဟဏာမည်၏။

**မေး။** အဘယ်ဘိက္ခုနီကို အဋ္ဌဝတ္ထုကာဘိက္ခုနီဟုခေါ်ပါသနည်း။

**ဖြေ။** ကာယသံသဂ္ဂဟူသော မသုတော်အကျင့်ကို မှီဝဲခြင်းငှါ ဝတ္ထု(၈)မျိုးတို့ကို အစဉ်အတိုင်းဖြစ်စေ ,အစဉ်အတိုင်းမဟုတ်သောအားဖြင့်ဖြစ်စေ ပြည့်စေသော ဘိက္ခုနီသည် အဋ္ဌဝတ္ထုကာဘိက္ခုနီမည်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံ/ အာပတ်မှလွတ်နိုင်ပုံကို ရေးပါ။

**ဖြေ။** ဝတ္ထု(၈)မျိုးတို့တွင် တစ်မျိုးမျိုးကို ကျူးလွန်သည့်အခါတိုင်း၌ ထုလ္လစ္စည်းအာပတ်သင့်ပါသည်၊ ရှစ်ခုပြည့်သောအခါ ပါရာဇိကအာပတ်သင့်၏။

ဝတ္ထု(၈)မျိုးတို့တွင် တစ်မျိုးမျိုးကို အကြိမ်တစ်ရာ ကျူးလွန်ပြီးသော်လည်း ထိုအာပတ်တို့ကို ဒေသနာကြားခြင်းဖြင့် အာပတ်မှ လွတ်နိုင်ပါသည်။

**မေး။** ဒေသနာကြားရာရောက်သော ဂဏနာူပိကာအာပတ် , ဒေသနာကြားရာမရောက်သော အဂဏနူပိကာအာပတ်တို့ကို ခွဲခြားပြပါ။

**ဖြေ။** "ယခုအခါ မရောက်တော့အံ့၊ မကျူးလွန်တော့အံ့ "ဟု နှလုံးသွင်း၍ ဓုရနိက္ခေပပြုပြီး ဒေသနာကြားအပ်သောအာပတ်သည် ဒေသနာကြားရာရောက်သော "ဂဏနူပိကာ" အာပတ်မည်၏။

အာပတ်သင့်ပြီးနောက်"နောက်ထပ်လည်း အခြားဝတ္ထုသို့ ရောက်ဦးအံ့" ဟု ဥဿာဟနှင့်တကွ ဒေသနာကြားအပ်သောအာပတ်သည် ဒေသနာကြားရာမရောက်သော " အဂဏနူပိကာ " အာပတ်မည်၏။

http://www.dhammadownload.com



**မေး။** ဝတ္တုရှစ်ခုပြည့်သော်လည်း ပါရာဇိကမကျနိုင်သော နည်းလမ်းကို ရေးခဲ့ပါ။

**ဖြေ။** အာပတ်တစ်ခု(ဝတ္ထုတစ်ခု)သို့ရောက်ပြီး စုရနိကွေပပြုကာ ဒေသနာကြား၍ တစ်ဖန် ကိလေသာ၏အစွမ်းအားဖြင့် ရောက်ပြန်၏၊ နောက်ထပ်လည်း ဒေသနာကြားပြန်၏၊ ဤနည်းအတိုင်း ရှစ်ခုမြောက် ဝတ္ထုကို ပြည့်စေသော်လည်း ပါရာဇိကမကျနိုင်။

**အင်္ဂါ သုံးပါး။** (၁) ကာယသံသဂ္ဂရာဂရှိခြင်း၊(၂) အားထုတ်မှုရှိခြင်း (၃)ရှစ်ခုမြောက်ဝတ္ထုကို ပြည့်စေခြင်း။

## ***ပါရာဇိက အဖွင့်ပြီး၏***

## ***သံဃာဒိသေသကဏ္ဍ***

## ***ဥဿယဝါဒိကာ သိက္ခာပုဒ်***

**မေး။** အဘယ်ဘိက္ခုနီမျိုးကို ဥဿယဝါဒိကာ ဘိက္ခုနီဟုခေါ်ပါသနည်း။

**ဖြေ။** ထောင်လွှားတက်ကြွသောမာန ,ကောဓ၏အစွမ်းဖြင့် တရားစွဲခြင်းငှါ တရားသူကြီးတို့၏အထံ၌ ငြင်းခုံသောဘိက္ခုနီမကို "ဥဿယဝါဒိကာ ဘိက္ခုနီ" ဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ တရားတွေ့ဘက်ဖြစ်သင့်သောသူတို့ကို ရေးပါ။

**ဖြေ။** သီတင်းသုံးဘော်ငါးဦးတို့မှတစ်ပါး ကြွင်းသော လူ ,ရဟန်း, ပရိဗိုဇ်တို့သည် တရားတွေ့ဘက်များဖြစ်သင့်ပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကြောင့် ပထမာပတ္တိက ဟုခေါ်ပါသနည်း။

**ဖြေ။** လွန်ကျူးဆဲခဏ၌သာလျှင် သင့်ရောက်ထိုက်သောကြောင့် ပထမာပတ္တိက ဟုခေါ်ပါသည်။

**မေး။** တရားတွေ့ရာ၌ တရားနိုင်မှသာ အာပတ်သင့်ပါသလော၊ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** တရားလို ,တရားခံနှစ်ဦးတို့တွင် မည်သူကမဆို တစ်ဦးဦးက တရားတွေ့စကား ရှေးဦးစွာပြောကြားလျှင် ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်ပါသည်၊ တရားတွေ့ဘက် ကျန်တစ်ဦးက မိမိစကားပြောကြားပြီးလျှင် ဘိက္ခုနီမအား ထုလ္လစ္စည်းအာပတ်သင့်ပါသည်၊ တရားသူကြီးက တရားဆုံးဖြတ်ပြီးလျှင် ဘိက္ခုနီမက နိုင်သည်ဖြစ်စေ ,ရှုံးသည်ဖြစ်စေ သံဃာဒိသေသ်သင့်ပါသည်။

**မေး။** တရားတွေ့သော်လည်း အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁)တရားတွေ့အောင် အတင်းဆွဲခေါ်သည်ဖြစ်၍ လိုက်သွားရသောဘိက္ခုနီ၊

(၂) ဘိက္ခုနီမတို့၏ကျောင်း၌ သူတစ်ပါးတို့ပြုလုပ်အပ်သော အနှာစာရကို မည်သူမည်ဝါဟု မရည်ညွှန်းဘဲ ပြောဆိုတိုင်ကြားလျက် အစောင့်အရှောက်တောင်းသော ဘိက္ခုနီမ၊

(၃)တစ်စုံတစ်ခုကို မပြောဆိုရဘဲ တရားသူကြီးကိုယ်တိုင် တရားဆုံးဖြတ်ခံရသော ဘိက္ခုနီမ၊

(၄) ဥမ္မတ္တကရဟန်းမ စသည်တို့ဖြစ်ပါသည်။

**အင်္ဂါ နှစ်ပါး။** (၁) သူတစ်ပါးတို့က မဆွဲငင်အပ်ဘဲ တရားတွေ့ခြင်း၊

(၂) တရားပြီးဆုံးခြင်း။

http://www.dhammadownload.com



## စောရိဝဂ္ဂဋ္ဌာပန သိက္ခာပုဒ်

**မေး။** စောရီအရ အဘယ်ကိုယူရပါသနည်း။

**ဖြေ။** ငါးပဲထိုက်သောဝတ္ထုမှစ၍ သူတစ်ပါး၏ဥစ္စာကို ခိုးယူသောမိန်းမကို ယူရပါသည်

**မေး။** ဂဏစသည်တို့၏အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** မိဿနိုးကို ကိုးကွယ်သူအပေါင်း ,ကဒဲနတ်ကို ကိုးကွယ်သူအပေါင်း စသည်တို့သည် ဂဏမည်ပါသည်။

တရားရှိသော ဗုဒ္ဓသာသနာကို ဆည်းကပ်ကိုးကွယ်သူအပေါင်းသည် ပူဂမည်ပါသည်။

နံ့သာကုန်သည်အပေါင်း ,အထည်ကုန်သည်အပေါင်း စသည်တို့သည် သေဏိမည်ပါသည်။

**မေး။** ဂဏစသည်တို့ကို အဘယ်ကြောင့် ပန်ပြောရပါသနည်း။

**ဖြေ။** မင်းတို့က ဂဏစသည်တို့အား " ဤရွာ နိဂုံး၌ သင်တို့သည်သာ ဆုံးမကြ" ဟု အပ်နှင်းအပ်သောအရပ်၌ ထိုဂဏစသည်တို့သည်ပင် အစိုးရသူများ ဖြစ်သောကြောင့် ဂဏစသည်တို့ကို ပန်ပြောရပါသည်။

***(မှတ်ချက်)*** ဂဏစသည်တို့တွင် မည်သူအား ပန်ပြောပြီးသည်ဖြစ်စေကာမူ ဘိက္ခုနီသံဃာကို မုချပန်ပြောရမည်သာ ဖြစ်ပါသည်။

**မေး။** အဘယ်မိန်းမသည် ကပ္ပါမည်ပါသနည်း။

**ဖြေ။** တိတ္ထိတို့၌သော်၎င်း၊ အခြားသော ဘိက္ခုနီမတို့၌သော်၎င်း၊ ပဗ္ဗဇိတာဖြစ်ဘူးသူသည် ကပ္ပါမည်ပါသည်။

http://www.dhammadownload.com



**အင်္ဂါ သုံးပါး။** (၁) နိုးသူမ ဖြစ်ခြင်း (၂)နိုးသူမ ဟုအမှတ်ရှိခြင်း (၃)ခွင့်ပြုအပ်သော အကြောင်းကို ကြဉ်၍ ရဟန်းပြုပေးခြင်း။

## ကောဂါမန္တရဂမန သိက္ခာပုဒ်

**မေး။** ခြိစည်းရိုးပေါက်ဖြင့် ဘိက္ခုနီကျောင်းသို့ဝင်လျှင် ဂါမန္တရအရ အာပတ် သင့်ပါသလော။

**ဖြေ။** ကျိုးပြတ်သော တံတိုင်းပေါက်ဖြင့်၄င်း၊ ခြံစည်းရိုးပေါက်ဖြင့်၄င်း ဘိက္ခုနီမတို့၏ကျောင်းမြေသို့ ဝင်နိုင်၍ ဝင်လာလျှင် အပ်သော(ကပ္ပိယဘူမိ)မြေသို့ ဝင်သည်မည်သောကြောင့် ဂါမန္တရအရ အာပတ်မသင့်ပါ။

**မေး။** တံခိုးစသည်ဖြင့် သွားလျှင် အာပတ်သင့်နိုင်ပါသလော။

**ဖြေ။** တံခိုး ,တံတား ,ယာဉ် ,လှေတို့ဖြင့် တစ်ဖက်ကမ်းသို့ သက်ခြင်း၄ါ၄င်း၊ ရေချိုးလိုခြင်းကြောင့် သက်ဆင်းပြီး ဤဘက်ကမ်းသို့ ခြေထောက်ဖြင့် ပြန်တက်ခြင်း၄ါ၄င်း၊ အပ်ပါသည်။ နဒီပါရဂမနအရ အာပတ်မသင့်ပါ။

**မေး။** ဂါမန္တရကြောင့် အာပတ်သင့်ပုံကို ခွဲခြားပြပါ။

**ဖြေ။** ဂါမန္တရအာပတ်၌ မိမိရွာမှ ထွက်ကာမျှဖြင့် အာပတ်မသင့်သေး၊ ထွက်ပြီးနောက် အခြားရွာသို့ သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ အခြားရွာ၏ အကာအရံသို့ဖြစ်စေ, ဥပစာသို့ဖြစ်စေ ,ခြေတစ်လှမ်းကျော်လျှင် ထုလ္လစ္စည်းအာပတ်သင့်၏၊ ဒုတိယခြေလှမ်းကျော်လျှင် သံဃာဒိသေသ် သင့်ပါသည်။

**မေး။** ရတ္တိဝိပ္ပဝါသကြောင့် အဘယ်သို့ အာပတ်သင့်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** အာရုဏ်မတက်မီ အပေါ်၏ဟတ္ထပါသ်သို့ သွားမည်ဟူသောနှလုံးသွင်းမှု မရှိဘဲ အခန်းတစ်ခုတည်း၌ပင်သော်လည်း အပေါ်၏ဟတ္ထပါသ်ကို လွန်၍ အာရုဏ်တက်စေလျှင် အာပတ်သင့်ပါသည်။

**မေး။** ကော ဝါ ဂဏမှာ ၌ ဂဏအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ဘိက္ခုနီမ တစ်ယောက်တည်းသည်လည်း ဂဏမည်ပါသည်။

**မေး။** အပေါ်မှ ချန်ရစ်ရာ၌ ဥပစာကို အဘယ်သို့ ယူရပါသနည်း။

**ဖြေ။** ရွာတံခါးခုံကို ကျော်သည်မှစ၍ ရွာအပြင်ဘက်၌ သစ်ပင်, တိုင်, အဝတ် ကန့်လန့်ကာ စသည်ခြားကွယ်လျှင် ဒုသနျူပစာကို စွန့်ရာရောက်၏။ ထိုနေရာမျိုး၌ သဝနျူပစာရှိသေးသော်လည်း အာပတ်သင့်ပါသည်။

လွင်ပြင်၌ မျက်စိလယ် , လမ်းမှားသူ၏ အသံနှင့်တူသော အသံဖြင့် သော်၄င်း၊တရားနာရန် ကြွေးကြော်သော အသံနှင့်တူသော အသံဖြင့်သော် ၄င်း "အယျေ"ဟုခေါ်သော အသံကို ကြားလောက်ရာအရပ်ကို ကျော်လျှင် သဝနျူပစာကို ကျော်သည်မည်၏။

*(မှတ်ချက်)* မှီအောင်လိုက်မည်ဟူသော နှလုံးသွင်းဖြင့် ကျန်ရစ်နေလျှင်ကား အာပတ်မသင့်ပါ။

**မေး။** ဂါမန္တရစသောအာပတ်လေးချက် တစ်ပြိုင်နက်သင့်ပုံကို ရေးပါ။

**ဖြေ။** အာရုဏ်မတက်မီ ,မိမိရွာမှထွက်၍ အာရုဏ်တက်သောအခါ ရွာတစ်ပါး၌ အကျုံးဝင်သော မြစ်တစ်ဖက်ကမ်းသို့ သက်ရောက်လျှင် ဂါမန္တရအာပတ်, နဒီပါရအာပတ်,ရတ္တိဝိပ္ပဝါသအာပတ် ,ဂဏမှာသြဟီယနအာပတ် လေးချက် တစ်ပြိုင်နက်သင့်ပါသည်။

http://www.dhammadownload.com



**မေး။** အာပတ်မှသင့်နိုင်သူများကို ရေးပါ။

**ဖြေ။** (၁) အဖေါ်ရဟန်းမ အရပ်တစ်ပါးသို့ ဖဲသွားသော်၄င်း၊
(၂) လူထွက်သွားသော်၄င်း၊
(၃) သေသွားသော်၄င်း၊
(၄) တိတ္ထိဘောင်သို့ ပြောင်းသွားသော်၄င်း၊
(၅) ဘေးရန်တို့ကြောင့်သော်၄င်း၊ ရွာတစ်ပါးစသည်သို့ သွားသောရဟန်းမ၊
(၆) ဥမ္မတ္တိကာရဟန်းမ စသည်တို့ဖြစ်ပါသည်။

**အင်္ဂါ သုံးပါး** ။ (၁) အန္တရာယ်ကြောင့် တစ်ယောက်တည်းမဟုတ်ခြင်း၊
(၂) ဂါမန္တရဂမနစသည်တို့တွင် ဟစ်ပါးပါးသို့ ရောက်ခြင်း၊
(၃) ဘေးရန်မရှိခြင်း။

*ဥက္ခိတ္တကသြသာရဏ သိက္ခာပုဒ်*

**ဂဏအရ** = ဥက္ခေပနီယကံပြုသော သံဃာကို ယူရပါသည်။

*ဘောဇနပဋိဂ္ဂဟန ပထမသိက္ခာပုဒ်*

ဘောဇဉ်ကိုခံယူခြင်းကြောင့် ထုလ္လစ္စည်းအာပတ်သင့်၏၊ မျိုတိုင်း မျိုတိုင်း သံဃာဒိသေသ်အာပတ်သင့်၏။
ရေ ,ဒန်ပူကို ခံယူခြင်း၊သုံးဆောင်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

*ပါပသမာစာရပဌမ သိက္ခာပုဒ်*

**မေး။** ဤ၌ သံသဋ္ဌအရ အဘယ်သို့ ရောနှောခြင်းကို ယူရပါသနည်း။

**ဖြေ။** ရသေ့ ,ရဟန်းတို့အား မလျော်သော လုတို့၏ စပါးထောင်းခြင်း , ချက်

http://www.dhammadownload.com



ပြုပ်ခြင်း ,သတင်းစကားဆောင်ပို့ခြင်း, စသောကိုယ်နှုတ်၌ဖြစ်သော ရောနှောခြင်းကို ယူရပါသည်။

**မေး။** ဝိဟေသိကာအရ ညှင်းဆဲပုံကို ရေးပါ။
**ဖြေ။** အချင်းချင်းအပေါ်ကပြုသော် တားမြစ်သောအားဖြင့် ညှင်းဆဲပါသည်။

## သံဃဘေဒက သိက္ခာပုဒ်

**မေး။** ဘိက္ခုနီသည် သံဃဘေဒအမှု ပြုနိုင်ပါသလော။
**ဖြေ။** ဘိက္ခုနီမသည် သံဃဘေဒအမှု(သံဃာကွဲပြားအောင်)မပြုနိုင်ပါ၊ ကွဲပြားအောင် လုလ္လပြုခြင်း, နောက်လိုက်ပြုခြင်းသာ ပြုလုပ်နိုင်ပါသည်။

**မေး။** ဘိက္ခုနီများသည် အဘယ်ကြောင့် ပက္ခမာနတ်သာ ကျင့်ရပါသနည်း
**ဖြေ။** ဘိက္ခုနီမများသည် အာပတ်ကို ဖုံးလွှမ်းသော်လည်း ပရိဝါသ်နေစရာ မလို၊ ဖုံးလွှမ်းခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ်မသင့်၊ ထို့ကြောင့် ဖုံးလွှမ်းသည်ဖြစ်စေ , မဖုံးလွှမ်းသည်ဖြစ်စေ ပက္ခမာနတ်ကိုသာ ကျင့်ရပါသည်။

**မေး။** ပက္ခမာနတ်ပေးပုံအစီအစဉ်ကို အကျဉ်းမျှရေးပါ။
**ဖြေ။** ဘိက္ခုနီတို့သည် မိမိသိမ်ကို သုတ်သင်၍ ကျောင်းတိုက်ဟူသော မဟာသိမ်၌၄င်း၊ မသုတ်သင်နိုင်လျှင် ခဏ္ဍသိမ်၌၄င်း၊ အောက်ထစ်ဆုံး စတုဝဂ်ဂိုဏ်းသံဃာကို စည်းဝေးစေ၍ ပေးရပါသည်။

**မေး။** ပက္ခမာနတ်တောင်းပုံကို ရေးပါ။
**ဖြေ။** အဟံ အယျေ ဧကံ အာပတ္တိံ အာပန္နာ ဥဿယဝါဒံ၊ သာဟံ အယျေ သံဃံ

http://www.dhammadownload.com



ဧကိဿာ, အာပတ္တိယာ ဥဿယဝါဒါယ ပက္ခမာနတ္တံ ယာစာမိ၊ဟု သုံးကြိမ်ဆို၍ တောင်းရမည်။

*(ဝတ်ဆောက်တည်ပုံ)* ဝတ္တံ သမာဒိယာမိ၊ မာနတ္တံ သမာဒိယာမိ။

*(ဝတ်ချပုံ)* ဝတ္တံ နိက္ခိပါမိ ၊ မာနတ္တံ နိက္ခိပါမိ။

## သံဃာဒိသေသ် အဖွင့်ပြီး၏

## နိဿဂ္ဂိယကဏ္ဍ

### ပတ္တသန္နိစယ သိက္ခာပုဒ်

**မေး။** အဘယ်မျှသိမ်းထားသူကို ပတ္တသန္နိစယ=သိမ်းဆည်းသူ ဟုခေါ်ပါသနည်း။

**ဖြေ။** အဓိဋ္ဌာန်တင်လောက်သောသပိတ်ကို အဓိဋ္ဌာန် ,ဝိကပ္ပနာမပြုဘဲ တစ်ရက်မျှထားခြင်းကို သိမ်းဆည်းသူဟု ခေါ်ပါသည်။

### အကာလစီဝရ သိက္ခာပုဒ်

**မေး။** အကာလသင်္ကန်းဟူသည် အဘယ်သင်္ကန်းမျိုးပါနည်း။

**ဖြေ။** ကထိန်ခင်းလျှင် ကထိန်လတို့မှင်၊ ကထိန်မခင်းလျှင် သင်္ကန်းလ တို့မှ အခြားသောကာလ၌၎င်း၊ဖြစ်သောသင်္ကန်းသည်၎င်း၊ သင်္ကန်းကာလ၌လည်း ရည်စူး၍ လှူအပ်သောသင်္ကန်းသည်၎င်း၊ အကာလသင်္ကန်း မည်၏။

**မေး။** ရည်စူး၍လှူအပ်သောသင်္ကန်း ဟူသည် အဘယ်သင်္ကန်းမျိုးပါနည်း။

**ဖြေ။** လာလာသမျှပုဂ္ဂိုလ်တို့ ဝေဘန်ပါကုန်ဟုဆို၍၎င်း၊ "ဤသင်္ကန်းကို ဂိုဏ်းအားလှူပါ၏၊ ဤသင်္ကန်းကို အရှင်ဘုရားအား လှူပါ၏" ဟုဆို၍၎င်း၊

http://www.dhammadownload.com



လှူလိုသည့်အတွက် ခြေရင်း၌ထား၍သော်၄င်း၊ လှူအပ်သောသင်္ကန်းသည် " ရည်စူး၍လှူအပ်သောသင်္ကန်း " မည်၏။

**မေး။** ဤသိက္ခာပုဒ်အရ နိဿဂ္ဂိဖြစ်၍ စွန့်ပြီးနောက် ပြန်ရလျှင် မိမိကိုယ်တိုင် သုံးနိုင်ပါပြီလော။

**ဖြေ။** ပြန်ရလျှင်လည်း မူလလှူရာအရပ်, ပုဂ္ဂိုလ်သို့သာ ပြန်ပေးရပါသည်။

**အင်္ဂါ လေးပါး။** (၁) အကာလသင်္ကန်းဖြစ်ခြင်း၊ (၂) အကာလသင်္ကန်းဟု အမှတ်ရှိခြင်း (၃)ကာလသင်္ကန်းဟု အဓိဋ္ဌာန်၍ အမြွက်ထောင်သဖြင့် ဝေဘန်ခြင်း၊ (၄)ရရှိခြင်း။

## ဂရုပါဝုရဏ သိက္ခာပုဒ်

**မေး။** အဘယ်ကို ဂရုပါဝုရဏ= လေးသောခြုံထည်ဟုခေါ်ပါသနည်း။

**ဖြေ။** အေးသောအခါ ခြုံအပ်သော ခြုံထည်ကိုခေါ်ပါသည်။

**မေး။** လေးကံသဟူသည် မည်မျှရှိပါသနည်း။

**ဖြေ။** တစ်ကံသလျှင် (၄)ကျပ်ရှိသောကြောင့် လေးကံသဟူသည် (၁၆)ကျပ် ရှိပါသည်။ ထို့ကြောင့် ဂရုပါဝုရဏသည် (၁၆)ကျပ်ထိုက်တန်သော ခြုံထည် ဖြစ်ပါသည်။

**မေး။** ဂရုပါဝုရဏကို မည်သူထံ တောင်းရပါသနည်း။

**ဖြေ။** သီတင်းသုံးဖော်ငါးဦးနှင့် ဉာတက,ပဝါရိတတို့မှတစ်ပါး အခြားသောသူ သည် တစ်စုံတစ်ခုသောဂုဏ်၌ နှစ်သက်သည်ဖြစ်၍ " အရှင်မ အလိုရှိရာ

http://www.dhammadownload.com



ပြောပါ ”ဟု ပြောဆိုအပ်သော ဘိက္ခုနီမသည် တောင်းအပ် ;တောင်းကောင်းပါသည်။

**မေး။** ဘိက္ခုနီ နိဿဂ္ဂိသိက္ခာပုဒ်များကို သာစာရဏာ/အသာစာရဏာအားဖြင့် ခွဲပြပါ။

**ဖြေ။** သာစာရဏာသိက္ခာပုဒ် (၁၈)ခုနှင့် အသာစာရဏာသိက္ခာပုဒ်(၁၂)ရှိပါသည်။

## *ပါစိတ္တိယကဏ္ဍ*

## *လသုဏ သိက္ခာပုဒ်*

**မေး။** လသုဏ(ကြက်သွန်)ဟူသည် အဘယ်ကြက်သွန်ကို ခေါ်ပါသနည်း။

**ဖြေ။** မဂဓတိုင်း၌ဖြစ်သော အစိမ်းဖြစ်သော အမြွှာင့်များသောကြက်သွန်ဖြူကို ခေါ်ပါသည်။ တစ်မြွှာင့်သာ ရှိသောကြက်သွန်ဝါ, နှစ်မြွှာင့်ရှိသောကြက်သွန်နီ ,သုံးမြွှာင့်ရှိသော ကြက်သွန်စိမ်းကို ခေါ်သည်မဟုတ်ပါ။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁) တစ်မြွှာင့်သာ ရှိသော ကြက်သွန်ဝါ(ပလဏ္ဍုကကြက်သွန်)၊

(၂) နှစ်မြွှာင့်ရှိသော ကြက်သွန်နီ(ဘဉ္ဇနကကြက်သွန်)၊

(၃) သုံးမြွှာင့်ရှိသော ကြက်သွန်စိမ်း(ဟရိတကကြက်သွန်)၊

(၄) ကြက်သွန်မြိတ်၊

(၅) ကြက်သွန်ဖြူထည့်ကာ ကောင်းစွာချက်အပ်သော ဟင်းရည်၊

(၆) ကြက်သွန်ဖြူထည့်ကာ ကောင်းစွာချက်အပ်သော အသားဟင်း၊

(၇) ကြက်သွန်ဖြူထည့်ကာ ကောင်းစွာချက်အပ်သော ဆီ၊

(၈) ကြက်သွန်ဖြူနှင့်ပြုလုပ်ထားသောဇီးယို၊

http://www.dhammadownload.com



(၉) ကြက်သွန်ဖြူနှင့်ပြုလုပ်ထားသော လက်သုတ်ဟင်းလျာတို့ကို စားသော ဘိက္ခုနီနှင့်၊ (၁၀) ဥမ္မတ္တိကာစသည်တို့သည် အာပတ်မသင့်ပါ။

***အင်္ဂါနှစ်ပါး***။ (၁) ဇိမ်းသောကြက်သွန်ဖြူဖြစ်ခြင်း၊ (၂) စားခြင်း။

## သမ္ဗာဓလောမ သိက္ခာပုဒ်

***မေး။*** သမ္ဗာဓ(ကျဉ်းမြောင်းရာအရပ်)ဟူသည် အဘယ်ကိုခေါ်ပါသနည်း။

***ဖြေ။*** လက်ကတီးကြားနှင့် ကျင်ငယ်စွန့်ရာ ပဿာဝမဂ်ကို ခေါ်ပါသည်။

***(မှတ်ချက်)*** သင်တုန်း ,မွေးညှပ် ,ကပ်ကြေး ,စသည်တို့တွင် တစ်မျိုးမျိုးဖြင့် နှုတ်ပယ်လျှင် လုလ္လပယောဂအရေအတွက်ဖြင့် အာပတ်သင့်ပါသည်၊ အမွေးအရေအတွက်ဖြင့် အာပတ်မသင့်။

## တလဃာတက သိက္ခာပုဒ်

ပဿာဝမဂ်ကိုပုတ်ခတ်ရာ၌ အောက်ထစ်ဆုံးအားဖြင့် ကြာဝတ်ဆံဖြင့် ပုတ်ခတ်လျှင်လည်း ပါစိတ်အာပတ်သင့်၏၊ အနာရောဂါကြောင့် ပုတ်ခတ်လျှင်ကား အာပတ်မသင့်ပါ။

## ဇတုမဋ္ဌက သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဇတုမဋ္ဌကဟူသောစကားကို ဝတ္ထုကြောင်း၏အစွမ်းအားဖြင့် ဟောတော်မူခြင်းဖြစ်ပါသည်။ အမှန်စင်စစ်အားဖြင့် ကာမရာဂကြောင့် ကြာဝတ်ဆံကို သွင်းလျှင်လည်း အာပတ်သင့်သည်သာ။

21

## ဥဒကသုဒ္ဓိက သိက္ခာပုဒ်

B ***မေး။*** ဥဒကသုဒ္ဓိကအရ အဘယ်အရပ်ကို ရေဆေးခြင်းကို ယူရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ပဿာဝမဂ်ကို ရေဆေးခြင်းကို ယူရပါသည်။

**မေး။** ဒွင်္ဂုလကပ္ပပရမအရ ယူသင့်သောအတိုင်းအတာနှင့် မယူသင့်သောအတိုင်းအတာတို့ကို ရေးပါ။

**ဖြေ။** လက်နှစ်ချောင်းတို့၌ တစ်ဆစ်စီကိုပြု၍ လက်နှစ်ဆစ်ကို မလွန်စေရ၊ ရေဆေးရာ၌ ရာဂ၏အစွမ်းဖြင့် သုံးခုမြောက်လက်ချောင်း၏ အဖျားတစ်ဆစ်ကိုသော်မှ မသွင်းရပါ။ အနက်–အစောက်အားဖြင့် လက်တစ်ချောင်း၏ သုံးဆစ်တိုင်အောင်လည်း သွင်း၍မဆေးရပါ။

## ဥပတိဋ္ဌန သိက္ခာပုဒ်

**မေး။** ဘုဥ္ဇန္တဿအရ အဘယ်ကို စားနေသောရဟန်းကို ယူရပါသနည်း။

**ဖြေ။** ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးကို စားနေသော ရဟန်းကို ယူရပါသည်။

**မေး။** ဤ၌ ပါနီယအရနှင့် ဥပတိဋ္ဌေယျအရ အဘယ်၌ ရပ်တည်နေခြင်းကို ယူရပါသနည်း။

**ဖြေ။** ပါနီယအရ ရေသက်သက်ကိုငှင်း၊ ရက်တက်ရည်စသည်တို့တွင် တစ်မျိုးမျိုးကိုငှင်း၊ ယူရပါသည်။
ဥပတိဋ္ဌေယျအရ ဟတ္ထပါသ်အတွင်း၌ တည်ခြင်းကို ယူရပါသည်။

## အာမကဓည သိက္ခာပုဒ်

**မေး။** အမေကို တောင်းလျှင် အပြစ်မှလွတ်ပါသလော ရေး၍၊ ဤသိက္ခာပုဒ်၌ လိုရင်းပဓာနအဓိကကိုလည်း ရေးခဲ့ပါ။

**ဖြေ။** ဤသိက္ခာပုဒ်၌ မိမိ၏အမေကိုသော်မှ မတောင်းကောင်းပါ။

http://www.dhammadownload.com



ဤသိက္ခာပုဒ်၌ တောင်းခြင်းနှင့် စားခြင်းသည်သာ လိုရင်းပတနဖြစ်ပါသည်။

**(မှတ်ချက်)** မတောင်းဘဲရသော စပါးစိမ်းကိုင်၊ သူတစ်ပါးတောင်း၍ ရသော စပါးစိမ်းကိုင်၊ ကိုယ်တိုင်ဖြစ်စေ ,သူတစ်ပါးကိုဖြစ်စေ လှော်ခြင်း, ထောင်းခြင်းစသည်ကို ပြု၍ /ပြုစေ၍ စားလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁) ရောဂါကုလို၍ တောင်းသောဘိက္ခုနီမ၊

(၂) မတောင်းဘဲရသော စပါးစိမ်းကို နဝကမ္မအတွက် လက်ခံသောဘိက္ခုနီမ၊

(၃) ဉာတက ,ပဝါရိတတို့ထံ၌ ပဲနောက် ,မတ်ပဲစသည်တို့ကို တောင်းသော ဘိက္ခုနီမ၊ (၄) ဥမ္မတ္တိကာဘိက္ခုနီမ စသည်တို့ဖြစ်ပါသည်။

**အင်္ဂါ သုံးပါး။** (၁) စပါးမျိုး(၇)ပါးတို့တွင် တစ်ပါးပါးကို တောင်းခြင်း,တောင်စေခြင်း၊ (၂) ရခြင်း၊ (၃)လှော်ခြင်းစသည်တို့ကို ပြု၍ ,ပြုစေ၍ စားခြင်း။

<u>ပဉ္စမဉစ္စာရဆဋ္ဌ သိက္ခာပုဒ်</u>

**မေး။** ဝိဃာသအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** စားပြီးသည်မှ ကြွင်းကျန်သမျှအားလုံးသော လုပ်ဆေးရေကိုင်၊ ဝါးပြီး ဒန်ပူကိုင်၊ အရိုးစားဖတ်ဟူသမျှကိုင် ယူရပါသည်။

**(မှတ်ချက်)** ကြည့်ပြီး၍ စွန့်လျှင် ,မသုံးဆောင်သောအရပ်၌ စွန့်လျှင် အာပတ်မသင့်ပါ။

22 **<u>အင်္ဂါ ငါးပါး။</u>** (၁)ကျင်ကြီးစသည်ဖြစ်ခြင်း၊ (၂)မကြည့်ရှုခြင်း၊ (၃)သုံးဆောင်

A ရာအရပ်ဖြစ်ခြင်း (၄)တိရောကုဍ္ဍ,တိရောပါကာရဖြစ်ခြင်း၊ (၅)စွန့်ခြင်း စွန့်စေခြင်း။

http://www.dhammadownload.com



## ဒုတိယဥစ္စာရဆဒွန သိက္ခာပုဒ်

**မေး။** ဟရိတအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** အမှတ်မထားတစ်ပါးပါးသော စိုက်ပျိုးအပ်သည်ဖြစ်၍ စိမ်းစိုသောလယ်ကို ၄င်း ,အုံးခြံ စသောအရာမ်ကို၄င်း ဟရိတအရယူရပါသည်။

***(မှတ်ချက်)*** ထိုဟရိတနေရာမျိုး၌ အုန်းရည်သောက်ပြီးသော အုန်းသီး(အခွံ)ကိုသော်လည်း စွန့်ပစ်လျှင်၊ အာပတ်သင့်ပါသည်။

မျိုးစေ့ကျဲပြီး၄သောလယ်၌ အညှန့်မထွက်သေးသမျှ ထိုလယ်၌ စွန့်လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

## နစ္စဂီတ သိက္ခာပုဒ်

**မေး။** နစ္စ, ဂီတ ,ဝါဒိတ အရ အဘယ်ကိုယူရပါသနည်း၊ အာပတ်သင့်ပုံနှင့် တကွ ရေးပါ။

**ဖြေ။** နစ္စအရ=အောက်ထစ်ဆုံးအားဖြင့် ဒေါင်းကခြင်းကိုလည်း ယူရ၏။

ဂီတအရ= အောက်ထစ်ဆုံးအားဖြင့် ဓမ္မကထိကတို့၏ သီချင်းသံကိုလည်း ယူရပါသည်။

ဝါဒိတအရ= အောက်ထစ်ဆုံးအားဖြင့် ရေထည့်ရာစည်တီးသံကိုလည်း ယူရ၏။

***(အာပတ်သင့်ပုံ)***။ (၁)ကိုယ်တိုင် ကခြင်းစသည်ကိုပြုလျှင် (၂)သူတစ်ပါးကိုစေခိုင်းလျှင် (၃)စေတီကို နစ္စ,ဂီတ,ဝါဒိတဖြင့် ပူဇော်ကြ(ဗုဒ္ဓပူဇနိယပွဲ)ပြုလုပ်ကြ ဟု **ပရိယာယ်ဖြင့်** ခိုင်းလျှင် (၄)ပူဇော်ပါရစေဟု လူတို့က လျှောက်ထားသည်ကို လက်ခံလျှင် ပါစိတ်အာပတ်ချည်းသာ သင့်ပါသည်။

ဘိက္ခုနီတို့မှာကား ဒုက္ကဋ်အာပတ်သင့်ပါသည်။ 22

B

**မေး။** ပွဲကြည့်သော်လည်း ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** (၁) နစ္စ,ဂီတ,ဝါဒိတဖြင့် ဗုဒ္ဓပူဇနိပွဲ လုပ်ပါရစေ ဟု ကြော်ငြာကြော်ငြာ ‌ထားလာလျှင် "ဆည်းကပ်ပူဇော်မှုမည်သည် ကောင်း၏" ဟုပရိယာယ်စကားပြောသူ၊
(၂) မိမိကျောင်း၌ တည်၍ကြည့်ရှုနားထောင်သူ၊
(၃) မိမိတည်ရာအရပ်သို့ လာ၍ သီဆို,တီးမှုတ်ခြင်းစသည်ကိုငှင်း၊ ရင်ဆိုင်သွားစဉ် ရှေ့မှောက်ရောက်လာသော ကခြင်းစသည်ကို ကြည့်ရှု, နားထောင်သူ၊
(၄) ဆွမ်းခံခြင်းစသောကိစ္စရှိ၍ သွားသူ၊
(၅) ဘေးအန္တရာယ်တို့ကြောင့် ပွဲခင်းသို့ ဝင်ပြေး၍ ကြည့်ရှုသူ၊
(၆) ဥမ္မတ္တကစသည်တို့သည် အာပတ်မသင့်ပါ။

***အင်္ဂါ သုံးပါး။*** (၁) နစ္စ,ဂီတ,ဝါဒိတတို့တွင် တစ်ခုခုဖြစ်ခြင်း၊ (၂)ခွင့်ပြုအပ်သောအကြောင်းမရှိဘဲ သွားခြင်း၊ (၃) ကြည့်ရှုခြင်း (သို့မဟုတ်) နားထောင်ခြင်း။

## *ရတ္တန္ဓကာရ သိက္ခာပုဒ်*

**မေး။** အပ္ပဒီပအရနှင့် ပုရိသအရတို့ကို ကောက်ပြပါ။

**ဖြေ။** <u>အပ္ပဒီပအရ</u>= လရောင် ,နေရောင် ,မီးရောင်အမျိုးမျိုးတို့တွင် တစ်မျိုးမျိုးမရှိသောအရပ်ကို ယူရပါသည်။
<u>ပုရိသအရ</u>= အတူတကွ တည်နေခြင်းငှါငှင်း ,စကားပြောခြင်းငှါငှင်း,သိကြားလိမ္မာသော လူယောကျ်ားကို ယူရပါသည်။

***(မှတ်ချက်)*** ဟတ္ထပါသ်အတွင်း၌ တည်၍ ဂေဟဿိတစကားမျိုးပြောလျှင်လည်း ပါစိတ်အာပတ်ပင် သင့်ပါသည်။ သိကြားလိမ္မာသော အဖော်ကို ခေါ်ထားလျှင်ကား အာပတ်မသင့်တော့ပါ။

http://www.dhammadownload.com



## အနာပုစ္ဆာ ပဏ္ဍမနှ သိက္ခာပုဒ်

**မေး။** ဤ၌ ပုရေဘတ္တစသည်ကို ပိုင်းခြားပြပါ။

**ဖြေ။** ပုရေဘတ္တအရ= အရုဏ်တက်သည်မှစ၍ မွန်းတည့်ချိန်တိုင်အောင် ယူရ၏။ ပစ္ဆာဘတ္တအရ=မွန်းတည့်ချိန်လွန်ပြီးသည်မှ နေဝင်သည်တိုင်အောင်ယူရ၏ ဝိကာလအရ= နေဝင်သည်မှ အရုဏ်တက်သည်တိုင်အောင် ယူရပါသည်။

**မေး။** သာမိကေ အနာပုစ္ဆာ၌ သာမိကအရ ဖော်ပြပါ။

**ဖြေ။** သာမိကအရ=ထိုအိမ်၌ တတ်သိနားလည်သော လူသားတစ်ယောက်ယောက်ကို ယူရပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁) ပန်ပြောပြီးပြီဟု မှတ်ထင်သူ (၂) ပြောင်းရွှေ့မရသောပစ္စည်း၌ မပန်ပြောသူ (၃) မကျမ္မာသူ (၄)ဘေးရန်တို့ကြောင့် မပန်ပြောသူ (၅) ဥမ္မတ္တကစသည်တို့အား အာပတ်မသင့်ပါ။

## ပရအဘိသံပန သိက္ခာပုဒ်

**မေး။** ငရဲဖြင့် ကျိန်ဆဲပုံ ,ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံတို့ကို ရေးပါ။

**ဖြေ။** ငရဲဖြင့် ကျိန်ဆဲပုံ။ ။"ငရဲ၌ ဖြစ်ရပါစေသား, ငရဲ၌ ဖြစ်ပါစေ"စသော စကားတို့ကို ပြောဆိုလျက် ကျိန်ဆဲခြင်းသည် ငရဲဖြင့်ကျိန်ဆဲသည်မည်၏။ ဗြဟ္မစရိယဖြင့်ကျိန်ဆဲပုံ ။ ။လူဝတ်ကြောင်မ ဖြစ်ရပါစေသား , လူဝတ်ကြောင်မ ဖြစ်ပါစေ "စသောစကားတို့ကို ပြောဆိုလျက် ကျိန်ဆဲခြင်းသည် ဗြဟ္မစရိယဖြင့် ကျိန်ဆဲသည်မည်၏။

http://www.dhammadownload.com



*(မှတ်ချက်)* လူ သာမဏေကို ကျိန်ဆဲလျှင်၎င်း၊ တိရစ္ဆာန်မျိုး, ပြိတ္တာမျိုးဖြင့် ကျိန်ဆဲလျှင်၎င်း၊ (အကန်းမ ,အကျိုးမ စသော)လူ၏ မကောင်းပုံဖြင့်၎င်း ကျိန်ဆဲလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**အာပတ်မသင့်သူများ။** အတ္ထ ,ဓမ္မ ,အနုသာသနကို ရှေးရှုလျက် ပြောဆိုသူသည်၎င်း၊ ဥမ္မတ္တကစသည်တို့သည်၎င်း အာပတ်မသင့်ပါ။

## ရောဒန သိက္ခာပုဒ်

**မေး။** ထုခြင်း ,ငိုခြင်းနှစ်မျိုးတို့တွင် တမျိုးမျိုးသာ ပြုလျှင် ပါစိတ်သင့်ပါမည်လော ၊ရှင်းပြပါ။

**ဖြေ။** ထုခြင်း ,ငိုခြင်းနှစ်မျိုးလုံးကို ပြုမှသာလျှင် ပါစိတ်အာပတ်သင့်ပါသည်၊ တစ်မျိုးမျိုးကို ပြုလျှင်ကား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ငိုခြင်းအမှုပြုတိုင်း အာပတ်သင့်ပါသလော။

**ဖြေ။** ဉာတိဗျသန ,ဘောဂဗျသန ,ရောဂဗျသနတရားနှင့်တွေ့၍ ငိုရုံသာငိုပြီး မထုလျှင်ကား အာပတ်မသင့်ပါ။

## နဂ္ဂ သိက္ခာပုဒ်

**မေး။** နဂ္ဂအရ အဘယ်ပုဂ္ဂိုလ်မျိုးကို ယူရပါသနည်း။

**ဖြေ။** ခါးဝတ်သင်းပိုင် မဝတ်ဘဲသော်၎င်း၊ ကိုယ်ရုံသင်္ကန်း မပါဘဲသော်၎င်း ရေချိုးသူကို ယူရပါသည်။

**အာပတ်သင့်ပုံ။** လုလ္လပယောဂတိုင်း ဒုက္ကဋ်သင့်၏၊ ရေချိုးပြီးသောအခါမှ ပါစိတ်သင့်၏။

http://www.dhammadownload.com



## စီဝရသိဗ္ဗန သိက္ခာပုဒ်

**မေး။** စတုမဟာပဒ္ဓာဟာအရ အဘယ်နေ့မှစ၍ ရေတွက်ရပါသနည်း။

**ဖြေ။** ဖြေသောနေ့မှစ၍ ငါးရက်တို့ကို ယူရပါသည်။ ချုပ်နေစဉ် ငါးရက်ကျော်သွားလျှင် အာပတ်မသင့်ပါ။

## သဃာဋိစာရ သိက္ခာပုဒ်

**မေး။** သဃာဋိစာရ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** .. တိစီဝရိတ် ,ရေသနုပ် ,ရင်စီးတဘက်ဟူသော သင်္ကန်းငါးထည်တို့သည် သုံးစွဲခြင်း၏အစွမ်းအားဖြင့်၄င်း၊နေလှမ်းခြင်း၏အစွမ်းအားဖြင့်၄င်း၊ ချုပ်စပ်အပ်သောကြောင့် သဃာဋိ မည်၏။

ဤသင်္ကန်းငါးထည်တို့ကို လဲလှယ်ခြင်းကို သဃာဋိစာရ ဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** ခြောက်ခုမြောက် အရုဏ်တက်လျှင် သင်္ကန်းတစ်ထည်လျှင် အာပတ်တစ်ချက်သင့်၏၊ သင်္ကန်းငါးထည်တို့၌ အာပတ်ငါးချက်သင့်ပါသည်။

## စီဝရသင်္ကမနီယ သိက္ခာပုဒ်

**မေး။** အဘယ်ကို စီဝရသင်္ကမနီယ ဟုခေါ်ပါသနည်း။

**ဖြေ။** အခြားသောရဟန်းမ၏ ဥစ္စာကို မပန်ပြောဘဲ ယူအပ်သည်ဖြစ်၍ တစ်ဖန်ပြန်ပေးထိုက်သော သင်္ကန်းငါးထည်တို့တွင် တစ်ထည်ထည်ကို "စီဝရသင်္ကမနီယ " ဟုခေါ်ပါသည်။

%%%%%%%%%%%%%%%%%%%%%

http://www.dhammadownload.com



## ဂဏစိဝရသိက္ခာပုဒ်

**မေး။** ဂဏနှင့် စီဝရအရကို ကောက်ပြပါ။

**ဖြေ။** ဂဏအရ =ဘိက္ခုနီသံဃာကို ယူရပါသည်။
စီဝရအရ =ဝိကပ္ပနာတင်လောက်သော သင်္ကန်းကို ယူရပါသည်။

**မေး။** အန္တရာယံ ကရေယျ၌ အဘယ်ကို အန္တရာယ်ပြုသည်ဟု ခေါ်ပါသနည်း။

**ဖြေ။** မလှူဖြစ်အောင်အားထုတ်ခြင်းကို အန္တရာယ်ပြုသည်ဟု ခေါ်ပါသည်။

**အာပတ်သင့်ပုံ။** အခြားသော ပရိက္ခရာကို မလှူဖြစ်အောင် အန္တရာယ်ပြုလျှင်၄င်း၊ ဂိုဏ်း ,ပုဂ္ဂိုလ်အတွက် အန္တရာယ်ပြုလျှင်၄င်း၊ ဒုက္ကဋ်အာပတ်သာ သင့်၏။ အကျိုးအာနိသင်ပြော၍ တားမြစ်လျှင်ကား အာပတ်မသင့်ပါ။

## ပဋိဗာဟန သိက္ခာပုဒ်

**မေး။** အဘယ်ကို တရားနှင့်လျော်ညီသော သင်္ကန်းဝေဘန်ခြင်းဟုခေါ်ပါသနည်း။

**ဖြေ။** ညီညွတ်သောသံဃာသည် စည်းဝေး၍ပြုအပ်သော သင်္ကန်းဝေဘန်မှုကို " တရားနှင့်ညီသော သင်္ကန်းဝေဘန်မှု " ဟု ခေါ်ပါသည်။

## စီဝရဒါန သိက္ခာပုဒ်

**မေး။** သမဏစီဝရအရ အဘယ်သင်္ကန်းကို ယူရပါသနည်း။

**ဖြေ။** ကပ္ပဗိန္ဒုထိုးပြီးသော ဝတ်ရုံနိုင်လောက်သော သင်္ကန်းကိုယူရပါသည်။

***(မှတ်ချက်)*** သိတင်းသုံးဖေါ်ငါးဦးနှင့် မိဘတို့မှတစ်ပါး အခြားသော လူဝတ်ကြောင် တစ်ဦးဦးအား၄င်း၊ ရသေ့ ,ပရိဗိုဇ်အား၄င်း၊ စွန့်၍ပေးလျှင် ပါစိတ်

http://www.dhammadownload.com



အာပတ်သင့်ပါသည်။

**မှတ်ချက်။** ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤ၌ ပေးတိုင်းအာပတ်သင့်ပါသလော။

**ဖြေ။** မိဘများအား အပိုင်ပေးသော်လည်း အာပတ်မသင့်ပါ၊ အခြားသူတို့အား ခဏခေတ္တပေးလျှင်၄င်း၊ ဥမ္မတ္တကစသည်တို့အား၄င်း၊ အာပတ်မသင့်။

## *ကာလအတိက္ကမန သိက္ခာပုဒ်*

**မေး။** အဘယ်ကို ဒုမ္ဗလစီဝရပစ္စာသာ ဟုခေါ်ပါသနည်း။

**ဖြေ။** စွမ်းနိုင်လျှင် လှူပါမည် ဟူသောစကားမျှလေးက်ကို ကြား၍ဖြစ်စေအပ်သောအာသာကို " ဒုမ္ဗလစီဝရပစ္စာသာ " ဟုခေါ်ပါသည်။

**မေး။** အဘယ်ကာလကို လွန်စေလျှင် အာပတ်သင့်ပါသနည်း။

**ဖြေ။** ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင်သောကာလကို၄င်း၊ ကထိန်ခင်းလျှင် ကထိန်နှုတ်ရာနေ့ကို၄င်း၊ ကျော်လွန်စေလျှင် ပါစိတ်အာပတ်သင့်ပါသည်။

## *ကထိနုဒ္ဓါရ သိက္ခာပုဒ်*

**မေး။** အဘယ်ကို တရားနှင့်လျော်ညီသော ကထိန်နှုတ်ခြင်းဟုခေါ်ပါသနည်း။

**ဖြေ။** ဘိက္ခုနီအားလုံးတို့အား အကာလသင်္ကန်းကို လှူလိုသော ဒါယကာသည် မှုလခင်းပြီးသော ကထိန်၏ အကျိုးအာနိသင်ထက် ပိုလွန်အောင်၄င်း၊ တူညီမျှအောင်၄င်း၊လှူ၍တောင်းပန်သဖြင့် ညီညွတ်သောဘိက္ခုနီသံဃာသည် ဉတ္တိဒုတိယကမ္မဝါစာဖြင့် အကြား၌ ကထိန်နှုတ်ခြင်းကို "တရားနှင့်လျော်ညီ ကထိန်နှုတ်ခြင်း " ဟုခေါ်ပါသည်။

http://www.dhammadownload.com



## ကေမဋ္ဌတဝဋ္ဋန သိက္ခာပုဒ်

နှစ်ယောက်တို့တွင် တစ်ယောက်စီ ရှေ့နှောက် အချိန်မတူဘဲ အိပ်သည် ဖြစ်စေ, နှစ်ဦးလုံး တစ်ပြိုင်နက်ဖြစ်စေ၊ အိပ်သော်လည်း ပါစိတ်အာပတ် သည့်ပင် သင့်ပါသည်။

တစ်ယောက်ကအိပ်ပြီး တစ်ယောက်ကထိုင်နေသော်၄င်း၊ နှစ်ဦးလုံး ထိုင်နေသော်၄င်း၊ အာပတ်မသင့်ပါ။

## ကေတ္တရဏ တဝဋ္ဋန သိက္ခာပုဒ်

**မေး။** အဘယ်ကို တစ်ခင်းတစ်ခြုံ တည်း အိပ်သည်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပြောင်းရွှေ့၍ရနိုင်သော ခြုံ ထည်အခင်း, ဖျာ, သင်ဖြူး, စသည်တို့၏ အစွန်းတစ်ဖက်ကို ခင်း၍ အခြားအစွန်းတစ်ဖက်ကို ခြုံ ပြီးအိပ်ခြင်းကို " တစ်ခင်းတစ်ခြုံ တည်း၌ အတူအိပ်သည် " ဟုခေါ်ပါသည်။

***(မှတ်ချက်)*** အခင်းသာ တစ်ခုတည်းဖြစ်ပြီး အခြုံ မတူကြလျှင်၄င်း၊အခြုံ တူ ပြီး အခင်းမတူကြလျှင်၄င်း၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်အောင် အဘယ်သို့အိပ်ရပါသနည်း။

**ဖြေ။** (နှစ်ပါးတို့၏အလယ်၌)အပိုင်းအခြားကို ပြု၍(ဘောင်ဝေး , ခါးပန်းကြိုး, သင်္ကန်းစသည်ကို နှစ်ပါးတို့၏ အကြား၌ထား၍) အိပ်လျှင်ာ အာပတ်မသင့် တော့ပါ။

## အဖါသုကရဏ သိက္ခာပုဒ်

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံကို ရေးပါ။

**ဖြေ။** မချုပ်သာစေလိုသော ရည်ရွယ်ချက်ဖြင့် မပန်ကြားဘဲ ရှေ့၌ စကြ်

http://www.dhammadownload.com



သွားခြင်း ,ရပ်ခြင်း, ထိုင်ခြင်း, စားအံ့ခြင်း, စားအံ့စေခြင်း, အစိပ္ပါယ်မေးခြင်းစသည်ကိုပြုရာ၌ စကြံ့ သွားရာတွင် ပြန်လှည့်ခြင်းအကြိမ်အရေအတွက်ဖြင့်၍အာပတ်သင့်ပါသည်။

ရပ်ခြင်းစသည်ကိုပြုရာ၌ ပယောဂအရေအတွက် အာပတ်သင့်ပါသည်။

စားအံ့ခြင်းစသည်ကိုပြုရာ၌ ပုဒ်အရေအတွက်အားဖြင့် အာပတ်သင့်ပါသည်။

## နိဗ္ဗူမှန သိက္ခာပုဒ်

**မေး။** ဥပဿယအရ အဘယ်ကျောင်းကို ယူရပါသနည်း။

**ဖြေ။** တံခါးရွက်တပ်ပြီးသော မိမိ၏ ပုဂ္ဂလိကကျောင်းကို ယူရပါသည်။

**အာပတ်သင့်ပုံ။** ။တံခါးရွက်မရှိသောကျောင်းမှ နှင်ထုတ်လျှင်ကား ဒုက္ကဋ်သင့်၏။ သံကာန်း ,သပိတ်စသော ပရိက္ခရာများကို ဆွဲထုတ်ရာ၌ မည်သည့်ကျောင်းမှ မဆို ဒုက္ကဋ်အာပတ်သင့်ပါသည်။

## အဗ္ဘောဂရွှ သိက္ခာပုဒ်

**အဗ္ဘောရွှအရ=** မိမိနေထိုင်ရာ တိုင်းနိုင်ငံကို ယူရပါသည်။

**တိရောရွှအရ=** မိမိနေထိုင်ရာ တိုင်းနိုင်ငံမှ အခြားတိုင်းနိုင်ငံကို ယူရပါသည်။

**အာပတ်သင့်ပုံ။** ဂါမန္တရအရေအတွက်ဖြင့်၄င်း၊ ရွာမရှိသောတော၌ ယူဇနာဝက်အရေအတွက်ဖြင့်၄င်း၊ ပါစိတ်အာပတ်င့်ပါသည်။

## အဗ္ဘောဝဿ သိက္ခာပုဒ်

**ဝါတွင်း၌သွားကောင်းပုံ။**(၁)သတ္တာဟကရဏီယဖြင့်၄င်း၊ (၂)တစ်စုံတစ်ယောက်က

http://www.dhammadownload.com


ထွက်သွားစေအပ်သောကြောင့်၄င်း၊ (၃)ဘေးရန်ရှိသောကြောင့်၄င်း၊ ဝါတွင်း၌ သွားကောင်း၏။

## *စာရိက နှ ပက္ကမန သိက္ခာပုဒ်*

ပဝါရဏာပြုပြီးနောက် (၅)ယူဇနာ သွားလျှင်လည်း အပ်တော့သည်။ အကယ်၍ သုံးယူဇနာသွားပြီး ထိုလမ်းဖြင့်ပင် ပြန်လာသော် မအပ်ပါ။ အခြားလမ်းဖြင့် ပြန်လာလျှင်ကား အပ်ပါသည်။

## *ရာဇာဂါရ သိက္ခာပုဒ်*

**မေး။** ရာဇာဂါရသည်တို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** *ရာဇာဂါရဟူသည်*။ ရှင်ဘုရင် ပျော်မွေ့ရာ အိမ်တော်ကို ခေါ်ပါသည်။

စိတ္တာဂါရဟူသည်။ လူအများပျော်မွေ့ရာ ဆန်းကြယ်စွာဆောက်လုပ်အပ်သော အိမ်ကို ခေါ်ပါသည်။

အာရာမဟူသည်။ လူအများပျော်မွေ့ရာ မြို့တွင်းဉယျာဉ်ကိုခေါ်ပါသည်။

ဉယျာနဟူသည်။ လူအများပျော်မွေ့ရာ မြို့ပြင် ဉယျာဉ်ကိုခေါ်ပါသည်။

ပေါက္ခရဏီဟူသည်။ လူအများပျော်မွေ့ရာ ရေကန်ကို ခေါ်ပါသည်။

*(မှတ်ချက်)* အာပတ်သင့်ရာ၌ ထိုထိုအရပ်သို့ လှည့်လည်ကြည့်ရှုလျှင် လည်ပင်းကို လှည့်လည်ခြင်း ပယောဂအရေအတွက်ဖြင့် အာပတ်သင့်ပါသည်။ မျက်စိဖွင့်ခြင်း အရေအတွက်ဖြင့် အာပတ်မသင့်ပါ။

## *အာသန္ဒိပရိဘုဉ္ဇန သိက္ခာပုဒ်*

**မေး။** အာသန္ဒိနှင့် ပလ္လင်္ကတို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အာသန္ဒိဟူသည်= လက်ရှစ်သစ်ထက် လွန်သောပမာဏရှိသော ခြေလေးချောင်းရှိသော ခုံအမြင့်ကို ခေါ်ပါသည်။

http://www.dhammadownload.com


ပလ္လင်္ကဟူသည်= ပြောင်းရွှေ့၍ရနိုင်သော သ…ရဲ့ရုပ်ဖြင့်ပြုအပ်သော ပလ္လင်ကိုခေါ်ပါသည်။

**မေး။** အာသန္ဒိနှင့်ပလ္လင်ကို အာပတ်မသင့်အောင် အဘယ်သို့သုံးဆောင်ရပါသနည်း။

**ဖြေ။** လေးထောင့်ခုံမြင့်(အာသန္ဒိ)ကိုခြေထောက်ကို ဖြတ်၍၄င်း၊ ပလ္လင်ကို သားရဲရုပ်ကိုကို ဖျက်ဆီး၍၄င်း၊ သုံးစွဲလျှင် အာပတ်မသင့်ပါ။

## သုတ္တကန္တနသိက္ခာပုဒ်

***သုတ္တအရ*** ခြောက်မျိုးသောချည်ခြောက်မျိုးတို့တွင် တစ်မျိုးမျိုးကို ယူရပါသည်။

***အာပတ်သင့်ပုံ။*** လက်ဖြင့်ဆွဲငင်အပ်ပြီးသောချည်ကို ဝင်ရိုး၌ တစ်ပတ်ပတ်ပြီးတိုင်း အာပတ်တစ်ချက်သင့်ပါသည်။ ချည်ငင်ရာမှ ရေးအဘို့၌ ဝါကို ရွေးချယ်ရာ မှစ၍ လုလ္လပယောဂတိုင်း၌ လက်အကြိမ်အရေအတွက်အားဖြင့် ဒုက္ကဋ် အာပတ်သင့်ပါသည်။

## ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်

**မေး။** မိဘတို့၏ ကိစ္စကို ပြုလုပ်ကောင်းပါသလော၊ ရှင်းပြပါ။

**ဖြေ။** မိဘတို့၏ ပြုဘွယ်ကိစ္စကိုသော်မှ မပြုလုပ်ကောင်းပါ။

မိမိ၏ ဝေယျာဝစ္စပြုသူအရာ၌ တည်အောင် တစ်စုံတစ်ခုသောအမှုကို ပြုလုပ်စေပြီးမှသာ မိဘတို့အတွက် ယာဂုကျိုခြင်းစသည်ကို ပြုလုပ်ပေးကောင်း၏။

***အာပတ်သင့်ပုံ။*** ရေ ပယောဂတို့၌ လုလ္လပယောဂအရေအတွက်အားဖြင့် ဒုက္ကဋ် သင့်ပြီးနောက် ယာဂုစသည်တို့၌ အိုးခွက်အရေအတွက်အားဖြင့်၄င်း၊

http://www.dhammadownload.com



ခဲဘွယ်စသည်တို့၌ မိုးအရေအတွက်အားဖြင့်၄င်း၊ပါစိတ်သင့်ပါသည်။

**မေး။** ဂိဟိဝေယျာဝစ္စမှန်သမျှ မလုပ်ကောင်းဟု မှတ်ရပါမည်လော။

**ဖြေ။** သံဃာတော်များအတွက် ယာဂုနှင့်ဆွမ်းကို၄င်း၊ စေတီပူဇော်ရန်အတွက် ၄င်း၊ ပြုလုပ်ကုန်သောလူတို့၏ အဖေါ်အဖြစ်ဖြင့် ယာဂုကျိုခြင်းစသည်တို့ကို ပြုလုပ်လျှင် ပြုလုပ်ကောင်း၏။ မိမိကပ္ပိယ၏ကိစ္စကိုလည်း ပြုလုပ်ကောင်း ပါသည်။

## ဘောဇန ဒါန သိက္ခာပုဒ်

**မေး။** အဂါရိကစသည်တို့၏အရကို ရေးပါ။

**ဖြေ။** သီတင်းသုံးဖေါ်ငါးဦးတို့မှတစ်ပါး အခြားသော ပုဂ္ဂိုလ်အားလုံးကို အဂါရိက စသည်တို့အရ ယူရပါသည်။

**မေး။** သဟတ္ထာအရ အဘယ်သို့ပေးခြင်းကို ယူရပါသနည်း။

**ဖြေ။** ၊ ကာယဖြင့်ဖြစ်စေ ,ကာယပဋိဗဒ္ဓဖြင့်ဖြစ်စေ, နိဿဂ္ဂိယဖြင့်ဖြစ်စေ ပေးခြင်းကို ယူရပါသည်။

**မေး။** ခါဒနီယ ဘောဇနီယအရ အဘယ်ကို ယူရပါသနည်း။

**ဖြေ။** ရေ ,ဒန်ပူမှတစ်ပါး စားမျိုထိုက်သော အာဟာရအားလုံးကို ယူပါ။ ရေနှင့် ဒန်ပူကို ပေးလျှင်ကား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး။** အာပတ်မသင့်အောင် ပေးနည်းများကို ရေးပါ။

**ဖြေ။** (၁) သူတစ်ပါးကို တစ်ဆင့်ပေးစေလျှင်၄င်း၊ (၂)အနီး၌ချထားပြီးမှ ပေးလျှင် ၄င်း၊ (၃)ပြင်ပကိုယ်၌ သုတ်လိမ်းခြင်းငါပေးလျှင်၄င်း၊ အပြစ်မဖြစ်။

## အာဝသထစီဝရ သိက္ခာပုဒ်

**မေး။** အဘယ်သင်္ကန်းမျိုးကို အာဝသထစီဝရ ဟုခေါ်ပါသနည်း။

**ဖြေ။** "ဥတုလာသော ဘိက္ခုနီမတို့ သုံးစွဲပါကုန်"ဟု လျှောက်ထား၍ လှူအပ်သော သင်္ကန်းကို အာဝသထစီဝရ ဟုခေါ်ပါသည်။

**မှတ်ချက်။** အောက်ထစ်ဆုံး ဥတုလာသော သာမဏေမအား ပေးလျှင်လည်း အပ်တော့သည်သာဖြစ်၏။ အခြားသော ဥတုလာသောဘိက္ခုနီမများမရှိသောကြောင့် သုံးစွဲလျှင်ကား အာပတ်မသင့်ပါ။

## အာဝသထ ဝိဟာရ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ တံခါးတပ်ပြီးသောကျောင်းကို အာဝသထဟုခေါ်ပါသည်။ __ပေးဟူသည်__။ စောင့်ရှောက်ခြင်းငှါ ပေးခြင်းကို ဆိုလိုပါသည်။

## တိရစ္ဆာနဝိဇ္ဇာ သိက္ခာပုဒ်

**မေး။** အဘယ်ကို " တိရစ္ဆာနဝိဇ္ဇာ " ဟုခေါ်ပါသနည်း။

**ဖြေ။** သာသနာပ၌ဖြစ်သော အကျိုးစီးပွါးနှင့် မစပ်သော ဆင်အတတ်, မြင်းအတတ် ,ရထားအတတ် ,လေးအတတ် ,ဓား,ဆောက်ချွတ်အတတ် ,အာထဗ္ဗဏမန္တာန်အတတ် ,ခိလနမန္တာန်အတတ် ,သိသကရဏမန္တာန် ,သောသာပနမန္တာန် ,အဆိပ်ဆေးဖေါ်စပ်နည်း စသည်ပြားသော သူတစ်ပါးကို ညှင်းဆဲနှိပ်စက်မှု ပြုကြောင်းဖြစ်သောအတတ်ကို " တိရစ္ဆာနဝိဇ္ဇာ " ဟုခေါ်ပါသည်။

**မေး။** အာပတ်မသင့်သောအတတ်နှင့် သင်နည်းတို့ကို ရေးပါ။

**ဖြေ။** စာရေးအတတ်, ဓာရဏာကျမ်းအတတ်ကို သင်ယူပို့ချသော်၎င်း၊ မိမိ

http://www.dhammadownload.com



ကိုယ်ကို စောင့်ရှောက်ခြင်း၄ါ ဘီလူးတို့ကို ကာကွယ်ခြင်း, မြွေနဂါးတို့ကို မဝင်နိုင်အောင် စည်းဝိုင်းတားခြင်းစသော အကာအရံ(ပရိတ်)အားလုံးတို့ကို သင်ယူပို့ချလျှင်၄င်း အာပတ်မသင့်ပါ။

## အာရာမပဝိသန သိက္ခာပုဒ်

**မေး။** အာဘယ်ကို ရဟန်းရှိသောကျောင်း ဟုခေါ်ပါသနည်း။

**ဖြေ။** ရဟန်းတို့နေရာ သစ်ပင်အနီးအောက်ကိုသော်လည်း "ရဟန်းရှိသောကျောင်း" ဟုခေါ်ပါသည်။

**မေး။** အနာပုစ္ဆာအရ အဘယ်သူတို့ကို ပန်ပြောရပါသနည်း။

**ဖြေ။** ရဟန်း ,သာမဏေ, အရာမ်စောင့် တို့တွင် တစ်ဦးဦးကို ပန်ပြောရပါသည်။

***အနုပညတ်(၂)ပါး။*** (၁)သန္တံ ဘိက္ခုံ အနာပုစ္ဆာ (၂)ဓာနံ သဘိက္ခုကံ

## ကုလမစ္ဆရိနီ သိက္ခာပုဒ်

**မေး။** အမျိုး၌ ဝန်တိုပုံကို (ကုလမစ္ဆရီဖြစ်ပုံကို)ရေးပါ။

**ဖြေ။** (၁) ဘိက္ခုနီတို့အား ပစ္စည်းလှူလိုသောအမျိုးဒါယကာတို့သို့ ဘိက္ခုနီမများ မသွားစေရန် ကြံ စီ၍ ဘိက္ခုနီမတို့၏အထံ၌ အမျိုးဒါယကာတို့အပြစ်ကို ပြောဆို၍ ဝန်တိုခြင်း။

(၂) ဒါယကာတို့က ဘိက္ခုနီမတို့အား တစ်စုံတစ်ခုကို မပေးလှူကြစေရန် ကြံစီ၍ ဒါယကာတို့အထံ၌ ဘိက္ခုနီတို့၏အပြစ်ကို ပြော၍ ဝန်တိုခြင်း၊ အားဖြင့် နှစ်မျိုးရှိပါသည်။

***အာပတ်မသင့်သူ။*** (၁)ဝန်မတိုဘဲ ထင်ရှားရှိသောအပြစ်ကိုပြောသူ

(၂) ဥမ္မတ္တကစသည်

http://www.dhammadownload.com



## အဘိက္ခုကာဝါသ သိက္ခာပုဒ်

**မေး။** အဘယ်ကျောင်းမျိုးကို အဘိက္ခုက= ရဟန်းမရှိသောကျောင်း ဟုခေါ်ပါသနည်း။

**ဖြေ။** ဘိက္ခုနီမကျောင်းမှ ယူဇနာဝက်အတွင်း၌ ဩဝါဒပေးတတ်သော ရဟန်းတို့ မရှိသော ဘိက္ခုနီမကျောင်းသည်၎င်း၊ ဘေးကင်း ,ရန်ကင်းသွားခြင်းငှါမတတ်နိုင်သော ခရီးလမ်းရှိသော ဘိက္ခုနီမကျောင်းသည်၎င်း၊ "အဘိက္ခုကာဝါသ =ရဟန်းမရှိသောကျောင်း" ဟုခေါ်ပါသည်။

ထိုကျောင်းမျိုး၌ ဘိက္ခုနီမများ ဝါမဆိုကောင်းပါ။

**မေး။** ရဟန်းယောကျ်ားမရှိသော(အဘိက္ခုကာဝါသ)ကျောင်း၌ နေသော်လည်း အပြစ်မဖြစ်ပုံများကို ရေးပါ။

**ဖြေ။** (၁) ဝါဆိုပြီးမှ ဘိက္ခုတို့သည် အရပ်တစ်ပါးသို့ ဖဲသွားလျှင် (၂)လူထွက်သွားလျှင်၊ (၃)ပျံလွန် သေဆုံးသွားလျှင် (၄)တိတ္ထိဘောင်သို့ ကူးပြောင်းသွားလျှင် (၅)ဥမ္မတ္တကစသည်ဖြစ်လျှင် ဘိက္ခုနီမများသည် မိမိတို့နေမြဲကျောင်း၌ (အဘိက္ခုကအာဝါသဖြစ်သော်လည်း) ဆက်လက်နေကောင်း၏။

## အပဝါရဏာ သိက္ခာပုဒ်

**ဝဿံ ဝုဋ္ဌအရ** ပုရိမဝါမှ၎င်း ,ပစ္ဆိမဝါမှ၎င်း ထသောရဟန်းအားလုံးကို ရ၏။

**မေး။** ဘိက္ခုနီမများ ပဝါရဏာပြုပုံ အစီအစဉ်ကို ရေးပါ။

**ဖြေ။** (၁) ဘိက္ခုနီမများသည် (၁၄)ရက်နေ့၌ စည်းဝေး၍ "သုဏာတု မေ အယျေ သံဃော အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ပဝါရေယျ" သမ္မုသင်္ဂါဟိဉတ်ကိုဖြစ်စေ၊ တေဝါစိကံ ပဝါရေယျ ဟု

http://www.dhammadownload.com



တေဝါစိကဥတ်ကိုငှင်း၊ အန္တရာယ်ရှိလျှင် "ဒွေဝါစိကံ ပဝါရေယျ"ဟု ဖြစ်စေ ,"ဧကဝါစိကံ ပဝါရေယျ"ဟုဖြစ်စေ, သမာနဝဿိကံ ပဝါရေယျ"ဟု ဖြစ်စေ ဥတ်တစ်မျိုးမျိုးကို ထားရမည်၊

(၂) သမ္မုသင်္ဂါဟိကဥတ်ကို ထားခဲ့သော် " သံဃံ အယျေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အယျာယော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ "ဟု တစ်ကြိမ်သော်ငှင်း၊ ဒုတိယမ္ပိ အယျေ၊ တတိယမ္ပိ အယျေ သံဃံ စသည်ဖြင့် (၂)ကြိမ် (၃)ကြိမ်သော်ငှင်း၊ ဆို၍ ပဝါရဏာပြုရမည်။

(၃) ဘိက္ခုနီသံဃာ၌ ပဝါရဏာပြုပြီးနောက် ထိုသိမ်၌ပင် ဘိက္ခုနီတစ်ယောက်ကို ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဘိက္ခုနီသံဃာအတွက် ဘိက္ခုသံဃာကို ပဝါရဏာပြုခြင်းငှါ သမုတ်ရမည်။

(၄) သမ္မုတိရသောဘိက္ခုနီမသည် (၁၅)ရက်နေ့၌ ဘိက္ခုနီသံဃာကိုခေါ်ယူ၍ ဘိက္ခုသံဃာကိုချဉ်းကပ်ပြီး လက်အုပ်ချီလျက် " ဘိက္ခုနီသံဃော အယျဘိက္ခုသံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတာယျ ဘိက္ခုသံဃော ဘိက္ခုနီသံဃံ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿတိ၊ ဒုတိယမ္ပိ အယျ , တတိယမ္ပိ အယျစသည်ဖြင့် သုံးကြိမ် ဆိုကာ ပဝါရဏာပြုရမည်။

အကယ်၍ သံဃာမပြည့်ဘဲ (၄)ပါး (၃)ပါးသာ ရှိခဲ့လျှင် ဂဏဥတ်ထား ပဝါရဏာပြုရမည်။ နှစ်ပါးတည်းသာရှိခဲ့လျှင် အချင်းချင်းပဝါရဏာ ပြုရမည်။ တစ်ပါးတည်းသာ ရှိခဲ့လျှင် "အဇ္ဇ မေ ပဝါရဏာ"ဟု အဓိဋ္ဌာန်ဆောက်တည်ရပါသည်။ ပြီးလျှင် ဘိက္ခုကျောင်းသို့သွား၍ ပဝါရဏာပြုရမည်။

%%%%%%%%%%%%%%%%

http://www.dhammadownload.com



## ဩဝါဒ သိက္ခာပုဒ်

**ဩဝါဒအရ** ဂရုဓမ်ဩဝါဒ်ကို နာယူခြင်းကို ယူရပါသည်။
**သံဝါသအရ** ဥပုသ်နေ့မေးခြင်း ,ပဝါရဏာပြုခြင်းကို ယူရပါသည်။

## ပသာခေဏတ .သိက္ခာပုဒ်

**မေး။** အဘယ်အရပ်ကို ပသာခဟုခေါ်ပါသနည်း။

**ဖြေ။** သစ်ပင်၏ သစ်ခက်တို့သည် ကွဲပြားဖြာထွက်သွားသကဲ့သို့ ချက်အောက် ပုဆစ်ဒူးဝန်းနှစ်ဖက်တို့၏ အထက်အရပ်မှ ပေါင်နှစ်ဖက်တို့ ကွဲပြား၍ သွားသောကြောင့် ထိုချက်အောက်, ပုဆစ်ဒူးဝန်းနှစ်ဖက်တို့၏အထက်အရပ် ကို " ပသာခ " ဟုခေါ်ပါသည်။

**မေး။** ဤသိက္ခာပုဒ်၌ အာပတ်သင့်ပုံ အခြင်းအရာကို ရေးပါ။

**ဖြေ။** အနာကို ဖေါက်ခြင်း ,ခွဲခြင်းစသည်ကို ပြုလုပ်ရန် စေခိုင်းရာ၌ အသီးအသီး ဒုက္ကဋ် ,ပါစိတ်များသင့်နိုင်ပါသည်။ ထိုကြောင့် "ဤအနာ၌ ပြုသင့်သမျှ အလုံးစုံ အကုန်ပြုပါ "ဟုခိုင်းလျှင် စကားတစ်ခွန်းတည်းဖြင့် ဒုက္ကဋ် (၆)ခု နှင့် ပါစိတ်(၆)ခု သင့်ပါသည်။
တစ်ခုအတွက်ရည်ညွှန်း၍ခိုင်းရာ၌ အားလုံးကို ပြုရာဝယ် တစ်ခုအတွက်သာ အာပတ်သင့်ပါသည်။

## ပါယန္တိ သိက္ခာပုဒ်

***ပါယန္တိအရ***= နို့ရည်တိုက်ကျွေးသော မိခင်ကိုငှင်း၊ နို့ထိမ်းကိုငှင်း ယူရ၏။

****************

http://www.dhammadownload.com



## ပဋ္ဌမသိက္ခမာန သိက္ခာပုဒ်

**မေး။** ဒွေ၀သာနိအရ အဘယ်သို့ ယူရပါသနည်း။

**ဖြေ။** ဒွေ၀သာနိအရ ပ၀ါရဏာပြုခြင်းအစွမ်းဖြင့် (၂)နှစ်ကို ယူရမည်။

***(မှတ်ချက်)*** ပ၀ါရဏာနှစ်ကြိမ်ပြုပြီးလျှင်းရက်,လအားဖြင့် (၂)နှစ်မပြည့်သေးသော်လည်း ဒွေ၀သာနိ ဟု ခေါ်နိုင်သည်ဟုဆိုလိုပါသည်။

**မေး။** အဘယ်ကို အသိက္ခိတသိက္ခာ ဟုခေါ်ပါသနည်း။

**ဖြေ။** သိက္ခာကို လုံး၀မပေးအပ်သေးသူကိုင်း၊ ပေးပြီးသော်လည်း ပျက်သွားသူကိုင်း အသိက္ခိတသိက္ခာ ဟုခေါ်ပါသည်။

**မေး။** အဘယ်သူကို သိက္ခမာန်ဟုခေါ်ပါသနည်း။

**ဖြေ။** ပါဏာတိပါတာ၀ေရမဏီအစ ဝိကာလဘောဇနာ ၀ေရမဏီအဆုံး(၆)ပါးသော သိက္ခာပုဒ်တို့၌ ကျင့်ဆဲဖြစ်သောကြောင့်၄င်း၊ သိက္ခာဟူသော ထိုတရားတို့ကို မြတ်နိုးသောကြောင့်၄င်း၊ ဥပသမ္ပန္နမဟုတ်သော မိမ္မကို သိက္ခမာန်ဟုခေါ်ပါသည်။

## နာနုဗန္ဓန သိက္ခာပုဒ်

**မေး။** အဘယ်ကို နာနုဗန္ဓန ဟုခေါ်ပါသနည်း။

**ဖြေ။** ရေချိုးဆပ်ပြာမှုန့်ဖြင့်၄င်း၊ မြေညက်ဖြင့်၄င်း၊ ဒန်ပူဖြင့်၄င်း၊ မျက်နှာသစ်ရေဖြင့်၄င်း၊ မပြုစုမလုပ်ကျွေးခြင်းကို နာနုဗန္ဓန ဟုခေါ်ပါသည်။

**********************************

http://www.dhammadownload.com



## *ကုမာရီဘူတ သိက္ခာပုဒ်*

**မေး။** သိက္ခမာန်သုံးမျိုးတို့၏အဓိပ္ပါယ်ကိုရေး၍၊ သမ္မုတိပေးရာ၌ သုံးစွဲပုံကို လည်း ရေးပါ။

**ဖြေ။** ဂဗ္ဘိနီဝဂ် တတိယ, စတုတ္ထသိက္ခာပုဒ်တို့၌လာသော အသက်(၂၀)ကျော် ပြီးသော သိက္ခမာန်တို့သည် မဟာသိက္ခမာန်မည်၏။ ၎င်းတို့ကို သမ္မုတိပေး သောအခါ ဂိဟိဂတပင်ဖြစ်စေ, ကုမာရီဘူတပင်ဖြစ်စေ "သိက္ခမာနာ" ဟု သာ သုံးစွဲရမည်။ ဂိဟိဂတာဟု၎င်း ,ကုမာရီဘူတာဟု၎င်း မသုံးရ။

(၁၀)နှစ်မှ (၁၈)နှစ်တိုင်အောင် ဂိဟိဂတသိက္ခမာန်ကို သမ္မုတိပေးရာ၌ "သိက္ခမာနာ"ဟု၎င်း၊ ဂိဟိဂတာဟု၎င်း၊ ကုမာရီဘူတာဟု၎င်း၊ ဆို၍ပေးနိုင် ပါသည်။

(၁၈)နှစ်မှ (၂၀)နှစ်တိုင်အောင် ကုမာရီဘူတသိက္ခမာန်ကို သမ္မုတိပေး ရာ၌ သိက္ခမာနာဟု၎င်း ၊ ကုမာရီဘူတာ ဟု၎င်း ဆို၍ ပေးရမည်၊ ဂိဟိဂတာ ဟု မဆိုရ။

***(မှတ်ချက်)*** မဟာသိက္ခမာန်, ဂိဟိဂတသိက္ခမာန် ,ကုမာရီဘူတသိက္ခမာန်ဟု သော သုံးမျိုးလုံးကို "သိက္ခမာနာ "ဟု သာမညအားဖြင့် ဆိုကောင်းပါသည်။

## *သောကာဝါသ သိက္ခာပုဒ်*

**မေး။** သောကာဝါသ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အချိန်းအချက်ပြုပြီး မသွားသည်ဖြစ်၍ ယောကျ်ားတို့၏စိတ်အတွင်းသို့ ဝမ်းနည်းခြင်း သောကကိုသွင်းတတ်သောကြောင့် "သောကာဝါသ"ဟုခေါ် ပါသည်။

***(တနည်း)*** အိမ်ရှင်တို့သည် အိမ်ထဲသို့ဝင်ကုန်သကဲ့သို့ ယောကျ်ားနှင့် ပေါင်းဆုံခွင့်မရသည်ဖြစ်၍ ဝမ်းနည်းခြင်း သောကသို့ ဝင်တတ်သောကြောင့် သောကာဝါသဟု ခေါ်ပါသည်။

http://www.dhammadownload.com



## အနနုညာတ သိက္ခာပုဒ်

***မာတာပိတုအရ*** မိဘအရင်းကို ယူရပါသည်။
ဘိက္ခုနီမတို့သည် ရှင်ပြုသောအခါတစ်ကြိမ်၊ ရဟန်းခံသောအခါ တစ်ကြိမ် အားဖြင့် နှစ်ကြိမ်ပန်ပြောရပါသည်။ ဘိက္ခုတို့သည်ကား တစ်ကြိမ်ပန် ပြောပြီးလျှင် အပ်တော့သည်သာ။

## ပါရိဝါသိက သိက္ခာပုဒ်

***မေး။*** ပါရိဝါသိယအပြားကို ရေးပါ။

***ဖြေ။*** (၁) ပရိသပါရိဝါသိယ (၂) ရတ္တိပါရိဝါသိယ (၃)ဆန္ဒပါရိဝါသိယ (၄)အဇ္ဈာသယပါရိဝါသိယ အားဖြင့် ပါရိဝါသိယလေးမျိုးရှိပါသည်။

***မေး။*** ပရိသပါရိဝါသိယ၏ အဓိပ္ပါယ်ကိုရေးပါ။

***ဖြေ။*** တစ်စုံတစ်ခုသောကိစ္စကြောင့် ရဟန်းများစည်းဝေးချိန်၌ မိုးဘက်လာသည်ဖြစ်၍၎င်း၊ လူများတိုးဝှေ့ သွားလာစေအပ်သည်ဖြစ်၍၎င်း၊ လူများ လွှမ်းမိုးလာကုန်သောကြောင့်၎င်း၊ ရဟန်းတို့သည် ကံပြုလိုသောဆန္ဒကို မစွန့်ဘဲ ထသွားရခြင်းမျိုးသည် ပရိသပါရိဝါသိယ မည်၏။
***(မှတ်ချက်)*** ဆန္ဒကိုမစွန့်အပ်သောကြောင့် အခြားတစ်နေရာ၌ ကံပြုကောင်း ပါသည်။

***မေး။*** ရတ္တိပါရိဝါသိယ၏ အဓိပ္ပါယ်ကို ရေးပါ။

***ဖြေ။*** ဥပုသ်ပြုကုန်စို့ ဟု ညအခါ သံဃာစည်းဝေးရာ၌ ရဟန်းအားလုံး စုရုံးပြီးသည်တိုင်အောင် တရားနာကုန်အံ့ ဟု ရဟန်းတစ်ပါးကို တိုက်တွန်းရာ တရားဟောနေစဉ်ပင် အရုဏ်တက်သွားခြင်းကို ရတ္တိပါရိဝါသိယ ဟုခေါ်၏။

http://www.dhammadownload.com



***(မှတ်ချက်)*** စာတုဒ္ဒသီဥပုသ်ပြုရန် စည်းဝေးစဉ် အရဏ်တက်သွားသော် ပန္နရသီဥပုသ်ပြုကောင်း၏။ ပန္နရသီဥပုသ်ပြုရန် စည်းဝေးစဉ် အရုဏ်တက်သွားသော် နောက်တစ်နေ့၌ ဥပုသ်နေ့ မဟုတ်သောကြောင့် ဥပုသ်မပြုကောင်းပါ။ အခြားသောသံဃကိစ္စကိုသာ ပြုကောင်းပါသည်။

**မေး။** ဆန္ဒပါရိဝါသိယ ,အဗ္ဘာသယပါရိဝါသိယတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** အဗ္ဘာနကံစသော သံဃကံတစ်မျိုးမျိုးပြုရန် ရဟန်းများစုဝေးထိုင်နေစဉ် နက္ခတ်မကောင်း၍ ကံမပြုရန်ပြောဆိုလာသော နက္ခတ္တပါဌကရဟန်း၏ စကားကြောင့် ကံပြုလိုသောဆန္ဒကို စွန့်၍ထိုင်နေခြင်းကို "ဆန္ဒပါရိဝါသိယ, အဇ္ဈာသယပါရိဝါသိယ " ဟု ခေါ်ပါသည်။

***(မှတ်ချက်)*** ဆန္ဒ ,ပါရိသုဒ္ဓိကို နောက်ထပ် မဆောင်ဘဲ ကံမပြုကောင်းပါ။

## ဆတ္တုပါဟန သိက္ခာပုဒ်

ထီးဘိနပ်ကို သုံးဆောင်ခြင်း၏အစွမ်းအားဖြင့် ခရီးသွားသောအခါ လုလ္လပယောဂ တစ်ကြိမ်တည်းဖြင့်သာလျှင် တစ်နေ့လုံး ဆောင်လျှင်လည်း အာပတ် တစ်ချက်သာသင့်ပါသည်။

ထီး ဘိနပ်ချွတ်ရမည့်အရပ်သို့ရောက်၍ ချွတ်ပြီးနောက် ထပ်ခါထပ်ခါ ဆောင်လျှင်, စီးလျှင် ပယောဂအရေအတွက်ဖြင့် အာပတ်သင့်ပါသည်။

***(မှတ်ချက်)*** ထီးနှင့် ဘိနပ်တို့တွင် တစ်မျိုးမျိုးကိုသာ အသုံးပြုလျှင် ဒုက္ကဋ် အာပတ်သာ သင့်ပါသည်။

## ဥမ္မဒ္ဒါပန သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ လက်ကို မလွှတ်ဘဲ နှိပ်လျှင် အာပတ်တစ်ချက်သာ သင့်ပါ

http://www.dhammadownload.com



သည်။ လွှတ်၍ လွှတ်၍ နိုပ်လျှင် ပယောဂအရေအတွက်ဖြင့်သင့်၏။

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁) မကျူးမှား၍ နှိပ်စေသော ရဟန်းမ၊

(၂) ဘေးအန္တရာယ်တို့ကြောင့် နှိပ်စေသော ရဟန်းမ၊

(၃) ဥမ္မတ္တကစသည်ဖြစ်၍ နှိပ်စေသောရဟန်းမတို့ အာပတ်မင့်ပါ။

***(မှတ်ချက်)*** ဤသိက္ခာပုဒ်၌ ခရီးသွားခြင်းကြောင့် ညောင်းညာပင်ပန်းခြင်းကိုလည်း ဂိလာနအရာ၌ သွင်းယူရမည်။

ခိုးသူဘေးစသည်တို့ကြောင့် ကိုယ်တုန်လှုပ်ခြင်းစသည်တို့ကိုလည်း ဘေးအန္တရာယ်(အာပဒါသု)အရာ၌ သွင်းယူပါ။

## *အနာပုစ္ဆာ သိက္ခာပုဒ်*

**မေး။** ဘိက္ခုသ ပုရတော ဟုဆိုသဖြင့် ရဟန်း၏ရှေ့ကိုသာ ယူရပါသလော။

**ဖြေ။** ရဟန်း၏ရှေ့တည့်တည့်ကိုသာ မယူရပါ၊ ဘိက္ခုသ ပုရတောဟူသော စကားကို ဥပစာကိုရည်ရွယ်၍ဟောအပ်သောကြောင့် ဆဲ့နှစ်တောင် ဥပစာကိုယူရပါသည် ။

ထို့ကြောင့် ရဟန်း၏ (၁၂)တောင် ဥပစာအတွင်း၌ အောက်ထစ်ဆုံးမြေပြင်မှာပင်ဖြစ်စေ “ထိုင်ပါရစေ”ဟုခွင့်မတောင်းဘဲ ထိုင်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

## *ပဉ္စာပုစ္ဆန သိက္ခာပုဒ်*

သုတ္တန်၌ ခွင့်တောင်းပြီး ဝိနည်းနှင့် အဘိဓမ္မာကို မေးလျှင်လည်း ပါစိတ်သင့်၏၊ လုံးဝခွင့်မတောင်းဘဲ မေးလျှင်ကား ပြောစရာပင် မလိုတော့ပါ။

http://www.dhammadownload.com



## အသံကစွိက သိက္ခာပုဒ်

**မေး။** အဘယ်သက်နှ်းမျိုးကို သံကစ္စိကသင်္ကန်းဟုခေါ်ပါသနည်း။

**ဖြေ။** ညှပ်ရိုးနှစ်ဖက်၏အောက်, ချက်၏အထက်ဟုဆိုအပ်သော ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်းအကျိုးငှါ ခွင့်ပြုအပ်သောသင်္ကန်းကို "သံကစ္စိက"ဟုခေါ်ပါသည်

**မေး။** ဤသိက္ခာပုဒ်အရ အာပတ်မသင့်သူတို့ကို ရေးပါ။

**ဖြေ။** (၁)သံကစ္စိကသင်္ကန်းကို ခိုးသူစသည်တို့လုယက်ခံရသူ၊ (၂)ပျောက်ဆုံးသူ (၃) မကျန်းမာသူ (၄)ဘေးအန္တရာယ်ရှိသူ (၅)ဥမ္မတ္တကဘိက္ခုနီစသည်တို့ သည် သံကစ္စိကသင်္ကန်းမပါဘဲ ရွာထဲဝင်သော်လည်း အာပတ်မသင့်ပါ။

**မေး။** ဘိက္ခုနီပါစိတ်(အသာဓာရဏ)သိက္ခာပုဒ်တို့ကို လောကဝဇ္ဇစသည်အားဖြင့် ခွဲပြပါ။

**ဖြေ။** (၁)ဂိရဂ္ဂသမဇ္ဇသိက္ခာပုဒ်(၂)စိတ္တာဂါရသိက္ခာပုဒ်(၃)သင်္ဃာဏိကာသိက္ခာပုဒ် (၄)ဣတ္တာလင်္ကာရသိက္ခာပုဒ် (၅)ဂန္ဓဝဏ္ဏကသိက္ခာပုဒ် (၆)ဝါသိတက ပိညာကသိက္ခာပုဒ် (၇)ဘိက္ခုနီဥမ္မဒ္ဒါပန,ပရိမဒ္ဒါပနသိက္ခာပုဒ် (၈)သိက္ခမာန ဥမ္မဒ္ဒါပန ပရိမဒ္ဒါပနသိက္ခာပုဒ် (၉)သာမဏေရီဥမ္မဒ္ဒါပန ပရိမဒ္ဒါပန သိက္ခာပုဒ် (၁၀)ဂိဟိဥမ္မဒ္ဒါပနသိက္ခာပုဒ်အားဖြင့် သိက္ခာပုဒ်(၁၀)ခု တို့သည် အစိတ္တကလောကဝဇ္ဇ ,အကုသလစိတ္တသိက္ခာပုဒ်များဖြစ်ကြပါသည်။

**ဆောင်ပုဒ်။** ဂိရဂ် ,စိတ္တာ၊ သင်္ဃာဏျာဒိ၊ရှစ်ခုထည့်၊ ပေါင်းဘိ ဒသာ၊ စိတ်မပါ၊ မှတ်ပါ လောကဝဇ္ဇတည်း။

**********************

http://www.dhammadownload.com



## သစိတ္တက, ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များ။

(၁) စောရိဝုဋ္ဌာပနသိက္ခာပုဒ် (၂)ဂါမန္တရသိက္ခာပုဒ် (၃)အာရာမသိက္ခာပုဒ် (၄– ၁၀)ဂဗ္ဘိနီဝဂ်၏အစ သိက္ခာပုဒ်(၇)ခု၊ (၁၁ –၁၅)ကုမာရိဘူတဝဂ်၏ အစသိက္ခာပုဒ်(၅)ခု၊ (၁၆) ပုရိသာဒိ သံသဋ္ဌသိက္ခာပုဒ် (၁၇)ပါရိဝါသိက ဆန္ဒဒါနသိက္ခာပုဒ်၊

(၁၈)အနုဝဿဝုဋ္ဌာပနသိက္ခာပုဒ် (၁၉)ကေန္တရိက ဝုဋ္ဌပနသိက္ခာပုဒ်၊ အားဖြင့် သိက္ခာပုဒ်(၁၉)ခုတို့သည် သစိတ္တက ,ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များ ဖြစ်ကြပါသည်။

*(ဆောင်ပုဒ်)* စောရိ ဂါမ်၊ အာရာမ်နှင့်၊ ဝဂ္ဂံ ဂဗ္ဘိ၊ အာဒိသတ္တ။
ပဉ္စကုမာ ၊ပုရိသာ ပါရိ၊ ထည့်ဘိအနု ၊တစ်ခု ကေန်၊
ဆဲ့ကိုးတန် ၊ စိတ္တံ ပဏ္ဏတ္တိ။

**မေး။** အဘယ်ကြောင့် အစိတ္တကဟု ခေါ်ပါသနည်း။

**ဖြေ။** ဝတ္ထုကိုသိသောစိတ်နှင့်ကင်း၍လည်း သင့်ရောက်ထိုက်သောကြောင့် အစိတ္တကဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် လောကဝဇ္ဇဟုခေါ်ပါသနည်း။

**ဖြေ။** ဝတ္ထုကိုသိသောစိတ်ရှိလျက် အကုသိုလ်စိတ်ဖြင့်သာ သင့်ရောက်ထိုက်သောကြောင့် လောကဝဇ္ဇ ,အကုသလစိတ္တ ဟုခေါ်ပါသည်။

## သုဒ္ဓပါစိတ် အဖွင့်ပြီး၏

http://www.dhammadownload.com



## ပါဋိဒေသနီယကဏ္ဍ
## သပ္ပိဝိညာပန သိက္ခာပုဒ်

**သပ္ပိအရ** ≈ပါဠိတော်၌ တိုက်ရိုက်လာသော ဂေါသပ္ပိစသည်ကိုပင် ယူရ၏။
**အနုပညတ်**≈ အဂိလာနှာ

**မေး။** အာပတ်မသင့်နိုင်ပုံများကို ရေးပါ။
**ဖြေ။** (၁) ဂိလာနဖြစ်ချိန်မှာ တောင်း၍ ဂိလာနမဟုတ်သောအချိန်မှာ စားလျှင်၊
(၂) ဂိလာန၏အကြွင်းအကျန်ကို စားလျှင်၊
(၃) ဉာတက ,ပဝါရိတတို့ထံမှ တောင်း၍စားလျှင်၊
(၄) အခြားသူအတွက် တောင်းပြီး၍ စားလျှင်၊
(၅) မိမိ၏ အပ်စပ်သောဥစ္စာဖြင့် လဲယူအပ်သည်ကို စားလျှင်၊
(၆)ဥမ္မတ္တကစသည်တို့အား၊ အာပတ်မသင့်ပါ။

**တေလစသည်တို့အရ**≈ ပါဠိတော်၌ တိုက်ရိုက်လာသော ဆီစသည်တို့ကိုပင် ယူရပါသည်။
ပါဠိတော်၌တိုက်ရိုက်မလာသော ထောပတ်စသော ဝတ္ထုရှစ်မျိုးတို့၌လည်း ဒုက္ကဋ်အာပတ်ချည်းသင့်ကြပါသည်။

**မဇ္ဈိမကြီးတော်မိန်း**
**အခါနီးတော်ကျမ်းပြီး၏**

http://www.dhammadownload.com



ဤကာဠိမိုဃ်းကျမ်းသည် ဓာရ ဓာယ်အရှုပ်ပြတ်များ
အထွက် ပထမကြီးတန်းဆိုင်ရာ ကဏီတာသာတျဉ်ဖွံ့
များစွာ အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်

အရှင်ကောဝိဒ
ဝိနယဓရ ဝိနယကောဝိဒ
ပုရိမပဋ္ဌာနကရော ဘာသိစဓိက
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ကန့်ဦးဒေဝတာဝန်တာသင်တိုက်
ရွှေနှင်းဆီလမ်း ရှမ်းစိုင်ခွဲ
မ ရမ်း ကုန်း
☎ ၆ ၃ ၀ ၉ ၈

http://www.dhammadownload.com



အရှင်ကောဝိဒ
(ဝိနယဓရ ဝိနယကောဝိဒ)
ကန့်ဦးဇေတဝန့်စာသင်တိုက်
၏
ငယ် ,လတ် ကြီး ဆိုင်ရာ
ရူပသိဒ္ဓိနိတိကျမ်း
ထွက်နေပါပြီ